
www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်



# သူလိုလူတွေအများကြီးလိုတယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
မောင်ကျော်လှိုင်
([illegible])

# တက္ကသိုလ်တင်မြင့်

# သူ့လိုလူတွေအများကြီး ရှိတယ်





မြတ်ရည်မှန်

သင်၏ဖခင် ဦးမြခင်နှင့် ကျွန်ုပ်သည် မိတ်ဆွေရင်းတွေ ဖြစ်ခဲ့သည်။ မြခင်အကြောင်း အသေးစိတ်သိလိုလျှင် အောက်ပါလိပ်စာအတိုင်း ကျွန်ုပ်ကိုလာခဲ့ ... ။

ဦးလှိုင်ဘွား
အမှတ်( )၊ မဥ္ဇူလမ်း။
ဝါရမိ၊ ရန်ကုန်။

စေတနာ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဦးမြဒင်၏အကြောင်းတွေကို မြတ်ရည်မွန် အလွန်အမင်း သိချင်နေသည်။ ဖေဖေ ဦးမြဒင် သေဆုံးချိန်တွင် မြတ်ရည်မွန်မှာ (၄)နှစ်သမီးလေးအရွယ်မျှသာ ရှိသေးသည်။

ယခု ...

လွန်ခဲ့သော ဆယ့်ငါးနှစ်က သေဆုံးသွားခဲ့ပြီ ဖြစ်သော ဖေဖေ ဦးမြတ်မင်း၏အကြောင်းတွေကို ဦးလှိုင်ဘွားဆိုသူက ပြောပြမည်တဲ့။ သီလိုပါက သူ၏စာတွင်ပါရှိသည့်လိပ်စာအတိုင်း လာခဲ့ဟု ဦးလှိုင်ဘွားဆိုသူက မြတ်ရည်မွန်ထံသို့ စာတစ်စောင် ပို့ခဲ့သည်။

မေမေ ဒေါ်အေးမွန်သည် ကွယ်လွန်အနိစ္စရောက်သွားသည်အထိ ဖေဖေ ဦးမြဒင်၏အကြောင်းတွေကို မပြောခဲ့။



BURMESE CLASSIC .com



မေမေ ဒေါ်အေးမွန် ကွယ်လွန်သည်မှာ မြတ်ရည်မွန် အသက် (၁၇)နှစ်ရွယ် ပြီးခဲ့သော သုံးနှစ်က ကွယ်လွန်သွားသည်။

မေမေ ဒေါ်အေးမွန်၏ ညီမအရင်းခေါက်ခေါက် မြတ်ရည်မွန်၏အဒေါ်ရင်းခေါက်ခေါက်က မြတ်ရည်မွန်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးရင်း ယခုဆို မြတ်ရည်မွန် အသက် (၁၉)နှစ်ကျော်ပြီး အသက်(၂၀)ထဲသို့ပင် ဝင်ခဲ့ပြီ။

ဦးလှိုင်ဘွားထံမှ စာရောက်ချိန်တွင် အဒေါ်ရင်းခေါက်ခေါက် (ဒေါ်ခင်လေးဆွေ) အိမ်တွင်မရှိပေ။

ဒေါ်ဒေါ်(ခင်လေးဆွေ)သည် ဆရာဝန်၏ ညွှန်ကြားချက်အရ မိတ္ထီလာမြို့တွင် သူမ၏ ဝေဒနာအရ သွားရောက်နေထိုင်ရသည်။ အန်တီဆွေ(ဒေါ်ခင်လေးဆွေ)တွင် အဆုတ်ရောဂါ ရှိထားသည်။ ယခုလို မိုးတွင်းဝယ် မိုးများသော ရန်ကုန်၌ စွတ်စိုထိုင်းမှိုင်းသော ရာသီဥတုတွင် မနေသင့်။ အန်တီဆွေ ရောဂါပိုဆိုးသည်။

ထို့ကြောင့် ဆရာဝန်က အန်တီဆွေအား ခြောက်သွေ့ပူနွေးသော မိတ္ထီလာတွင် မိုးတွင်းကာလ သွားနေသင့်သည် ဆိုသောကြောင့် အန်တီဆွေ မိတ္ထီလာသို့ သွားနေရခြင်း ဖြစ်သည်။

မြတ်ရည်မွန်အဖို့ အန်တီဆွေနှင့်အတူ မိတ္ထီလာသို့ လိုက်ပါမသွားနိုင်။ မြတ်ရည်မွန်မှာ ယခု ရန်ကုန်တက္ကသိုလ်တွင် တတိယနှစ် တက်ရောက်လျက်သားတန်းလန်းကြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၊ ဘောက်ထော်၊ ကျောက်ကုန်း၊ မြို့မာလာလမ်းထဲရှိ အမှတ်(  )တွင် ဒေါ်လေးဆွေနှင့် မြတ်ရည်မွန် တူဝရီး အတူနေခဲ့ရာမှ အန်တီဆွေ မိတ္ထီလာသို့ သွားရသောအခါ ဤခြံ ဤအိမ်တွင် အပျိုမလေး မြတ်ရည်မွန်တစ်ယောက်တည်း ကျန်မနေသင့်သောကြောင့် အိမ်ကို တံခါးပိတ် သော့ခတ် အိမ်နီးချင်းများနှင့် ရပ်ကွက်လူကြီးများသို့ အကြောင်းကြားကာ တက္ကသိုလ်နှင့်နီးသော ကမာရွတ် ပြင်ဦးလွန်စွမ်းဘော်ဒါဆောင်သို့ မြတ်ရည်မွန် ပြောင်းရွှေ့နေထိုင်သည်။

တနင်္ဂနွေကဲ့သို့နှင့် အခြား ကျောင်းပိတ်ရက်များတွင် မြတ်ရည်မွန်သည် သူမ၏ မာလာမြိုင်လမ်းအိမ်သို့ သွားရောက်ပြီး သီတင်းတစ်ပတ်စာ အိမ်သန့်ရှင်းရေး ပြုလုပ်သည်။ သော့ခတ်ထားသော ခြံတံခါးရှိ စာတိုက်ပုံးမှ စာများ ရောက်ရှိလျှင် ဖွင့်ယူခြင်းဖြင့် မာလာမြိုင်အိမ်သို့ တစ်ပတ်တစ်ကြိမ်တော့ မြတ်ရည်မွန် မှန်မှန်ရောက်သည်။

အကယ်၍သာ အန်တီဆွေ မိတ္ထီလာ မသွားဘဲ ... မာလာမြိုင်အိမ်မှာသာ ရှိနေပါက ဦးလှိုင်ဘွား ပေးသောစာမှာ အန်တီဆွေ လက်ထဲသို့ ရောက်သွားမည်ဖြစ်သည်။ ဒါဆို ထိုဦးလှိုင်ဘွား စာတိုက်မှ ပေးပို့သောစာကို မြတ်ရည်မွန် တွေ့ရမည်ပင် မဟုတ်။





ဘာကြောင့်မှန်းတော့ မသိ။

အန်တီဆွေကလည်း မေမေ ဒေါ်အေးမွန်ကဲ့သို့ပင် ဖေဖေ ဦးမြဒင်၏အကြောင်း မြတ်ရည်မွန်ကို လုံးဝပြောမပြ။

ထို့ကြောင့်လည်း လွန်ခဲ့သော (၁၅)နှစ်က ကွယ်လွန်သွားပြီးသော ဖေဖေ ဦးမြဒင်အကြောင်းကို အလွန်သိချင်စိတ် ပြင်းထန်ခဲ့သည်။

ဦးလှိုင်ဘွား ပေးပို့သော စာမှာ ယခု သီတင်းပတ်အတွင်း ဘယ်နေ့က စာတိုက်ပုံးထဲ ရောက်နေမှန်းတော့ မသိ။ ယနေ့ တနင်္ဂနွေကျောင်းပိတ်ရက် မြတ်ရည်မွန် မာလာမြိုင်အိမ် ပြန်လာပြီး စာတိုက်ပုံးကို သော့ခတ်ဖွင့်ကြည့်မှ တွေ့ရခြင်းဖြစ်သည်။

များသောအားဖြင့် မိမိအမည်ဖြင့် မိမိထံသို့ စာများ လာလေ့မရှိတတ်။ အန်တီဆွေ၏ စာများသာ လာတတ်လေ့ရှိသည်။ ထိုရောအခါ မြတ်ရည်မွန်က ထိုစာများကို ထပ်ဆင့် မိတ္ထီလာရှိ အန်တီဆွေ့ထံသို့ ပေးပို့ရသည်။

ယနေ့မှ ထူးထူးခြားခြား မိမိအမည် လိပ်စာဖြင့် ဦးလှိုင်ဘွားဆိုသူ ပေးပို့သော စာကို တွေ့ရှိဖတ်ရှုရခြင်းပါပေ။

၍



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၊ ဘောက်ထော်၊ ကျောက်ကုန်း၊ မြိုင်မာလာလမ်းထဲရှိ အမှတ်(  )တွင် ဒေါ်လေးဆွေနှင့် မြတ်ရည်မွန် တူဝရီးတွေ့နေခဲ့ရာမှ အန်တီဆွေ မိတ္ထီလာသို့ သွားရသောအခါ ဤခြံ ဤအိမ်တွင် အပျိုမလေး မြတ်ရည်မွန်တစ်ယောက်တည်း ကျန်မနေသင့်သောကြောင့် အိမ်ကို တံခါးပိတ် သော့ခတ် အိမ်နီးချင်းများနှင့် ရပ်ကွက်လူကြီးများသို့ အကြောင်းကြားကာ တက္ကသိုလ်နှင့်နီးသော ကမာရွတ် ပြင်ပအမျိုးသမီးဘော်ဒါဆောင်သို့ မြတ်ရည်မွန်ပြောင်းရွှေ့နေထိုင်သည်။

တနင်္ဂနွေကဲ့သို့နှင့် အခြား ကျောင်းပိတ်ရက်များတွင် မြတ်ရည်မွန်သည် သူမ၏ မာလာမြိုင်လမ်းအိမ်သို့ သွားရောက်ပြီး သီတင်းတစ်ပတ်စာ အိမ်သန့်ရှင်းရေး ပြုလုပ်သည်။ သော့ခတ်ထားသော ခြံတံခါးရှိ စာတိုက်ပုံးမှ စာများ ရောက်ရှိလျှင် ဖွင့်ယူခြင်းဖြင့် မာလာမြိုင်အိမ်သို့ တစ်ပတ်တစ်ကြိမ်တော့ မြတ်ရည်မွန်မှန်မှန်ရောက်သည်။

အကယ်၍သာ အန်တီဆွေ မိတ္ထီလာ မသွားဘဲ ... မာလာမြိုင်အိမ်မှာသာ ရှိနေပါက ဦးလှိုင်ဘွား ပေးသောစာမှာ အန်တီဆွေ လက်ထဲသို့ ရောက်သွားမည်ဖြစ်သည်။ ဒါဆို ထိုဦးလှိုင်ဘွား စာတိုက်မှ ပေးပို့သောစာကို မြတ်ရည်မွန် တွေ့ရမည်ပင်မဟုတ်။





ဘာကြောင့်မှန်းတော့ မသိ။

အန်တီဆွေကလည်း မေမေ ဒေါ်အေးမွန်ကဲ့သို့ပင် ဖေဖေ ဦးမြဒင်၏အကြောင်း မြတ်ရည်မွန်ကို လုံးဝမပြောမပြ။

ထို့ကြောင့်လည်း လွန်ခဲ့သော (၁၅)နှစ်က ကွယ်လွန်သွားပြီးသော ဖေဖေ ဦးမြဒင်အကြောင်းကို အလွန်သိချင်စိတ်ပြင်းထန်ခဲ့သည်။

ဦးလှိုင်ဘွား ပေးပို့သော စာမှာ ယခု သီတင်းပတ်အတွင်း ဘယ်နေ့က စာတိုက်ပုံးထဲ ရောက်နေမှန်းတော့ မသိ။ ယနေ့ တနင်္ဂနွေကျောင်းပိတ်ရက် မြတ်ရည်မွန် မာလာမြိုင်အိမ် ပြန်လာပြီး စာတိုက်ပုံးကို သော့ခတ်ဖွင့်ကြည့်မှ တွေ့ရခြင်းဖြစ်သည်။

များသောအားဖြင့် မိမိအမည်ဖြင့် မိမိထံသို့ စာများလာလေ့မရှိတတ်။ အန်တီဆွေ၏ စာများသာ လာတတ်လေ့ရှိသည်။ ထိုရောအခါ မြတ်ရည်မွန်က ထိုစာများကို ထပ်ဆင့် မိတ္ထီလာရှိ အန်တီဆွေ့ထံသို့ ပေးပို့ရသည်။

ယနေ့မှ ထူးထူးခြားခြား မိမိအမည် လိပ်စာဖြင့် ဦးလှိုင်ဘွားဆိုသူ ပေးပို့သော စာကို တွေ့ရှိဖတ်ရှုရခြင်းပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၊ ဘောက်ထော်၊ ကျောက်ကုန်း၊ မြိုင်မာလာ
ပ်(ဝ)ရှိ အမှတ်( )တွင် ဒေါ်လေးဆွေနှင့် မြတ်ရည်မွန် တူဝရီး
ပျော့နေခဲ့ရာမှ အန်တီဆွေ မိတ္ထီလာသို့ သွားရသောအခါ ဤခြံ
ဝင်းတွင် အပျိုမလေး မြတ်ရည်မွန်တစ်ယောက်တည်း ကျန်မနေ
ယင့်သောကြောင့် အိမ်ကို တံခါးပိတ် သော့ခတ် အိမ်နီးချင်းများ
နှင့် ရပ်ကွက်လူကြီးများသို့ အကြောင်းကြားကာ တက္ကသိုလ်နှင့်
နီးသော ကမာရွတ် ပြင့်ပအမျိုးသမီးဘော်ဒါဆောင်သို့ မြတ်ရည်မွန်
ပြောင်းရွှေ့နေလိုင်သည်။

တနင်္ဂနွေကဲ့သို့နှင့် အခြား ကျောင်းပိတ်ရက်များ
တွင် မြတ်ရည်မွန်သည် သူမ၏ မာလာမြိုင်လမ်းအိမ်သို့ သွားရောက်
ပြီး သီတင်းတစ်ပတ်စာ အိမ်သန့်ရှင်းရေး ပြုလုပ်သည်။ သော့ခတ်
ထားသော ခြံတံခါးရှိ စာတိုက်ပုံးမှ စာများ ရောက်ရှိလျှင် ဖွင့်ယူ
ခြင်းဖြင့် မာလာမြိုင်အိမ်သို့ တစ်ပတ်တစ်ကြိမ်တော့ မြတ်ရည်မွန်
မှန်မှန်ရောက်သည်။

အကယ်၍သာ အန်တီဆွေ မိတ္ထီလာ မသွားဘဲ ...
မာလာမြိုင်အိမ်မှာသာ ရှိနေပါက ဦးလှိုင်ဘွား ပေးသောစာမှာ
အန်တီဆွေ လက်ထဲသို့ ရောက်သွားမည်ဖြစ်သည်။ ဒါဆို ထိုဦးလှိုင်
ဘွား စာတိုက်မှ ပေးပို့သောစာကို မြတ်ရည်မွန် တွေ့ရမည်ပင်
မဟုတ်။





ဘာကြောင့်မှန်းတော့ မသိ။

အန်တီဆွေကလည်း မေမေ ဒေါ်အေးမွန်ကဲ့သို့ပင်
ဖေဖေ ဦးမြဒင်၏အကြောင်း မြတ်ရည်မွန်ကို လုံးဝပြောမပြ။

ထို့ကြောင့်လည်း လွန်ခဲ့သော (၁၅)နှစ်က ကွယ်
လွန်သွားပြီးသော ဖေဖေ ဦးမြဒင်အကြောင်းကို အလွန်သိချင်စိတ်
ပြင်းထန်ခဲ့သည်။

ဦးလှိုင်ဘွား ပေးပို့သော စာမှာ ယခု သီတင်းပတ်
အတွင်း ဘယ်နေ့က စာတိုက်ပုံးထဲ ရောက်နေမှန်းတော့ မသိ။
ယနေ့ တနင်္ဂနွေကျောင်းပိတ်ရက် မြတ်ရည်မွန် မာလာမြိုင်အိမ် ပြန်
လာပြီး စာတိုက်ပုံးကို သော့ခတ်ဖွင့်ကြည့်မှ တွေ့ရခြင်းဖြစ်သည်။

များသောအားဖြင့် မိမိအမည်ဖြင့် မိမိထံသို့ စာများ
လာလေ့မရှိတတ်။ အန်တီဆွေ၏ စာများသာ လာတတ်လေ့ရှိ
သည်။ ထိုရောအခါ မြတ်ရည်မွန်က ထိုစာများကို ထပ်ဆင့် မိတ္ထီလာ
ရှိ အန်တီဆွေ့ထံသို့ ပေးပို့ရသည်။

ယနေ့မှ ထူးထူးခြားခြား မိမိအမည် လိပ်စာဖြင့်
ဦးလှိုင်ဘွားဆိုသူ ပေးပို့သော စာကို တွေ့ရှိဖတ်ရှုရခြင်းပါပေ။

[ဖြ]



www.burmeseclassic.com

www.burmeseclassic.com



## ၂

လာချင်လွန်း၍သာ လာခဲ့ရသည်။

မြတ်ရည်မွန် ကြောက်တော့ ကြောက်ပေသည်။

ဦးလှိုင်ဘွား၏ လိပ်စာပါအတိုင်း ရှာဖွေလာခဲ့ခြင်း ဖြစ်သည်။

မဥ္ဇူလမ်း ဆိုစေကာမူ ဦးလှိုင်ဘွား၏ အိမ်ခြံအမှတ်သည် လမ်းအတွင်းပိုင်း ပေသီစွန်ဖျားရောက်နေသည်။ ကတ္တရာလမ်းမကြီးနှင့် ဝေးလွန်းလှသည်။

မဥ္ဇူလမ်း အဝင်စပိုင်းမှာတော့ ခြံနှင့်ဝင်းနှင့် လှပသော တစ်ထပ်တိုက်အိမ်များ သန့်စင်ကြည့်ကောင်းသော ပျဉ်ထောင်အိမ်များ၊ နှစ်ထပ်တိုက်အိမ်များ တည်ရှိပြီး လမ်းကောင်း





လမ်းသန့် လူကုံထံလမ်း ရပ်ကွက်ဖြစ်သော်လည်း ဦးလှိုင်ဘွား ခြံအမှတ်အနီးသို့ ရောက်လာသော အိမ်ခြံတွေက ပိုကျယ်ဝန်းလေ၊ ခြံထဲက အိမ်တွေက ပို၍ စုတ်ချာလေရှိမှန်း မြတ်ရည်မွန် သတိထားမိပေသည်။

ခြံစည်းရိုးများကလည်း ဝါးတိုင်စိုက် ဝါးကပ်ကာ ခြံများ ဖြစ်လာသည်။

ဦးလှိုင်ဘွား၏ ခြံအမှတ်ဆိုလျှင် တံခါးမှာ ဝါးတိုင်နှစ်တိုင် အပေါက်ညီစွာဖောက်ပြီး ဝါးလုံးတန်းသုံးတန်းထိုးထားသော ခြံတံခါးသာ ဖြစ်သည်။ အခိုင်အခံ့နှင့် အလှအပ မရှိပေ။ ခြံကြီး၏ အလယ်တွင် ပျဉ်ကာသွပ်မိုး တစ်ထပ်အိမ်လေး ရှိသည်။ ဦးလှိုင်ဘွားနေသော အိမ်ဖြစ်ချေမည်။

ဤအိမ်နှင့် ဤခြံထဲသို့ ဝင်ရောက်သွားရန် မြတ်ရည်မွန် ဝန်လေးနေသည်။ ကြောက်လန့်နေသည်။

အို ... ရောက်လာမှတော့ မထူးဘူးဟု စိတ်ကို ဇွတ်တင်းကာ ဝါးတံခါးတန်းကို ဖြုတ်ပြီး ဝင်လာခဲ့သည်။

ပျဉ်ထောင်အိမ်တံခါးမှာ ပိတ်ထားပါ၏။

မြတ်ရည်မွန်က တံခါးကို ဖွဖွလေးပင် ခေါက်လိုက်သည်။ ချက်ချင်း တံခါးပွင့်လာပေသည်။

"လာ လာ ... ကျုပ်က တွက်ထားပြီးသားပါ ... ဘယ်နည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မဆို မြတ်ရည်မွန်ဆိုတဲ့မိန်းကလေး ကျုပ်ဆီ ရောက်လာရမယ်လို့ ... "

"ဦးလှိုင်ဘွားဆိုတာက ... "

"ကျုပ်ပါပဲ မိန်းကလေး၊ လှိုင်ဘွားဆိုတာ ကျုပ်ပါပဲ ... လာလေ ... အထဲဝင် မိန်းကလေး ... "

မြတ်ရည်မွန် အိမ်ထဲသို့ ဝင်ခဲ့သည်။

မြတ်ရည်မွန် စိတ်ထဲဝယ် ယခုလက်ငင်း တွေ့မြင်ရသော ဦးလှိုင်ဘွားဆိုသည့် လူကြီးကို နှစ်သက်ခြင်း မရှိမိပေ။ ဦးလှိုင်ဘွား၏ ပြောဆိုသံ၊ ပြောဆိုပုံနှင့် ရုပ်ဆင်းအင်္ဂါကို မနှစ်သက်ခြင်း ဖြစ်ပါ၏။

ဦးလှိုင်ဘွားသည် အသက်ငါးဆယ်ခန့် ရှိအုံ့သည်။ တုတ်ခိုင်သော ခန္ဓာကိုယ်မျိုးရှိသည်။ အရပ်ပုသောကြောင့် ဂင်တိုဟု ခေါ်နိုင်သည်။ အသားညိုရုံမက ကြမ်းသော အသားအရေမျိုးရှိသည်။ မျက်ပေါက်ကျဉ်းပြီး နှုတ်ခမ်းကြီးထူသည်။

ဦးလှိုင်ဘွား၏ အပြုအမူ အပြောအဆိုသည် ရောက်ရှိသော အသက်အရွယ်နှင့် မလိုက်အောင် တည်ကြည်ခြင်းမရှိ။ ကလက်သော အမူအရာရှိနေသည်။

မြတ်ရည်မွန် အိမ်ထဲသို့ ဝင်လိုက်သည်နှင့် ဦးလှိုင်ဘွားက တံခါးကို ချက်ချင်း ပြန်ပိတ်လိုက်သည်။





အိမ်ထဲတွင် နှစ်ပေမီးချောင်း ထွန်းထားသည်။ မီးအား လျှပ်စစ်အား မပြည့်သောကြောင့်လား မသိ။ နှစ်ပေမီးချောင်း ရောင်မှာ လင်းအားနည်းလှသည်။ ပျဉ်ထောင်အိမ်ဟောင်းဖြစ်သောကြောင့်လည်း မီးက ရောင်ပြန်မဟပ်သောကြောင့် ခပ်မှောင်မှောင် ရှိနေသည်။

အိုမင်းဟောင်းနွမ်းသော ... ဆက်တီကုလားထိုင်တစ်စုံ ဧည့်ခန်းတွင် ရှိနေသည်။

"မင်း မိုးကာအင်္ကျီ ချွတ်ထားပါလား မြတ်ရည်မွန် ... အိမ်ထဲမှာ အိုက်စပ်စပ်ကြီး ... နောက်ပြီး ကျုပ်က ပြောစရာစကားတွေ အများကြီး၊ တော်တော်ကြာအောင် ပြောရမှာ"

"ကျွန်မ ကြာကြာမနေနိုင်ပါဘူး ဦးလေး ... ညစာအမီ အဆောင်ကို ပြန်ရမှာမို့ပါ ... "

"မပူနဲ့ မြတ်ရည်မွန် ... ကျုပ်က မြတ်ရည်မွန်လာရင် စားသောက်ဖို့ အဆင်သင့် လုပ်ထားပြီးသား ... နောက်ပြီး မြတ်ရည်မွန်ရဲ့အဖေ မြဒင်အကြောင်း ပြောပြရမှာက အရှည်ကြီး ... ကဲ ... မြတ်ရည်မွန်ရဲ့ မိုးကာအင်္ကျီစက ရေစက်တွေ ကြမ်းပေါ်ကျပြီး ခွဲကုန်ပြီ ... ချွတ်လိုက်တော့လေ"

ဦးလှိုင်ဘွားက သူကိုယ်တိုင်ပင် မိုးကာအင်္ကျီကို ချွတ်ပေးတော့ရန် တိုးကပ်လာသောကြောင့် မြတ်ရည်မွန်က ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပင် ဦးစွာ မိုးကာအင်္ကျီကို ချွတ်လိုက်သည်။

"အား … မြတ်ရည်မွန်က ရုပ်ချောရုံသာမကဘူး … ကိုယ်လုံးကိုယ်ပေါက်ကလည်း တော်တော်ကြည့်ကောင်းတာပဲ၊ အေးလေ … မြဒင်ကလည်း လူချော … မင်းအမေ အေးမွန်ကလည်း မိန်းမချောဆိုတော့ သူတို့သမီးလေး မြတ်ရည်မွန်က သိပ်ချောသိပ်လှ သိပ်ဖြောင့်ပြီပေါ့ … "

မြတ်ရည်မွန်သည် … ဆက်တီကုလားထိုင်ဟောင်းတစ်လုံးတွင် ချက်ချင်း ထိုင်ချလိုက်သည်။ မိုးကာအင်္ကျီချွတ်လိုက်ပြီမို့ မတ်တတ်ဆက်ရပ်နေလျှင် မိမိ၏ ပင်ကိုယ်ရှိ အစို့အပို့ အမို့အမောက် အတင်းအရင်းတွေကို ရုပ်ပြနေသလို ဖြစ်မှာစိုးသောကြောင့် ချက်ချင်း ထိုင်ချလိုက်သည်။

"ကဲ … မြတ်ရည်မွန် … ဘာစားမလဲ၊ ဘာသောက်မလဲ"

"ဖေဖေ ဦးမြဒင်ရဲ့အကြောင်းပဲ သိချင်ပါတယ် ဦးလေးလှိုင်ဘွား … "

"သိရမယ် သိရမယ် … မြဒင်အကြောင်း ပြောချင်လို့ပဲ တမင်စာရေးခေါ်လိုက်တာပဲဟာ … အဲ … စကားပြောရင်း ပန်းသီးလေး ဝါးကြတာပေါ့ … ဟုတ်လား … ဩစတြေးလျပန်းသီးစစ်စစ်ကွဲ့ … မြတ်ရည်မွန် လာရင် စားဖို့ တမင်တန်ဖိုးကြီးကြီးပေးပြီး ရှာဝယ်ထားတာ … "





ဦးလှိုင်ဘွားသည် ပန်းသီးကို ပန်းကန်ပြားတွင် အလုံးလိုက်ထည့်ယူကာ အခွံနွှာရန် ဓားတစ်ချောင်းကိုပါ ယူဆောင်လာသည်။

အခွံနွှာရာတွင် နွှာသော ဓားမှာ မြည့်နေအောင် ထက်လှကြောင်းနှင့် ဓားဦးချွန်ဖြစ်ကြောင်း မြတ်ရည်မွန် သတိထားကြည့်မိသည်။

"ရော့ … စားပါ မြတ်ရည်မွန် … "

မစားဘဲ နေပါကလည်း ဇွတ်ပါးစပ်ထဲသို့ ခွံ့မည့်ပုံစံ ဦးလှိုင်ဘွားတွင် ရှိနေသဖြင့် မြတ်ရည်မွန်က တစ်စိပ်ယူစားသည်။

"ကျုပ်ကိုတော့ ခွင့်လွှတ်ပါ မြတ်ရည်မွန် … ကျုပ်က ညစာစားခါနီးမှာ တစ်ခွက်တစ်ဖလား သောက်နေကျမို့ပါ"

ပြောဆိုရင်းပင် … ထက်ဝက်ကျိုးနေသော အရက်ပုလင်းမှ ဖန်ခွက်ထဲသို့ အရက်ငှဲ့သည်။

"ဖေဖေ့အကြောင်း ပြောပါတော့ ဦးလေး … "

"ပြောမယ် … ပြောမယ် … မြတ်ရည်မွန်ရဲ့အဖေ မြဒင်နဲ့ကျုပ်က သိပ်ကို ရင်းနှီးခင်မင်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ပေါ့ … "

"အဲ … မြဒင်က ရွှေဘုံသာလမ်း ဟိုတုန်းကတော့ မဂိုလမ်းပေါ့လေ … အဲဒီက အာတီးယားစိန်တိုက်မှာ အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ်ကတော့ စပတ်လမ်း၊ အခု ဗိုလ်အောင်ကျော် လမ်းက ဦးအာမက်ရဲ့ မီးခံသေတ္တာ ပြုပြင်ရောင်းဝယ်ရေး ဆိုင်မှာ အလုပ်လုပ်တယ် ... ပထမတော့ မြဒင်ရော ကျုပ် ရော ရိုးရိုးသားသား လုပ်နေကြတာပါ ... "

ဦးလှိုင်ဘွား အရက်ငုံပြီး ဖော့ချလိုက်သည်။ နောက် ထပ်ငုံ၍ သောက်ပြန်သည်။ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေ သည်ကို တွေ့မြင်နေရသော မြတ်ရည်မွန်သည် ဤအိမ်ဤနေရာ သို့ မိမိလာခဲ့ခြင်းမှာ မှားသွားပြီလားဟုလည်း တွေးမိသည်။

"အဲဒီတုန်းက မြတ်ရည်မွန်ရဲ့အမေ မအေးမွန်တလည်း အရွယ်ကောင်းတုန်း လှတုန်း ချောတုန်းလေ ... မြဒင် သူ့ မိန်းမကို မျိုထားမတတ် ချစ်တဲ့ကောင်ပေါ့၊ ဒါပေမဲ့ ငါတို့ သူငယ်ချင်းနှစ်ယောက်စလုံးဟာ လက်ခစား လက်ခစား သမားသက်သက်တွေဆိုတော့ ... တစ်လမှာ ရတဲ့လခ လောက်ပဲ ရှိကြတယ်လေ ... "

"ဖေဖေက အာတီးယားစိန်တိုက်မှာ ဘယ်လိုအလုပ်မျိုး လုပ်ရလဲ ဦးလေး ... "

"မြဒင်က ပန်းထိမ်အလုပ် လုပ်တယ် ... အာတီးယားစိန် တိုက်ကြီးက အကြီးကြီး ... ရှေ့ပိုင်းမှာ စိန်ထည်လက်ဝတ် ရတနာအရောင်းဆိုင်ဖွင့်ထားပြီး ... နောက်ပိုင်းမှာ ပန်း ထိမ်လုပ်ငန်း ထားရှိတယ် ... "





"ဒီတော့ ဘာဖြစ်လဲ ဆက်ပြောပါ ဦးလေး ... "

"မြဒင်က သူ့မိန်းမ အေးမွန်ကို ချို့ချို့တဲ့တဲ့နဲ့ တင့်တောင့် တင့်တယ် မထားနိုင်တာကို ဘဝင်မကျဘူးလေ ... ဒီကြား ထဲ သမီးလေး မြတ်ရည်မွန် မင်းကလည်း မွေးဖွားလာပြီး သုံးလေးနှစ်သမီးအရွယ် တီတီတာလေးနဲ့ရုပ်လေးကလည်း သိပ်သနပ်ပြီး သိပ်ချစ်ဖို့ကောင်းတယ် ... အေး ... မြဒင်မှာ သူ့ဇနီးနဲ့ သူ့သမီးလေးကို သိပ်ချစ်တော့ ကြွယ်ပိုး ကြွယ်ဝ ချမ်းချမ်းသာသာ ထားချင်စိတ်တွေ စေတနာတွေ တအား ထက်သန်လာတယ် ... "

"ဩော် ... ဖေဖေရယ်" ဟု မြတ်ရည်မွန် တိုးတိုး လေး ရေရွတ်မိသည်။

"တိုတိုပြောရရင် မြဒင်က သူနဲ့ အခင်မင်ဆုံးသူငယ်ချင်း ငါ့ ကို လာတိုင်ပင်တယ် ... အာတီးယားစိန်တိုက်ကို ဖောက် ကြဖို့လေ ... ကျုပ်က သဲဘောတူလိုက်ပါတယ် ... ဒါပေမဲ့ စိတ်ရောကိုယ်ပါ သဘောတူတာမျိုးတော့ မဟုတ်ဘူး မြတ် ရည်မွန် ... ကျုပ်မှာက မယားမရှိ သားမရှိ လူပျိုု တစ်ကိုယ် ရည်သမားပဲ ... ကျုပ် လစဉ်ရတဲ့လခနဲ့ ကျုပ်မှာလုံလောက် နေသားပဲဟာ၊ အေး ... မှန်တာပြောရရင် မြဒင်ကို ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်နဲ့ ကျုပ် သဘောတူလိုက်တာ ... ”

ဦးလှိုင်ဘွား ပြောနေပုံမှာ ယခု မြတ်ရည်မွန်ကပဲ သူမ၏ ဖေဖေကို ကူညီလို့ ကျေးဇူးတင်လှပါတယ်ဟု မြတ်ရည်မွန်က ပြောစေချင်ပုံ ရနေပေသည်။

“မြဒင်အဖို့ ... ခက်နေတာက အာတီးယားစိန်တိုက်ပိုင်ရှင် သူဌေးဟာ သူ့စိန်တွေ လက်ဝတ်ရတနာတွေကို သူ့တိုက်ကြီးရဲ့ လျှို့ဝှက်ခန်းထဲမှာ ... အင်မတန် စိတ်ချရတဲ့ မီးခံသေတ္တာကြီးနဲ့ သိမ်းထားမှန်းတော့ သိတယ် ... ဒါပေမဲ့ အဲဒီ လျှို့ဝှက်ခန်းသော့နဲ့ မီးခံသေတ္တာကြီးကို ဖွင့်ဖို့ကျတော့ မြဒင် မစွမ်းဆောင်နိုင်ဘူးလေ ... ”

ဦးလှိုင်ဘွား အရက်ထပ်မော့ပြန်သည်။ ငါးသုံးလုံးစီးကရက် ဖွာရှိုက်ပြန်သည်။ စ,ကနဦးကတည်းက ဦးလှိုင်ဘွားဆိုသူမှာ ဤပုံစံ ဤလူစားမျိုးဟုသာ မြတ်ရည်မွန် သိထားလျှင် ဖေဖေ ဦးမြဒင်အကြောင်းကို ဘယ်လောက်သိချင်စေကာမူ ဒီနေရာ ဒီအိမ်ကို လာပြီး ဦးလှိုင်ဘွားလို လူကို တွေ့ဆုံမည်မဟုတ်ပါလေ။ မြတ်ရည်မွန် ထင်မိသူမှာ ဦးလှိုင်ဘွား ဆိုသူသည် ဖေဖေ့ သူငယ်ချင်းမို့ ဖေဖေ့အရွယ်လောက် ရှိပြီး ဖေဖေ့လိုပင် စိတ်ဓာတ်မျိုး ရှိခြိမ့်မည ဟု အတွက်မှားမိသဖြင့် ရောက်လာမိခြင်းသာ ဖြစ်ပါ၏။ ယခု တွေ့မြင်ပြောဆိုနေရသော ဦးလှိုင်ဘွားကို မြတ်ရည်မွန် ရင်ထဲက ရွံမုန်း





မိသည်။ ကြောက်လန့်မိသည်။

သို့သော် ဘာတတ်နိုင်တော့မည်နည်း။ ရောက်လာမိပြီကိုး။

“ဟဲ ဟဲ ဟဲ ... ဘယ်လိုမီးခံသေတ္တာရဲ့ သော့မျိုးဖြစ်ဖြစ် ဘယ်လိုအခန်းရဲ့ သော့မျိုးဖြစ်ဖြစ် ဖွင့်နိုင်တာက ကျုပ် အတတ်ပညာပေါ့လေကွယ် ... ”

“နေပါဦး ဦးလေးလှိုင်ဘွား ... ရွှေဘုံသာလမ်းက အာတီးယားတိုက်ကြီးမှာ သူဌေးနဲ့ မိသားစုက အတူမနေကြဘူးလား ... ”

“မနေကြဘူး ... သူဌေးတို့နေတဲ့ အိမ်က ခြောက်မိုင်ခွဲမှာ ခြံကြီး ဝင်းကျယ်နှစ်ထပ်တိုက်ကြီးနဲ့နေတာ ... နံနက် ကိုးနာရီလောက်မှာ အာတီးယားသူဌေးက သူ့မာစီဒီးကားကြီးနဲ့ စိန်တိုက်ကို လာတယ် ... အရောင်းအဝယ်ကိစ္စတွေ လုပ်ပြီး ညနေလေးနာရီဆို ဆိုင်ပိတ်ပြီး ပြန်တယ် ... ”

“သူ့စိန်တွေ ရတနာတွေကို အိမ်ပြန်ယူမသွားဘူးလား”

ဦးလှိုင်ဘွားက ခေါင်းခါပြသည်။

“ဘယ်ယူသွားမလဲ ... ခြောက်မိုင်ခွဲလိုနေရာက သူဌေးတွေ ခြံကျယ်ကြီးတွေနဲ့ နေကြတာ ... ကိုယ်တိုက်ကို ဓားပြတိုက် အနှောက်အယှက်ပေးတော့ ခြေဘေးတိုက်တွေက သိနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ ... နောက်တစ်ချက်က မနက်အလာ ညနေအပြန် စိန့်တွေ သယ်ဖို့က လမ်းမှာ အန္တရာယ်ရှိနိုင်တယ်လေ ... ကြံစည်ချင်တဲ့လူက လမ်းကဖြတ်ပြီး ကြံစည်လို့ရတယ် ... စိန်တွေ ရတနာတွေက နည်းနည်းနောနော တန်ဖိုးမှ မဟုတ်တာ ... ဒါတောင် အဲဒီအချိန့်တုန်းက စိန်တစ်ရတီမှ ပျမ်းမျှကြေးတန်ဖိုး တစ်သောင်းလောက်ရှိတာ၊ ဒါတောင် သူဌေးပိုင် စိန်ရတနာတွေဟာ သိန်းပေါင်းရာနဲ့ချီ ရှိနေတာ ... ခုခေတ်တန်ဖိုးနဲ့ တွက်ရင် သိန်းပေါင်းထောင်သောင်းလောက် ရှိနိုင်တယ်ဆိုပါတော့ ... "

"ရွှေဘုံသာလမ်းက တိုက်ကြီးထဲမှာ ထားခဲ့တာက ပိုပြီးလုံခြုံတယ်လို့ ကုလားသူဌေးက ယုံကြည်လို့လား ... "

"သိပ်လုံခြုံတာပေါ့ ... အခု ရွှေဘုံသာလမ်းလို့ခေါ်တဲ့ ဟိုတုန်းက မဂိုလမ်း မြို့အလယ်မှာ တည်ရှိနေပြီး ရဲစခန်းတွေနဲ့လည်း နီးတယ် ... ပြီးတော့ သူဌေးအာတီးယားတိုက်ကြီးက ထုနဲ့ထည်နဲ့ ခိုင်ခံ့ရုံမကဘူး ... လျှို့ဝှက်ခန်းတွေပါ ထားရှိတော့ အဲဒီမှာ ထားခဲ့တာက ပိုပြီး စိတ်ချရတာပေါ့ မြတ်ရည်မွန် ... ညစောင့် နေ့စောင့် ဒရဝမ်လည်း ထားသေးတယ် ... လျှို့ဝှက်ခန်းထဲမှာ ထားတဲ့ မီးခံသေတ္တာကလည်း သော့နှစ်ချက် စက်နဲ့ ဂေါဖရီအမျိုးအစား သိပ်ကောင်း သိပ်





ထုထည်ကြီး သိပ်ခိုင်မာတယ် ... မီးလောင်ရင်တောင် အထဲက ရတနာတွေ မပျက်စီးနိုင်ဘူး ... အောက်ခုံး မြေညီထပ်မှာပို့ ခေါင်းမိုးကလည်း ဖောက်ဝင်လို့ မရနိုင်ဘူး၊ အပေါ်ထပ်တွေမှာနေတဲ့ လူတွေလည်း ရှိနေသေးတယ်၊ ဒီတော့ အာတီးယားစိန့်တိုက်ကို ရှေ့ကဖြစ်စေ အပေါ်ကဖြစ်စေ ဘေးကဖြစ်စေ ဖောက်ထွင်းလို့မရနိုင်ဘူး ... "

"အေး ... ဒါပေမဲ့ အတွင်းလူဖြစ်နေတဲ့ မြဒင်နဲ့ ဘယ်မီးခံသေတ္တာကိုဖြစ်ဖြစ် ဘယ်လိုသော့ဖြစ်ဖြစ် ဖွင့်နိုင်တဲ့ ကျူပ်နဲ့ ညည်းအဖေ အတွင်းလူ မြဒင်ပေါင်းပြီး ကြံစည်လိုက်တော့ စိန်တိုက်ကြီးဟာ ပွင့်သွားတယ် ... "

"အဲဒီတော့ ဘာဖြစ်သွားကြလဲ ဦးလေးလှိုင်ဘွား ... "

ဦးလှိုင်ဘွားက ညည်းညူသောလေသံဖြင့် ပြောသည်။

"ဒါပေမဲ့ မြတ်ရည်မွန်ရဲ့အဖေ မြဒင်က သိပ်မိုက်တယ် ... မီးခံသေတ္တာပွင့်လို့ ကိုယ့်လက်ထဲ ရတနာသေတ္တာပါလာပြီး ပြန်အထွက်မှာ ညစောင့်ဒရဝမ်နဲ့ ပက်ပင်းတိုးတာကို မြဒင်က ညစောင့်ဒရဝမ်ကို အသေသတ်ပစ်လိုက်တယ် ... "

"စိန်တိုက်ထဲ ဝင်ကြတုန်းက ညစောင့်ဒရဝမ်က မရှိဘူးလား ဦးလေး ... "



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရည်မွန်က သူ့အဖေက ညစောင့်ဒရဝမ်ကို အသေသတ်သည်ဆိုခြင်းကို လက်မခံလိုသောစိတ်ဖြင့် ပြန်မေးမိသည်။

"ဒီလို မြတ်ရည်မွန်ရဲ့ ... ညနေ လေးနာရီ အလုပ်ပိတ်ပြီးတာနဲ့ ဂန်ချာလို့ခေါ်တဲ့ ဆေးခြောက်ထည့်လိပ်ထားတဲ့ ဘီဒီ ကုလားဆေးလိပ်တစ်ထုပ် စီစဉ်ထားပြီး ညစောင့်ဒရဝမ်ကို ပေးထားတယ် ... ညစောင့်ဒရဝမ် ညဦးပိုင်းမှာတော့ ဂန်ဂျာဘီဒီကို သောက်ရှူပြီး အိပ်ပျော်သွားတယ် ... အဲ ... ကျုပ်တို့ မီးခံသေတ္တာဖွင့်လို့ရပြီး ရတနာသေတ္တာ ဆွဲပြီး ပြန်အထွက်မှာ ဒရဝမ်က ဆေးခြောက်ပျယ်ပြီး တို့ကို မြင်တာနဲ့ ရှူးရှူးဝါးဝါး အော်တယ် ... အဲဒီမှာ မြဒင်က ဒရဝမ်ကို သတ်ပစ်လိုက်တာပဲ ... "

"ဖေဖေက လူသတ်တယ် ဟုတ်လား ... "

"အဲဒီအတိုင်းပဲ မြတ်ရည်မွန် ... "

"မဖြစ်နိုင်ဘူး ... မေမေက ပြောတယ် ... ဖေဖေဟာ စိတ်နှလုံး သိပ်သိမ်မွေ့တာတဲ့ ... ခြင်ကိုက်ခံရရင်တောင် ရိုက်ပုတ်မသတ်ဘဲ မောင်းထုတ်ပစ်တာတဲ့ ... "

"အေးလကွယ် မြတ်ရည်မွန် ... အဲဒါက သာမန်အနေအထားမှာကို ... အခုဟာက ဒရဝမ် အော်လို့ လူမိရင် ဒုက္ခရောက်





မှာမို့လား ... ဒါကြောင့် ဒရဝမ်ကို မအော်အောင် မြဒင်က နှုတ်ပိတ်ရင်း လက်လွန်သွားတာ ဖြစ်မှာပေါ့ ... "

"ထားပါတော့လေ ... ဦးလေးလှိုင်ဘွားနဲ့ ဖေဖေ နှစ်ဦးသာတော့တူ လုပ်ခဲ့ကြတာပဲ ... ဒရဝမ်ကို သတ်တာလည်း နှစ်ယောက်စလုံးတူ သတ်ကြတာပဲ ဖြစ်ရမှာပေါ့ ... "

ဦးလှိုင်ဘွားက ခေါင်းခါပြသည်။

"နှစ်ယောက်အတူ ဒရဝမ်ကို မသတ်ခဲ့ဘူး မြတ်ရည်မွန် ... နှစ်ယောက်အတူလည်း ရတနာသေတ္တာထဲက ရတနာတွေကို ခွဲဝေမယူခဲ့ရဘူး ... ဖြစ်ပုံက ကျုပ်က လျှို့ဝှက်ခန်းကို ဖွင့်တယ် ... မီးခံသေတ္တာကို ဖွင့်တော့ ကျုပ်လက်ထဲမှာ ပစ္စည်းကိရိယာတွေ ကိုင်ထားရတယ် ... ရတနာသေတ္တာကို မီးခံသေတ္တာထဲက မြဒင်ကဆွဲထုတ်ယူတယ် ... ဒရဝမ်ကို သတ်ပြီး ရတနာသေတ္တာကို မြဒင်ကပဲ ယူသွားတယ် ... တစ်ယောက်တည်း အပိုင်စီးသွားတယ် ... "

"ဖြစ်နိုင်ပါ့မလား ဦးလေးလှိုင်ဘွား ... ဦးလေးလှိုင်ဘွားလိုလူက ဖေဖေတစ်ယောက်တည်း အပိုင်စီးသွားတာကို ငုံ့ခံမဲ့လူစားမျိုးမှ မဟုတ်တာ ... "

"မှန်တယ် ... ဖြစ်ရိုးဖြစ်စဉ်ဆိုရင်တော့ အဲဒီအတိုင်း ဖြစ်မှာပဲ ... ဒါပေမဲ့ ကျုပ်တို့ရဲ့ ကြံစည်တဲ့ အစီအစဉ်ထဲမှာ ဒရဝမ်



www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ဖို့ အစီအစဉ်မပါခဲ့ဘူး ... မမျှော်လင့်ဘဲ ဒရဝမ်ကို သတ်လိုက်မိတော့ နောက်နေ့ကျမှ ပစ္စည်းတွေ ခွဲယူကြမယ်ဆိုပြီး ကိုယ်လွတ် တစ်ယောက်တစ်လမ်းခွဲပြီး ပြေးခဲ့ကြတယ် ... မြဒင် လက်ထဲမှာ ရတနာသေတ္တာ ပါသွားတယ် ... "

"သြော် ... သြော် ... ဒီလိုလား ... "

"မသြော် ... သြော်နဲ့ မြတ်ရည်မွန် ... ကျုပ်နဲ့ မြဒင် အဲဒီညက လူချင်းခွဲပြေးခဲ့ကြပြီးနောက် ကနေ့ထိ မြဒင်ကို ကျုပ်မတွေ့ရတော့ဘူး ... ကျုပ် ရသင့်တဲ့ ဝေစုလည်း တစ်ပြားတစ်ချပ်မှ မရခဲ့ဘူး ... မြဒင် လုပ်တာတွေက ဘာမှမသေသပ်ဘူး ... ဒရဝမ်က ချက်ချင်းမသေဘဲ ရဲပတ္တရောင်တွေ ရောက်လာတဲ့အထိ အသက်ရှိနေတော့ စကားပြောနိုင်တယ် ... ဒရဝမ်က သူတို့အလုပ်သမားချင်း မြဒင်ကိုသာ သိတော့ မြဒင် သူ့ကို သတ်ပါတယ်လို့ပြောပြီးမှ အသက်ထွက်သွားတယ် ... အဲဒီနေ့ ဝေလီဝေလင်းအချိန်မှာပဲ မြဒင်ကို ရဲတွေ ဖမ်းမိသွားတယ် ... ရဲတွေက စစ်မေးတော့ မြဒင်က ဖော်ကောင်လုပ်တယ်လေ ... လှိုင်ဘွားဆိုတဲ့ ကျုပ်နဲ့အတူ ပူးပေါင်းကြံစည်တာလို့ ဖော်တယ် ... အဲဒီတော့ ကျုပ်က လွတ်ရာထွက်ပြေးရတာပေါ့ ... ပြေးတာမှ ဟို





ဘက်နိုင်ငံနယ်စပ်အထိ ကျုပ် ထွက်ပြေးရတယ် ... ကိုယ့်ဘဝကို ခေတ်ပြုပ်နေ့နေရတယ် ... "

မြတ်ရည်မွန်က အလွန်စိတ်မကောင်းစွာဖြင့် သက်ပြင်းချရင်း ပြန်ပြောသည်။

"အဲဒီ ဘဝတီးယားစိန်တိုက်ကို ဖောက်ထွင်းမှု ... ဒရဝမ်ကို သတ်မှုနဲ့ ဖေဖေဟာ တရားဥပဒေက ချမှတ်တဲ့ ကြိုးဒဏ်ခံပြီး သေဆုံးသွားတာပဲ ဦးလေး ... "

"သိတယ် ... ကြားတယ် ... မြဒင် ကြိုးဒဏ်ကျသွားတယ်ဆိုတာ ကျုပ် ကြားသားပဲ ... "

တကယ်တော့ ... မြတ်ရည်မွန်ခမျာ သူ့ဖခင် ဦးမြဒင် ဤပြစ်မှုကြောင့် ကြိုးဒဏ်ခံ သေဆုံးသွားရခြင်းကို မေမေ ဒေါ်အေးမွန် ကွယ်လွန်သေဆုံးပြီးမှ သိရှိရခြင်း ဖြစ်ပါ၏။ မေမေသည် သေဆုံးသည်အထိ ဖေဖေ ဦးမြဒင်၏ အဖြစ်အပျက် အကျိုးအကြောင်းတွေကို ဖေဖေ ဂုဏ်ငယ်မည်စိုး၍လည်းကောင်း၊ မြတ်ရည်မွန်ကို ဖွင့်ပြောသွားခြင်း မပြုခဲ့ပါလေ။

မေမေ ကွယ်လွန်ချိန်တွင် သမီး မြတ်ရည်မွန်မှာ အသက်(၁၆)နှစ်ကျော်စ ပြုပေပြီ။ မေမေ ကွယ်လွန်ပြီးမှ မေမေ ကျန်ရစ်ခဲ့သော ပစ္စည်းတွေကို အမွေဆက်ခံရင်း လက်ဝတ်လက်စား သေတ္တာထဲမှ ဝါကျင်နေသော သတင်းစာဖြတ်ပိုင်းတွင် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမြခင်ကို ကြိုးမိန့် ချမှတ်လိုက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရမှ သိရခြင်း ဖြစ်သည်။

ထိုအခါကျမှပင် အန်တီဆွေ့ကို သတင်းစာဖြတ်ပိုင်းပြပြီး ဖေဖေ့အကြောင်း မေးမြန်းရတော့သည်။ သတင်းစာဖြတ်ပိုင်းတွင် ထိုဒဏ်အပြစ်ပေးခံရသည်မှလွဲပြီး အကျယ်တဝင့် ဖော်ပြခြင်း မပါရှိခဲ့ပေ။

အန်တီဆွေကလည်း ဒီကိစ္စတွေ ထပ်မံပြီး လုံးဝမမေးရန် မြတ်ရည်မွန်ကို တားမြစ်ခဲ့သောကြောင့် အန်တီဆွေ့ထံမှလည်း ဖေဖေ့အကြောင်း မသိခဲ့ရပေ။

သို့သော် ... မြတ်ရည်မွန်သည် သူမ၏ ဖေဖေ့အကြောင်းကို သိပ်သိချင်နေသည်။

ထို့ကြောင့်လည်း ဖေဖေ့အကြောင်း သိချင်လွန်းသောကြောင့် ဦးလှိုင်ဘွားထံသို့ လာရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ယခု ဦးလှိုင်ဘွားထံမှ ဖေဖေ့အကြောင်းတွေ အစုံအစေ့ သိရသောအခါ သမီးဖြစ်သူမှို့ ထပ်မံစိတ်မကောင်းဖြစ်ရသည်။

ညှိုးနွမ်းသိမ်ငယ်စွာနှင့်ပင် မြတ်ရည်မွန်သည် ထိုင်ရာမှ ထရပ်လိုက်သည်။

"ဖေဖေ့အကြောင်းတွေ အသေးစိတ် သိရလေ ကျွန်မ သမီးအနေနဲ့ စိတ်မကောင်းဖြစ်ရလေပဲ ဦးလေးလှိုင်ဘွား ... အခုလို တကူးတက စာရေးခေါ်ပြီး ကျွန်မကို ဖေဖေ့အကြောင်းတွေ ပြောပြတဲ့ ဦးလေးလှိုင်ဘွားကို ကျွန်မ ကျေးဇူးတင်ပါတယ် ... ကျွန်မ ပြန်တော့မယ် ... "

"ဟာ ... မင်းကို ငါက ပြန်ခွင့်ပြုလို့ ဘယ်ဖြစ်မလဲ မြတ်ရည်"

"ဟုတ် ... "

"ဟင် ... "

မြတ်ရည်မွန်က အာမေဋိတ်သံပင် ထွက်သွားပေသည်။ ဦးလှိုင်ဘွားက ထိုင်ရာမထ မျက်ဖြူလှန်ပြီး မြတ်ရည်မွန်ကို စေ့စေ့ပါအောင် ကြည့်ပြီး ပြန်ခွင့်မပေးဆိုသည်ကို မြတ်ရည်မွန်က အံ့ဩသွားခြင်း ဖြစ်ပါ၏။

"ပြန်ထိုင်ပါ မြတ်ရည်မွန် ... ကျုပ်မှာ ပြောစရာစကားတွေ အများကြီး ကျန်သေးတယ် ... "

"ဖေဖေ့အကြောင်းနဲ့ ပတ်သက်လို့လားဟင် ... "

"ဒါပေါ့ ဒါပေါ့ ... မြခင်နဲ့ ပတ်သက်တာတွေ ပြောပြစရာ အများကြီး ကျန်နေသေးတယ် ... "

မြတ်ရည်မွန်သည် ဖေဖေ့အကြောင်း ပြောစရာကျန်သေးသည်ဟု ဆိုသောကြောင့် နဂိုထိုင်ရင်းကုလားထိုင်မှာပင် ပြန်ထိုင်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



၃

"ကျုပ် ပြောပြခဲ့ပြီးပါပြီနော် ... မြခင်က ရဲမှာ ဖော်ကောင်လုပ်လို့ ကျုပ်ဟာ ပို့ဘက်နိုင်ငံ နယ်စပ်အထိ ထွက်ပြေးတိမ်းရှောင်နေခဲ့ရတယ်ဆိုတာ ... အဲဒီမှာ ကျုပ် ကိုးလန့်စာစားနဲ့ တစ်ဝမ်းတစ်ခါး စားဖို့နေဖို့ နယ်စပ်မှာ ဓာတ်မြှုပ်ပြီး ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်နေထိုင်ခဲ့ရတယ်၊ နှစ်ပေါင်းများစွာကြီး နေခဲ့ရတာပါ ..."

"အဲ ... သိပ်မကြာသေးခင်ကပဲ ... မြန်မာပြည်မှာ အစိုးရအပြောင်းအလဲတွေဖြစ်ပြီး နောက်တက်လာတဲ့ အစိုးရက အချိန်ကာလ ခုနှစ်အပိုင်းအခြားကန့်သတ်ပြီး အဲဒီတုန်းက ဖြစ်ခဲ့တဲ့ အမှုတွေကို ပလပ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်





သည်လို့ ကြေညာတဲ့အထဲမှာ ကျုပ် အမှုက သတ်မှတ်ပေးတဲ့ အချိန်ကာလအပိုင်းအခြားထဲမှာ အကျုံးဝင်သွားတာပို့ ကျုပ် အပြစ်ဒဏ်က လွတ်ငြိမ်းခွင့်ရခဲ့တယ် ... ဒီတော့ ကျုပ် မြန်မာပြည်ကို ပြန်လာပြီး ရှိစုမဲ့စု ငွေကြေးလေးနဲ့ မြို့နဲ့ [illegible] နေလိုက်ရတယ် မြတ်ရည်မွန် ... လေး ... ဖြစ်ပြီးပုံတာတွေလည်း ဖြစ်ပြီးခဲ့ပြီမို့ မြခင်အပေါ်မှာ ကျုပ် ငွေယူတာ အာဃာတထားတာတွေလည်း မရှိတော့ပါဘူး ... သူ့ခမျာလည်း ဥပဒေအပြစ်ဒဏ်ခံရင်း ကြိုးမိန့်နဲ့ သေသွားရှာပြီပဲဟာ ..."

"ဦးလေးလှိုင်ဘွားက ဖေဖေ့အပေါ် ဘာဖွေယူစရာရှိတော့လို့လဲ ... ဖေဖေလည်း သေပြီပဲဟာ ..."

"ဖွေယူမယ်ဆိုရင် ဖွေယူစရာ ရှိတာပေါ့ မြတ်ရည်မွန် ... တကယ်ဆို သူက ကြိုးမိန့်ခံရဖို့ သေချာနေတာဖြစ်လို့ အမှုထဲမှာ ကျုပ်ကို ဆွဲထည့်ဖော်ကောင်လုပ်စရာ ဘာလိုသလဲ၊ တကယ်တော့ မြခင်ဟာ ကျုပ်အပေါ် သစ္စာဖောက်ပြီး ဖော်ကောင်လုပ်သွားတာ ..."

"ဒါတော့ ဦးလေးလှိုင်ဘွားရယ် ... ဖေဖေ့ခမျာ သေဒဏ်တောင် အပြစ်ပေးခံရသူပါ ... အဲဒီတုန်းက ရဲတွေက ဖေဖေ့ကို ပဖော်ရင် ဖော်အောင်လုပ်တဲ့နည်းတွေကြောင့် ဖော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာဖြစ်မှာပေါ့ ... ဦးလေးလှိုင်ဘွားက အဝေးကို ထွက်ပြေးရရုံပေါ့ ... ဖေဖေက အသက်ပေးသွားရသူပါ"

"အင်းပေါ့လေ ... အဲဒါတွေ ထားလိုက်ပါတော့ ... ကျုပ် အဓိက ဆိုလိုတာက နှစ်ယောက် သဘောတူကြံစည်ခဲ့တဲ့ နေရာမှာ သူက သေဒဏ်ခံရတယ် ... ကျုပ်က ထွက်ပြေး ရတယ် ... အဲဒီတော့ အစကတည်းက ဒုက္ခတွေနဲ့ ရင်းခဲ့ကြ ရတဲ့ ကျုပ်ဟာ အခုအချိန်မှာ ခံစားခွင့်ရှိတဲ့ သုခကိုတော့ ခံစားချင်တာပေါ့ကွယ် ... "

"သုခ ... ဟုတ်လား၊ ဘာသုခလဲ ... "

"ကျုပ် ပြောခဲ့ပြီးပြီ ... လူချင်းခွဲထွက်ပြေးကြတော့ မြဒင် လက်မှာ ရတနာသေတ္တာပါသွားတယ်လို့ ... အဲ ... မြဒင် ဟာ ကြီးစင်တက်သွားတဲ့အထိ ရတနာသေတ္တာကို ရဲလက် ထဲ မအပ်ခဲ့ဘူး၊ အသေခံသွားတယ် ... အဲဒီရတနာသေတ္တာ ဟာ ခုချိန်ထိ မြတ်ရည်မွန်ရဲ့လက်ထဲမှာ ရှိနေတယ် မဟုတ် လား ... "

"ရှင် ... "

"ကျုပ် လက်ရှိ အခြေအနေကို ပြောပြမယ် ... ကျုပ်ရဲ့ အမှုလည်း တရားဝင်ပ,လပ်လိုက်ပြီ ... အာတီးယားကုလား သူဌေးလည်း ဘင်္ဂလားပြန်သွားပြီ၊ သူ ဒီမှာရှိတဲ့ ပစ္စည်း





တိုက်တာတွေလည်း ပြည်သူပိုင်သိမ်းတဲ့အထဲ ပါသွားပြီ ... အာတီးယားအတွက် မြန်မာပြည်ကို ပြန်လမ်းမရှိတော့ဘူး"

မြတ်ရည်မွန် ဘာပြန်ပြောရမည်မှန်း မသိ။ ဦးလှိုင် ဘွား ပြောသောစကားတွေကိုလည်း မြတ်ရည်မွန် နားမလည်။

"အဲဒီတော့ ကျုပ်တို့မနေနဲ့ အခုအချိန်မျိုးမှာ ရှိထားတဲ့ ရတနာတွေကို ကျုပ်ရောင်းချမယ်ဆိုရင် ဘာ့ဘာအနှောင့်အယှက် မှ မရှိတဲ့ အကောင်းဆုံးအချိန်ပဲ ... "

"ရှင် ... "

မြတ်ရည်မွန် ဘာပြန်ပြောရမှန်း မသိတိုင်း ဦးလှိုင် ဘွား ပြောသော စကားတွေကို နားမလည်ဘဲ 'ရှင် ... ရှင်' နှင့်ပင် အံ့သြနေရတော့သည်။

မြတ်ရည်မွန်၏ တရှင်ရှင် အံ့သြနေသည်ကို ဦးလှိုင် ဘွား မျက်မှောင်ကြုတ်လာသည်။

"မင်းဟာက တရှင်ရှင်နဲ့ ဘာမှမသိတဲ့ အမူအရာမျိုးချည်းပါ လား မြတ်ရည်မွန် ... "

"မေ့ ဦးလေးလှိုင်ဘွား ပြောသမျှတွေ ကျွန်မ တကယ်ပဲ ဘာမှန်းကို မသိတာ ... "

"လုပ်မနေနဲ့ မြတ်ရည်မွန် ... ကျုပ်က အဝေးရောက်နေ ပေမဲ့ သတင်းတွေအားလုံး နားစွင့်ထားတယ် ... ရဲတွေက



www.burmeseclassic.com

www.burmeseclassic.com



မြဒင်ကို ဖမ်းမိပေမဲ့ ရတနာသေတ္တာကို ပြန်မသိမ်းနိုင်ခဲ့ဘူး၊ မြဒင်က နောက်ဆုံး ကြိုးစင်တက်တဲ့အထိ ရတနာသေတ္တာကို ရဲတွေလက်ကို မအပ်ခဲ့ဘူး … အဲဒီ ရတနာသေတ္တာဟာ အခုဆိုရင် သမီးရင်းဖြစ်တဲ့ မင်း မြတ်ရည်မွန်ဆီမှာပဲ ရှိရမယ် …”

“ဘာမှ မရှိဘူး … ဘာသေတ္တာမှ မရှိဘူး … ဖေဖေ အဲဒီလို ရတနာသေတ္တာ ရခဲ့တယ်ဆိုတာတောင် အခု ဦးလှိုင်ဘွား ပြောပြမှ ကျွန်မ သိတာ …”

“ဒီလို အပြတ်ပြောလို့ မရဘူးလေ … မင်းဆီမှာ ရှိကိုရှိရမယ် …”

ဦးလှိုင်ဘွားသည် အရက်ပုလင်းထဲရှိ လက်ကျန်အရက်ကို တစ်စက်မကျန် ဖန်ခွက်ထဲလောင်းထည့်ပြီး ရေပင်မရောတော့ဘဲ ဒီအတိုင်း မော့ချလိုက်သည်။ အရက်ကို ဘယ်လောက်သောက်သောက် အရက်အမူးလွန်သောပုံစံ မရှိပေ။

အရက်ကုန်အောင် သောက်ပြီးမှ သူ့ကုတ်အင်္ကျီအိတ်ထဲက မိန်းမကိုင် ငါးလုံးပြူးသေနတ်လေး ထုတ်ယူလိုက်သည်။

ငါးလုံးပြူးသေနတ်လေးမှာ သေးသေးငယ်ငယ်ဖြင့် ကလေးကစားစရာလေးနှင့် တူလေ၏။





ယင်းငါးလုံးပြူးသေနတ်လေးကို စားပွဲပေါ်တင်ထားလိုက်သည်။ သေနတ်ပြောင်းနှင့် ကိုယ်ထည်မှာ ပြာနှမ်းနှမ်းသံအသစ်ရောင်ထွက်နေသည်။ သေနတ်လေး၏ဒင်မှာ ဆင်စွယ်ကိုကနုတ်ပန်းဖော်ထားသော ဒင်လှလှလေးလည်း ဖြစ်သည်။

“မြဒင်ဟာ သူ့ဇနီးနဲ့ သမီးလေးကို သိပ်ချစ်တဲ့ကောင် … သူ့ စိန့်တိုက်ကို ဖောက်ဖို့ ကြံစည်တာကိုက သူ့ဇနီးနဲ့ သမီးလေး မလောက်မင စားသောက်နေထိုင်နေရတဲ့ ဘဝက လွတ်ပြီး ချမ်းချမ်းသာသာ နေစေချင်တဲ့စေတနာ အစကပါ၊ ဒါကြောင့် ရတနာသေတ္တာကို အရယူပြီး သူ့အသက်ကို စတေးသွားတဲ့ကောင်ပါ …”

“တော်ပါတော့ ဦးလေးလှိုင်ဘွား … ဖေဖေ့အကြောင်း ကျွန်မ နားထောင်နိုင်စွမ်း မရှိတော့လို့ပါ …”

“ဒီမယ် မြတ်ရည်မွန် …”

မြတ်ရည်မွန်က မျက်ရည်များကြောင့် ရီဝေနေသော အကြည့်ဖြင့် ဦးလှိုင်ဘွားကို ကြည့်နေသည်။

ဦးလှိုင်ဘွားသည် စားပွဲပေါ်တင်ထားသည့် ငါးလုံးပြူးသေနတ်လေးကို ကောက်ယူလိုက်သည်။ ဦးလှိုင်ဘွား လက်ဝါးကြီးလှ ကြီးလှသဖြင့် သေနတ်သေးသေးလေးမှာ သူ့လက်ဝါးထဲတွင် ပျောက် မြုပ်ကွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်လေး၏ပြောင်းကို မြတ်ရည်မွန်ကို ချိန်ထားသည်။

"သူ့မိန်းမ အေးမွန်ကလည်း သေဆုံးသွားပြီဆိုတော့ ... ဒီရတနာသေတ္တာကို သမီး မြတ်ရည်မွန်ကို မသေမီ ပေးအပ်ခဲ့မယ်ဆိုတောင် မူလတန်းကလေးတောင် တွက်မိနိုင်တာပါ မြတ်ရည်မွန် ... "

"အို ... မပေးခဲ့ဘူး၊ မေမေက ကျွန်မကို ဘာမှမပေးခဲ့ဘူး၊ တကယ်ပြောတာ ... "

"မြတ်ရည်မွန်အနေနဲ့ဆိုရင် ဒီရတနာတွေကို ထုခွဲဖို့ ဘယ်လိုမှ ကျွမ်းကျင်မှာမှမဟုတ်တာ ... တခြားလူကို ထုခွဲခိုင်းရင်လည်း မြတ်ရည်မွန် အလိမ်အညာသမားတွေနဲ့ ဆက်ဆံရမှာသေချာတယ် ... ဒီတော့ ရတနာသေတ္တာကို ကျုပ်လက်ထဲအပ်ပါ မြတ်ရည်မွန် ... တန်ရာတန်ကြေး ရစေရမယ် " ... အဲ ... ကျုပ်ကိုတော့ ထက်ဝက်ပေးစားရမယ် ... အမှန်မှာဆိုလည်း ကျုပ်က တစ်ဝက်ပိုင်သူလေ ... "

"မရှိဘူး ... တကယ်မရှိတာ ... မေမေဟာ ဆုံးသွားတဲ့အထိ ကျွန်မကို အဲဒီ ရတနာသေတ္တာအကြောင်း ဘာတစ်ခွန်းမှ မပြောခဲ့ဘူး ... ဘာမှလည်း ပေးမသွားဘူး ... မေမေ မသေခင်က ဝတ်ဆင်တဲ့ လက်ဝတ်လက်စားတချို့သာ





ကျွန်မကို ပေးခဲ့တာ ... ဦးလေးလှိုင်ဘွား စဉ်းစားကြည့်ပါ၊ မေမေက သေတဲ့နေ့အထိ ဖေဖေဦးမြဒင်အကြောင်း ကျွန်မကို တစ်ခွန်းမှ မပြောသွားတာ ... ဘယ်ကရတနာသေတ္တာပေးမှာတဲ့လဲ ... ကျွန်မကို ပေးရင် ဖေဖေ့အကြောင်းတွေပြောပြရတော့မယ် ... ဖေဖေ့အကြောင်း ကျွန်မကို လုံးဝမပြောတာ ... ကျွန်မက ဖေဖေ့အကြောင်း မေးရင်တောင် မမေးနဲ့ သမီး ပါးစပ်ပိတ်ထားလို့ အငေါက်ခံရသေးတယ်၊ ဘယ်ရတနာသေတ္တာပေးမှာတဲ့လဲ ... "

ဦးလှိုင်ဘွားက မယုံကြည်ကြောင်း သွက်သွက်ခါဦးခေါင်းရမ်းပြသည်။

"ဟောဒီ သေနတ်လေးဟာ ငါးလုံးပြူးသေနတ်လို့ ခေါ်ကြတယ် ... သူ့ [illegible]တ်ပြောင်းအကျယ်ဟာ ဒသမ နှစ်ငါးပဲ ရှိတယ် ... သူ့ကျည်ဆန်က ကျောက်တံအကြီးစား လုံးပတ်လောက်ပဲ ရှိတယ် ... ဒါပေမဲ့ အခုလို အနီးကပ်ပြီး နှလုံးတို့ ဦးခေါင်း နားထင်တို့ကို ကတ်ပစ်ရင်တော့ အပစ်ခံရသူ သေစေနိုင်တယ် ... နောက်ပြီး ဒီသေနတ်ပစ်လို့ ထွက်လာတဲ့ ... အသံက တခြားသေနတ်တွေလို ဒိုင်းခနဲ အသံကျယ်ကြီး မထွက်ဘူး ... ငါးလုံးတက်ခြမ်းခွဲသံလောက်ကျဲကျဲ မြည်လောက်ပဲ ထွက်တယ် ... ခြံအနီးနားကလူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ခြံကျယ်ကြီးတွေမှာ ဒီသေနတ်သံကို မကြားနိုင်လောက်ဘူး ...”

မြတ်ရည်မွန်သည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်သည်။

ဦးလှိုင်ဘွား မိမိကို စာရေးခေါ်ခြင်းမှာ ရတနာသေတ္တာကြောင့် အမ်ိကာဖြစ်မှန်း သိသွားလေပြီ။ ဖေဖေ့အကြောင်း ပြောပြဖို့ အမိကခေါ်ယူခြင်း မဟုတ်ပါလေ။

မတ်တတ်ရပ်မိသည်နှင့် မြတ်ရည်မွန်သည် တံခါးပေါက်ရှိရာသို့ စွတ်ပြေးသွားတော့သည်။

ဦးလှိုင်ဘွားက ယိုင်ထိုးဖြင့် မြတ်ရည်မွန်နောက်သို့ ပြေးလိုက်သည်။ သို့သော် မြတ်ရည်မွန်ကို သေနတ်နှင့် မပစ်ပေ။ ပစ်မိ၍ မတော်တဆ မြတ်ရည်မွန် သေသွားပါက ရတနာသေတ္တာ လမ်းဆုံးသွားမည် စိုးရိမ်သောကြောင့်သာ။

မြတ်ရည်မွန်သည် တွက်ပြေးရန် တံခါးပေါက်ကို ဆွဲဖွင့်လိုက်သည်။

“အို ...”

ချက်ချင်း တံခါးပေါက်ကို မြတ်ရည်မွန် ပြန်ပိတ်လိုက်ရသည်။

တံခါးအပြင်ဘက် အဝတွင် လူတစ်ယောက် မားမားကြီး ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။





ထိုတံခါးဝမှလူသည် ဦးလှိုင်ဘွား၏ လူပင် ဖြစ်ရပည်။ ဦးလှိုင်ဘွားက အစောင့်ချထားသူသာ ဖြစ်ရမည်။

မြတ်ရည်မွန်အဖို့ ထွက်ပြေးပေါက် မရှိအောင် ပိတ်မိနေချေပြီ။

မြတ်ရည်မွန်မှာ နှလုံးသား ပေါက်ကွဲမတတ် ထိတ်လန့်ရပေပြီ။ တံခါးရွက်ပိတ်ကို ကျောမှီပြီး ဘာဆက်လုပ်ရမည်ဟု ကြံရာမရ ဖြစ်နေပြီ။

ဦးလှိုင်ဘွားက မြတ်ရည်မွန်ကို ပခုံးသိုင်းဖက် ချုပ်ကိုင်လိုက်သည်။

“လွှတ် ... လွှတ် ... လွှတ်နော် ... ”

“ဘယ်လွှတ်တော့မလဲ မြတ်ရည်မွန် ... ကျုပ် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကျ်တော့မယ် ... မြတ်ရည်မွန်နဲ့ ကျုပ် အခု ညားလိုက်တာ အကောင်းဆုံးပဲ ... ”

“လူယုတ်မာကြီး ... လွှတ် ... အသက်အရွယ်နဲ့ မလိုက်မအောင် ယုတ်မာတဲ့လူကြီး”

ဦးလှိုင်ဘွားက မလွှတ်သည့်အပြင် မြတ်ရည်မွန် [illegible] တစ်ပတ်လည်လှည့်ယူပြီး မြတ်ရည်မွန်ကို [illegible]သည်။

“[illegible] ... [illegible] ... ”



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရည်မွန်သည် ညှို့ခန်းစားပွဲဆီသို့ အရှိန်နှင့် ရောက်သွားကာ ဦးလှိုင်ဘွား တွက်ကိန်းအတိုင်း ပက်လက်လဲကျသွားသည်။ လဲကျရာတွင် ... စားပွဲကို တိုက်မိပြီး စားပွဲပေါ်တွင် ထောင်ထားသော အရက်ပုလင်းအလွတ်သည် လိမ့်ကျလိမ့်ဆင်းပြီး မြတ်ရည်မွန်ဘေးသို့ ကျလာသည်။

မြတ်ရည်မွန်သည် ပုလင်းလွတ်၏ လည်တိုင်ကို ဆုပ်ကိုင်ယူလိုက်သည်။

ဒေါသမျိုးမျိုး ကပ်နေသော ဦးလှိုင်ဘွားသည် ပက်လက်လဲကျနေသော မြတ်ရည်မွန်ထံသို့ ချဉ်းကပ်လာသည်။

မြတ်ရည်မွန် ဘာမျှမစဉ်းစားတော့ မိမိအသက်နှင့် အရှက်အတွက် ငုံ့ကိုင်းလာသော ဦးလှိုင်ဘွား၏ ဦးခေါင်းကို ပုလင်းနှင့် ရိုက်ချလိုက်တော့သည်။

"အား ..."

ပုလင်း ထက်ပိုင်းကွဲအောင် အရိုက်ခံလိုက်ရသော ကြောင့် ဦးလှိုင်ဘွားမှာ လက်ထဲတွင် ကိုင်ထားသော သေနတ်ပင် လွတ်ကျသွားသည်။

ဤအခွင့်အရေးကို မြတ်ရည်မွန်က အရယူလိုက် သည်။ လွတ်ကျသော သေနတ်ကို ကောက်ယူပြီး မြတ်ရည်မွန် ထရပ်သည်။ ပြီး ... ဦးလှိုင်ဘွားကို သေနတ်ဖြင့် ချိန်ထားသည်။





"ဟင် ... သွေးတွေ ..."

ဦးလှိုင်ဘွားက အရိုက်ခံလိုက်ရသော ဦးခေါင်းအား လက်ဝါးနှင့် အုပ်ထားရာတွင် လက်ချောင်းများကြားမှ သွေးများ ယိုစီးလာခြင်းကို မြတ်ရည်မွန် တွေ့လိုက်ရသည်။

ဦးလှိုင်ဘွား သတိမေ့မသွားပေ။ ယိုစီးကျလာသော သွေးများကို ကြည့်ရင်း ...

"ဪ ... မင်းက ဒီလိုလား၊ သိကြရောပေါ့ကွာ ..."

ဦးလှိုင်ဘွားသည် ကျန်းမာရေး အလွန်ကောင်း သော ဂင်တိုတစ်ယောက်ဖြစ်သည်။ အရက်ကို ရေလိုသောက်နေ သောကြောင့် အရက်မူးသည်ဟူ၍လည်း မရှိတတ်။

မြတ်ရည်မွန် ရပ်နေရာသို့ ထပ်မံ တိုးကပ်လာပြန် သည်။

"ရှေ့ တိုးမလာနဲ့နော် ... ကျွန်မ တကယ်ပစ်မှာ ..."

"ပစ်လေ ... ဒီသေနတ်လေး မှန်တာဟာ ခေါင်းကို ပုလင်း နဲ့ ရိုက်တာလောက်တောင် နာကျင်တာမှ မဟုတ်တာ"

ပြောရင်း ရှေ့ဆက်တိုးလာပြန်သည်။ မြတ်ရည်မွန် [illegible] ရှေ့တိုးလာတိုင်း နောက်ဆုတ်ပေးသည်။ တံခါးပေါက်ဆီသို့ နောက်ဆုတ်ရင်း ပြန်ရောက်လာသည်။

တံခါးပွင့်သွားသည်။ [illegible] တံခါးဝတွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရသူကို ရပ်မြဲတိုင်း ရပ်ကြည့်နေသည်ကို မြတ်ရည်မွန် တွေ့ရသည်။

"မလွယ်တော့ဘူး မိမြတ်ရည်မွန် ... ငါ့ကိုယ်က သွေးထွက်အောင် နင်က လုပ်မှတော့ နင့်အတွက် ဘယ်လိုမှ မလွယ်တော့ဘူး ..."

ကျားနာကြီးတစ်ကောင် မာန်ဖီသလို ပြောရင် ... ဦးလှိုင်ဘွားသည် မြတ်ရည်မွန်ကို ခုန်အုပ်လိုက်သည်။

"ဖန်း ..."

သေနတ်လေးအသံက ဖန်းခနဲ မြည်သံထွက်လာသည်။ သေနတ်ပြောင်းဝမှ လင်းလက်သွားသည်။

ဦးလှိုင်ဘွား ဖင်ထိုင်ကျသွားသည်။ သူ၏ လက်ဝဲဘက်ပခုံးစွန်းအောက်မှ သွေးတွေ ထွက်လာပြန်သည်ကို မြင်ရပြန်သည်။

ခေါင်းမှလည်း သွေးတွေ စီးကျနေသည်။ ပခုံးအောက် ရင်ဘတ်တွင်လည်း သွေးတွေ ထွက်နေပြန်ပြီ။

မြတ်ရည်မွန်မှာ သေနတ်ကို တွဲလောင်းကိုင်ထားရင်း ငူငူငေါင်ငေါင် ကြောင်တောင်တောင်ဖြင့်ပင် ဖင်ထိုင်ချလိုက်တော့သည်။

ဦးလှိုင်ဘွား လဲကျရာမှ ပြန်လည်လှုပ်ရှားလာခြင်း လုံးဝမရှိပါလေတော့။





တံခါးပေါက်တွင်ရပ်နေသူသည် အိမ်ထဲသို့တစ်လှမ်းချင်း ဝင်လာတော့သည်။

ဝင်ရောက်လာသူက မြတ်ရည်မွန် ချွတ်ထားသော မိုးကာအင်္ကျီကို သွားပြီး မြတ်ရည်မွန်ကို ပေးသည်။

"လူတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်ပြီးပြီဆိုရင်တော့ လွတ်အောင်ထွက်ပြေးရတယ် မမြတ်ရည်မွန် ..."

"ရှင် ..." ဟု မြတ်ရည်မွန် အံ့သြရပြန်သည်။

"ပြေးတော့ မမြတ်ရည်မွန် ... ပြေးပေတော့ ... တော်ကြာ ရဲတွေရောက်လာတာနဲ့ ပက်ပင်းတိုးနေရင် ခင်ဗျား မသက်သာဘူး ... ပြေး ပြေး ... လွတ်အောင်ပြေး ..."

ဟုတ်ပေသည်ဟု မြတ်ရည်မွန် သိမိတ်ပြန်ဝင်လာသည်။

လှမ်းပေးသော မိုးကာအင်္ကျီကို ယူကာ မြတ်ရည်မွန် အိပ်ပေါက်တံခါးမှ ပြေးထွက်ခဲ့သည်။ ထိုသူကပင် မြတ်ရည်မွန် မေ့ကျန်ခဲ့သော လက်ဖွဲ့ပိုက်ဆံအိတ်ကို ယူကာ အမိလိုက်ပြီး ပြန်ပေးပြန်သည်ကို ယူပြီး ဆက်လာခဲ့သည်။ အိမ်ပြင်ရောက်မှ မိုးကာအင်္ကျီကို ပြန်ဝတ်ရာတွင် တစ်ဘက်က ပိုက်ဆံအိတ်ကိုင်ထားပြီး ကျန်တစ်ဘက်က သေနတ်ကို ကိုင်ထားဆဲမို့ မိုးကာအင်္ကျီဝတ်ရာတွင် လက်လျှိုရမှ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသော သေနတ်ကို ဘေးရှိ ချုံပုတ်ထဲသို့ လွှင့်ပစ်သည်။ ပြီးမှ ... ပိုက်ဆံအိတ်ကို လက်တစ်ဖက်စီ ပြောင်းကိုင်ပြီး မိုးကာအင်္ကျီကို လက်လျှိုကာ ပြန်ဝတ်ပြီး မိုးကာအင်္ကျီတွင် တွဲလျက်ပါသော ဦးခေါင်းကို နဖူးအုပ် ပြန်ဆောင်းပြီး မြို့အပြင်သို့ အပြေးထွက်လာခဲ့တော့သည်။

မဒူူလမ်း လှုကုံထံတွေနေသော နေရာသို့ ရောက်သောအခါမှ မြတ်ရည်မွန် ပြန်လည်စိတ်ငြိမ်သက်သွားသည်။

စိတ်ငြိမ်သက်စ ပြုလာမှပင် အိမ်ထဲတွင် ကျန်ခဲ့သော ဦးလှိုင်ဘွား၏ အလောင်းနှင့် 'ဟိုလူ'၏အကြောင်းကို ခေါင်းထဲ ဝင်ရောက်လာသည်။

"ဟိုလူ ... "

ယင်းထိုလူသည် မည်သူနည်း။

ပထမကတော့ ဟိုလူသည် ဦးလှိုင်ဘွား၏ ဘက်တော်သားတစ်ယောက်ဟု ထင်ရသည်။

စဉ်းစားကြည့်သောအခါ ဦးလှိုင်ဘွား၏ ဘက်တော်သား ဖြစ်ပါက မိမိ မြတ်ရည်မွန်ကို အလွတ်ပေးမည်မဟုတ်။

ယခု ထိုလူကပင် မြတ်ရည်မွန် လွတ်မြောက်ရေးကို ကူညီပေးသည်။ မြတ်ရည်မွန် မျက်စိတွင် ထိုလူကို ပြန်လည်မြင်ယောင်လာသည်။





လူရှုယ်ထဲကပင် ဖြစ်သည်။ ဖြိုးခနဲ ဖျတ်ခနဲသာ တွေ့ရသဖြင့် ထိုလူ၏ အသက်အရွယ်ကို မြတ်ရည်မွန် မခန့်မှန်းနိုင်။ ထို့ထက်မှာမူ ထိုလူက အပြားကြီးပြီး နဖူးအုပ်သည့်အနားပါသည့် ဦးထုပ်ဆောင်းသည့်အပြင် နေကာမျက်မှန် အကြီးစားတပ်ဆင်ထားသဖြင့် သူ့မျက်နှာကို သဲကွဲစွာ မမြင်နိုင်။ လှုပ်ရှားမှုအရ လူရွယ်တစ်ယောက်ဟုသာ ခန့်မှန်းနိုင်သည်။

ထိုသူသည် နှင်းကာ မိုးကာ နိုင်ငံခြား အသားပျော့ဂျာကင်အပြာရောင် ဝတ်ထားသည်။ ဂျင်းဘောင်းဘီအပြာနှင့် ရှူးဖိနပ် စီးထားသည်။ သူ့လည်ပင်းတွင် ကင်မရာအကောင်းစား လွယ်ထားသည်။

မြတ်ရည်မွန် တွေ့မြင်ခဲ့သမျှတော့ ထိုလူနှင့် ပတ်သက်ပြီး ဒါလောက်ပဲ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၄

အောင်စိုးမိုးကလည်း တစ်မှောင့်။

အဆောင်၏ ရှေ့တွင် ကိုအောင်စိုးမိုး၏ မာဇဒါလေး ဘီဘီ (၆၀၀) ကားလေး ရပ်ထားသည်ကို မြတ်ရည်မွန် လှမ်းမြင်နေရသည်။

"အင်း ... ဟုတ်ပေသားပဲ ... ဒီနေ့ တနင်္ဂနွေနေ့ပေကိုး"

အောင်စိုးမိုးသည် တနင်္ဂနွေနေ့တိုင်း ကျောင်းပိတ်လေတိုင်း မြတ်ရည်မွန်ထံသို့ လာရောက်လေ့ရှိသည်။

အောင်စိုးမိုးသည် ... မထွေးလေးကို လိုချင်သောကြောင့် ဝဲနေသော စွန်တစ်ကောင် ဖြစ်ပါ၏။

"ဟေး မွန်မွန် ... ကြည့်စမ်း ... အခုမှ ပြန်လာတယ် ...





ဘယ်သွားနေတာလဲဟင် ... "

အဆောင်၏ ခြံဝင်းထဲသို့ မြတ်ရည်မွန် ဝင်လိုက်သည်နှင့် အဆောင်၏ ခြံဝင်းထဲရှိ ဆေးရောင်စုံတန်းလျားလေးပေါ်တွင် ထိုင်စောင့်နေသော အောင်စိုးမိုးသည် ခြံဝအထိ အပြေးလာကာ အူလျားဖားလျား မြတ်ရည်မွန်ကို ကြိုဆိုနှုတ်ဆက်သည်။

"တို့ မာလာမြိုင်လမ်းက အိမ်ကိုတောင် လိုက်သွားတာ ... ဟိုမှာလည်း အိမ်က သော့ကြီးခတ်လို့ ... ဒါနဲ့ ဒီအဆောင်ကိုပဲ ပြန်လာပြီး ထိုင်စောင့်နေတာ ... စီးကရက်ရှစ်လိပ်တောင် ကုန်သွားပြီ ... "

အောင်စိုးမိုးက ညည်းညူသံလိုလို၊ အပြစ်တင်သံလိုလို ဒါမှမဟုတ် သူသည် မြတ်ရည်မွန်အပေါ်တွင် မည်မျှ စိတ်ရှည်ပြီး ဇွဲကြီးကြောင်း ဖော်ပြသလိုလို အမျိုးမျိုး ရောထွေးသော ဟန်ပန်လေသံနှင့် ပြောလိုက်ခြင်း ဖြစ်ပေသည်။

အောင်စိုးမိုးသည် မြတ်ရည်မွန်အပေါ်တွင် ဇွဲကြီးလှ [illegible]ကတော့ သေချာသည်။

လိုစဉ်ခေတ်က ... ဒေသကောလိပ်ဟူ၍ မရှိသေး။ (၈)တန်းမှစ၍ ဝိဇ္ဇာသိပ္ပံ ခွဲခြားသည်။ အခြေခံပညာရေး အထက်တန်း (၁၀)တန်းစာမေးပွဲတွင် ဖြေဆိုရရှိသော အမှတ်ပေါင်းအပေါ် မူတည်၍ ...



www.burmeseclassic.com

www.burmeseclassic.com



ဆေးတက္ကသိုလ်။

စက်မှုတက္ကသိုလ်။

ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် စသည်တို့သို့ ဆက်ပြီး တက်ရပါ၏။

ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မှာပင် အမှတ်စဉ်အလိုက် အနည်းအများပေါ် မူတည်ပြီး မေဂျာခွဲပြီး တက်ရသေးသည်။

အောင်စိုးမိုးနှင့် မြတ်ရည်မွန်မှာ တက်ရောက်ရသည့် တက္ကသိုလ်ခြင်း တူကြသည်တော့ မဟုတ်ပါလေ။

အောင်စိုးမိုးက ဆေးတက္ကသိုလ်သို့ မြတ်ရည်မွန် ထက် ပိုမိုစောစီးစွာ ရောက်နေသူဖြစ်သည်။

တက္ကသိုလ်ကြီးများဝယ် ... အမျိုးသမီးတက္ကသိုလ် ကျောင်းသူတစ်ဦး ထင်းခနဲ ပေါ်ပြူလာ ဖြစ် လာသည်မှာ ... ကျောင်းသူ၏ ရုပ်ချောမောလှပခြင်းအပေါ်တွင် တော်တော်များများ မူတည်တတ်ပေသည်။

ပထမနှစ် ဖရက်ရှာကျောင်းသူဘဝကပင် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ပထဝီဌာန မြတ်ရည်မွန်သည် ဝထဝီကွင်းအဖြစ် တက္ကသိုလ်များစွာ နယ်မြေတွင် ဖော်ကြားသွားသည်။

အသားဖြူဝင်းသည်။

မျက်ခုံး၊ မျက်လုံး၊ နှာဝ၊ နှုတ်ခမ်း စသည့် တစ်ခု





ချင်း အနေဖြင့်လည်းကောင်း၊ အားလုံးစုပေါင်းပြီး မျက်နှာအလှကို ပေါ်လွင်စေခြင်းဖြင့်လည်းကောင်း၊ မြတ်ရည်မွန်၏ မျက်နှာလေး က သိပ်ချော သိပ်လှနေသည်။ ဒီကြားထဲကပင် မြတ်ရည်မွန်၏ မျက်နှာချောချောလှလှလေးတွင် ပြုံးလိုက်ရယ်လိုက်တိုင်း ပါးပြင် တွင် ပါးချိုင့်လေး ခွက်ဝင်သွားသည်က အလှတွင် အယဉ်ဆင့် ပို၍ ပို၍ လှပချောမောခြင်းကို အထောက်အကူ ထပ်ဆင့်စေပြန်တော့ သည်။

အရပ်အမောင်းနှင့် ... ကိုယ်လုံး ကိုယ်ထည်ကို ကြည့်ဦး။ မြင့်သည်လည်း မမည်။ နိမ့်သည်လည်း မဟုတ်။ အရပ် ငါးပေလေးလက်မ ရှိသည်။ အရပ်အမောင်းနှင့် လိုက်ဖက်သော ကျော့ရှင်းသည့် ခန္ဓာကိုယ်ရှိသည်။ ပခုံးအလျှောအဆင်းမှ ကျောပြင် ဆင်းလာပုံ၊ ခါးသေးကျဉ်ပြီး ဝမ်းဗိုက်သား ရှပ်ပတ်ပုံ၊ တင်သား လုံးဝန်းကျစ်လျစ်သိပ်သည်းပုံ၊ ပေါင်တံမှတိုင် ခြေဖမိုး နှင့်ခြေဖနောင့် [illegible] ဆင်နှာမောင်းနှယ် အရင်းတုတ် အဖျားသို့ သွယ်ကျလာပုံ [illegible] အချိုးကျချင်တိုင်း ကျပြီးသား ဖြစ်နေသောကြောင့် [illegible] ဝတ်အစား ဝတ်ဆင်စေကာမူ ကိုယ်အလှပေါ်လွင် [illegible] ပါ၏။

တက္ကသိုလ်တစ်ခုခုတွင် ကျောင်းသူတစ်ဦး ချောပြီ [illegible] တက္ကသိုလ်ပေါင်းစုံသို့



www.burmeseclassic.com

www.burmeseclassic.com



သတင်းပို့ မြန်လှပေသည်။ မြန်လှသည့်အလျောက်လည်း ... တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားပေါင်းစုံတို့သည်လည်း အညီရှိရာ ရင်အုံ ပလူပျံအောင် ရောက်ကြပေတော့သည်။

အံကြဲခမ်းကြသည်။ ဟောန်လျှင် ပြန်ပြေးသူများလည်း ရှိသလို သာမန်ထက် ပိုပြီး အံကြဲစမ်းကြည့်သူများလည်း ရှိသည်။

ထိုပုံစံဖြင့်ပင် ... ဆေးတက္ကသိုလ်မှ တတိယနှစ်ကျောင်းတော်သား အောင်စိုးမိုးသည်လည်း မြတ်ရည်မွန်ဆီသို့ ချဉ်းကပ်လာသည်။

မြတ်ရည်မွန်က ပါးနပ်သူ ဖြစ်သည်။ လိမ္မာသူ ဖြစ်သည်။ အမွှင့်လှပြီး ဇော်ရည်ချိုရိုန်မို့ ပျံ့ခဲချဉ်းကပ်လာသူများကို မြတ်ရည်မွန် သတိကြီးစွာ ထားရှိသည်။

မိမိ၏ဘဝကိုက အနိတ်ဆွေတစ်ယောက်ကိုသာ အားကိုးပြီး ဆက်လက်ပညာသင်နေရမှန်း မြတ်ရည်မွန် ဘယ်တော့မှ သတိမလစ်။

တက္ကသိုလ်ဝယ် အဘက်ဘက်မှ ပြည့်စုံပြီး အ  ကံ တမ်း တွဲတတ်သည့် ကျောင်းသူမျိုးတွေကို မြတ်ရည်မွန် ဘယ်တော့မှ အားမကျ၊ အဘုမယူ။

မိမိအတွက် တက္ကသိုလ်မှဘွဲ့ ရကို ရရမည်။ ဘွဲ့ရ





ပြီးပါက တည်ငြိမ်သော အလုပ်တစ်ခု လုပ်ကိုင်ကာ မိမိရှေ့ရေးဘဝကို ခိုင်မာစေရမည်ဟုသာ တစ်သမတ်တည်း စိတ်ဓာတ်ထားရှိသည်။

ထို့ကြောင့်လည်း ... ပလူပျံ တန်းစီလာကြသော ကျောင်းတော်သားတွေကို ပါးချိုင့်လေးခွက်အောင် ပြုံးပြရင်း ကန်တော့ခွမ်းပါဘုရားဟုချည်း အုပ်ထည့်လိုက်သည်။

ကြိုးစားကြည့်သည် မရ။

ဒုတိယ ကြိုးစားကြည့်ပြန်သည်။ မရ။

တတိယအကြိမ်ပင် ထပ်မံမကြိုးစားတော့ဘဲ ... အောင်မြင်စွာ ဆုတ်ခွာသွားကြသည်တွေက များလှသည်။

သို့တစေ ဟောဒီအောင်စိုးမိုး ... ။

မင်းကုသ၊ မာဒဂ်တို့နှင့်များ သွေးသားတော်စပ်လေသလား မသိ။ မြတ်ရည်မွန် အပေါ်တွင် အစွဲအလမ်းကြီးလွန်းလှသည်။

ယခုဆိုလျှင် မြတ်ရည်မွန်က တတိယနှစ် တက်ရောက်နေပြီး ... အောင်စိုးမိုးက ဆေးတက္ကသိုလ် တတိယနှစ်သာတ်(ဒ်)အမ်ဘီတန်း ရောက်နေပေပြီ။

မြတ်ရည်မွန်ထံ ချဉ်းကပ်ခဲ့သည်မှာ အောင်စိုးမိုးသည် (၃)နှစ်ကြီးတောင် ကျော်ခဲ့ပြီ။ အခြား ပျားပိတုန်း ပ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ရေတွလိုလည်း ပျံမသွား၊ ဖွဲ့ကောင်းဆဲ။

သို့တိုင်အောင် အခြေအနေမှာ အသနားခံသော်လည်း ငြင်းပယ်တဲ့အခြေအနေမှာပင် ရှိနေသည်။

သို့သော် ...

ဒီလောက်ကြီးတောင် သုံးနှစ်သုံးမိုး မလျှော့တမ်း စွဲကောင်းလှသော အောင်စိုးမိုးအပေါ် မြတ်ရည်မွန် မိန်းမသားတို့၏ နှလုံးသားက ကရုဏာတရားလေး သက်ရောက်မိပြီး မှိုစမ်းကြည့်တော့သည်။

အောင်စိုးမိုးသည် တည်ငြိမ်သည်၊

ငွေကြေးချမ်းသာကြွယ်ဝပြီး ရာထူးဌာနန္တရ ကြီးမားသော မိဘ၏ တစ်ဦးတည်းသော သားဖြစ်သည်။

အပျော်အပါး၊ အရက်သောက်၊ လောင်းကစား လုံးဝမရှိ။ သူ၏ ဝါသနာကိုကပင် အေးဆေး၊ ကာယပညာ စသည်များ၌သာ ထက်သန်သည်။ တက္ကသိုလ်များ၏ ဖောင်တက်သင်း၊ လှေလှော်သင်း၊ အားကစားပညာအသင်းများတွင် ဝင်ရောက်ပြီး [illegible] မှန်သမျှ ကျောင်းပညာနှင့် ပိုအသင်းများ၌သာ အဓိကအာရုံထားသည်။ သူ့ကို ... ချစ်ခင်သူ ပေါ်များစေကာမူ ဘယ်မိန်းကလေး တစ်ယောက်နှင့်မှ တွဲဖူးချုပ်ပေဖူးခြင်းမျိုး မသည်များသော စုံစမ်းလို့ရသည်။ ခြုံ၍ ဆိုရလျှင် အောင်စိုးမိုးသည် ယောကျ်ားပီသသော





လူတည်လူငြိမ် လူ့အိုးတန်တစ်ယောက်ဟု သိရသောအခါ မြတ်ရည်မွန် ရင်ထဲတွင် ဘာလိုလိုလေးလောက်တော့ ဖြစ်မိသည်။

သုံးနှစ်ကျော် ကြာမြင့်သည်အထိ တစ်ယောက်နှင့် တစ်ယောက် ဆက်ဆံလာကြတော့လည်း ဆက်ဆံပြောဆိုမှုလေးတွေ ရင်းနှီးလာကြသည်။

အောင်စိုးမိုး နာမည်ကလည်း ရှည်၊ မြတ်ရည်မွန် နာမည်ကလည်း ရှည်သောကြောင့် ကြာသော် အောင်စိုးမိုးက မြတ်ရည်မွန်အား မွန်မွန်ဟုလည်းကောင်း၊ မမွန်ဟုလည်းကောင်း အတိုကောက်ခေါ်ပြီး မြတ်ရည်မွန်က ကိုအောင်ဟု ခေါ်ကြတော့သည်။

သို့သော် ...

ယခု လတ်တလော ဖြစ်ပျက်လာသော ကိစ္စတွေနှင့် အခြေအနေတွေကြောင့် မြတ်ရည်မွန်သည် အူလျားဖားလျား ပြေးလာကြိုပြီး စကားတွေဖောင်ဖွဲ့အောင် ပြောနေသည့် ကိုအောင့်ကို ငေးကြည့်ကာ မြတ်ရည်မွန် ရင်ထဲမှ ယတိပြတ် တစ်ခုဆုံးဖြတ်လိုက်သည်။

"ကိုအောင့်ကို မမွန် ပြောစရာ တစ်ခုရှိလာပြီ ကိုအောင်"

"အဲဒါကိုပဲ ကိုအောင် စောင့်နေခဲ့တာ ကြာလှပြီကော မမွန်၊ တစ်နေ့မှာတော့ မမွန်ဆီက ကိုအောင် မျှော်လင့်ထားတဲ့ အဖြေကြားရတော့မှာလို့ ... သုံးနှစ်ကျော်ကြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်စောင့်စားခဲ့တာလေ"

မြတ်ရည်မွန် သက်ပြင်းချပြန်သည် ...။ ကိုအောင် မျှော်လင့်ကြီးစွာဖြင့် စောင့်စားခဲ့သည့်အဖြေက မိမိထံမှ တုံ့ပြန် မေတ္တာထားလိုက်ပါပြီဆိုသည့်အဖြေမျိုးသာ ဖြစ်ကြောင်း မြတ်ရည် မွန် သိထားသည်။

နှစ်ဦးသား ယှဉ်တွဲလျှောက်လာပြီး မြို့ထဲရှိ ဆေး ရောင်စုံ ခုံတန်းလျားလေးရှေ့တွင် ရပ်လိုက်ကြသည်။ ခါတိုင်း တနင်္ဂနွေ ကျောင်းပိတ်၍ ကိုအောင်လာတိုင်း ထိုင်နေကျ ခုံတန်း လျား ဖြစ်ပါ၏။

မြတ်ရည်မွန်က မထိုင်သေးဘဲ လက်ထဲမှ ပိုက်ဆံ အိတ် စလင်းဘက်ကို ခုံတန်းလျားပေါ်သို့ ပစ်တင်လိုက်သည်။ ပြီး ယဝ်ိပြတ် ပြောလိုက်ပေတော့သည်။

"ကိုအောင် မမွန်ဆီက မျှော်လင့်ထားတာ မဖြစ်နိုင်တော့ ဘူးလို့ ... ကနေ့တော့ အပြတ်ပြောပြီ ကိုအောင် ... "

"ဟာဗျာ ... ဟာ ... မမွန် ဘာပြောလိုက်တာလဲ"

"ထိုင်ပါ ကိုအောင် ... "

မြတ်ရည်မွန်က ပစ်ထိုင်ချသော်လည်း အောင်စိုးမိုး က ထိုင်မချပေ။ ထိုင်လိုက်လျှင် ဘေးတိုက်အနေအထား ရောက် မည်ဆိုလျှင် မြတ်ရည်မွန်မျက်နှာကို ကျကျနန အကဲခတ်နိုင်မည်





မဟုတ်သောကြောင့် မထိုင်ခြင်း ဖြစ်ပါ၏။ မိမိ ကြားလိုသော စကားမဟုတ်သည်ကို မမွန်က ပထမ ချိပြောချပြီ မဟုတ်ပါလား။ မမွန်ကို သေချာအကဲခတ်ရမည်သာ ဖြစ်တော့သည်။

"မမွန် ဘာကိုဆိုလိုတာလဲ ဟင် ... ကိုအောင့်ကို လုံးဝ မလိုလား လက်မခံတော့ဘူးလို့ ဆိုလိုက်တာလားဟင် မမွန် ... "

"ဟုတ်တယ် ... ကိုအောင်"

"ရက်စက်လွန်းရာ မကျလွန်းဘူးလား မမွန် ... ကို မမွန်ရဲ့ အဖြေကို စောင့်ခဲ့တာ သုံးနှစ်ကျော်ပါပြီ၊ မျှော်လင့်ချက် အပြည့်နဲ့ စောင့်ခဲ့တာပါ ... ကိုယ့်စိတ်ထဲ ထင်နေတာက မမွန် ကျောင်းတက်နေဆဲမို့ အဖြေမပေးတာ ... ကျောင်း ပြီးရင် တို့ မျှော်လင့်တဲ့အဖြေ ပေးမှာပဲဆိုတဲ့ မျှော်လင့်ချက် ကြီးမားစွာနဲ့ပါ မမွန် ... "

မြတ်ရည်မွန် မျက်ရည်ကျလာသည်။

"မမွန် ... ကိုအောင့်ကို လိမ်ညာတဲ့ပရိယာယ် စကားတွေ မပြောချင်ဘူး ... မှန်တာပြောရရင် မမွန်ရဲ့ဘဝကို ကိုအော နဲ့အတူလက်တွဲပြီး ထူထောင်မယ်ဆိုတဲ့ဆန္ဒ ရှိခဲ့ပါတယ်၊ ကိုအောင်ဟာ မမွန်ရဲ့ နံပါတ်တစ်ပါ ... "

"ဒါနဲ့များတောင် မမွန်ရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုအောင် ... အဲဒီလို သန္နမျိုး ဒီနေ့မနက် ဒီနေ့ နေ့လယ်အချိန်ထိ မမွန့်ရင်ထဲမှာ ရှိနေရိုးအမှန်ပါပဲ၊ အခု ဒီနေ့ ညနေပိုင်းကစပြီး အဲဒီသန္နနဲ့ စိတ်ကူးကို မမွန့်ရင်ထဲကရော ဦးနှောက်ထဲကရော ထုတ်ပစ်လိုက်တာပဲ ကိုအောင် ... "

"ဒီနေ့ ညနေမှ မမွန့်က ဘာတွေဖြစ်လာလို့လဲ မမွန့်ရယ်"

"ကိုအောင်နဲ့ မမွန့်ရဲ့ အခြေအနေချင်းက သိပ်ကွာခြားနေတယ် မဟုတ်လား ... "

"မဆိုင်ပါဘူး မမွန့် ... အစကတည်းက ဒီလိုပဲ ကွာခြားနေခဲ့တာပဲ ... ဒီကွာခြားတဲ့ အခြေအနေနဲ့ပဲ သုံးနှစ်သုံးမိုးနှစ်ယောက်စလုံး ကိုအောင် စိတ်က တစ်သမတ်တည်းပဲဟာ ... ကနေ့ညနေမှ မမွန့်က ဘယ်လိုဖြစ်တာလဲ ... "

"မိဘချင်းက သိပ်ကို ကွာခြားနေတယ် ကိုအောင် ... "

"ကိုအောင် ပြောခဲ့သားပဲ မမွန့် ... ကိုယ့်ဖေဖေနဲ့ မေမေကတော့ မမွန့်နဲ့ သဘောတူမယ် မထင်ဘူး ... ဒါပေမဲ့ တို့ဟာသရောဝန့်တစ်ယောက် ဖြစ်ရစေ့မယ် ... မမွန့်လည်း နောက်နှစ်ဆိုရင် ကျောင်းပြီး ဘွဲ့ရသွားပြီ၊ ကိုအောင်တို့နှစ်ယောက်ပူးပေါင်းပြီး တစ်အိုးတစ်အိမ် ထူထောင်မယ် ... ဒါကြောင့်လည်း အဲဒီအထိ ရောက်ဖို့ ကိုအောင်ရော မမွန့်ရော ခံစာင့်





စားခဲ့ကြတယ် မဟုတ်လား ... "

"မှန်တယ် ကိုအောင် ... အဲဒီအခြေအနေက သာမန်အခြေအနေ ... မိဘချင်း အဆင့်သိပ်ကွာခြားလို့ ဖြစ်လေ့ဖြစ်ထရှိတဲ့ အခြေအနေဆိုပါတော့ ... "

"အင်းလေ ... အဲဒါကို အစကတည်းက ထည့်တွက်ပြီးသားပဲဟာ ... "

"ဟုတ်တယ် ... အစကတည်းက သိပြီးသား တွက်ပြီးသားဆိုပေမဲ့ ကနေ့ညနေ မမွန့် သိရှိလာတာက ကိုအောင်နဲ့ မမွန့် ဘယ်လိုမှ ပေါင်းစပ်လို့ မဖြစ်နိုင်ဘူးဆိုတာကိုပဲ"

"ဘာတွေ ပြောနေမှန်း မသိဘူး ... အစကတည်းက ဒီအခြေအနေမှာ အားလုံး ပညာပြည့်စုံတာနဲ့ အိုးအိမ်ထူထောင်ဖို့အထိ ရည်ရွယ်ထားပြီးသားပဲဟာ ... ဘယ့်နှယ် ... အခုညနေမှ တောက်ခါင်ကာ ... "

"ဟုတ်တယ် ... ကနေ့ညနေမှ မမွန့် သိလာခဲ့တာက မမွန့်တို့ မိဘဆင်းရဲတယ်ဆိုတာ ရိုးရိုးတန်းတန်း ဆင်းရဲရုံသာမကသေးဘူး ... မမွန့်ရဲ့ ဖေဖေဟာ စားပြတိုက် လူသတ်လို့ ကြိုးစင်အတင်ခံ သေဆုံးသွားရတဲ့ အဖေ ဖြစ်နေတယ်ဆိုတာ သိလာခဲ့တယ် ... ကဲ ... "

"ဟာ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲပေါ့ ကိုအောင် ... ဖေဖေ ဖြစ်ခဲ့တာတွေဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ပဲ ကိုအောင် ... အဲဒီချိန်က မမွန်က ကလေးပဲ ရှိသေးတာမို့ ဘာမှ မသိခဲ့ဘူး ... မမွန် ဒီအရွယ်ရောက်လာတဲ့အထိ မေမေကရော် မေမေ့ညီမအရင်းအန်တီအေးကရော ဖေဖေ့အကြောင်း လုံးဝ ဖုံးကွယ်ထားပြီး ပြောမပြဘူး ... ဒီနေ့ညနေမှ မမွန် အားလုံးသိလာရတာ ..."

အောင်စိုးမိုးသည် ခလေးတွဲ့ဖွာပင် မြတ်ရည်မွန်ဘေးတွင် ထိုင်ချလိုက်သည်။

"အင်းပေါ့လေ ... ကိုယ့်မိဘဘက်က ကြည့်ရင် နဂိုကမှ သဘောမတူတဲ့အထဲ မမွန် ဖေဖေက ဒီလိုဆိုတော့ ပိုပြီး သဘောမတူချင်စရာ အကြောင်းတစ်ခု ထပ်တိုးသွားတာပေါ့ ..."

"ဒါကြောင့် ပြောတာပေါ့ ကိုအောင် ..."

"ဘာပဲဖြစ်ဖြစ် ... ကိုယ့်မိဘတွေအတွက် ဝလုံးပေါ်မှာ နောက်ထပ် ဝလုံး လုံးကြီးတင်လို့ ဝိဖြစ်သွားတဲ့သဘောလောက်ပါ ... ကိုအောင့်အနေနဲ့ကတော့ ... မမွန် ဖေဖေအကြောင်း ထပ်သိရလို့ ဘယ်လိုမှ စိတ်ပြောင်းမသွားဘူး၊ အဲဒါ ကိုအောင့်ရင်ထဲနှလုံးသားထဲက ထွက်လာတဲ့ အမှန်





စကားပါ မွန် ... ကိုယ့်မိဘတွေက နဂိုကမှ သဘောမတူတာ ... နောက်ထပ် သဘောထပ်မတူဘူးဆိုတော့ကော ဘာထူးမှာမို့လဲ ... အရေးကြီးတာက နဂိုတည်းက ကိုယ်တို့နှစ်ယောက် ရည်ရွယ်ထားတဲ့အတိုင်း ပြည့်စုံတဲ့အထိ မျှော်နေပြီးတဲ့နောက် ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်မယ် ... အတူ လက်ထပ်နေထိုင်မယ် ... ဘွဲ့တွေ ရပြီးတဲ့နောက် အလုပ်လျှောက်တဲ့အခါ ကိုယ်ရော မမွန်ရော ဝေးလံတဲ့ ပြည်နယ်တစ်ခုခုမှာ ခန့်ထားဖို့ လျှောက်ထားမယ် ... ဒါဆို အဲဒီ ပတ်ဝန်းကျင် အဲဒီကလူတွေဟာ ကိုယ်နဲ့ မမွန်ရဲ့ မိဘတွေအကြောင်း ဘာမှသိစရာမရှိတော့ဘူး ... အဲဒီလို သွားနေကြမယ်လေ ... ဘယ့်နှယ်လဲ မမွန် ..."

"အိုကွယ် ... ကိုအောင်ရယ် ..."

မြတ်ရည်မွန် ရင်ထဲက မချိမဆံ့ဖြင့် ညည်းတွားမိတော့သည်။

အကယ်၍ ဖေဖေ ဦးမြင့်၏ ရာဇဝင်ကြောင်းတွေကို သိလာပုံနေဦးတော့ အောင်စိုးမိုးကိုလည်း ဖေဖေ့အကြောင်းတွေ ပြောပြနေဦးတော့ ကိစ္စမရှိ။ ယခင် ရည်ရွယ်ထားသည့်အတိုင်း အသီးသီး ဘွဲ့ယူ အလုပ်လုပ်ကြပြီး လက်ထပ်အတူနေဆိုသည့် ရည်ရွယ်ချက် ဆက်ပြီး ထားရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ...

မြတ်ရည်မွန် လူသတ်လာမိပြီ။

လူသတ်မှု ကျူးလွန်ခဲ့ပြီးပြီ။

ဦးလှိုင်ဘွားကို ခေါင်းရိုက်ခွဲ သေနတ်နှင့် အသေပစ်သတ်မှု ကျူးလွန်လာခဲ့ပြီ။ မိမိ ဘာဆက်လုပ်ရမည်နည်း။

"မဖြစ်နိုင်တော့ပါဘူး ကိုအောင်ရယ် ... ဝေးလံတဲ့ ဒေသမှာ ထွက်ပြေးသွားနေတော့ရော ပတ်ဝန်းကျင်တစ်ခုလုံးက မသိဘဲ နေမလား ... ကိုယ့်လိုပဲ ဒီပြည်မက တာဝန်သွားရောက် ထမ်းဆောင်နေတဲ့သူတွေ မရှိဘဲနေမလား ... အဲဒီလူတွေထဲမှာ မမွန့်အကြောင်း မသိတဲ့လူ ရှိမလား ... သိတဲ့သူကတော့ ပြည်မနဲ့ ဆက်သွယ်မှုရှိနေပြီး သိသွားကြမှာပဲ။ ဒီတော့ မမွန်နဲ့ ကိုအောင် နေမြင့်ခင် အရှုံးမရင့်ခင် အနာသိပ်မရင့်ခင်မှာပဲ ခွဲခွာလိုက်တာဟာ နှစ်ယောက်စလုံးအတွက် အကောင်းဆုံး ဖြစ်မှာပါ ... "

"မမွန်က ဘာကို အနာနဲ့ အနာရင့် ဥပမာနဲ့ နှိုင်းယှဉ်ပြောနေတာလဲ ... "

"အခုအချိန်မှာ ကိုအောင်နဲ့ မမွန် ဘာမှ မဖြစ်ကြသေးဘူးလေ ... မမွန်က ကိုအောင့်ကို အဖြေတောင်မှ မပေးသေးတာ၊ ရင်ထဲက မေတ္တာပဲ ရှိသေးတာ ... ဒီအခြေအနေမျိုးမှာ ခွဲခွာလိုက်ကြလို့ ခံစားရရင်လည်း ခဏပေါ့ ... ကိုအောင့်မှာလည်း ကိုအောင့်မိဘနဲ့ ဘာပြဿနာမှ မရှိတော့ဘူးပေါ့။ လက်ထပ်ပြီး ဘယ်လောက်ပဲ ဝေးလံတဲ့နေရာမှာ အတူပေါင်းသင်းနေထိုင်ကြပြီးမှ ပြဿနာတွေ ရှုပ်ထွေးလာပြီး လင်ကွဲမယားကွဲ ဖြစ်ကြရင် အထိပိုနာမယ် ... ခံစားချက်တွေ ပိုပြီး အဆမတန် ပြင်းထန်သွားမယ် ကိုအောင် ... ဒီတော့ အနာကို မရင့်ခင် ခွဲထုတ်လိုက်တာ အကောင်းဆုံးဖြစ်မှာပါ ... "



"ထားလိုက်စမ်းပါ ... ဒါတွေက အပိုတွေပါ ... ကိုယ့်အဖို့ကတော့ ကိုယ် အသည်းနှစ်အောင် ချစ်တဲ့ မမွန်ကို အရလည်း ယူချင်တယ် ... အရယူပြီး တရားဝင်လက်ထပ်ပြီးရင်လည်း မမွန်ကို ဘာကြီးဖြစ်နေနေ ရာသက်ပန် ပေါင်းသင်းမဲ့သူပါ၊ အိုကွာ ... အခု ဘာမှလည်း ခွဲစရာအကြောင်းမရှိဘူး ... ဒါပဲ ... ကိုအောင် မမွန်ကို မခွဲနိုင်ဘူး ... "

အောင်စိုးမိုး ပြောပြပုံမှာ စိတ်အားထက်သန်မှုမှန်းထင်ရှားနေသည်။ မြတ်ရည်မွန် တကယ် ရင်ထဲ နှလုံးထဲက ချစ်ခင်မြတ်နိုးကြောင်းလည်း ပေါ်လွင်လွန်းနေသည်။ မြတ်ရည်မွန် ရင်ထဲနှလုံးထဲကလည်း အောင်စိုးမိုး၏ နှလုံးသားအချစ်ကို အကြွင်းမဲ့ယုံကြည်သည်။




www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖြစ်နိုင်မည်တဲ့လား။

လုံးဝမဖြစ်။ ဦးလှိုင်ဘွားကို ပစ်သတ်မှုသည် နောက်ထပ် အများကြီး ပြဿနာတွေ တက်ပေမည်။

အကယ်၍ ... ဦးလှိုင်ဘွားကို ပစ်သတ်စဉ်က ဘယ်သူတစ်ဦးတစ်ယောက်မှ မမြင်မတွေ့၊ သက်သေမရှိပါက တစ်မျိုးစဉ်းစားနိုင်သေးသည်။

ယခုမူ ... 'ဟိုလူ'

မျက်နှာကို တစ်ဝက်အုပ် ဦးထုပ်ပျော့ငိုက်စိုက်ဆောင်းထားပြီး နေကာမျက်မှန်အကြီးကြီး ဂျင်းဘောင်းဘီ ဂျင်းဂျာကင်အပြာနှင့် ဟိုလူသည် မြတ်ရည်မွန် ကျူးလွန်သမျှအားလုံး တွေ့မြင်သွားသည်။

ထိုလူက နောက်ပိုင်း ဘယ်လိုအချိုးတွေ လာဦးမည်မသိ။ မြတ်ရည်မွန်က ထိုလူကို မသိသော်လည်း ထိုလူက မြတ်ရည်မွန်ကို ကောင်းကောင်းကြီး သိသွားပေပြီ။

"အို ... မဖြစ်ဘူး ကိုအောင်၊ လုံးဝ မဖြစ်နိုင်တော့ဘူး ... မမွန်မှာ ... ဖေဖေ ကျူးလွန်ခဲ့တဲ့ အတိတ်ဆိုးကြီးအပြင် တခြားသိပ်ဆိုးတာ ရှိသေးတယ် ..."

"အဲဒီ တခြား သိပ်ဆိုးတယ်ဆိုတာက ဘာလဲ မမွန် ... ကိုအောင့်ကို ပြောပြလေ ... ကိုအောင် အကူညီနိုင်ဆုံး





ကူညီမယ် ... ပြောပြလေ ..."

"အို ... မသိဘူး။ မသိဘူး ... ကိုအောင် ပြန်ပါတော့ ... နောက်ထပ်လည်း မမွန်ဆီ ဘယ်တော့မှ ထပ်မလာပါနဲ့တော့၊ မမွန် သေချင်တယ် ... တကယ့်ကို သေချင်တယ်"

မြတ်ရည်မွန် သူမ၏ စိတ်ကို သူမ မထိန်းနိုင်တော့ပြီ။ ငိုချလိုက်သည်။

ငိုရှိုက်ရင်း ကတုန်ကယင်နှင့်ပင် သူမ၏ အခန်းဆီသို့ အပြေးထွက်သွားပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

အောင်စိုးမိုး ထိုင်ရာမှ မထသေး၊ စည်းကမ်းကြီးလှသော အမျိုးသမီးဆောင်ဒါဆောင်ထဲမှ မမွန်၏ အခန်းအထိ အောင်စိုးမိုး လိုက်ပို့ခွင့်မရှိ။

ယနေ့မှ ထူးထူးခြားခြားကြီးဖြစ်လာသော မမွန်အကြောင်းကို အောင်စိုးမိုး ထိုင်ရာမထ စဉ်းစားကြည့်နေသည်။

ပြီးခဲ့သော တနင်္ဂနွေနေ့ကအထိ မမွန်သည် မိမိအား ကြည်ကြည်သာသာ အရယ်အမောတွေနှင့် ကြည်နူးစွာ ဆက်ဆံခဲ့သေးသည်။

အောင်စိုးမိုး ယုံကြည်ထားသည်မှာ မမွန်သည် မိမိအား ရင်ထဲက နှလုံးသားအချစ်နှင့်တော့ ပြန်ချစ်နေလေပြီ။





သို့သော် ကျောင်းကလည်း မပြီးသေး။ တစ်နှစ်ကျန်နေသေးသည်။ မိမိကိုယ်တိုင်ကလည်း ဆရာဝန်ဘွဲ့ရဖို့ နှစ်တွေလိုနေသေးသည်။ မမွန်သည် အလွန်ထိန်းသိမ်းတတ်သော အမျိုးသမီးဖြစ်သောကြောင့် လက်ထပ်၍ မဖြစ်နိုင်သေးသည့်အချိန်မို့ အတိအလင်း ဖွင့်ဟအဖြေမပေးခြင်းသာ ဖြစ်သည်။

ယနေ့ တနင်္ဂနွေကျမှ အပြင်က ပြန်လာတော့ မမွန်သည် မိမိအား ခါးခါးသီးသီး အပြတ်ငြင်းတော့သည်။ အကြောင်းပြချက်မှာ သူမ၏ဖေဖေသည် စားပြဲ လူသတ်သမားဖြင့် ဥပဒေအရ ကြိုးမိန့်အဆိုင်းချသွားရသူမို့ ဆိုသည့်အကြောင်းပြချက်ပေးပြီး ငြင်းပယ်ခြင်း ဖြစ်နေသည်။

ယင်းအကြောင်းပြချက်သည် အောင်စိုးမိုးအတွက် မှုစရာမဟုတ်၊ ဘာပဲဖြစ်ဖြစ် လက်ထပ်ပြီး ဝေးရာသို့ သွားနေကြမည်ဟုပင် မိမိက ပြောသေးသည်။

ဒါဆို မမွန်အတွက် လက်မခံနိုင်စရာမရှိ။ သီးသီးခါးခါးကြီး ဖြစ်သွားသော မမွန်တွင် အခြားအကြောင်းရှိရမည်။

ထိုအခြားအကြောင်းသည် ဘာအကြောင်းနည်း။

မမွန်မှာ ဖေဖေ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအပြင် တခြားအကြောင်း ရှိသေးသည်ဟုလည်း မမွန်က ပြောသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတခြားအကြောင်းသည် ဘာအကြောင်းပါဟူ၍ တော့ မပြောဘဲ ငိုရှိုက်ရင်း ထပြေး အဆောင်ထဲ ပြန်ဝင်သွားသည်။

အောင်စိုးမိုး စဉ်းစားအဖြေရှာရင်းမှပင် ရောင်စုံ ခုံတန်းလျားပေါ်တွင် ကျန်ခဲ့သော မမွန်၏ ပိုက်ဆံအိတ် စလင်း ဘက်လေးဆီသို့ မျက်စိရောက်သွားသည်။ အောင်စိုးမိုးသည် မမွန် ၏ စလင်းဘက်အိတ်လေးကို ငေးကြည့်နေမိသည်။

ယဉ်ကျေးမှုအရဆိုလျှင် တစ်ပါးသူ၏ အိတ်ကို ခွင့် ပြုချက်မရဘဲ ဖွင့်ကြည့်ခြင်း မပြုစကောင်း။

သို့စေကာမူ ... ယနေ့ညနေ မမွန်၏ အထူးခြားဆုံး အချက်တွေ ဖြစ်လာသည်မို့ သိချင်စိတ် ပြင်းထန်လာသော အောင် စိုးမိုးသည် မြတ်ရည်မွန်၏အိတ်ကို လှမ်းယူဖွင့်ကြည့်မိတော့သည်။

ပထမဦးစွာ အိတ်ထဲမှ ငါးဆယ်တန်၊ နှစ်ဆယ်တန်၊ ဆယ်တန်၊ ငါးကျပ်တန် ပိုက်ဆံများကို တွေ့ရသည်။

မြတ်ရည်မွန် အမျိုးသမီးဘော်ဒါဆောင်သို့ ပြောင်း ရွှေ့နေထိုင်သည့်အတွက် ကျောင်းစရိတ်နှင့် နေ့စဉ် သုံးစရိတ် အတွက် လိုအပ်သမျှငွေကို အဒေါ်ရင်းဖြစ်သူ အန်တီဆွေက လစဉ် မှန်မှန် ထောက်ပံ့ထားသည်ဟုလည်း အောင်စိုးမိုး သိပြီးသားဖြစ် သည်။

အိတ်ထဲတွင် အခြားအမျိုးသမီးသုံးပစ္စည်းတချို့ကို လည်း တွေ့ရသည်။ လက်ကိုင်ပဝါ၊ ကရင်ပတ်၊ နှုတ်ခမ်းနီဆိုး တောင့် စသည်တို့ ဖြစ်ပါ၏။

ထူးခြားသော ပစ္စည်းဟူ၍ ဘာမျှမတွေ့။

အောင်စိုးမိုးသည် ဘေးကပ်ဇစ်ဆွဲပိတ်ထားသည့် အိတ်ကို ဇစ်ဆွဲပြီး ဖွင့်ကြည့်ပြန်သည်။

စာအိတ်တစ်အိတ် ခေါက်ထည့်ထားသည်ကို တွေ့ရ ပြန်သည်။ ထုတ်ယူပြီး စာအိတ်မျက်နှာပြင်ကို ကြည့်သည်။ စာအိတ် ပေါ်တွင် ကပ်ထားသော တံဆိပ်ခေါင်းပေါ်တွင် ထပ်ဆင့်ရိုက်ထား သော ပြည်သာယာစာတိုက်၏ တံဆိပ်တုံးရိုက်ထားသည်ကို သတိ ထားမိသည်။

စာအိတ်တွင် လိပ်စာရေးထားသည်မှာ မြတ်ရည်မွန် အမည်တပ်ပြီး မာလာမြိုင်လမ်း၊ အိမ်အမှတ်( )၊ ဘောက်ထော်၊ ကျောက်ကုန်းအိမ်လိပ်စာ ဖြစ်နေသည်။

အောင်စိုးမိုးက ဖောက်ပြီးသား စာအိတ်မို့ အထဲမှ စာကို ဆွဲထုတ်ယူဖတ်ကြည့်လိုက်သည်။

မြတ်ရည်မွန်

သင်၏ဖခင် ဦးမြဒင်နှင့် ကျွန်ုပ်သည် မိတ်ဆွေရင်း တွေ ဖြစ်ခဲ့ [illegible]။ ပြောင်းအကြောင်း အသေးစိတ်သိလို လျှင်





www.burmeseclassic.com

www.burmeseclassic.com



အောက်ပါလိပ်စာအတိုင်း ကျွန်ုပ်ထံ လာခဲ့ ... ။

ဦးလှိုင်ဘွား

အမှတ်(   )၊ မဥ္ဇူလမ်း၊

ပါရမီ၊ ရန်ကုန်။

အောင်စိုးမိုး ရိုးတိုးရိပ်တိတ် တွေးဆနိုင်ပေပြီ။

ယနေ့ တနင်္ဂနွေနေ့ဝယ် မြတ်ရည်မွန်သည် ထုံးစံအတိုင်း သူမ၏ မာလာမြိုင်လမ်းက အိမ်သို့ သွားပေမည်။ စာတိုက်ပုံးထဲမှ ဤစာကို တွေ့မည်၊ ဖတ်မည်။ ဤစာအရ မလွဲမသွေ ဦးလှိုင်ဘွားထံသို့ မမွန် သွားပေမည်။ ဦးလှိုင်ဘွားက မမွန်ကို သူမ၏ ဖေဖေ ဦးမြဒင်အကြောင်း ခရေစေ့တွင်းကျ ပြောပြမည်။ ထိုသို့ ပြောပြမှ မမွန်သည် သူမ၏ ဖခင် ဦးမြဒင်သည် စားပြတိုက် လူသတ်မှုဖြင့် ကြိုးမိန့်ကျ သေဆုံးခြင်းကို သိသွားရပြီး လူသတ်စားပြ၏ သမီးနှင့် အောင်စိုးမိုး မထိုက်တန်ဟု ယူဆပြီး မိမိကို အပြတ်ငြင်းသွားခြင်း ဖြစ်သည်ဟု အချိတ်အဆက်မိအောင် အောင်စိုးမိုး တွေးကြည့်သည်။

ဒါဆို မိမိက မမွန်၏ ဖေဖေ ဘာကြီးပဲဖြစ်ခဲ့ဖြစ်ခဲ့ မမှုပါ။ မမွန်သာလျှင် သူ့အတွက် အဓိကဟု ပြောပါလျက် ဆက်လက်၍ ခါးခါးသီးသီး ငြင်းငြင်းဆန်ဆန် ဖြစ်သွားပေသနည်း။





"ဖွဟဲ့ ... လွဲစေ ..."

ဦးလှိုင်ဘွားကများ မမွန်ကို ကိုယ်ထိလက်ရောက် စော်ကားလိုက်သဖြင့် သူမ၏ မသန့်တော့သော ခန္ဓာကိုယ်ကြောင့် ယခုလို ခါးခါးသီးသီးကြီး ငြင်းပယ်ခြင်းပေလား။

"တောက် ..."

ပြင်းထန်သော တောက်ခေါက်မိသည်။

တစ်ကိုယ်လုံး နတ်ပူးသည့်နှယ် တုန်လှုပ်သွားမိသည်။

စာထဲတွင် ပါရှိသည့် လိပ်စာအတိုင်း ဦးလှိုင်ဘွားအိမ်သို့ သွားရောက်မည်။ မေးမြန်းမည်။ ယင်းသို့သာ စော်ကားလိုက်ရိုးမှန်လျှင် ဦးလှိုင်ဘွားကို သတ်မည်။

စာရွက်ကို သူ ခေါက်ရိုးအတိုင်း ပြန်ခေါက်ပြီး ... စာအိတ်တွင် ပြန်ထည့်သည်။ ပြီး စလင်းဘတ်ဘေးကပ်အိတ်တွင် သူ့နဂိုအတိုင်း ပြန်ထည့်လိုက်သည်။

ထိုစဉ်မှာပင် အမျိုးသမီး ဘော်ဒါဆောင်မှာပင်နေသော အခြားအမျိုးသမီးတစ်ဦး ဝင်ရောက်လာသည်ကို တွေ့မြင်ရသည်။

တနင်္ဂနွေနေ့တိုင်း အောင်စိုးမိုး လာနေကျမို့ လူချင်းမသိသော်လည်း မျက်မှန်းတန်းမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်ဗျာ ... မမွန် ... အဲလေ ... မမြတ်ရည်မွန်ကို ဒီအိတ်လေး ယူသွားပြီး ပေးပေးစမ်းပါဗျာ ... သူ့ စကားပြောရင်း ထသွားတာ မေ့ကျန်ခဲ့လို့ပါ ... "

"ဟုတ်ကဲ့ ... စိတ်ချပါ ... ပေးလိုက်ပါ့မယ် ... "

အမျိုးသမီး အဆောင်ဘက်သို့ ဆက်သွားသည်။

အောင်စိုးမိုး သူ့ကားပြာလေးဆီသို့ ခြေလှမ်းကျဲကြီးဖြင့် သွားကာ တံခါးသော့ဖွင့် တက်ရောက်စက်နှိုးပြီး အရှိန်ပြင်းစွာဖြင့် ထွက်လာခဲ့သည်။





၆

မဥ္ဇူလမ်းထဲသို့ အောင်စိုးမိုး ကားပြာလေး ဝင်ရောက်လာချိန်တွင် လမ်းမီးများပင် လင်းနေပြီ။

ဤနေရာ ... ဤလမ်းသို့ အောင်စိုးမိုး တစ်ခါမျှ မရောက်ခဲ့ဘူးပေ။ စမ်းတဝါးဝါးဖြင့် ဖြည်းဖြည်းမောင်းဝင်ခဲ့ရင်း ဦးလှိုင်ဘွား၏ အိမ်နံပါတ်ကို ရှာဖွေသည်။

လမ်းအဝင်နှင့် လမ်းအလယ်လောက်တွင် အိမ်ကြီး အိမ်ကောင်းတိုက်တာများဖြစ်သော်လည်း အတွင်းဘက်စွန်းလာ ခြံကျယ်သော်လည်း ဆောက်ထားသော အိမ်များက စုတ်လေဖြစ်လာသည်ကို တွေ့ရသည်။

"ဟိုက် ... "



www.burmeseclassic.com

www.burmeseclassic.com



အစွန်ပိုင်း အကျဆုံးအိမ်တစ်အိမ်ရှေ့တွင် ခဲ့ကား အပြာတစ်စီး ရပ်ထားသည်ကို တွေ့ရပြီး ရဲကားပြာဘေးတွင် ဘောက်(စ်)ဝက်ဂွန်ပေါင်မုန့်ပုံ အဖြူရောင် လူနာတင်ကားတစ်စီးကိုပါ တွေ့ရသည်။

အောင်စိုးမိုးက ကားကို ဘရိတ်နင်းရင်း စဉ်းစားသည်။ လှမ်းကြည့်သည်။ ရဲဝတ်စုံယူနီဖောင်းနှင့် ရဲများ ထိုအိမ်ထဲသို့ ဝင်ချီထွက်ချီ ပြုလုပ်နေကြသည်။ ဝိုင်းအုံသော လူတော့ သိပ်များလှ။ ကလေးတွေသာ များသည်။

ဦးလှိုင်ဘွား အိမ်တွင် ရဲနှင့် ပတ်သက်သော ဆေးရုံကားနှင့် ပတ်သက်သောကိစ္စ ဘာတွေဖြစ်နေပေသနည်း။

ယနေ့ပင် ချစ်သော မမွန်သည် ဤအိမ်သို့ လာရောက်ခဲ့သည်။ ယခု ရဲနှင့် ဆေးရုံနှင့် ပတ်သက်သည်များကို မြင်နေရသည်။ အောင်စိုးမိုး လှည့်မပြန်။ သိလိုစိတ် ပြင်းပြလှသဖြင့် ရှေ့သို့ ဆက်မောင်းလာခဲ့သည်။ ထိုအိမ်ရှေ့မှာပင် ကားရပ်ပြီး အောက်သို့ ဆင်းလိုက်သည်။

ရဲကားပြာဘေးတွင် ရပ်နေသော ရဲအရာရှိထံသို့ လျှောက်လာခဲ့သည်။ ရဲအရာရှိကလည်း အောင်စိုးမိုးကို စူးစိုက်ကြည့်နေသည်။

"ဒီအိမ်ဟာ ဦးလှိုင်ဘွားအိမ် ဟုတ်လားဗျာ ... "





ရဲအရာရှိက နှုတ်ဖြင့်မဖြေ ဦးခေါင်းညိတ်ပြရင်း အောင်စိုးမိုးကို ကြည့်မြဲကြည့်နေသည်။

"ဒီအိမ်မှာ ဘာတွေဖြစ်နေလို့လဲဗျာ ... "

ဤသူငယ်သည် ကိုယ်ပိုင်ကားနှင့် ကိုယ်တိုင်မောင်းလာသည်။ အသက်နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိသေးသည်။ ဥပဓိရုပ် တော်တော်သန့်သည်။ လူကြီးလူကောင်း လူကုံထံမိဘ၏သား ဖြစ်နိုင်ဖွယ်ရှိသည်ဟု ရဲအရာရှိက စိတ်ထဲတွင် မှတ်ချက်ပြုသည်။

"ဖြစ်တာကတော့ လူသတ်မှုပဲကွာ ... "

"ဗျာ ... လူသတ်မှု ဟုတ်လား ... ဘယ်သူ အသတ်ခံရလို့လဲဗျာ ... "

"ဦးလှိုင်ဘွား ... "

"ဟာ ... ဦးလှိုင်ဘွား အသတ်ခံရတယ် ဟုတ်လား ... ဘယ်သူက သတ်သွားတာလဲတဲ့ဗျာ ... "

ရဲအရာရှိက ပြုံးလိုက်သည်။

"ဦးလှိုင်ဘွားက မောင်ရင်ရဲ့ အပေါင်းအသင်း ဆွေမျိုးတစ်ယောက် ဖြစ်နေလို့လားကွာ ... "

"မြင်တောင် မမြင်ဖူးဘူး ... "

"ဟုတ်လား ... ဒါပေမဲ့ မင်း မေးမြန်းပုံကတော့ ဦးလှိုင်ဘွားနဲ့ အကျွမ်းတဝင် ရှိနေတဲ့ပုံစံပါလား ... "



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုး ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

"မင်းမေးတဲ့ ဦးလှိုင်ဘွားကို ဘယ်သူ သတ်သွားသလဲဆိုတာကို တို့ရဲအဖွဲ့ကလည်း သိပ်သိချင်နေတာပဲကွာ ..."

"ဘယ်ပုံဘယ်နည်းနဲ့ သတ်သွားတာတဲ့လဲ အစ်ကို"

အောင်စိုးမိုးက ရဲအရာရှိအား အစ်ကိုဟုသုံးနှုန်း၍ မေးမြန်းသည်။ ... ဆက်၍ မေးမြန်းသည်။

"သွေးထွက်တဲ့ အပေါက်လေးတွေက ဗိုင်းဗိုင်းလေးတွေဆိုတော့ သေနတ်နဲ့ ပစ်သတ်သွားတယ်လို့ ယူဆနိုင်သလားလို့ပဲ ငါညီ ... အဲ ... ဦးလှိုင်ဘွား အလောင်းရဲ့ ဦးခေါင်းမှာလည်း သွေးထွက်နေတဲ့ဒဏ်ရာ တွေ့ရသေးတယ် ... အေးလေ ... ဦးလှိုင်ဘွားဟာ ဦးခေါင်း အရိုက်ခံရလို့ သေတာလား ... သေနတ်နဲ့ အပစ်ခံရလို့ သေတာလားဆိုတာက ဆေးရုံက တာဝန်ကျဆရာဝန်ရဲ့ မှတ်ချက်ရမှသာ သေချာပြောနိုင်မှာကိုးဗျ ..."

အောင်စိုးမိုးသည် ဤနေရာမှ ပြန်သင့်ပြီဟု ဆုံးဖြတ်လိုက်သည်။

"နေပါဦး ... ငါ့ညီနာမည်က ဘယ်သူတဲ့လဲ ..."

"အောင်စိုးမိုး ..."





ရဲအရာရှိအားတွင် အသင့်ရှိနေသော ရဲကြပ်ကြီးက မှတ်စုစာအုပ်တွင် လိုက်လံရေးမှတ်ပေသည်။

"မိဘတွေကရောကွာ ..."

"ဦးဘအောင်နဲ့ ဒေါ်မိမိချို ..."

"နေရပ်လိပ်စာကရော ငါ့ညီ ..."

"အခန်းအမှတ်( )၊ တိုက်အမှတ်(၃)၊ ပြည်ထောင်စုရိပ်သာ ..."

"ဪ ... ဒါဆိုရင် ( )ဌာနက အရာရှိကြီး ဦးဘအောင်ရဲ့ သားပေါ့ ဟုတ်လား ..."

အောင်စိုးမိုး ခေါင်းညိတ်ပြသည်။

"ငါ့ညီ အောင်စိုးမိုးက ဘယ်ကျောင်းမှာ တက်နေလဲ ..."

"ဆေးတက္ကသိုလ် အမှတ်နှစ်မှာ ..."

"ကျွန်တော် ပြန်တော့မယ် ..."

ရဲအရာရှိက ဦးခေါင်းညိတ်ပြသည်။ အောင်စိုးမိုး သူ့ကားလေးဆီသို့ ပြန်လာကာ မောင်းနှင်ထွက်ခွာလာတော့သည်။

ယင်းအချိန်ဝယ် ...

ဦးလှိုင်ဘွား အိမ်နှင့် မျက်စောင်းထိုးနေရာ လမ်းပေါ်တွင် ... လူတစ်ယောက်သည် မော်တော်ဆိုင်ကယ်တစ်စီးကို ဒေါက်ထောက်ရပ်ထားပြီး ဘေးတွင်ထိုင် ...၊ သူ့လက်ထဲတွင်



www.burmeseclassic.com

ပလာယာ၊ ဝက်အူလှည့်၊ စပါနာများ ကိုင်ပြီး မော်တော်ဆိုင်ကယ်ပျက်ကို ပြင်နေသည်။

ထိုသူသည် နဖူးအုပ်အောင် ဦးထုပ်ပျော့ဆောင်းထားသည်။ ဂျင်းကျာကင်၊ ဂျင်းဘောင်းဘီ ဝတ်ထားသည်။ မိုးအတန်ငယ် ချုပ်သွားပြီမို့ နေကာမျက်မှန်ကိုတော့ တပ်ဆင်ထားခြင်းမရှိ။

အောင်စိုးမိုး၏ လေးဘီးအပြာကားလေးကို မော်တော်ဆိုင်ကယ်ဘေးမှ ဖြတ်ကျော်မောင်းသွားသည်နှင့် ထိုလူသည် လက်ထဲမှ ပလာယာ၊ ဝက်အူလှည့်၊ စပါနာတွေကို နဂိုအိတ်ထဲ ထည့်လိုက်ကာ မော်တော်ဆိုင်ကယ်ကို တက်ခွစက်နှိုးပြီး အောင်စိုးမိုး ကားပြာလေးနောက် မလှမ်းမကမ်းမှ လိုက်သွားသည်။





## ၇

ချစ်စွာသော မမွန်သည် ဘယ်ပုံဘယ်နည်းဖြင့် ဘာတွေ ဖြစ်လာခဲ့ပေသနည်း။

အောင်စိုးမိုး ရင်ထဲတွင် လိပ်ခဲတင်းတင်း ဖြစ်လွန်းရသည်။

ဆက်စပ်ကြည့်လျှင် အခြေအနေကတော့ မကောင်းသည့်အနန်။

မြတ်ရည်မွန် (မမွန်)သည် ထိုနေ့က ဦးလှိုင်ဘွားထံသို့ သွားခဲ့သည်။

ထိုနေ့မှာပင် ဦးလှိုင်ဘွားသည် ဦးခေါင်းကွဲအရိုက်ခံအထိရာ၊ သေနတ်ပစ်ခံရ ဒဏ်ရာတွေနှင့် သေဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား … ဘုရား … ဘုရား …"

မမွန်ပင်လျှင် ဦးလှိုင်ဘွားကို သတ်ခဲ့သူ ဖြစ်နေလေသလား။

ဦးလှိုင်ဘွားက မမွန်အား မဟားဒယား ကြံစည်ကြိုးစားသည်ကို မမွန်က ခုခံကာကွယ်ရင်း ဦးလှိုင်ဘွားကို သတ်ပစ်ခဲ့ခြင်းပေလား။

ကျိုးကြောင်းဆက်နွယ်ကြည့်လျှင်တော့ ထိုကဲ့သို့ သဘောရှိသည်။

သို့သော် … တကယ်လက်တွေ့ကျကျ စဉ်းစားလျှင် မဖြစ်နိုင်။

သုံးနှစ်ကျော် ဆက်ဆံလာခဲ့သော မြတ်ရည်မွန် (မမွန်)၏ စိတ်နေသဘောထားကို အောင်စိုးမိုး အသိဆုံး။ သိပ်ကို နူးညံ့သိမ်မွေ့သော မိန်းကလေးဖြစ်သည်။ ဘဝတွင် အရှုံးဘက်က သာတွေးပြီး စိတ်အားငယ်နေသူ ဖြစ်သည်။

ကဏ္ဍရာလမ်းမရှည်ကြီးအတိုင်း အောင်စိုးမိုး မောင်းနှင်လာရာ သူ၏ ကားနောက်နှစ်စီးကျော်တွင် ထိုမော်တော်ဆိုင်ကယ်နှင့်လူ လိုက်လာပေသည်။

ကမာရွတ် မီးပွိုင့်သို့ ရောက်လာသည်။ မီးနီနှင့် တိုးနေသဖြင့် ရပ်နားနေစဉ် အောင်စိုးမိုးသည် မိမိ ဘယ်သွားရမည်





နည်းဟု စဉ်းစားနေစဉ်မှာပင် မီးဝါပြီး မီးစိမ်းပြလာသည်။

အောင်စိုးမိုးသည် လက်ယာလမ်းအတိုင်း ကွေ့ချိုးမောင်းခဲ့သည်။ မြတ်ရည်မွန်၏ အမျိုးသမီးဘော်ဒါဆောင်သို့ ရောက်ပြန်ပြီး မြတ်ခါးဝတွင် မော်တော်ဆိုင်ကယ် ရပ်လိုက်သည်။

ဘော်ဒါဆောင်ခြံတံခါးကြီး ပိတ်ထားပြီ။

စည်းကမ်းကြီးသည်။ ည (၇)နာရီ ထိုးသည်နှင့် … အဆောင်ခြံတံခါး ပိတ်မှန်း အောင်စိုးမိုး သိထားသည်။

ယခု (၇)နာရီ (၁၅)မိနစ် ရှိသွားပြီ။

ထိုဘော်ဒါဆောင်ပိုင်ရှင် ဒေါ်သူဇာသည် အဆောင်ကျောင်းသူများအပေါ်တွင် သိပ်စည်းကမ်းကြီးသည်။ တက္ကသိုလ်မှာ အဆောင်မရသည့် ကျောင်းသူများကိုသာ လက်ခံသည်။ ပြင်ပမှ အမျိုးသမီး စာရေးဝန်ထမ်း၊ အလုပ်သမားဝန်ထမ်း စသည်တို့ကိုပင် လက်မခံ။

အဆောင်နေ ကျောင်းသူများ၏ ဧည့်သည် ည (၇)နာရီ တိတိအထိ လက်ခံစေသည်။ အဆောင်တည်ရာ ခြံထဲ၌သာ လက်ခံစကားပြောစေသည်။ မိဘဖြစ်စေ၊ ညီအစ်ကို မောင်နှမဖြစ်စေ အဆောင်အခန်းတွင်း၌ ဝင်ခွင့် စကားပြောခွင့်မပြု။

အောင်စိုးမိုး ကားပြန်ကွေ့ရတော့သည်။ အိမ်ကိုပဲ ပြန်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်ပင်လမ်းထဲရှိ ပြည်ထောင်စုရိပ်သာ နေအိမ်သို့ မောင်းလာသည်အထိ ထိုလူ မော်တော်ဆိုင်ကယ်နှင့် နောက်မှ လိုက်လာသည်ကို အောင်စိုးမိုး မသိလိုက်ပေ။

အောင်စိုးမိုး ထပ်ပြန်စဉ်းစားပြန်သည်။

လမ်းပေါ်တွင် ခွေးလေးကြောင်လေး စသည်တို့ ကားတိုက်မိသည်ကို တွေ့လျှင်တောင်မှ မျက်စိပျက် မျက်နှာပျက်နှင့် သနားကြင်နာတတ်သော မြတ်ရည်မွန် (မွန်)လို မိန်းကလေးမျိုးက ဦးလှိုင်ဘွားလိုလူကို အသေသတ်မည်တဲ့လား။ မွန်သည် တစ်ဘက်သားအပေါ် အင်မတန် စေတနာမေတ္တာထားတတ်သော အလွန်သိမ်မွေ့နူးညံ့သူ ဖြစ်ပါ၏။

ဪ ...

ဦးလှိုင်ဘွားဆိုသည့် နာမည်ကပင် ကြမ်းတမ်းခက်ထန်နေသည်။ မွန်၏ဖခင် ဦးမြဒင်၏ မိတ်ဆွေဖြစ်နေခြင်းကပင်လျှင် ဦးလှိုင်ဘွားသည် လူဆိုးလူကြမ်း ဖြစ်ရမည်ဟု တွက်ဆနိုင်သည်။

ယင်းဆိုသော လူဆိုးကြမ်းကြီး ဦးလှိုင်ဘွားကို မွန်က ဦးခေါင်း ပုလင်းနှင့်ရိုက် သေနတ်နှင့်ပစ်သတ်သည်ဆိုသည်မှာ မည်သို့မှ မဖြစ်နိုင်သောကိစ္စ ဖြစ်သည်။

အဲ ... သေနတ်ကိစ္စ။





မွန်တွင် သေနတ်ရှိဖို့ ဝေးစွ ခဲတံချွန်သည့် မောင်းချဓားလေးပင် မရှိ။ ခဲတံချွန်လိုလျှင် ချွန်စက်ကလေး ဝယ်ထားသည်။

အောင်စိုးမိုး တွေးရင်းတွေးရင်း ဦးခေါင်းဦးနှောက် နှောက်ကျိ သာသည်။

ကမာရွတ်လမ်းဆုံ မီးပွိုင့်သို့ ပြန်ရောက်လာပြန်သည်။ တည့်တည့်မောင်းလျှင် မြေနီကုန်းကို ဖြတ်ကျော်ပြီး မိမိနေအိမ် ပြည်ထောင်စုရိပ်သာသို့ ရောက်မည်။

စိတ်ထဲက မွန်၏ အဆောင်သို့ ပြန်သွားလိုသော်လည်း တွေ့ခွင့်မရနိုင်တော့။ အိမ်သို့ပင် ပြန်ခဲ့တော့သည်။

၈



www.burmeseclassic.com

www.burmeseclassic.com



၆

"မမြတ်ရည်မွန် တယ်လီဖုန်းလာတယ် ..."

မိစိန်က အခန်းဝတွင် လာရပ်ပြီးပြောသည်။

မိစိန်သည် အဆောင်ပိုင်ရှင် ဒေါ်သူဇာ လက်သပ်မွေးထားသူ အိမ်ဖော်မလေး ဖြစ်ပါ၏။

"ကိုအောင်စိုးမိုးဆီက လာတဲ့ဖုန်းလား ..."

"ဟင့်အင်း ... ကိုအောင်စိုးမိုးဆီက ဆက်တာမဟုတ်ဘူး။ ကိုအောင်စိုးမိုးက မမွန်ဆီ ဖုန်းဆက်နေကျမို့ ... သူ့အသံကျွန်မ မှတ်မိနေတာပဲ ... အခုဆက်တဲ့သူက ကျွန်မ တစ်ခါမှ မကြားဘူးတဲ့အသံပါ မမွန် ..."

မိစိန်သည် အဆောင်တွင် ဘယ်ကျောင်းသူထံသို့





ဘယ်သူက ဆက်လေ့ရှိသည်ကို သိနေသော ကောင်မလေးဖြစ်သည်။ မိစိန် ဉာဏ်ကောင်းသည်။

ဒေါ်သူဇာက ... မိစိန်ကို အဆောင်တယ်လီဖုန်းအစောင့်တာဝန် ပေးထားသည်။ မိစိန်က သူမ၏ မှတ်စုစာအုပ်လေးထဲတွင် မည်သည့်နေ့ မည်သည့်အချိန်က ဤအဆောင်မှ မည်သူ့ထံသို့ မည်သူ့ဆီက ဖုန်းလာသည်ဟု မှတ်ထားပြီး တယ်လီဖုန်းပြောခငွေကို အတိအကျ ကောက်ခံပြီး ရရှိငွေအားလုံး စာရင်းအတိအကျနှင့် ဒေါ်သူဇာကို ငွေပြန်အပ်ရသည်။

အဆောင်မှ ကျောင်းသူက ဖုန်းခေါ်လျှင် ခေါ်သည့် ပထမသုံးမိနစ်ကို တစ်ဆယ်ကျသည်။ သုံးမိနစ်ထက် တစ်မိနစ် ပိုလေတိုင်း နှစ်ကျပ်ပေးရသည်။ ဟိုဘက်ကလာသော ဖုန်းဆိုပါက ပထမ သုံးမိနစ် ငါးကျပ်နှင့် တစ်မိနစ်ပိုတိုင်း နှစ်ကျပ်နှုန်းပင် ပေးရသည်။

ထို့ကြောင့်လည်း အဆောင်ရှိ အမျိုးသမီး မည်သူ့ထံ ဟိုဘက် မည်သူက ဆက်လေ့ရှိသည်ကို ဉာဏ်ကောင်းသော မိစိန်က သိနေတာတ်ပါ၏။

မြတ်ရည်မွန် ဖုန်းဆက်လေ့ရှိသူမှာ ဟိုဘက်ကပဲ ခေါ်ခေါ် ဒီဘက်ကပဲ ဆက်ဆက် ကိုအောင်စိုးမိုးသာလျှင် ဖြစ်တတ်သောကြောင့် ကိုအောင်စိုးမိုး၏ ဖုန်းထဲမှ အသံကို မိစိန် မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယခု မြတ်ရည်မွန်ထံ ဖုန်းဆက်ဘူမှာ ကိုအောင်စိုးမိုး မဟုတ်ကြောင်း မိစိန်က ဒက်ထိ ပြောနိုင်ပေသည်။

ကိုအောင့်ဆီက ဆက်သောဖုန်းဆိုပါက မြတ်ရည်မွန် မပြောလိုတော့။ ကိုအောင့်ကို မြတ်ရည်မွန် အပြတ်ပြောပြီးသား ဖြစ်နေသည်။

ကိုအောင် မဟုတ်ပါ။ တခြားသူရဲ့ အသံပါဟု မိစိန် က ပြောသဖြင့် မြတ်ရည်မွန် ထကာ မိစိန်နောက်မှ ဖုန်းရှိရာသို့ လိုက်လာပြီး ဖုန်းပြန်ကိုင်ပြီး ဟဲလိုသံ ပြန်ပေးလိုက်သည်။

"မမြတ်ရည်မွန်လားဗျာ ..."

"ဟုတ်ပါတယ် ... အဲဒီက ဆက်တာ ဘယ်သူပါလိမ့်ရှင်"

"မမြတ်ရည်မွန် ဒီနေ့ ကျောင်းမတက်ဘူးနော် ... အင်းလေ လောလောလတ်လတ်ကြီးဖြစ်နေတော့ ဘယ့်မှာ ကျောင်း တက်ချင်စိတ် ရှိပါ့မလဲ ... ကျွန်တော် သဘောပေါက်ပါ တယ် ..."

"ဟင် ... အခုပြောနေတာ ရှင် ဘယ်သူလဲ ... ကိုအောင် တော့ မဟုတ်တာ သေချာတယ် ..."

"ကိုအောင်ဆိုတာက ... ပြည်ထောင်စုရိပ်သာမှာနေတဲ့ ဦးဘအောင်+ဒေါ်မိမိချို့ရဲ့သား ချာတိတ်ကို ပြောတာလား"

"ဒါဖြင့် အခု ရှင် ဘယ်သူလဲ ..."





"နေပါဦး ... မမြတ်ရည်မွန်က အဲဒီ ကိုအောင်ဆိုတဲ့ ချာတိတ် ကို မနေ့က မဥ္ဇူလမ်းထဲမှာ ဖြစ်ခဲ့တဲ့ကိစ္စတွေ ပြောပြလိုက် သလား ..."

"အို ..."

"မေးတာကိုသာ ပြောပါ မမြတ်ရည်မွန် ... ဒီ ကိုအောင်ဆို တဲ့ ချာတိတ်က တော်တော်စပ်စပ်စုစု လုပ်ချင်နေတယ်"

"ရှင် ဘယ်သူလဲ ... ရှင် ဘယ်သူလဲ ..."

"တို့ ဘယ်သူလဲဆိုတာ ဖြည်းဖြည်းတော့ သိလာမှာပါ ... တို့မေးတာသာ ဖြေပါလား ... အဲဒီ ကိုအောင့်ကို ဦးလှိုင် ဘွားအိမ်မှာ ဖြစ်ခဲ့တာတွေကို ခင်ဗျား ပြန်ပြောသလား"

"ဘာလို့ ပြောရမှာလဲ ... အဲဒီကိစ္စက ဖြစ်နိုင်ရင် ကိုယ့်ရဲ့ ကိုယ်ရေးစောင့်နှတ်ကိုတောင် အသိပေးစရာမှ မဟုတ်တာ"

"ဒါဆိုရင်တော့ ဒီချာတိတ်က မလွယ်ဘူး မမြတ်ရည်မွန်"

တစ်ဘက်မှ ပြောသူ၏ လေသံသည် ညည်းညူသံ လိုလို ခြိမ်းခြောက်သံလိုလိုနှင့် သူ့ဟာသူ ပြောသည့်ပုံစံ ပေါက်နေ သည်။

မိစိန်က တယ်လီဖုန်းဘေးရှိ ခွေးခြေပုလေးပေါ် ထိုင်ကာ မှတ်စုစာအုပ် ခဲတံဖြင့် ရေးနေသည်။

"ကိုအောင်က ဘာလို့ မလွယ်တာလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ တယ်လီဖုန်းထဲက ပြောလို့မကောင်းဘူးလေ။ မမြတ်ရည်မွန်နဲ့ နှစ်ယောက်ချင်းတွေ့မှ ပြောရမဲ့စကားတွေ ..."

"ရှင်နဲ့ကျွန်မက နှစ်ယောက်ချင်း တွေ့ရမယ် ဟုတ်လား၊ ရှင် ဘယ်သူဘယ်ဝါမှန်း ကျွန်မက မသိဘဲနဲ့ ..."

"ကျွန်တော့်နာမည် စိန်ဝင်းမောင်ပါ ..."

"စိန် ... ဝင်း ... မောင် ... ဟုတ်လား၊ အဲဒီနာမည်မျိုး ကျွန်မအသိထဲမှာ တစ်ယောက်မှ မရှိတာဘဲဟာ ..."

တစ်ဘက်မှ ခပ်အုပ်အုပ် ရယ်သံထွက်လာသည်။ ပြီးမှ ...

"မမြတ်ရည်မွန် မေ့နေလို့ ဖြစ်မှာပါ ... စိန်ဝင်းမောင်ဆိုတဲ့ လူက အနားအပြားကြီးပြီး ပျော့ဖတ်ဖတ်ဦးထုပ်ကို နဖူးအုပ်အောင် ဆောင်းတယ် ... နေကာမျက်မှန် ခပ်ကြီးကြီး တပ်တယ် ... ဂျင်းကျာကင် ဂျင်းဘောင်းဘီ ခပ်ဟောင်းဟောင်း ခပ်စုတ်စုတ် ဝတ်တယ် ... ကင်မရာတစ်လုံး လည်ပင်းမှာ လွယ်ထားတယ် ..."

"အို ... ရှင် ..."

"ဘယ်လိုလဲ မမြတ်ရည်မွန် ... ကျုပ် စကားပြောလိုက်တိုင်း အံ့ဩသံတွေ ထွက်နေပါလား ..."





မြတ်ရည်မွန် ဘာဆက်ပြောရမှန်း မသိပါလေတော့။ ငူငူကြီးသာ ရပ်နေမိသည်။

"နက်ဖြန် ညနေပိုင်း မမြတ်ရည်မွန်ရဲ့ အဆောင်ကို တို့ လာခဲ့မယ် ... ပြောစရာတွေ အများကြီး ... ဒါပဲနော် ..."

ပြောပြောဆိုဆို ဖုန်းပြန်ချသံ ကြားလိုက်ရသည်။ မြတ်ရည်မွန်လည်း ဖုန်းပြန်ချလိုက်သည်။

"မမွန် ... အားလုံး ရှစ်မိနစ်ကြာတယ် ... ငွေနှစ်ဆယ် ကျတယ် မမွန် ..."

မြတ်ရည်မွန်က မိစိန်ကို ဆယ်တန်နှစ်ချပ် လှမ်းပေးလိုက်သည်။

မြတ်ရည်မွန် ငူငူငိုင်ငိုင်ဖြင့် သူမ၏ အခန်းသို့ ပြန်လာခဲ့သည်။

ဦးလှိုင့်ဘွဲ့အိမ်မှ အမြန်ဆုံး ထွက်ပြေးရန် မိမိကို ကူညီခဲ့သူမှာ စိန်ဝင်းမောင်ဆိုသူမှန်း သိရပြီ။

စိန်ဝင်းမောင်က ကိုအောင်ကိုလည်း သိနေပြီး ... ကိုအောင့်အပေါ် မကျေနပ်သောအသံမျိုး ထွက်နေသည်။

အဘယ်ကြောင့်နည်း။ ကိုအောင့်ကို စိန်ဝင်းမောင် ဘာလို့မကျေနပ်သံ ထွက်နေသနည်း။

ပြီး ... နက်ဖြန်ညနေ စိန်ဝင်းမောင် မိမိထံ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မည်ဟုလည်း ပြောသည်။ ပြောစရာစကား အများကြီးရှိသည်ဆိုခြင်းမှာ ဘာစကားတွေနည်း။

မိမိထံသို့ စိန်ဝင်းမောင် ဆိုသူ လာခြင်းမှာ ကောင်းသောလာခြင်းမှ ဟုတ်ပါလေစ။

မြတ်ရည်မွန် အိပ်ရာပေါ်သို့ခွေ ခေါင်းအုံးနှင့် မျက်နှာအပ်ထားမိသည်။

ကျိတ်ငိုသောကြောင့် သူမ၏ ခန္ဓာကိုယ်လေး တုန်ရီနေသည်။





## ၉

အောင်စိုးမိုးတို့တွင် ကိုယ်ပိုင်ကားနှစ်စီးရှိသည်။ မိဘများက ချမ်းသာသည်။

ဖခင်ဦးဘအောင်သည် မဟုတ်တာ မလုပ်၊ ရာထူးအရ လာဘ်စားခြင်း လုံးဝမရှိ။ သူ့အလုပ်တွင် ထက်မြက်ရုံမက သစ္စာထားသည်။

ဦးဘအောင်တို့ခေတ်က တက္ကသိုလ် ဘွဲ့ရပြီးသည်နှင့် ဝန်ထောက်ရာထူး ခန့်အပ်သည်။ ဦးဘအောင်က ... ဘွဲ့ဝန်ထောက် ရာထူးရ ရိုးသား အပျော်အပါးကင်း လူတော်တစ်ဦး ဖြစ်သည်။ ဦးဘအောင်၏ မိဘများကတော့ အလယ်အလတ်တန်းစားသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာထူးကို ရိုးသားသူ ဦးဘအောင်ကို အလွန်ကြွယ်ဝ ချမ်းသာသော မိမိချိုတို့၏ မိဘများက လူကြီးခြင်း သဘောတူ ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ လက်ထပ်ပြီး တစ်နှစ်ခွဲအကြာတွင် သားလေး အောင်စိုးမိုးကို မွေးဖွားခဲ့သည်။

မိခင် ဒေါ်မိမိချိုသည် သိပ်လှသည်။ ဦးဘအောင်ကလည်း လှချောလှခန့်ဖြစ်သည်။ ထိုမိဘနှစ်ပါးက မွေးထုတ်သော သား အောင်စိုးမိုးသည်လည်း လှချောလှလှလေး ဖြစ်လာသည်။

ထိုခေတ်က ရာထူးအတက်နှေးသည်။ ရာထူးတစ်ခု နှစ်တော်တော်ကြာ လုပ်ကိုင်ပြီးမှ နောက်တစ်ဆင့် တက်ပေးရသည်။

အစိုးရ အပြောင်းအလဲတွေဖြစ်ပြီး ချက်နှာမလိုက် စာမေးပွဲကြီးအတိုင်းမလုပ်ဘဲ တကယ်တော်သူကို တကယ်ထိုက်တန်သော ရာထူးပေးသည့် အစိုးရလက်ထက်တွင် ဦးဘအောင်သည် ဝန်ထောက်မှ အရေးပိုင်ရာထူး တိုးမြှင့်ပြီး ကျောက်ဆည်တွင် တာဝန်ထမ်းဆောင်ရာမှ ထပ်ဆင့်ရာထူးတိုးပြီး ရန်ကုန်သို့ ရွှေ့ပြောင်းပေးသည်။

ထိုအချိန်မှာပင် သား အောင်စိုးမိုး ဆယ်တန်းအောင်မြင်ပြီး သူ ရချင်သော ဘာသာရပ်ဂုဏ်ထူးတွေ၊ ဘာသာရပ်ရမှတ်တွေ အရ ဆေးတက္ကသိုလ်တက်ခွင့်ရသည်။





မန္တလေးဆေးတက္ကသိုလ်မှ ရန်ကုန်ဆေးတက္ကသိုလ် (၂)တွင် ပြောင်းပြီး ဆက်တက်ခဲ့ရသည်။

ရန်ကုန်တွင် ဦးဘအောင်၊ ဒေါ်မိမိချိုတို့အတွက် ကိုယ်ပိုင်အိမ်မရှိ၊ အိမ်သစ်ဝယ်ဖို့ကျတော့လည်း မလိုအပ်။ မန္တလေးတွင် မိဘများထံမှ အမွေဆက်ခံသော နှစ်ထပ်တိုက်ကြီး ဟီးနေအောင် ရှိနေသည်။ ဦးဘအောင် အငြိမ်းစားယူသည့်အခါ မန္တလေး ထိုအိမ်ကြီးတွင် ပြန်လည်နေကြမည်ဟု စိတ်ကူးရှိထားသဖြင့် သက်ဆိုင်ရာက ပေးသော ပြည်ထောင်စုရိပ်သာမှာပင် နေထိုင်ပြီး ... အောင်စိုးမိုးက ဆေးတက္ကသိုလ်(၂)တွင် ဆက်လက်တက်ရောက်နေကြခြင်း ဖြစ်သည်။ ဒေါ်မိမိချို ဆက်ခံရသော မိဘများ၏ အမွေများအရ ရန်ကုန်တွင်း အိမ်ဝယ်မည်ဆိုပါက ဝင်ဒါမီယာလို နေရာတွင် ကောင်းမွေဆိုသော ခြံနှင့်တိုက် ဝယ်နိုင်ပါ၏။ သို့သော် မဝယ်။ အပိုကုန်မည်ဟု ဒေါ်မိမိချို တွက်သည်။ ပြီး ... မန္တလေးမှာသာမက ပြင်ဦးလွင်မှာလည်း ဝယ်ယူထားပြီးသော ခြံနှင့် တစ်ထပ်တိုက် ရှိနေသေးသည်။ နဂိုကပင် ဒေါ်မိမိချိုအတွက် တိုယိုတာကော်ရိုလာ ကားရှိသည်။ ရန်ကုန်ရောက်တော့လည်း ထိုကော်ရိုလာကားကိုပင် ဒေါ်မိမိချို ဈေးသွားဈေးလာနှင့် လူမှုရေးသုံးအတွက် ဆက်သုံးသည်။

ဦးဘအောင်အတွက်မှာမူ ရုံးတက်ရုံးဆင်း ရုံးတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထပ်းဆောင်ရန် ဌာနမှ ဒရိုင်ဘာရော ကားရော ပေးထားသည်။ ဦးဘအောင်သည် သူ၏ ရုံးကားကို အိမ်ကိစ္စ လုံးဝမသုံးစေရ။

ထိုရောအခါ အောင်စိုးမိုး ကျောင်းတက်ရန် ကား တစ်စီး လိုအပ်လာသည်။

ကျောင်းတက်ရန်နှင့် အောင်စိုးမိုး ဟိုနားဒီနားသွား ရုံမျှသာ လိုအပ်သောကြောင့် မာဇဒါဘီခြောက်ရာကားသစ်လေး တစ်စီးကို ဝယ်ပေးထားလိုက်သည်။ ဒါကလည်း ... ဦးဘအောင် တွက် ရသင့်သော ပါမစ်အရ ဝယ်ယူလိုက်ခြင်းသာ ဖြစ်သည်။

အောင်စိုးမိုးက ငယ်ရွယ်သူမို့ ကားမောင်းကြမ်းချင် သည်။ ဘီခြောက်ရာကားနှင့်ဆိုလျှင် ကားသေးပြီး အင်ဂျင်ဆွဲအား လည်း ပျော့သဖြင့် အလောတော် ဖြစ်သွားပေသည်။

အောင်စိုးမိုး ကျောင်းတက်ချိန်မှာ နံနက်(၈)နာရီ ဖြစ်ပြီး ညနေ သုံးနာရီခွဲ လေးနာရီဆိုလျှင် ယေဘုယျအားဖြင့် ကျောင်းဆင်းသည်။

သို့သော် အောင်စိုးမိုးသည် ကျောင်းဆင်းချိန်တွင် အိမ်သို့ တန်းပြန်လေ့မရှိတတ် ... ။ ကျောင်းဆင်းလျှင် အတန်းတူ ကျောင်းသားများရှိသော ကျောင်းဆောင်သို့လိုက်သွားပြီး စာကျက် လေ့ရှိသည်။

အောင်စိုးမိုးတို့ စာကျက်ပုံက တစ်မျိုး၊ အတန်းတူ





ဘာသာတူ သူငယ်ချင်းတွေ စုဝေးပြီး တစ်ယောက်တစ်လှည့် ကျောင်းစာမေးခွန်းများကို စာမေးပွဲစစ်သလို မေးသည်ကို ကျန် လူများက ဖြေကြရသည်။ အဖြေမှားမှ စာအုပ်ပြန်ကြည့် အဖြေမှန် ရှာသော စာကျက်နည်း ဖြစ်သည်။

ထိုနည်းက တစ်ယောက်တည်း စာထိုင်ကျက်သော နည်းထက် ပိုမိုခရီးရောက်ပေသည်။

ယနေ့လည်း ...

အောင်စိုးမိုးသည် အိမ်သို့ ခြောက်နာရီထိုးပြီးမှ ပြန် ရောက်လာသည်။

အိမ်ရောက်ပြီးမှ ဦးလှိုင်ဘွား သေဆုံးမှုတွင် မမွန် နှင့် မည်သို့ ပတ်သက်နိုင်သနည်းဆိုသည်ကို စဉ်းစားပြန်သည်။

ဦးလှိုင်ဘွား အသတ်ခံရမှုနှင့် ပတ်သက်ပြီး မမွန် သည် လုံးဝ လူသိခံချင်မည်မဟုတ်မှန်း အောင်စိုးမိုး သဘောပေါက် ထားသည်။ လူသိမခံချင်သော ကိစ္စကို မိမိက မမွန်ကို သွားမေး မြန်းလိုက်ပါက မမွန်အနေနှင့် အပြောရခက်ရှာမည်။ ထိုကိစ္စ မေး မိလျှင် မိမိကိုပင် စပ်စုလိုက်တာဟု မကျေမနပ်ဖြင့် အမုန်းပွား သွားနိုင်သည်။

မိမိအပေါ် မမွန်က မလိုလားမည်၊ မကျေနပ်မည်၊ အမုန်းပွားမည်ကိုတော့ အောင်စိုးမိုး နှမ်းစေ့လောက်တောင် အဖြစ် မခံနိုင်။ မမွန်ကို မိမိ သိပ်ချစ်သည်။ အလားတူ မမွန်ကလည်း မိမိကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချစ်ပါတယ်ဆိုသည့် အဖြေကို မက်မောကြီးစွာ မျှော်လင့်နေချိန် ဖြစ်နေပါ၏။

မိမိဘာသာ ထိုကိစ္စကို ဘေးမှ စုံစမ်းပြီး မမှန်၏ မေတ်မေကို ကျိုတ်ပြီး ကူညီမည်ဟု ဆုံးဖြတ်လိုက်သည်။

အောင်စိုးမိုး ပထမဦးစွာ စိတ်ကူးလိုက်သည်။ ခနေ့ တ ပိမိနှင့် စကားပြောခဲ့ရသော ဦးလှိုင်ဘွား သေဆုံးမှုကို အမှုတိုင် မမှုလိုက် တာဝန်ထမ်းနေသည့် ရဲအရာရှိထံသို့ သွားရောက်တွေ့ ဆုံ လေ့လာစုံစမ်းခြင်းသည်သာ အကောင်းဆုံးဟု စိတ်ကူးလိုက် သည်။

အောင်စိုးမိုး ခရိုးချိုး ညစာထမင်းစားပြီး ထိုအမှု လိုက် ရဲအရာရှိထံသို့ သူ၏ ကားပြာလေး မောင်းထွက်လာခဲ့သည်။

အောင်စိုးမိုး သွားရာ လမ်းဘေးတစ်နေရာရှိ သစ် ပင်တွေအုပ်ကြားထဲတွင် မှန်ဘီလူးဖြင့် သစ်ပင်ကွယ်မှ လှမ်းကြည့် နေသူတစ်ယောက် ရှိနေသည်။ ထိုသူ၏ဘေးတွင် စက်အဖုံးကို ဖွင့် ထားပြီး လက်ထဲတွင် ကားပြင်ပစ္စည်းများ ကိုင်ရပ်နေသူတစ်ဦး ရှိနေပါ၏။

ဖြတ်သွားဖြတ်လာများအမြင်တွင် ချက်ပလက် အမျိုးအစား ကုန်တင်ကားကြီးတစ်စီး စက်ချို့ယွင်းနေသောကြောင့် လမ်းဘေးချ ပြုပြင်နေသည်ဟု မြင်ရမည်။

ထိုကားပြင်သူသည် မှန်ဘီလူးဖြင့် လေးဘီးကား





အပြာလေး၏ ရှေ့နံပါတ်ကို အဝေးမှ လှမ်းကြည့်ပြီး ပြီးကာ ဦးခေါင်း မသိမသာ ညိတ်လိုက်သည်။ ပြီး ... ဖွင့်ထားသော ကားကြီး၏ စက်ဖုံးကို ပြန်ပိတ်သည်။ ထို့နောက် ကားကြီးပေါ် ပြန်တက်ပြီး ကားကြီးကို စက်နှိုးလိုက်သည်။

အောင်စိုးမိုးသည် သတိုစောစွာဖြင့် သူ၏ လေးဘီး ကားလေးကို လီဗာကုန်နင်းကာ အရှိန်ဖြင့် မောင်းလာသည်။ လမ်း မှာ လူရှင်းကားရှင်းသည်မို့ အရှိန်ပြင်းစွာ မောင်းနိုင်ခြင်းလည်း ဖြစ် ပါ၏။

"ဟာ ... ဟာ ... ဟာ ..."

အောင်စိုးမိုး လုံးဝ မျှော်လင့်မထားသောကိစ္စ ဖြစ် သွားပေတော့သည်။

ချက်ပလက်ခေါင်းရှည် ကုန်တင်ကားကြီးတစ်စီး သည် အောင်စိုးမိုး ကားလေးနှင့် မျက်နှာချင်းဆိုင်တည့်တည့်ကြီး ဝင်လာသည်။

'ကျွီ ... ကျွီ ... ကျွီ' အသံတွေထွက်အောင် ဘရိတ် ကို နင်းပါ၏။ သို့သော် အရှိန်ပြင်းစွာ မောင်းလာသည့်ကားသည် ဘရိတ်နင်း၍ ဘီများလည်ပတ်ခြင်း ရပ်သွားသော်လည်း ကတ္တရာ လမ်းမို့ အရှိန်ဖြင့် ဘီးချွတ်တိုက်ပါသွားသည်။

သို့တိုင်အောင် ... ခေါင်းရှည်ကုန်တင်ကားကြီးမှာ ဘရိတ်နင်း အရှိန်သတ်ခြင်း မပြုဘဲ မောင်းသဖြင့် ... ကားနှစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းချင်းတိုင် တိုက်မည့်အခြေအနေ ရောက်သွားသည်။

အောင်စိုးမိုး ကားမောင်းကျွမ်းကျင်လှပေသည်။

သို့သော် မည်မျှ ကျွမ်းကျင်စေကာမူ တမင် ရှေ့မှ ဝင်တိုက်သော ကားကြီးကို အတယ်ကျွမ်းကျင်သော ယာဉ်မောင်းပေလား လွတ်အောင်ရှောင်နိုင်ပေမည်နည်း။

အောင်စိုးမိုးသည် ညာဘက်သို့ ကွေ့ချိုးချလိုက်သည်။

ခေါင်းချင်းတော့တိုက် လွတ်သွားသော်လည်း ကားကြီး၏ ရှေ့ဘန်ကာက အောင်စိုးမိုး၏ လက်ဝဲဘက် ဘေးခြမ်းကို ဝင်တိုက်တော့သည်။ အောင်စိုးမိုး ကားလေး လက်ဝဲလမ်းဘေးသို့ လိမ့်ပြီး ပက်လက်မှောက်ခုံ ကျသွားလေတော့သည်။ လမ်းဘေးတွင် လေးဘီးကားလေး အမိုးပက်လက် လေးဘီးမိုးထောင်ကျသွားပါလေတော့သည်။

ထိုခဏမှာပင် မြို့ထဲဘက်မှ မောင်းလာသော ကားမီးရောင်က စူးရှစွာ ကျဆင်းထွက်ပေါ်လာသောကြောင့် ခေါင်းရှည်ကုန်တင်ကားကြီးသည် ရပ်နားခြင်းမပြုတော့ဘဲ ထိုနေရာမှ အရှိန်ပြင်းစွာ မောင်းပြေးထွက်သွားပေတော့သည်။





၁၀

အောင်စိုးမိုး၏သတင်းကို ဘော်ဒါဆောင်တွင် အတူနေ မမအေးကပင် သိရှိလာသည်။

"အောင်စိုးမိုး ဆေးရုံရောက်နေပြီတဲ့ မွန်မွန် ..."

"ကိုအောင် ဆေးရုံရောက်နေတယ် ဟုတ်လား မမအေး ပြော ... ပြောစမ်းပါ ... မမအေး ကြားခဲ့သလောက် ..."

မြတ်ချည်မွန် ထိပ် မြွေခဲပူပန်သွားရတော့သည်။ မြူးမြူးပျာပျာ ပြန်မေးတော့သည်။

"ကုန်တင်ကားကြီးတစ်စီးနဲ့ တိုက်မိတာတဲ့ ... ကိုအောင်ရဲ့ ကားလေးက လမ်းဘေးကျ မှောက်သွားတာလို့ ကြားခဲ့တယ် ..."



www.burmeseclassic.com

"ဟို ..."

မြတ်ရည်မွန် မျက်ရည်တွေ ကျလာသည်။ မိမိအဖြစ်မှာ မှုပ်သွားလေရာ မိုးလိုက်ရှာသည့်ကိန်း ဆိုက်နေပြီ။ သောကမျှင်းတွေသည် တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲ ရောက်လာပေသည်။

"ခုက္ခပါပဲ မမအေးရယ် ..."

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကိုအောင် ဒီအဆောင်ကို လာသေးတယ်ဆို ... မမအေးက တနင်္ဂနွေနေ့က အိမ်ပြန်အိပ်တော့ မသိလိုက်ဘူး ... ချိုချိုက ပြောတယ် ... ကိုအောင် ခုံတန်းလျားပေါ်မှာ မွန်မွန် ကျန်ခဲ့တဲ့ စလင်းဘတ်အိတ်ကို ချိုချိုကတစ်ဆင့် ပေးခိုင်းလိုက်တယ်တဲ့ ... ချိုချိုကပဲ ပြောသေးတယ် ... ကိုအောင် လာတာကို မွန်မွန်က အတွေ့မခံဘဲ အခန်းထဲက မထွက်ဘူးတဲ့ ... ကိုအောင့်ကို မြင်ရတာလည်း မျက်စိမျက်မျက်နှာမျက်နဲ့တဲ့ ..."

အဆောင်အတူနေ မိတ်ဆွေများသည် မြတ်ရည်မွန်က ကိုအောင်ဟု ခေါ်သလို ကိုအောင်ဟုပင် ခေါ်ကြသည်။ မြတ်ရည်မွန်ကိုလည်း ချစ်စနိုး မွန်မွန်ဟု ခေါ်ကြသည်။

"ဟုတ်ပါတယ် မမအေးရယ် ... ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကိုအောင်ကို မွန်မွန် အပြတ်ပြောလိုက်ပါတယ် ... ဒါကြောင့်





သူ စိတ်ညစ်အရက်သောက်ပြီး ကားတိုက်သလား မသိဘူး"

"အင်း ... ဒါကလည်း ဖြစ်တတ်တဲ့သဘောပေါ့လေ ... ငယ်ရွယ်တဲ့ ချစ်သူချင်းဟာ စကားပြောမတည့်လိုက် စကားများလိုက် စိတ်ကောက်လိုက်ဖြစ်တတ်တာပဲ မွန်မွန် ..."

"ကိုအောင်နဲ့ မွန်မွန် ချစ်သူဘဝ မရောက်ကြသေးပါဘူး မမအေး ... ခုချိန်ထိ ကိုအောင့်ကို မွန်မွန် အဖြေမပေးသေးပါဘူး ..."

"ဟယ် ... ဟုတ်ပါရိုးလားကွယ် ... ကိုအောင်နဲ့ မွန်မွန် တနင်္ဂနွေနေ့တိုင်း အပတ်တိုင်း တွေ့ဆုံခဲ့တာ ... နှစ်နဲ့ချီကြာနေပြီ ဖြစ်တာကို မမအေးတို့အားလုံး မြင်နေသားပဲဟာ ... တို့များအားလုံးက ကိုအောင်နဲ့ မွန်မွန် ချစ်နေကြပြီလို့ ယူဆထားကြတာ ... ကိုအောင်ကို ကြားရတာ မဆိုးပါဘူး မွန်မွန် ... အဘက်ဘက်က တော်တဲ့လူတစ်ယောက်လို့ ပြောကြတာပဲ ..."

"ဟုတ်ပါတယ် မမအေး ... ကိုအောင့်ကို မွန်မွန့်ရင်ထဲကလည်း ချစ်နေတာပါပဲ ... ဒါပေမဲ့ သူ့မိဘအဆင့်နဲ့ မွန်မွန့်မိဘအဆင့်က အမြင့်အနိမ့် သိပ်ကွာလွန်းနေတယ် မမအေး။ ဒါကြောင့် ... ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကိုအောင့်ကို လမ်းခွဲကြဖို့ မွန်မွန် အပြတ်ပြောလိုက်တယ် ... ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မမအေး ... မွန်မွန် ကိုအောင့်ကို ဆေးရုံမှာ သွားကြည့်ချင်တယ် ... မမအေး အဖော်လိုက်ပေးပါလားဟင် ... ဆေးရုံတို့ ဘာတို့ကို မွန်မွန် မသွားတတ် မလာတတ်လို့ပါ ... "

"ရတယ်လေ ... မမအေး လိုက်ပေးမယ် ... "

မွန်မွန်နှင့် မမအေး(ခေါ်)ဥမ္မာအေး ထွက်လာချိန်မှာ လေးနာရီခွဲပင် ရှိသေးသည်။ လမ်းထိပ်တွင် တွေ့သော အငှားကား ငှားပြီး ဆေးရုံသို့ ရောက်လာကြသည်။

"ကိုအောင့်အခန်းက ဘယ်လောက်လဲ ... "

"မသိဘူးလေ ... ဒါပေမဲ့ မမအေး အင်ကွာရီမှာ သွားစုံစမ်းပေးမယ် ... အောင်စိုးမိုးက ဆေးကျောင်းသားလည်း ဖြစ်ပြန် သူ့မိဘတွေကလည်း ကျော်ကြားသူတွေ ဖြစ်ပြန်နေတော့ စုံစမ်းရလွယ်မှာပါ မွန်မွန် ... "

မမအေး ပြောသည့်အတိုင်းပင် အင်ကွာရီက အောင်စိုးမိုး တက်ရောက်နေသည့် အထပ်နှင့်တကွ ဝင်နံပါတ်၊ အခန်းနံပါတ်တို့ကို ချက်ချင်း ဖြေပေးရုံမက လိုက်ပြပေးရန် သူနာပြုဆရာမလေးတစ်ယောက်ကိုပင် ထည့်ပေးလိုက်သည်။

"ဟောဟိုအခန်းပဲ ... တွေ့လား ... လူနာက ထိုင်ပြီးတောင် စကားပြောနိုင်နေပြီ ... "

ဟုတ်ပေသည်။ အောင်စိုးမိုးသည် ခုတင်ခေါင်းရင်းဘက် အမြင့်ကို ခေါင်းအုံးထောင် နောက်ကျောမှီပြီး ဝိုင်းဝိုင်းလည်လာရောက်မေးမြန်းသူများဖြင့် ရယ်မောကာ စကားပြောနေသည်ကို အဝေးကပင် တွေ့ရပေသည်။





လူနာမေး ဝိုင်းဝိုင်းလည်များတွင် အောင်စိုးမိုး၏ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ အပေါင်းအသင်းတွေ ဖြစ်ပေမည်။ ထိုလူများ အားလုံးသည် သာမန်ထက်ပို၍ အဆင့်မြင့်ဂုဏ်မြင့်သူတွေ ဖြစ်ပေမည်။

မြတ်ရည်မွန်က မမအေး(ဥမ္မာအေး)၏လက်ကို ဆွဲပြီး ရပ်စေသည်။

"ဟဲ့ ... ဘာလို့လဲ မွန်မွန် ... "

"ပြန်စို့တော့ မမအေး ... "

"အယ် ... နင့်ဟာက ... "

"ကိုအောင် စိုးရိမ်စရာမရှိဘူး ... နေကောင်းနေတာကို လှမ်းမြင်ရပြီပဲ မမအေးရယ် ... မွန်မွန်က ကိုအောင့်အခြေအနေကိုပဲ သိချင်တာ ... ပြန်ကြပါစို့တော့ ... ဝိုင်းဝိုင်းလည်အုပ်ထဲ မွန်မွန် မဝင်ချင်လို့ပါ မမအေးရယ် ... "

"ရောက်လာပြီးမှတော့ မွန်မွန် လာတဲ့အကြောင်း အောင်စိုးမိုးသိဖို့ကောင်းတာပေါ့။ အေးပါလေ၊ ဒါပေမဲ့ မမအေး မွန်မွန့်ကို နားလည်ပါတယ်၊ပြန်မယ်ဆိုလည်းပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား နောက်ကြောင်းပြန်လှည့်ပြန်လာခဲ့ကြသည်။ အငှားကားနှင့်ပင် ပြန်လာရင်း မအေး(ခေါ်)ဥမ္မာအေးက ညည်းညည်းတွားတွားလေး ပြောလိုက်သည်။

"ဖိုးညီမ မှန်မှန်က တကယ့်ကို သိုးမလေးတစ်ကောင်ပါပဲကွယ် ..."

ပြီး





## ၁၁

ဘော်ဒါဆောင်၏ သရက်ပင်ကြီးနောက်တွင် ... 'ထိုလူ'ကို တွေ့ရပေသည်။

ခပ်ကောင်းကောင်း ဘေးဒေါက်ထားသော မော်တော်ဆိုင်ကယ်ကို ထိုလူက မှေးမှိုရပ်နေခြင်းဖြစ်သည်။ နဖူးအုပ် ဦးထုပ်မဆောင်းတော့ပြီ။ သို့သော် နေကာမျက်မှန်တပ်ထားဆဲ ဖြစ်ပါ၏။ ဂျင်းဂျာကင်နှင့် ဘောင်းဘီပင် ဝတ်လာသည်။ အဝတ်အစားမြင်ရုံနှင့် သူ့ကို မှတ်မိစေရန် ဒီဝတ်စုံကိုပင် ပြန်ဝတ်လာခြင်း ဖြစ်ပါ၏။

"ဟင် ..."

ထိုလူ့ကို တွေ့သည်နှင့် ... မြတ်ရည်မှ , အံ့သြအာမေဋိတ်သံ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အတူလိုက်ပါ ပြန်လာသော ဥမ္မာအေးကလည်း မြတ်ရည်မွန် ကြည့်ရာသို့ လိုက်ကြည့်ပြီး ထိုလူကို တွေ့ရသည်။

အမြင်မဆိုးပေ။ ရုပ်ရည်အရပ်အမောင်း သားနား သူ ဖြစ်ပေသည်။ အရပ် ငါးပေရှစ်လက်မခန့် ရှိအုံသည်။ ခန္ဓာကိုယ် တည်ဆောက်ပုံမှာ ကျစ်လျစ်နိုင်မာပုံရသည်။ ဆံပင်ဖြီးထားခြင်း မရှိသော ဖွာရာကျဲနေသည်ကပင် တစ်မျိုးကြည့်ကောင်းသည်၊

မြတ်ရည်မွန်နှင့် ဥမ္မာအေး အငှားကားဖြင့် ပြန်ရောက်လာသည်ကို တွေ့သည်နှင့် ထိုလူသည် မှိုမှေးနေရာမှ မတ်မတ်ရပ်လိုက်သည်။

မြတ်ရည်မွန်ကို ထိုလူက သွားဖြူတန်း ပေါ်သည်အထိ ပြုံးနှုတ်ဆက်သည်။ ပြီး ... အငှားကား ရပ်ရာသို့ လျှောက်လာသည်။

"မွန်မွန်ရဲ့ဧည့်သည် ထင်တယ် ..."

"ဟုတ်တယ် မမအေး ... အသိဖြစ်တာ မကြာသေးပါဘူး၊ ဒီနေ့ညနေ ဒီအဆောင်ကို လာခဲ့မယ်လို့တော့ ပြောထားသား ... မွန်မွန်က ကိုအောင့်အောနဲ့ ဒီလိုချိန်းထားတာကို သတိမရ ဖြစ်သွားတယ် ..."

"ကဲ ... ဒါဆို မမအေးတော့ အဆောင်ခန်းမှာ ဝင်နားတော့မယ်"





ဟု ပြောပြီး ဥမ္မာအေး အဆောင်ထဲသို့ ဝင်လျှောက်သွားသည်။

"ဒီညနေ တို့လာမယ်လို့ ပြောထားပါတယ်နော် ..."

"အဲဒါ ကျွန်မ မေ့သွားတယ် ..."

"ဩော် ... ဩော်၊ မမြတ်ရည်မွန်က တို့ကို အဲဒီလောက် ကြီးတောင် အသိအမှတ်ပြုထားပေသကိုး ..."

ထိုလူ စိန်ဝင်းမောင်ဆိုသူက သူ့ဟာသူပြော သူ့ဟာသူ ရယ်မောလိုက်သည်။

ချိန်းထားပါလျက် မြတ်ရည်မွန်က မေ့လျော့သွားပါသည်ဆိုခြင်းကို စိတ်ဆိုးဟန် မရှိ ရယ်ရယ်မောမောပင် ဟာသပြောသေးသည်။

မြတ်ရည်မွန် အားနာစိတ်လေး ဖြစ်သွားရပါ၏။

"ကိုစိန်ဝင်းမောင် ချိန်းထားတာကို မေ့သွားတာမျိုးရယ်လည်း မဟုတ်ပါဘူး ... မြန်းခနဲ မိတ်ဆွေတစ်ယောက် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားတယ်ဆိုတာ ကြားလို့ ကမန်းကတန်း သွားကြည့်တာပါ ..."

စိန်ဝင်းမောင်က ခြံကျယ်ကြီးကို ဝေ့ကြည့်လိုက်သည်။

"ဒီနေရာမှာ တို့က ဧည့်သည်၊ မမြတ်ရည်မွန်က အိမ်ရှင်၊



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်ကို အိမ်ရှင်က နေရာပေးမှ ဘယ်နေရာမှာ ထိုင်ရမယ်ဆိုတာ သိမှာပါ … တို့ မှမြတ်ရည်မွန်ကို ပြောစရာစကားတွေ အများကြီး ရှိနေပါတယ် …"

"ဒါဆို လာလေ … ဟို သော်ကာပင်ကြီးနောက်မှာ ထိုင်ကြတာပေါ့ …"

သော်ကာပင်ကြီးသည် ဝင်မအဆောင်နှင့် အတန်ငယ် အလှမ်းဝေးသည်။ ပင်စည်ကို ပတ်ချာဝိုင်းပြီး ထိုင်ခုံ ဆေးရောင်စုံ ရှိသည်။

ထိုပင်စည်ဝိုင်းထိုင်ခုံမှာပင် ထိုင်လိုက်ကြသည်။

စိန်ဝင်းမောင်သည် မြတ်ရည်မွန်ကို ကြည့်။ အဝေးသို့ကြည့်ရင်း မေးမြန်းလိုက်သည်။

"ဆေးရုံက လူနာအခြေအနေတရော …"

"ရှင် …"

"ဪ … အောင်စိုးမိုး ဆိုတဲ့ ချာတိတ်တစ်ယောက် ကားတိုက်ပြီး ဆေးရုံရောက်သွားတဲ့အခြေအနေကို မေးတာပါ"

မြတ်ရည်မွန် ထပ်မံ အံ့ဩရပြန်သည်။

"ကိုစိန်ဝင်းမောင်က အောင်စိုးမိုး ကားချင်းတိုက်ပြီး ဆေးရုံရောက်သွားတာကိုလည်း သိနေတာပဲလား …"

"တို့က မော်တော်ဆိုင်ကယ်တစ်စီး ကင်မရာတစ်လုံးနဲ့





အရပ်လေးမျက်နှာ လျှောက်သွားနေတဲ့ သူပဲလေ …"

"ရှင်က သတင်းထောက်လား …"

"မဟုတ်ပါဘူး … ဝရမ်းပြေးပါ …"

"အို …"

စိန်ဝင်းမောင်ထံမှ ရယ်မောသံ ထပ်မံထွက်လာပြန်သည်။ အူထဲအသည်းထဲက ရယ်ပုံမျိုး ဖြစ်နေသည်။ သူ့ကိုယ်သူ ဝရမ်းပြေးပါဟု ပြောခြင်းမှာ ဟာသသဘော ရွှတ်နောက်ပြောသည်ဟု မြတ်ရည်မွန် ယူဆလိုက်သည်။

အကြောင်းမှု စကားပြောရာတွင် မြတ်ရည်မွန်ကို စေ့စေ့ကြည့်ခြင်းမရှိဘဲ အဝေးသို့ ကြည့်ကာ ပြောလိုက်သည့်စကားတိုင်းတွင် ဟာသလေး ညှပ်ပြောသောကြောင့် ဖြစ်ပါ၏။

"တို့ ထင်တယ်လေ … အောင်စိုးမိုးရဲ့ အခြေအနေဟာ သိပ်တော့ မလွယ်ဘူးလို့ … တိုက်မိတဲ့ ကားချင်းကလည်း ဟိုက ကုန်တင်လော်ရီကား အကြီးကြီးဆိုပဲ … အောင်စိုးမိုးကားက ကားသေးလေး တိုက်မိတဲ့အရှိန်နဲ့ လမ်းဘေးကို သုံးလေးပတ် လည်ကျသွားတာတဲ့ …"

"တို့စိန်ဝင်းမောင်က မျက်စိနဲ့ ကိုယ်တိုင် တပ်အပ်မြင်သလိုပဲနော် …"

"သတင်းကြားပေါ့ မမြတ်ရည်မွန်ရယ် … တို့က လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



က လူဆိုတော့ လမ်းပေါ်မှာ ဖြစ်ပျက်သမျှ ဒက်ခနဲ ကြားရတာပေါ့ ...”

ကိုစိန်ဝင်းမောင်သည်သတင်းထောက်တစ်ယောက်ဖြစ်ပြီး ဟာသပြောတတ်သော အကျင့်ရှိသည်ဟု မြတ်ရည်မွန် မှတ်ယူလိုက်တော့သည်။

“ကိုအောင်စိုးမိုးရဲ့ အခြေအနေ ကောင်းပါတယ် ...”

“ဘာရယ် ...”

စိန်ဝင်းမောင်၏ ‘ဘာရယ်’ ဟု ပြောသောအသံမှာ ခက်ထန်ပြီး ကျယ်လောင်သွားသလားဟု မြတ်ရည်မွန် ထင်လိုက်မိသည်။

“တို့ အံ့ဩသွားလို့ပါ ... ဒီလောက် အပြင်းအထန် ကားချင်းတိုက်ကြတာတောင် အခြေအနေ ကောင်းတယ်ဆိုတာကိုလေ ...”

“ကံကောင်းတယ်လို့ ပြောရမှာပေါ့ ကိုစိန်ဝင်းမောင် ... ကားက လိမ့်သွားတာ မြေပျော့ပေါ်မှာ လိမ့်သွားတာမို့ စတီးယာရင်ကွင်းနဲ့ ရင်ဘတ်ဆောင့်မိတာရယ် ... ဦးခေါင်းတစ်ချက် ပေါက်သွားတာရယ် နှစ်ခုပဲ ဒဏ်ရာ ရသွားတာတဲ့ ...”

စိန်ဝင်းမောင်သည် နားထောင်ရင်း လူမမြင်အောင်





အံ့ကြိတ်မိသည်။ သူ၏တွက်ကိန်း လွဲချော်သွားပြီဟုလည်း သိလိုက်ရသည်။ မိမိ ညံ့သောကြောင့် တွက်ကိန်းမဝင်ဟုသာ သဘောထားလိုက်သည်။

ဒါထက် ... အောင်စိုးမိုး ဆေးရုံမှာ အခြေအနေ
ကောင်းတယ်လို့ ပြောနိုင်အောင် မြတ်ရည်မွန်နဲ့ အောင်စိုးမိုး ဆေးရုံ
မှာ တွေ့ခဲ့ပြီးပြီလား။ စကားပြောခဲ့ကြရလား။ အောင်စိုးမိုးက
ဦးလှိုင်ဘွား အသတ်ခံရမှုမှာ အမှုလိုက်ရဲအရာရှိနဲ့တွေ့ပြီး အဲဒီ
ရဲအရာရှိက အောင်စိုးမိုးကို ဘာတွေပြောလိုက်သလဲ။ အောင်
စိုးမိုးဟာ မြတ်ရည်မွန်ဆီ လာခဲ့သေးတာပဲ။အဆောင်တံခါးပိတ်
ထားလို့ ပြန်သွားတာ။ အောင်စိုးမိုးဟာ တို့နဲ့ မြတ်ရည်မွန်ကြားမှာ
ဆူးပြောင့်ခလုတ် ဖြစ်လာလို့ တို့က အသေဆော်ထည့်တာ။ ဒါ
တောင် ... ဒီကောင် မသေရုံမက အခြေအနေကောင်းနေသေး
တယ်။ ဒီကောင် မြတ်ရည်မွန်ကို ဆေးရုံမှာ ဘာတွေများ ပြောသလဲ
စသဖြင့် ... သို့လော သို့လော အချက်တွေကို စိန်ဝင်းမောင် ရင်ထဲ
တွင် တသကြီး ပြန်မေးနေမိသည်။

“ဒါဆို အောင်စိုးမိုးနဲ့ မမြတ်ရည်မွန်တို့ ဆေးရုံမှာ တွေ့ပြီး စကားတွေ ပြောခဲ့ကြရမှာပေါ့နော် ...”

မြတ်ရည်မွန်က ညင်သာစွာ ဦးခေါင်းခါပြသည်။

“မတွေ့ခဲ့ရပါဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ..."

"ကိုအောင့်ဘေးမှာ သူ့မိဘတွေ၊ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ တစ်ပြုံကြီး ဝိုင်းနေတယ်လေ ... အဲဒီ ဝိုင်းနေတဲ့လူတွေအားလုံးဟာ မျက်နှာကြီး ဂုဏ်သရေရှိ လူတွေချည်းပဲ၊ မြတ်ရည်မွန် ဒီလူအုပ်ကို ထိုးဖောက်ပြီး ကိုအောင့်ကို ဘယ်မှ ဝင်တွေ့ရပ့ါမလဲ ... ဒါကြောင့် ကိုအောင့်အခြေအနေကို အဝေးက လှမ်းကြည့်ပြီး ပြန်လာခဲ့တာ ..."

စိန်ဝင်းမောင် ကျေနပ်သော သက်ပြင်းချမိပါ၏။

"အောင်စိုးမိုးကို နောက်တစ်ခေါက် ထပ်သွားတွေ့ဖို့ မြတ်ရည်မွန် ရည်ရွယ်ထားသေးလား ..."

"မရည်ရွယ်တော့ဘူး ... ဒီနေ့ သွားကြည့်တာကလည်း ကိုအောင့်အခြေအနေ သိပ်ဆိုးနေသလားလို့ စိုးရိမ်ပူပန်လို့ သွားကြည့်တာ ... အခုလို အခြေအနေကောင်းနေမှတော့ နောက်ထပ် သွားတွေ့ကြည့်ဖို့ စိတ်မကူးတော့ဘူး ..."

"ဒါပေမဲ့ ... အောင်စိုးမိုးကတော့ ဆေးရုံက ဆင်းတာနဲ့ မြတ်ရည်မွန်ကို ဒီအဆောင်မှာ လာတွေ့မှာ လာတွေ့မှာ သေချာတယ် ..."

"မထင်တော့ပါဘူး ... တနင်္ဂနွေနေ့က ကျွန်မက အပြတ်ပြောလိုက်တာရယ်၊ သူ ဆေးရုံတက်နေမှန်း ကျွန်မက





သွားမတွေ့တာရယ်တွေကြောင့် ... သူ ကျွန်မကို စိတ်နာကြည်းနေမှာပါ ..."

"ဒါဆို ... အောင်စိုးမိုးနဲ့ မြတ်ရည်မွန်ဟာ စိတ်ကောက်နေကြတဲ့သဘောပေါ့ ဟုတ်လား ..."

မြတ်ရည်မွန်သည် ဖျတ်ခနဲ စိန်ဝင်းမောင်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။ စိန်ဝင်းမောင်ကတော့ မြတ်ရည်မွန်ကို မကြည့် ... တခြားဘက်သို့သာ ကြည့်နေသည်ကို တွေ့ရသည်။

"နေပါဦး ... ကိုစိန်ဝင်းမောင်က ကိုအောင့်အကြောင်း စိတ်ဝင်စားလွန်းလှချည်လား၊ မနေ့က ဖုန်းပြောတုန်းကလည်း ကိုအောင့်ကို မလိုလားတဲ့ စကားမျိုးတွေ ပြောခဲ့သေးတယ် ..."

"မမြတ်ရည်မွန် အတွက်ပါ ..."

"ဘာရယ် ... ကျွန်မအတွက် ဟုတ်လား ... မဆိုင်လိုက်တာ၊ ဘာမှမဆိုင်ဘူး ..."

"ဟုတ်ပါတယ် ... ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ မတိုင်ခင်အထိတော့ ဘာမှမဆိုင်ခဲ့ဘူး ... အောင်စိုးမိုးနဲ့ မြတ်ရည်မွန် ဘယ်လိုအခြေအနေမှာ ရှိနေနေ တို့နဲ့ မဆိုင်ခဲ့ဘူး ... ဒါပေမဲ့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဦးလှိုင်ဘွား သေသွားပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက် အောင်စိုးမိုးနဲ့ တို့ဟာ ဆိုင်လာတယ်၊ ပတ်သက်လာတယ် ... ဒီတော့ အောင်စိုးမိုးနဲ့ မမြတ်ရည်မွန်တို့ရဲ့ ဆက်ဆံရေးကိစ္စဟာလည်း တို့နဲ့ ဆိုင်လာတယ် ... မဆိုင်ချင်လို့ မရတော့ဘူး ... "

"ရှင်ပြောတာတွေ ကျွန်မ နားမလည်ဘူး ... "

"တို့က ကိုယ့်ဟာကိုယ် မနေနိုင် မထိုင်နိုင်ဘဲ မမြတ်ရည်မွန်ကို ကူညီခဲ့မိတယ်လေ ... အဲဒီနေ့က တို့က ဦးလှိုင်ဘွားနဲ့ တခြားကိစ္စတစ်ခုအတွက် ရောက်လာခဲ့တာပါ ... အဲဒီအချိန်မှာ မမြတ်ရည်မွန်က ဦးလှိုင်ဘွားရဲ့ အိမ်ထဲကို ဝင်သွားပြီလေ ... အဲဒါကို တို့ သိပ်အံ့သြရုံမကဘူး ... မမြတ်ရည်မွန်အတွက်လည်း စိုးရိမ်သွားမိတယ် ... "

"ဘာကြောင့် ကျွန်မအတွက် စိုးရိမ်ရတာလဲ ... "

"ဦးလှိုင်ဘွားဟာ ... လူကောင်းတစ်ယောက် မဟုတ်မှန်း တို့က သိနေပြီးသားပဲ ... ဦးလှိုင်ဘွားဟာ ဂူအောင်းနေတဲ့ ကျားကြီးပဲ ... မမြတ်ရည်မွန်က ဘာမသိ ညာမသိနဲ့ ကျားဆိုးကြီးရဲ့ ဂူထဲ တည့်တည့်ကြီးဝင်သွားတဲ့ သမင်မလေး ဖြစ်နေတော့ ဒီသမင်ပျိုမလေးတော့ ကျားစားခံရတော့မယ်ဆိုတဲ့ စိုးရိမ်ပူပန်စိတ်ပေါ့ မြတ်ရည်မွန် ... "

စိန်ဝင်းမောင်၏ စကားတို့သည် မှန်လည်း မှန်နေ





သည်။ ပြောသည့်စကားနှင့် ပြောသောအသံထဲတွင် ကရုဏာသံနှင့် ကရုဏာစကားတွေ ဖြစ်နေသည်။ သူပြောသည့်အတိုင်းလည်း ဦးလှိုင်ဘွားသည် မိမိအပေါ် လူရော ပစ္စည်းရော အပိုင်စီးဖို့ အလွန်ယုတ်မာစွာ ကြံစည်ခဲ့သည်မှာ မှန်နေသည်။

"ဟုတ်တယ် ကိုစိန်ဝင်းမောင် ... ကျွန်မဟာ ကိုစိန်ဝင်းမောင် စိုးရိမ်ပူပန်တဲ့ အခြေအနေမျိုး တွေ့ကြုံလိုက်တာပဲ၊ ကျွန်မက လက်ဦးသွားလို့သာ ကျွန်မ ကျားဆိုးလူယုတ်မာလက်က လွတ်သွားတယ် ... "

"တကယ်တမ်းကျတော့ တို့က ဦးလှိုင်ဘွားကို ကြောက်ရတဲ့လူလေ ... သူ့ကို မလွန်ဆန်ရဲတဲ့လူတွေပေါ့ ... ဒါကြောင့် ဖြန်းဖြန်းဒိုင်းဒိုင်း အိမ်ထဲ ဝင်မကူညီရဲဘူး ... နောက်ပြီး မမြတ်ရည်မွန်ကိုယ်တိုင် တစ်ယောက်တည်း သူ့အိမ်ကို ဝင်သွားတာဆိုတော့ သူနဲ့ မမြတ်ရည်မွန်ရဲ့ ဆက်ဆံရေးဟာ ဘယ်လိုမှန်း တို့ မသိဘူး ... ဒါကြောင့် ဖြန်းခနဲ မဝင်ရဲလို့ တံခါးပေါက်ဝမှာ ရပ်ပြီး အကဲခတ်နားစွင့်နေတာ ... "

"ကိုစိန်ဝင်းမောင် ရောက်လာတဲ့အချိန်မှာ ကျွန်မက ဦးလှိုင်ဘွားကို လက်လွန်သွားပြီးပြီလေ ... "

စိန်ဝင်းမောင် ပခုံးတွန့်ပြသည်။

"ဖြစ်သွားတာတွေက စက္ကန့်ပိုင်းအတွင်းမှာ သိပ်မြန်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ် … မမြတ်ရည်မွန်က လက်ထဲ သေနတ်ရတာနဲ့ ပစ်ထည့်လိုက်တာကိုး … နောက်ပြီး ဦးလှိုင်ဘွားမှာ သေနတ်ရှိနေမှန်းလည်း တို့ သိထားတယ် … ဒါကြောင့်လည်း အိမ်ထဲကို စွတ်ရမ်းမဝင်ရဲတာလည်း ပါတယ် … ”

“ထားပါတော့လေ … ဒါတွေက ပြီးသွားပြီပဲ … အခု … ကိုအောင်နဲ့ ရှင်နဲ့ ပတ်သက်လာတယ်ဆိုတာကိုပဲ ပြောပြပါလား … ”

“တို့အနေနဲ့ မမြတ်ရည်မွန်ကို ဝင်ကူညီတယ်တင်မကဘူး ရဲနဲ့ ပတ်သက်စရာဖြစ်လာတာပေါ့ မမြတ်ရည်မွန် … ဦးလှိုင်ဘွားကို မမြတ်ရည်မွန် ပစ်သတ်မှုမှာ တို့ဟာ ကြံရာပါလို့ ရဲက သိသွားတာနဲ့ တို့ကိုလည်း ရဲက ဘယ်ချမ်းသာပေးတော့မလဲ … အဲဒီလို ဖြစ်နေတဲ့အခြေအနေမှာ အောင်စိုးမိုးက ဦးလှိုင်ဘွားရဲ့ အမှုကို ကိုင်နေတဲ့ ရဲအရာရှိ အိုင်အိုနဲ့ အဖွဲ့ကျတယ်လေ … ”

“ဟင် … ဟုတ်ရဲ့လား … ”

“သိပ်ကို ဟုတ်တယ် မမြတ်ရည်မွန် … အဲဒီ တနင်္ဂနွေနေ့က နေဝင်ရီရောအချိန်မှာ ဦးလှိုင်ဘွား အသတ်ခံရတယ်လို့ ဘယ်လိုသတင်းရသွားလဲတော့ မသိဘူး … ရဲတွေ ရောက်လာကြတယ် … တို့ကလည်း စိတ်ထဲမှ စနောင့်စနင်းဖြစ်





နေတာမို့ ရဲတွေ ဘယ်လောက်အထိ စုံစမ်းလို့ရသလဲဆိုတာ မနီးမဝေးက တစေ့တစောင်း အကဲခတ်ကြည့်နေတုန်းမှာပဲ အောင်စိုးမိုး လေးဘီးကားပြာလေးနဲ့ ရောက်လာတယ်၊ ဦးလှိုင်ဘွား အိမ်ရှေ့မှာ ကားရပ်ဆင်းလာပြီး အမှုလိုက် အိုင်အိုရဲအရာရှိနဲ့ စကားပြောတာ တို့ကိုယ်တိုင် မျက်စိနဲ့ တပ်အပ် မြင်တာပဲဟာ … ”

“အို … မဟုတ်နိုင်ဘူး။ ကိုအောင်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာဆိုဘာမှ သိတာမဟုတ်ဘူး … ကျွန်မကိုယ်တိုင် ဒီကိစ္စနဲ့ ပတ်သက်လို့ … ကိုအောင့်ကို တစ်ခွန်းမှ မပြောဖူးဘူး … ဦးလှိုင်ဘွားဆိုတဲ့ နာမည်ကို ကိုအောင် ကြားတောင် ကြားဖူးမှာ မဟုတ်ပါဘူး … ”

စိန်ဝင်းမောင် ပခုံးတွန့်ပြပြန်သည်။

“ဒါတော့ မပြောတတ်ဘူး … အဲဒီ တနင်္ဂနွေညနေက တို့ကိုယ်တိုင် အောင်စိုးမိုးနဲ့ ရဲအရာရှိ စကားပြောနေတာ မြင်ခဲ့ပါတယ်လို့ ပြောပြီးပြီပဲ … ”

“လူမှားတာများလား ကိုစိန်ဝင်းမောင်ရယ် … ”

“သူ့ကားပြာလေးရဲ့ ကားနံပါတ်ဟာ ရှေ့က ‘ဓ’ အက္ခရာခံရပြီး ဟောဒီနံပါတ်လေးလုံးပဲ … တို့မြင်တဲ့ မှတ်ထားတဲ့ အတိုင်းပြောတာ … ”



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်၏ ကားပြာလေး ကားနံပါတ် မှန်ကန်နေသည်။

"အဲဒါ တို့က လူမှားနိုင်မလား ... သေချာအောင်ဆိုပြီး ဦးလှိုင်ဘွားအိမ်ရှေ့က သူ ပြန်မောင်းသွားတဲ့နောက်ကို တို့က မော်တော်ဆိုင်ကယ်နဲ့ လိုက်ကြည့်သေးတယ် ... သူ မြတ်ရည်မွန်ရဲ့ အမျိုးသမီးဘော်ဒါဆောင်ကို သွားတယ်၊ ခြံတံခါးကြီး ပိတ်ထားပြီ ... ဒီတော့မှ သူ ပြန်လှည့်ပြီး ပြန်မောင်းတဲ့နောက် တို့က ဆက်လိုက်ကြည့်သေးတယ် ... ပြည်ထောင်စုရိပ်သာ၊ တိုက်အမှတ်(    )နဲ့ အခန်းအမှတ် (    )ထဲ ဝင်သွားတယ် ... ဒါဆို တို့ လူမှားတာပါလို့ မမြတ်ရည်မွန် ပြောဦးမလား ..."

မြတ်ရည်မွန်က လူမှားပါတယ်ဟု စောဒက မတက်နိုင်တော့ပေ။ ကိုစိန်ဝင်းမောင်၏ ပြောပြချက်တွေသည် အမှန်တွေချည်း ဖြစ်နေသည်။

"အယ် ... နေဦး ..."

"ဘာများလဲ မမြတ်ရည်မွန် ..."

"ကျွန်မ ပြန်မှတ်မိပြီ ... အဲဒီနေ့က ကိုအောင် ကျွန်မဆီ လာသွားသေးတယ် ... ဒါကလည်း တနင်္ဂနွေနေ့ လာနေကျအတိုင်း လာတာပါ၊ သူ့ကို အပြတ်လမ်းခွဲဖို့ဖြစ်ကြောင်း





ကျွန်မ ပြောပြီး စိတ်စောနဲ့ အဆောင်ထဲ ဝင်အပြေးမှာ ခုံတန်းလျားပေါ်မှာ ကျွန်မ စလင်းဘတ်အိတ် မေ့ကျန်ခဲ့တယ် ... အဲဒီအိတ်ထဲမှာ ဦးလှိုင်ဘွားက ချိန်းခေါ်တဲ့စာနဲ့ ဦးလှိုင်ဘွား နေအိမ်လိပ်စာ ပါတာအားလုံးကို ကိုအောင် ဖွင့်ဖတ်တယ်ထင်တယ် ..."

"ထင်တယ် မဟုတ်ဘူး ... အဲဒီအတိုင်း အဲဒီစာအရ ဦးလှိုင်ဘွားဆီကို သူ လိုက်လာတာပဲ ဖြစ်ရမှာပေါ့ ..."

မြတ်ရည်မွန် ငြိမ်ပြီး စဉ်းစားပြန်သည်။ ကိုအောင် အဘယ်ကြောင့် ဦးလှိုင်ဘွားအိမ်သို့ သွားခဲ့ပေသနည်း။

"အင်းပေါ့လေ ... ကိုအောင်က အဲဒီနေ့က ကျွန်မက သူ့ကို အပြတ်လမ်းခွဲဖို့ ပြောတော့ သူ့စိတ်ထဲမှာ ဒီနေ့ကျမှ ကျွန်မ ဘာလို့ ဒီစကားမျိုး ပြောပါလိမ့်ဆိုတာ သိချင်မယ် ... ဒါကြောင့် အကြောင်းရင်း ရှာချင်တဲ့စိတ်နဲ့ ကျွန်မ စလင်းဘတ်အိတ်ကို ယူဖွင့်ကြည့်မယ် ... ဦးလှိုင်ဘွား ရေးထားတဲ့စာကို တွေ့မယ် ... အပြင်က ပြန်လာပြီးမှ သူ့ကို ကျွန်မက လမ်းခွဲကြောင်း အပြတ်ပြောစကားနဲ့ ဦးလှိုင်ဘွား ပေးတဲ့စာကို ဆက်စပ်ကြည့်ပြီး ဦးလှိုင်ဘွား အိမ်ကို လိပ်စာအတိုင်း လိုက်သွားတာ ဖြစ်မယ် ကိုစိန်ဝင်းမောင် ... သိင် သေချာတာတစ်ခုကတော့ ကိုအောင်ဟာ ကျွန်မ ဒုက္ခဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘယ်တော့မှ မလုပ်ဘူးဆိုတာပဲ ... "

"မမြတ်ရည်မွန် ခုက္ခဖြစ်အောင် လေုပ်ဘူးဆိုတာ သေချာတယ်ပဲ ထားပါတော့ ... ဒါပေမဲ့ ရဲအဖွဲ့က ဦးလှိုင်ဘွား အသတ်ခံ သေဆုံးသွားမှုကို စုံစမ်းနေပြီ ... အဲဒီ စုံစမ်းတဲ့ အထဲမှာ ... အဲဒီနေ့က မမြတ်ရည်မွန် ဦးလှိုင်ဘွားအိမ်ကို ရောက်သွားတယ်ဆိုတာကို ရဲက မသိလေ ကောင်းလေပဲ၊ အဲဒီအချက်ကို ရဲက သိတာနဲ့ ချက်ချင်း မမြတ်ရည်မွန်ကို ဖမ်းမှာပဲ ... "

မြတ်ရည်မွန့် မျက်နှာကို လက်ဝါးအုပ် ငိုချလိုက်တော့သည်။ ရဲကသာ မီမီကို ဖမ်းပြီဆိုပါက မီမီဘဝ အဖတ်ဆည် မရအောင် ဆုံးပေတော့မည်။

ထို့ပြင် ... ဖအေ့သမီးပဲ ဖအေလို လာမှာပေါ့ဟု သူများတံတွေးခွက်တွင် ပက်လက်မျောပေတော့မည်။

မြတ်ရည်မွန်မှာ အသက်ငယ်လှသေးသည်။ ချောမောလှပသူ ဖြစ်သည်။ တက္ကသိုလ်မှ ဘွဲ့ရဖို့လည်း တစ်နှစ်သာ လိုတော့သည်။ မီမီဘဝကို မီမီ တွယ်တာမြတ်နိုးသူ ဖြစ်သည်။ မီမီ ဘဝကို ဤပုံစံဖြင့် မပျက်စီးချင်။ ယင်းကြောင့် မီမီအား ရဲအဖွဲ့က ဖမ်းမည်ကို သေမလောက် စိုးရိမ်ပူပန်သည်။

"အင်း ... မိန်းနိုးကြွက်လျှောက်ဆိုသလိုပေါ့ မမြတ်ရည်မွန်၊





ဘယ်လိုမဆို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ ညနေပိုင်းက ဦးလှိုင် ဘွားအိမ်ကို မမြတ်ရည်မွန် သွားခဲ့ကြောင်း အောင်စိုးမိုးက သိသွားပြီ ... အဲဒီညနေကပဲ ဦးလှိုင်ဘွား သူ့နေအိမ်မှာ အသတ်ခံရကြောင်း အောင်စိုးမိုး သိသွားပြီ ... ဒီကြားထဲ အောင်စိုးမိုးက အမှုလိုက် ရဲအရာရှိနဲ့ သွားပတ်သက်လိုက်သေးတယ် ... အောင်စိုးမိုးက မမြတ်ရည်မွန် အပေါ်မှာ စေတနာမေတ္တာ အပြည့်ရှိတယ်ထားဦး ... အင်မတန် ပါးနပ်တဲ့ ရဲတွေရဲ့ အကွေ့အဝိုက် အလှည့်အပတ် မေးခွန်းတွေရဲ့ ကော်ကွင်းက အောင်စိုးမိုး လွတ်အောင် ရှောင်နိုင်မတဲ့လား၊ လျှစ်ခနဲ အောင်စိုးမိုး ပါးစပ်က မမြတ်ရည်မွန်ရဲ့ နာမည် လေး ထုတ်ပြောလိုက်တာနဲ့ ရဲက မမြတ်ရည်မွန်နောက်ကို လိုက်လာပြီမှတ်တော့ ... မမြတ်ရည်မွန်ကို ရဲအဖွဲ့က ခြေရာခံမိတာနဲ့ စေတနာနဲ့ ဝင်ကူညီမိတဲ့ တို့နောက်ကိုလည်း ရဲက လိုက်ပြီပေါ့ ... ဒါကြောင့် တို့ မမြတ်ရည်မွန်ဆီ ဖုန်းဆက်တုန်းက အောင်စိုးမိုးအပေါ် မလိုလားတဲ့ စကားသံမျိုးတွေ ပါသွားတာပါ ... ဒီချာတိတ် ကားတိုက်တုန်း သေသွား[illegible] လည်း အကောင်းသား ... "

"အို ... မဟုတ်တာ၊ ဘာတွေပြောမှန်း မသိဘူး ... ကို[illegible]င်က ဘာလို့ သေရမှာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရည်မွန်က ချက်ချင်း ပြန်ပြောရင်း စိန်ဝင်းမောင်ကို အကဲခတ်ပြန်သည်။ စိန်ဝင်းမောင် ပြောစကားမှာ ... ကိုအောင့်အပေါ်တွင် ရက်စက်လွန်းနေသည်။ ပြီး ... ကိုအောင် ကားချင်းအတိုက်ခံရသည်ကိုလည်း စိန်ဝင်းမောင်က အသေးစိတ် သိနေသည်။

"နေပါဦး ကိုစိန်ဝင်းမောင် ... ကိုအောင် ကားတိုက်ခံရတာ ကိုစိန်ဝင်းမောင်ရဲ့ ပယောဂ ကင်းမှကင်းရဲ့လား ... "

"ဘာ ... "

"မအော်ပါနဲ့ ... ကျွန်ကော ရှင် ကိုအောင့်အပေါ် ပြောပုံဆိုပုံတွေနဲ့ ကိုအောင် ကားတိုက်ခံရပုံကို အသေးစိတ် ရှင် သိနေတာတွေကို ဆက်စပ်ပြီး မေးလိုက်တာပါ ... "

စိန်ဝင်းမောင် ပခုံးတွန့်ပြန်သည်။

"ဆောရီးပဲ မမြတ်ရည်မွန် ... တို့မှာ လူတစ်ဖက်သားကို အော်တယ် ခေါက်တယ်ဆိုတာမျိုး မရှိဖူးခဲ့ပါဘူး ... အခု ကိစ္စမှာ အောင်စိုးမိုးရဲ့ စပ်စုလွန်းတာတွေပဲဟာ သူ့ရဲ့ စပ်စုမှုတွေကြောင့် မမြတ်ရည်မွန်ဆီ မြားဦးလှည့်လာမှာ စိုးရိမ်ပြီး ကရုဏာဒေါသောနဲ့ အော်ပြောမိတာပါ ... ဒီမယ် ... အောင်စိုးမိုး ကားတိုက်တာ တို့ပယောဂ လုံးဝမပါဘူး ... အောင်စိုးမိုးဟာ တကာယ်ကျတော့ ... ချာတိတ်ပဲ ရှိသေး





တယ် ... ချာတိတ်လူငယ်တွေမှာ ရှိတတ်တဲ့ စရိုက်အတိုင်း ကားမောင်းကြမ်းလွန်းလို့ တိုက်မိတာ ဖြစ်ချင်ဖြစ်မယ် ... ဒါမှမဟုတ် အောင်စိုးမိုးလို အဘက်ဘက်က ပြည့်စုံနေသူကို သူတို့ ချာတိတ်အချင်းချင်း မနာလိုဝန်တိုပြီး တမင် တိုက်တာ ဖြစ်ချင်ဖြစ်မယ် ... အောင်စိုးမိုးက ရုပ်လည်းချော တယ်လေ ... သူ့ကို ချစ်တဲ့ကြိုက်တဲ့ မိန်းမငယ်လေးတွေ တစ်ပုံကြီး ရှိမှာပေါ့ ... အဲဒီ မိန်းမငယ်လေးတွေရဲ့ ... မောင်ဘွားတွေ ဘာတွေ သူတို့ညီမ ... သူတို့ တူမကို အထိ ခံရတာကို မကျေနပ်လို့ မခံမရပ် ကားနဲ့ တိုက်တာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့ ... "

"အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး ... ကိုအောင် အဲဒီလို လူစားမျိုး မဟုတ်တာ ... အင်း ... ဒါပေမဲ့ ကိုအောင် ကားမောင်းရင် ကားမောင်းကြမ်းတယ်ဆိုတာတော့ မှန်တယ် ... ကားမောင်းကြမ်းလို့ တိုက်မိတာတော့ ဖြစ်နိုင်တယ် ... "

"အင်းပါလေ ... ထားပါတော့ ... တို့ အဓိက ဆိုလိုချင်တာကလည်း မမြတ်ရည်မွန်ဟာ အောင်စိုးမိုးနဲ့ ထပ်ပြီး မတွေ့သင့်တော့ဘူးဆိုတာကိုပါပဲ ... အောင်စိုးမိုးနောက်က ရဲ ခံတွေ ကပ်ပါလာလိမ့်မယ် ... ဒါမှမဟုတ် ရဲတွေက ဖမ်းလား ဆီးလား စစ်လား မေးလား လုပ်တာတွေကို ရင်ဆိုင်ရဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန် ရှိတယ်ဆိုရင်တော့လည်း တွေ့ပေါ့လေ ... "

"အို ... ရဲတွေနဲ့ ကျွန်မ ရင်မဆိုင်ချင်ပါဘူး ... နောက်ပြီး ကိုအောင့်ကိုလည်း အပြတ်ပြောပြီးသားပဲဟာ ... "

စိန်ဝင်းမောင်က ... ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ ပြီး ... မြတ်ရည်မွန်၏အကြောင်းကိုလည်း ပိုသိသွားသည်။ ရန်ကုန်တွင် မြတ်ရည်မွန်၌ မိဘမောင်နှမ ဆွေမျိုးအရင်းအချာ မရှိ။ တစ်ဦးတည်းရှိသော အဒေါ်ကလည်း ကျန်းမာရေးအတွက် မိတ္ထီလာတွင် သွား၍ နေရမှန်း အားလုံး သိသွားသည်။

ယင်းအခြေအနေတွင် မြတ်ရည်မွန်က အောင်စိုးမိုးကို ပစ်ပုံပြီး အားကိုးလိုက်မည်ကိုတော့ စိန်ဝင်းမောင် စိုးရိမ်သည်။

ဦးလှိုင်ဘွား အသတ်ခံရစဉ်က သိသူမှာ မိမိနှင့် မြတ်ရည်မွန်နှစ်ယောက်တည်းသာ ဖြစ်သည်။ ဒီကြားထဲမှာပင် မြတ်ရည်မွန် စလင်းဘတ် မေ့ကျန်ခဲ့သည့်အတွက် ဦးလှိုင်ဘွား အသတ်ခံရမှုကို အောင်စိုးမိုးပါ သိသူ သုံးယောက်ဖြစ်သွားပြီး အောင်စိုးမိုးသည် ငြိမ်ငြိမ်မနေဘဲ လှုသတ်မှုတွင် စပ်စပ်စုစုလေးတွေ လုပ်လာသည်။ အမှုလိုက် ရဲအရာရှိနှင့် မျက်နှာချင်းဆိုင် စကားပြောသည် အထိ ရှိလာသည်။

ဦးလှိုင်ဘွား အသတ်ခံရမှုကို ကိုင်တွယ်သော ရဲအရာရှိ အိုင်အိုဦးဆက်မင်း အမှန်ဖြစ်ပါသည်။ အရည်အချင်းကို





စိန်ဝင်းမောင် ကောင်းကောင်းသိထားသည်။ သိပ်တော်သည်။ သိပ် လျှက်ခံတတ်ကောင်းသည်။ အမှုစစ်ဆေးရာတွင် ပရိယာယ် သိပ် ကြွယ်ဝပြီး တရားခံနှုတ်မှ ဖွင့်ပြောလာအောင် နည်းမျိုးစုံသုံးသည်။ ဒီလိုရဲအရာရှိက အောင်စိုးမိုးကို ဒီအတိုင်း လွှတ်ထားမည်တဲ့လား။

အောင်စိုးမိုးမှတစ်ဆင့် မြတ်ရည်မွန်၊ မြတ်ရည်မွန် မှတစ်ဆင့် မိမိ စိန်ဝင်းမောင်ဆီသို့ ဦးဆက်မင်း မြားဦးလှည့်လာနိုင် ဖွယ်ရှိသည်။ ထို့ကြောင့်လည်း ... လောလောလတ်လတ်မှာပင် အောင်စိုးမိုးကို စိန်ဝင်းမောင် အပြတ်ရှင်းသည်။

သို့သော် အောင်စိုးမိုးသည် အသက်ပြင်းလှသည်။ ကံကောင်းလှသည်။ သေတွင်းမရောက်ခဲ့။

ပြီး ... စိန်ဝင်းမောင်က မြတ်ရည်မွန်သည် မိမိ စိန် ဝင်းမောင်တစ်ယောက်တည်းကိုသာ ယုံကြည်အားကိုးစိတ် ရှိစေ ချင်သည်။ အောင်စိုးမိုးကို အားကိုးသွားမှာ သိပ်စိုးရိမ်သည်။

ဒီတော့ ... အောင်စိုးမိုးနှင့် မြတ်ရည်မွန် ထပ်မံ မတွေ့ဆုံတော့အောင် မိမိက ကြံစည်ဖန်တီးရမည်။

"မမြတ်ရည်မွန် ပြောတဲ့အခြေအနေအတိုင်းဆိုရင် အောင် စိုးမိုးဟာ ဒီသုံးလေးရက်အတွင်း ဆေးရုံက ဆင်းလာမလား ဘဲ ... "

"ဆင်းနိုင်တယ် ထင်တာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းတာနဲ့ မြေတ်ရည်မွန်ကို သူ လာတွေ့မှာ အမှန်ပဲ"

"သိပ်မထင်ပါဘူး ... သူ့အနေနဲ့ ကျွန်ုပ်ကို တော်တော်စိတ်နာသွားပုံရတယ်၊ ကျွန်မ အကြောင်းမရှိဘဲ အပြစ်တင်ကော တယ်ဆို စိတ်နာပုံမျိုးနဲ့ပေါ့လေ ... နောက်ပြီး သူ့ ဆေးရုံ တက်တာကိုတော ... ကျွန်မ သွားမေးဖော်မရဘူးဆိုတဲ့ နာကြည်းချက်လည်း ရှိသေးတာပဲ ..."

စိန့်ဝင်းမောင် လက်မခံ။ ခေါင်းခါပြသည်။

"သူ မြေတ်ရည်မွန်ဆီကို လာမှာ သေချာပါတယ် ... စိတ်နာလို့ သူ့စိတ်အလျောက် မလာချင်ဘူးပဲ ထားဦး၊ ဦးဆက်မင်းရဲ့ တိုက်တွန်းချက်အရ သူ လာမှာ ..."

"ဦးဆက်မင်းဆိုသူက ဘယ်သူမို့လဲ ..."

"သိပ်ထက်မြက်ပြီး သိပ်တော်တဲ့ ရဲအရာရှိတစ်ယောက်လေ ... ခုစရိုက်ကောင်တွေအားလုံး ဦးဆက်မင်းဆိုရင် အဝေးက ရှောင်ပြေးတယ် ... အဲဒီဦးဆက်မင်းကိုမှ အောင်စိုးမိုးက သွားစကားပြောတာလေ ..."

မြတ်ရည်မွန် တွေဝေရပြန်သည်။ ပြီး မိမိဦးနှောက်တွင် ဖြစ်ပေါ်လာသည့်အတိုင်း ပြန်ပြောလိုက်သည်။

"ဦးလှိုင်ဘွား အမှုနဲ့ ပတ်သက်ပြီး မသင်္ကာစရာအနေနဲ့ ပထမဆုံးလူဟာ ကိုအောင်ပဲ မဟုတ်လား ကိုစိန့်ဝင်းမောင်၊





ဦးလှိုင်ဘွား အသတ်ခံပြီးစအချိန်မှာပဲ ကိုအောင်က ရောက်သွားပြီး ဦးလှိုင်ဘွားနဲ့ ပတ်သက်တဲ့အကြောင်း ပြောခဲ့သူပဲ ... ဒီတော့ ... ဦးဆက်မင်း ပထမဆုံး လိုက်မဲ့သူဟာ ကိုအောင်ပဲ ဖြစ်မှာပေါ့ ..."

"မမြတ်ရည်မွန် တွေးတာ မဆိုးပါဘူး ... ဒါပေမဲ့ ရဲအရာရှိ ဆက်မင်းဟာ အောင်စိုးမိုးကို ဆေးရုံမှာလည်း သွားမမေးရဲဘူး ... စခန်းကို လာခဲ့စမ်းလို့လည်း မခေါ်ရဲဘူး။ အောင်စိုးမိုး အိမ်ကိုလည်း သွားမေးမှာမဟုတ်ဘူး။ မလွယ်ပါဘူး ..."

"ဘာလို့ မလွယ်တာလဲ ..."

"ရဲအနေနဲ့က လူတစ်ယောက်ကို စစ်ဆေးမေးမြန်းမယ် ... အမှုထဲ ဆွဲထည့်မယ်ဆိုရင် ခိုင်လုံတဲ့အထောက်အထားတွေ တင်ပြပြီး အထက်ကို အမိန့်တောင်းရသေးတယ် ... အောင်စိုးမိုးလိုလူကို ဦးလှိုင်ဘွား အသတ်ခံရမှုနဲ့ ပတ်သက်ပြီး စစ်ဆေးချင်ပါတယ်လို့ ဆက်မင်းက အထက်အရာရှိကြီးတွေဆီ တင်ရဲမတဲ့လား ... ဆွဲထည့်နိုင်လောက်တဲ့ အထောက်အထား မရှိတဲ့အပြင် အောင်စိုးမိုးရဲ့အဖေဟာ အကောင်သိပ်ကြီးနေတယ် ... သူတို့အကောင်အကြီးချင်းတွေရဲ့သား ဖြစ်နေတာကြောင့် ... မခိုင်လုံဘဲ တင်ပြရင် ဦးဆက်မင်းတောင် အလုပ်ပြုတ်သွားနိုင်တယ် ... ဒါပေမဲ့ ဦးဆက်မင်း



www.burmeseclassic.com

www.burmeseclassic.com



က တခြားနည်းပရိယာယ်တစ်ခုခုနဲ့ အောင်စိုးမိုးကို ပူးပေါင်းနိုင်ဖို့ ကြိုးစားမှာပါ … အောင်စိုးမိုးက ဦးဆက်မင်းနဲ့ ပူးပေါင်းမိသွားပြီး မမြတ်ရည်မွန် စလင်းဘာတ်ထဲက ဦးလှိုင်ဘွားပေးတဲ့ စာအကြောင်းသာ ပြောလိုက်ရင်တော့ မမြတ်ရည်မွန် အဆောင်မှာ အရှက်ပက်ကွဲရုံမကဘူး … သတင်းထောက်တွေ အနံ့ရသွားရင် သတင်းစာထဲမှာကော ဦးလှိုင်ဘွား အသတ်ခံရမှုဖော်ပြရင် မမြတ်ရည်မွန် နာမည် ပါချင်ပါဦးမှာ … "

မြတ်ရည်မွန် ငိုချပြန်သည်။

ရဲတွေသာ အဆောင်လိုက်လာပြီး မိမိကို စစ်ဆေးမေးမြန်းခြင်း ပြုပါက … တကာယ်ပင် မျက်နှာမပြရဲတော့လောက်အောင် အရှက်ကွဲတော့မည်။

"ဒါဆို … ကျွန်မ ဘာလုပ်ရမလဲဟင် … ဘာလုပ်ရင်ကောင်းမလဲ ကိုစိန်ဝင်းမောင် … "

"တို့သာ မမြတ်ရည်မွန်နေရာမှာဆိုရင် ဒီတည်းခိုဆောင်ကနေ တခြားကို ခြေရာဖျောက် ပြောင်းနေလိုက်မှာပဲ"

"ဘယ်ပြောင်းနေရမှာလဲ … ရန်ကုန်မှာ ကျွန်မ ပြောင်းနေရမဲ့ အိမ်မျိုး တစ်အိမ်မှ မရှိဘာ … "

ခြံထဲ မနီးမဝေးတွင် အိမ်ဖော်ခလေး မိစိန်သည်





မြေကြီးကို တူးဆွပြီး ဘာပင်တွေ စိုက်နေမှန်းမသိ ရှိနေပေသည်။

"ကဲပါလေ … သိပ်လည်း အားငယ်မနေပါနဲ့ မမြတ်ရည်မွန်၊ တို့တစ်ယောက်လုံး ရှိပါသေးတယ် … အောင်စိုးမိုး ဆေးရုံက မဆင်းခင်မှာပဲ တစ်နေရာရာမှာနေဖို့ တို့ စီစဉ်ပေးပါ့မယ် … ဒီက ပြန်တာနဲ့ အဲဒီအတွက် တို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ် … ကဲ … ဒါဆို ပြန်ဦးမှ … စီစဉ်စရာတွေ စီစဉ်ဖို့လေ … "

မော်တော်ဆိုင်ကယ်နှင့် ထွက်ခွာသွားသော စိန်ဝင်းမောင်ကို ကြည့်ကာ သူ့စမျှာ မိမိကြောင့် ဆွမ်းခံရင်း ငှက်သင့်ရှာပါလားဟု တွေးလိုက်သည်။

၆



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"သြော် ... ခေါင်ဆက်မင်း လာပြော ... "

ရဲအုပ် ကိုဆက်မင်းအမှန်ဖြစ်ပါသည်။ ရဲကျင့်ဝတ်အတိုင်း အရိုအသေဂါရဝပြုထိုက်သူအား ဆလုရှိက် အံရိုအသေပေးလိုက်သည်။

ဦးဘအောင်လိုပုဂ္ဂိုလ်အား ရဲအုပ်ကိုဆက်မင်းက ကြည်ကြည်ညိုညို လေးလေးစားစားပင် အရိုအသေပေးပါ၏။

"အန်ကယ်နဲ့ အန်တီ ရောက်နေတာ ကြာပြီလား ... "

"အင်းပေါ့ ... ဆေးရုံတံခါးဖွင့်တဲ့ ညနေလေးနာရီကတည်းက ရောက်နေတာပေါ့ ... သားဇောနဲ့ အလုပ်မဖြောင့်ဘူးလေ ... လေးနာရီမတ်တင်းကတည်းက ရုံးဆင်းပြီး အန်တီ





ကို ဝင်ခေါ် ... သားဆီကို တန်းလာခဲ့ကြတာ ... "

တစ်ဦးတည်းသော သားလေး အောင်စိုးမိုး ဆေးရုံရောက်သည် ကြားသည်နှင့် ဖခင်ဖြစ်သော ဦးဘအောင်နှင့် ဒေါ်မိမိချိုမှာ မိုးကြိုးပစ်ခံလိုက်ရသလား ထင်မှတ်လိုက်ရသည်။ ဆေးရုံရောက်ပြီး သား အောင်စိုးမိုး အခြေအနေမှာ ဆိုးဆိုးဝါးဝါး မဟုတ်လေမှ ဟင်း၊ချနိုင်သည်။

သား အောင်စိုးမိုး ပြောပြချက်အရ လော်ရီကားကြီးသည် လမ်းဘေး တောတန်းအကွယ်မှ ဗြုန်းခနဲ ထွက်ပြီး မိမိကားကို တမင်တိုက်သည့်သဘော ရှိသည်ဟု ဆိုသဖြင့် ဦးဘအောင်က သက်ဆိုင်ရာ ယာဉ်မှတ်ပုံတင်ရုံး အကြီးအကဲထံသို့ ထိုလော်ရီကားကို စုံစမ်းပေးပါဟု မေတ္တာရပ်ခံလိုက်သည်။

ထို ကားတိုက်မှုအတွက်ပင် သက်ဆိုင်ရာအကြီးအကဲများက အတော်ဆုံးဟု ယူဆထားသည့် ရဲအုပ် ကိုဆက်မင်းကို လုံးဝ တာဝန်လွှဲပေးလိုက်သည်။ လိမ္မာပါးနပ်စွာဖြင့် အထူးဂရုစိုက် စုံစမ်းရန်လည်း လူကြီးများက မှာကြားလိုက်သည်။

ရဲအရာရှိ ကိုဆက်မင်းသည် ဆေးရုံရှိ အောင်စိုးမိုးထံ ခလာမီကတည်းက ကားတိုက်မှုကို သွေနည်းသွေဟန်ဖြင့် အားလုံးလိုက်လံ စုံစမ်းခဲ့သည်။

ယခု အောင်စိုးမိုးနှင့် တွေ့ဆုံရန် ရဲကြပ်ကြီးကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုသက်မင်း ရောက်လာခြင်း ဖြစ်တော့သည်။

"မောင်အောင်စိုးမိုးရဲ့ ကားကို တိုက်ခဲ့တဲ့ လော်ရီကားကြီးကို ကျွန်တော် ဖမ်းမိထားပါပြီ အန်ကယ် ... ကားပိုင်ရှင်ဟာ ပုဇွန်တောင် တပ်မြေရပ်ကွက်ထဲမှာနေတဲ့ ဦးအာမက်ပိုင်ကား ဖြစ်ပါတယ် ..."

"ဟာ ... တယ်ဟုတ်ပါလား ... ချက်ချင်းကို တိုက်တဲ့ကားကို ဖမ်းမိတာပါပဲလား ..."

"ဟုတ်ကဲ့ ... ဒါပေမဲ့ ကျွန်တော်ရဲ့ အစွမ်းအစ မပါသေးဘူး အန်ကယ် ..."

"အင်း ... ဆိုပါဦး ..."

"အောင်စိုးမိုးကို လော်ရီကားကြီးက တိုက်တဲ့အချိန်မှာ မြို့ထဲဘက်က လင့်ရိုဗာကားတစ်စီး ရှေ့မီးကြီးနှစ်လုံးဖွင့်ပြီး မောင်းလာလို့ အဲဒီလင့်ရိုဗာကားမောင်းတဲ့ ဒရိုင်ဘာက တိုက်ပြီး ထွက်ပြေးမောင်းသွားတဲ့ ... လော်ရီကားကြီးရဲ့ နောက်မြီး ကားနံပါတ်ကို မှတ်ထားလိုက်ပါတယ် ... အဲဒီလူ ပြောပြတဲ့ ယာဉ်အမှတ်အရ ယာဉ်မှတ်ပုံတင်ရုံးမှာ သွားရှာတော့ ပုဇွန်တောင် တပ်မြေရပ်ကွက်ထဲမှာနေတဲ့ ဦးအာမက် ပိုင်ရှင်ရဲ့ကား ဖြစ်နေတာကို သိရှိရပါတယ် ..."

"ဒါဆို လော်ရီကားမောင်းတဲ့လူကို ဖမ်းရုံပေါ့ ..."





"ဖမ်းမမိသေးပါဘူး အန်ကယ် ... စုံစမ်းရှာဖွေဆဲပါ ..."

"အာ ... ဦးအာမက် ကားကို ဦးအာမက်ကိုယ်တိုင် မောင်းရင် မောင်း ... ပိုင်ရှင်ကိုယ်တိုင် မမောင်းရင် မောင်းပေးတဲ့ ဒရိုင်ဘာ အငှားကောင်ကို ဦးအာမက်က ပိုင်ရှင်ပဲ သူ သိရမှာပေါ့ မောင်သက်မင်း ..."

"အဲဒီ လော်ရီကားကို အမြဲတမ်း ပိုင်ရှင်ဦးအာမက်ကိုယ်တိုင် မောင်းလေ့ရှိပါတယ်တဲ့ အန်ကယ် ... ဒါပေမဲ့ ကားတိုက်မှု ဖြစ်တဲ့နေ့က အဲဒီကားကြီးဟာ အခိုးခံထားရတဲ့ကား ဖြစ်နေပါတယ် ... သူ့ကားကြီး အခိုးခံရတဲ့အကြောင်းကိုလည်း အဲဒီနေ့ မွန်းလွဲနှစ်နာရီလောက်ကပဲ ကားကြီး အခိုးခံရကြောင်း ... ဦးအာမက်က ပုဇွန်တောင်ရဲစခန်းမှာ အမှုတိုင်ကြားထားတာ တွေ့ခဲ့ရပါတယ် ..."

"ဟော ..."

"ဒီလိုပါ အန်ကယ် ... ဦးအာမက်ရဲ့ လော်ရီကားကြီးဟာ အုတ်သယ်၊ သဲသယ်၊ ထင်းသယ် အပေါ်စားကားမျိုးပါ ... အဲဒီနေ့ နံနက်ပိုင်းမှာ ညောင်တန်းထင်းပုံဆိပ်က ထင်းနဲ့ မီးသွေးအိတ် သုံးခေါက် အော်ဒါလိုက်မောင်းပေးပြီး အဲဒီနောက် ... ပုဇွန်တောင်လမ်းမကြီးရဲ့ ပလက်ဖောင်းဘေး သူနေတဲ့ ရပ်ကွက်အနီးမှာပဲ ရပ်ထားခဲ့ပြီး ... ဦးအာမက်က



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက သူ့အိမ်မှာ အနားယူ တခရေးတမော ပြန်အိပ်တယ်တဲ့ ... ဦးအာမက်တို့ ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ဖြစ်နေလို့ အလုပ်ချိန်နေ့ပိုင်းမှာ ကားကြီးရပ်ကွက်အိမ်ရှေ့အထိ ယူထားရင် လမ်းကျဉ်းနဲ့ လမ်းပိတ်နေလို့ နေ့ပိုင်းအပြင်ကတ္တရာလမ်းဘေးမှာ ရပ်ပြီး ညကျမှ အိမ်ရှေ့ကို သွင်းလေ့ရှိပါတယ်တဲ့ ... အဲဒီနေ့က ဦးအာမက် အိမ်ပြန်အနားယူတုန်း ကားကြီး အခိုးခံရတာပါတဲ့ ... ဦးအာမက် အနားယူပြီး ကားဆီ ပြန်လာတော့ ခမက်တော်အားကြီး မရှိတော့ဘဲ အခိုးခံရလို့ ပုဇ္ဇန်တောင်ရဲစခန်းမှာ ကားအခိုးခံရမှု ဖွင့်ထားတာပါတဲ့ ..."

"ကားစက်နှိုးတဲ့သော့ကို ဦးအာမက် ပိုင်ရှင်က ယူမသွားဘူးတဲ့လားကွယ် ..."

"ဦးအာမက်ရဲ့ ဒီလိုကားမျိုးမှာ ကားသော့တွေ ကားတံခါးသော့တွေ မရှိပါဘူးတဲ့ ... ကားတံခါးရှိတဲ့ ကားမျိုးပဲ၊ နောက်ပြီး ... ကားကို သော့နဲ့ နှိုးတာမဟုတ်ဘဲ ဝါယာစ နှစ်ချောင်းပူးပြီး စက်နှိုးတဲ့ကားမျိုး ... ကားခုတ်ကြီးပါ အန်ကယ် ..."

"ဒါဆို ... အခိုးခံရတဲ့ ဦးအာမက်ရဲ့ကားကိုရော ပြန်တွေ့သလား ..."





"ပြန်တွေ့ပါတယ် အန်ကယ် ... အဲဒီကားတိုက်တဲ့နေ့ရဲ့ ညပိုင်း ရှစ်နာရီလောက်မှာ လမ်းဘေးမှာ ပိုင်ရှင်မဲ့ ထောက်ကြန့်ရဲက တွေ့ရှိပြီး ထောက်ကြန့်ရဲစခန်းကို မောင်းယူပြီး သိမ်းထားလိုက်ပါတယ် ... ဒီကားကို ခိုးပြီး အောင်စိုးမိုးကို တိုက်ခဲ့တဲ့ ဒရိုင်ဘာကိုတော့ စုံစမ်းလို့ မရသေးပါဘူး"

ဦးဘအောင်က သေချာစဉ်းစားပြီး ရဲအုပ်ကိုဆက်မင်းကို ပြန်ပြောပြသည်။

"စဉ်းစားစရာ ဖြစ်မနေဘူးလား မောင်ဆက်မင်း ... ကားခိုးတဲ့သူဟာ ကားကို ခိုးသွားရင်း ကားတိုက်မှုဖြစ်သွားလို့ လွတ်ရာမှာ ထားခဲ့ပြီး ထွက်ပြေးသွားတာလည်း ဖြစ်နိုင်တယ် ... ဒါမှမဟုတ် အန်ကယ်ရဲ့သား အောင်စိုးမိုးကို တမင် ဆောင့်ပြီး ဝင်တိုက်တာမျိုးလည်း ဖြစ်နိုင်နေတာပဲ"

"ဟုတ်ပါတယ် အန်ကယ် ... အဲဒီအချက်ကို ကျွန်တော် စဉ်းစားမိလို့ အခု အောင်စိုးမိုးနဲ့ စကားပြောချင်လို့ ဆေးရုံကို လိုက်လာတာပါပဲ အန်ကယ်၊ အောင်စိုးမိုးကို ကျွန်တော် လွတ်လွတ်လပ်လပ် စကားပြောခွင့်ရရင် သိပ်ကောင်းမလားလို့ပါ ... အဲ ... ဆေးရုံတက်နေရတဲ့ လူနာကို အနှောင့်အယှက်ပေးရာ ရောက်မှာလည်း ကျွန်တော် စိုးရိမ်မိပါတယ်၊ ဒါကြောင့် ... သက်ဆိုင်ရာ တာဝန်ကျဆရာဝန်ဆီမှာ ခွင့်



www.burmeseclassic.com

ကောင်းတော့ ဆရာဝန်က အောင်စိုးမိုးအခြေအနေ ကောင်းပါတယ် ... စကားပြောခွင့်ပြုပါတယ်ဆိုတာနဲ့ ဒီအခန်းအထိ ကျွန်တော် ဝင်လာခဲ့တာပါ ... အန်ကယ်တို့က လူနာရှင်မိဘအနေနဲ့ ခွင့်ပြုမယ်ဆိုရင်တော့ ... "

"ရတယ် မောင်ဆက်မင်း ... သားရဲ့အခြေအနေက ကောင်းနေသားပဲ ... စောစောက သူ့မိတ်ဆွေတောင် လာကြလို့ စကားပြောကြသေးတာပဲ မောင်ဆက်မင်း ... ကျုပ်သားနဲ့ ပြောချင်တာ ပြောပါ ... ကဲ ... လာ ... မချို၊ ငါတို့ အပြင်ဘက် ခဏထွက်ကြစို့ ... ဒါမျိုး ဖြစ်လာရင် ရဲအဖွဲ့က အမီကပဲ ... မချို ... လာ သွားကြစို့ ... "

ဒေါ်မိမိချိုက သား အောင်စိုးမိုးကို တယုတယ နှုတ်ဆက်ပြီး လင်တော်မောင်နှင့်အတူ လိုက်သွားပေတော့သည်။

ကိုဆက်မင်းက လူနာခုတင်ဘေးရှိ ခုံတိုင်ခွေးခြေခုံတွင် ထိုင်လိုက်သည်။ ရဲကြပ်ကြီးက မှတ်တတ်ရပ်စုပြီး လက်ရေးတိုစာအုပ်နှင့် ခဲတံ အသင့်ကိုင်ထားသည်။

"အောင်စိုးမိုးကို အစ်ကို ပြောစရာတွေ ရှိလာပြီ ... "

"ပြောပါ အစ်ကို ... "

ဦးဆက်မင်းက သူ့ကိုယ်သူ အစ်ကိုဆိုသည့် နာမ်စားကိုသုံးလိုက်သည်။ အမှုစစ်ဆေးသည့်ပုံစံမဟုတ်။ အာလာပသလ္လာပ





ပြောသည့်ပုံစံမျိုးဖြစ်သည်။

"အောင်စိုးမိုးလို့ ခေါ်ရတာ နည်းနည်းစိမ်းနေတယ် ... ဒါကြောင့် ငယ်သိမိတဲ့တွေခေါ်တဲ့အတိုင်း ကိုအောင်လို့ပဲ ခေါ်မယ်နော် ... "

"ကြိုက်သလို ခေါ်ပါ အစ်ကို ... "

"ဒီလိုပါ ကိုအောင် ... ကိုအောင့်ကို တိုက်သွားတဲ့ကားမောင်းသမားဟာ ဦးလှိုင်ဘွား လုပ်သတ်မှုနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေတယ်လို့ အစ်ကို ခိုင်ခိုင်မာမာလေး ယူဆမိတယ် ... အဲဒီကားမောင်းတဲ့လူကပဲ ကိုအောင့်ကို ကားနဲ့ အသေတိုက်သတ်တာပဲ ကိုအောင် ... "

"မဟုတ်နိုင်ဘူး ထင်တယ် ... ကျွန်တော့်မှာ ... ကနေ့ထိ ကျွန်တော့်ကို သတ်ချင်တဲ့သူ မရှိဘူးလို့ ကိုယ့်ဟာကိုယ် ယုံကြည်ထောင် ... ကျွန်တော် ကိုယ့်ဟာကိုယ် အသိဆုံးပါ"

"ကိုအောင်က ဦးလှိုင်ဘွားနဲ့ ပတ်သက်ခဲ့တာပဲ ... "

"ဘာဆိုဘာမှ ဦးလှိုင်ဘွားနဲ့ မပတ်သက်ခဲ့ဖူးဘူး၊ ခုချိန်ထိ ဦးလှိုင်ဘွားဆိုသူဟာ ဖြူသလား မည်းသလား ကျွန်တော် မမြင်ဖူးသေးဘူး အစ်ကို ... "

"ဒါဆို အဲဒီညနေက ကိုအောင် ဦးလှိုင်ဘွားဆီကို ဘာလို့ လာခဲ့တာလဲ ... "

www.burmeseclassic.com



"ဟာ ... ဒါက အလကားပါ ..."

"ဒါက အလကားပါဆိုတဲ့စကားကို အစ်ကိုသဘောပေါက်အောင် ပြောပြပါလား ..."

"အဲဒီ ... မဥ္စူလမ်းထဲမှာရှိတဲ့ ကျွန်တော့်သူငယ်ချင်းဆီ သွားရင်း အစ်ကိုတို့ရဲ့တွေ ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို မြင်တာနဲ့ ဘာဖြစ်ပါလိမ့်ဆိုတဲ့ စပ်စုချင်စိတ်နဲ့ ဆင်းကြည့်တာပါ"

"ကိုအောင့်သူငယ်ချင်းနာမည်က ဘယ်သူတဲ့လဲ ... အဲဒီ သူငယ်ချင်းက အဲဒီ မဥ္စူလမ်း ခြံနံပါတ် ဘယ်လောက်မှာ နေသလဲ ... သူငယ်ချင်းကရော ဆေးကျောင်းသားပဲလား၊ သူ့မိဘအမည်တွေကို ဘယ်လိုခေါ်သလဲ ... ဘာအလုပ် လုပ်ကြသလဲ ကိုအောင် ..."

အောင်စိုးမိုး စိတ်ရှုပ်သွားသည်။ ခုတင်ပေါ် ပက်လက်အနေအထားကပင် မျက်မှောင်ကြုတ်လိုက်မိသည်။

"အဲဒီလမ်းမှာ သူတို့က မရှိတော့ဘူး ... ပြောင်းသွားကြပြီတဲ့ ... ဘာလဲ အစ်ကို ... အစ်ကိုက အမှုလိုက် ရဲအရာရှိအနေနဲ့ ကျွန်တော့်ကို စစ်ချက်တွေ ယူနေတာလားဗျာ"

"မေးမြန်းနေတာပဲ ကိုအောင် ... စစ်ချက်ယူတယ်ဆိုတဲ့ အဆင့်က အမှုမှာ အဆင့်မြင့်သွားပြီ ... စစ်ချက်ယူတယ်ဆိုရင် အစစ်ခံရသူကို ရဲစခန်းခေါ်ယူတယ် ... နောက်ပြီး





ကိုအောင်ရဲ့ မိဘတွေဆီမှာ ကိုအောင်ဟာ ဦးလှိုင်ဘွား လူသတ်မှုနဲ့ ပတ်သက်ပြီး စစ်မေးပါရစေဆိုတဲ့ ခွင့်ပြုချက် အစ်ကို တောင်းခံရမယ် ... ဘာလို့လဲဆိုတော့ ကိုအောင်ဟာ လူကြီးတစ်ယောက် မမည်သေးဘူး ... မိဘအုပ်ထိန်းမှုအောက်မှာပဲ ရှိနေသေးတဲ့ ကျောင်းသားမို့ပဲ ..."

"အို ... ဖေဖေနဲ့ မေမေကို စိတ်ရှုပ်စရာတွေ သွားမလုပ်ပါနဲ့ အစ်ကို ... ဖေဖေက ရင့်ကျက်တယ် ထားဦး ... မေမေက ဒါမျိုးတွေ ကြုံဖူးတာ မဟုတ်ဘူး ... သွေးတိုးရောဂါ ဖြစ်သွားမယ် အစ်ကို ..."

အောင်စိုးမိုး လေသံပျော့သွားသည်။ ယခုကိစ္စတွင် ဖေဖေနှင့် မေမေ့ကို မသိစေလိုပေ။ ချစ်လှစွာသော မြတ်ရည်မွန်အတွက်လည်း အထူးစိုးရိမ်လှသည်။ မြတ်ရည်မွန်သည် ဦးလှိုင်ဘွား အသတ်ခံရမှုတွင် တစ်ခုခု ပတ်သက်နေသည်ဟုလည်း ထင်မိသည်။

ယင်းကိစ္စအတွက် မြတ်ရည်မွန်နှင့် ပထမ တွေ့ဆုံချင်သေးသည်။ မေးမြန်းကြည့်ချင်သေးသည်။

မမွန် စလင်းဘတ်အိတ်ထဲမှ ဦးလှိုင်ဘွား ပေးသောစာကြောင့် မီမိ မဥ္စူလမ်းသို့ လိုက်သွားကြောင်း ဖွင့်ပြောလျှင် မမွန် နာမည်ကို ထည့်ပြောရပေတော့မည်။ မမွန်နာမည်ကို ဒီအမှုထဲ မပါစေချင်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ပြောမယ် ကိုအောင် … အစ်ကိုတို့ ရဲတွေဆိုတာဟာ တန်ခိုးရှင်တွေ မဟုတ်ပါဘူး … အကြားအမြင်ပေါက်နေသူတွေလည်း မဟုတ်ပါဘူး … ဒီလူဟာ တရားခံပဲလို့ ခွတ် ဖမ်းဆီးဖို့လည်း သတ်မှတ်ထားတဲ့ ရဲစည်းကမ်းဥပဒေက ခွင့်မပြုဘူး … အမှုတစ်ခုဖြစ်လာရင် အစ်ကိုတို့က သဲလွန်စရှာရတယ် … သက်သေရှာရတယ် … မိုးတစ်(မ်)လို့ခေါ်တဲ့ ကျူးကြောင်းဆက်နွယ်မှုကို ရှာရတယ်၊ စုံစမ်းရတယ် … အဲဒီလို ကွင်းဆက်လေးတွေကို အထောက်အထားသက်သေ သဲလွန်စတွေ ရှာဖွေစုံစမ်းပြီးမှ တစ်ကွင်းနဲ့တစ်ကွင်း ဆက်ယူရတာပါ … အခု ကိုအောင့်ကို အစ်ကို မေးနေတာတွေဟာ အဲဒီ ကွင်းဆက်ကလေးတွေ ရှာကြည့်တဲ့သဘောပါ … ကိုအောင် အမှန်အကန် ဖြေဆိုမှုဟာ ကွင်းလေးတွေ ဖြစ်လာနိုင်လို့ပါ … "

"ဒါဆို … အခု အစ်ကို့မှာ အဲဒီလို ကွင်းကလေးတွေ ဘယ်လောက်ထိ ရထားပြီလဲ … ရထားတဲ့ ကွင်းလေးတွေကိုရော ဘယ်လောက်ဆက်လို့ ရထားပြီလဲ … "

ကိုဆက်မင်းက ရဲအရာရှိဆောင်း ဦးထုပ်ကို ချွတ်ခါ လူနာခုတင်ဘေးရှိ စားပွဲပေါ်သို့ ညင်သာစွာ တင်ထားလိုက်သေးသည်။





"အဲဒီ စုံစမ်းလို့ရတဲ့ ကွင်းကလေးတွေဆိုတာဟာ ရဲတာဝန်အရ လျှို့ဝှက်ပဲ ကိုအောင်! … ဘေးလူတစ်ယောက်ကို ပြောပြလေ့မရှိဘူး … ဒါပေမဲ့ ငါညီ ကိုအောင်ကိုယ်တိုင်က ဆေးတက္ကသိုလ်ကျောင်းသား လူရည်မွန် မိဘကလည်း တကယ့်ထိပ်သီးဌာနဆိုင်ရာ အကြီးအကဲ ဖြစ်နေတာကို ယုံကြည်စိတ်နဲ့ လျှို့ဝှက်ကိုပဲ အစ်ကို ပြောပြပါ့မယ် … "

"ကျေးဇူးတင်ပါတယ် အစ်ကို … ပြောပြပါ … "

"ဦးလှိုင်ဘွားရဲ့ အလောင်းကို ထုံးစံအတိုင်း သက်ဆိုင်ရာ တာဝန်ကျ … မှုခင်းဆရာဝန်နဲ့ စစ်ဆေးကြည့်ခဲ့တယ် … အဆိပ်ရာသုံးမျိုး တွေ့ရတယ် … ဦးခေါင်းကို တုံးပြီး ခေါင်းကွဲသွားတဲ့ ဒဏ်ရာ … ဒါကတော့ အရက်ပုလင်းကွဲတာတွေကို သက်သေတွေ့ရတဲ့ သူ့အရက်ပုလင်းနဲ့ပဲ ဦးခေါင်းကို အရိုက်ခံရတယ်ဆိုတာ တွေ့တယ်ပေါ့ကွာ … "

"ဒါဆို အဲဒီ အရက်ပုလင်းဟာ ဦးလှိုင်ဘွား သောက်ထားတဲ့ အရက်ပုလင်းပေါ့နော် … "

"ဦးလှိုင်ဘွားရဲ့ အစာအိမ်မှာရော၊ သွေးကြောတွေထဲမှာရော ရောက်ရှိတဲ့အရက်ဟာ ပုလင်းအကွဲမှာ ကပ်နေတဲ့ အရက်နဲ့ အမျိုးအစားခြင်း တူနေတာမို့ ဒီပုလင်းထဲက အရက်တွေ … ဦးလှိုင်ဘွား သောက်ခဲ့တယ်လို့ပဲ ဆေးမှူး



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျဆရာဝန်က မှတ်ချက်ပေးပါတယ် ... "

"ဒါဆို အရက်ပုလင်းနဲ့ အရိုက်ခံရ ခေါင်းကွဲပြီး ဦးလှိုင်ဘွား သေရတာပေါ့ ဟုတ်လား အစ်ကို ... "

"မဟုတ်ဘူး ငါ့ညီ ... အဲဒီဦးခေါင်းက ဒဏ်ရာဟာ အသတ် သေလောက်တဲ့ဒဏ်ရာ မဟုတ်ဘူးလို့ ဆရာဝန်က ဆိုတယ်၊ ဦးလှိုင်ဘွား တကယ်သေရတာက သေနတ်နဲ့ အပစ်ခံရလို့ သေတာတဲ့ ... "

"ဗျာ ... သေနတ်နဲ့ အပစ်ခံရတာ ဟုတ်လား ... ပစ်တဲ့သူ က သေနတ်ဘယ်ကရလို့လဲတဲ့ ... "

ဤနေရာတွင် အလွန်အကင်းပါးသော ဦးဆက်မင်းက အောင်စိုးမိုး၏ ပစ်တဲ့သူ ဘယ်က သေနတ်ရသလဲဟု ပြန်မေးခြင်းကို ချက်ချင်းသတိထားလိုက်သည်။ သေနတ်နှင့်ပစ်သူတွင် ကိုယ်ပိုင်သေနတ်မရှိကြောင်း အောင်စိုးမိုးက သိနေမှန်း ကိုဆက်မင်း သတိထားလိုက်မိခြင်း ဖြစ်ပါ၏။ သို့သော် ဦးဆက်မင်းက ဘာမှ သတိထားမိဟန်မပြဘဲ ဆက်ပြောပြသည်။

"အံ့ဩစရာပဲ ကိုအောင် ... ဦးလှိုင်ဘွားဟာ သူ့ တိတ်တိတ်ပုန်း လိုင်စင်မဲ့ကိုင်တဲ့ သူ့သေနတ်နဲ့ပဲ သူ အပစ်ခံရတာပဲ"

"ဟင် ... "

"ဒီလိုလေကွာ ... သေနတ်လေးက နှစ်ဒသမငါးသာရှိတဲ့





မိန်းမကိုင် ငါးလုံးပြူးသေနတ်အသေးစားလေးပါ ... လက် ဝါးထဲ အုပ်ကိုင်ထားရင်တောင် မမြင်နိုင်လောက်တဲ့အရွယ် အစားလေးပါ ... သူ့ကျည်ဆန်ကိုက ကလေးတွေရေးတဲ့ ကျောက်သင်ပုန်းကျောက်တံလုံးပတ်လောက်ပဲ ရှိတယ်"

"အဲဒီသေနတ်လေးဟာ ဦးလှိုင်ဘွားရဲ့သေနတ်ဆိုတာရော သေချာရဲ့လား အစ်ကို ... "

"သက်သေသက္ခာရ အရပေါ့ကွာ ... တကယ်တော့ ... သေနတ်ဆိုတာ ကြီးကြီးငယ်ငယ် ကိုင်ဆောင်ရင် ကိုင် ဆောင်ခွင့် လိုင်စင်ရှိမှ ကိုင်ခွင့်ရှိတာပဲ ... မှတ်တမ်းရုံးမှာ ရှာဖွေကြည့်တော့ ဒီသေနတ်ဟာ လိုင်စင်မရှိ တိတ်တိတ် ပုန်းသေနတ် ဖြစ်နေတာကို တွေ့ရတယ် ... နောက်ပြီး အဲဒီသေနတ်လေးနဲ့ ဦးလှိုင်ဘွားဟာ သူ့ခြံထဲ ဝင်လာတဲ့ ခွေးတို့ နွားတို့ ဆိတ်တို့ကို ပစ်ခတ်တတ်ကြောင်း အနီး အနားက ကလေးတွေက ပြောကြတယ် ... ခွေးရှင်၊ ကြက် ရှင်၊ ဆိတ်ရှင်၊ နွားရှင်ကလေးတွေကို မင်းတို့ အကောင်တွေ ငါ့ခြံထဲ မဝင်စေနဲ့ ... ငါ့ခြံထဲဝင်ရင် ဒီသေနတ်နဲ့ ပစ်မယ်" လို့ သေနတ်ထောင်ပြပြီး ကြိမ်းမောင်းဖူးတယ်လို့ ပြော တယ် ... ဒီတော့ ဒီသေနတ်ကို ဦးလှိုင်ဘွား ကိုင်ဆောင် ကြောင်း သက်သေတွေရှိနေတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဦးလှိုင်ဘွားဟာ သူ့သေနတ်နဲ့ သူ့ကိုယ်သူ ခုခံဆိုင်ရာ သတ်သေတာလောက မဖြစ်နိုင်ဘူးလား အစ်ကို ... "

"ဒါလည်း မဖြစ်နိုင်ဘူး ကိုအောင် ... ဦးလှိုင်ဘွား သေဆုံးတာက သူ့အိမ်အပြင် ဧည့်ခန်းမှာ သေနတ်ကို ရှာတွေ့တာက ခြံထဲက ဘေးဘက်ချုံပုတ်ထဲက တွေ့တာ ... ခုခံဆိုင်ရာ လုပ်တဲ့လူဟာ ခြံထဲဆင်းပြီး သူ့ကိုယ်သူ ပစ်သတ် ... ပြီးမှ အိမ်ပေါ်တက် ဧည့်ခန်းမှာ သေမတဲ့လား ... မဖြစ်နိုင်ဘူး၊ သူ့ကိုယ်သူ ပစ်ခဲ့တဲ့သူက သေနတ်ကို ချုံပုတ်ထဲ လွှင့်ပစ်ခဲ့တာပဲ ဖြစ်ရမယ် ... နောက်ပြီး အဲဒီလို ပစ်ခဲ့တဲ့သူဟာ အမျိုးသားတောင် မဟုတ်ဘူး ... အမျိုးသမီးတစ်ယောက် ဖြစ်နေတယ် ... "

"ဒီလောက် သေချာအောင် အစ်ကိုက ဘယ်လိုသိတာလဲ"

"သေနတ်ကို လက်ဗွေမှတ်ပုံတင်ဌာနမှာ လက်ဗွေတွေ စစ်ဆေးကြည့်လို့ပေါ့ ... လက်ဗွေပုံစံနှစ်ခု တွေ့တယ် ... တစ်ခုက ဦးလှိုင်ဘွားရဲ့ လက်ဗွေပုံစံပဲ ... တခြားလက်ဗွေပုံစံကတော့ အမျိုးသမီးတစ်ယောက်ရဲ့ လက်ဗွေပုံစံ ဖြစ်ရမယ်လို့ ... ပုံစံရုံးက တရားဝင်မှတ်ချက်ပြုလို့ပဲ ကိုအောင်"

"အမျိုးသမီး ဟုတ်လား ... "

အောင်စိုးမိုး မျက်နှာတွင် စိုးရိမ်စိတ် အံ့ဩစိတ်ပုံစံ





တွေ ထွက်ပေါ်သွားသည်။ အောင်စိုးမိုးသည် မျက်လုံးများကို စုံပိတ်ပစ်လိုက်သည်။ သူ့လက်မ လက်ညှိုးဖြင့် ... သူ့နှားထင်ကို ခွထောက်ဖိနှိပ်ထားသည်။

"အတိအကျကြီးတော့ မဟုတ်သေးဘူးပေါ့ ကိုအောင် ... ဒါပေမဲ့ အစ်ကိုတို့ သတ်သူနဲ့ အသတ်ခံရသူရဲ့ မိုးတစ်(ဗ်)ကို ရှာဖွေဆက်စပ်ကြည့်တော့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ... အမျိုးသမီးတစ်ယောက်ယောက် ဦးလှိုင်ဘွားရဲ့အိမ်ကို လာခဲ့မယ် ... အဲဒီ အမျိုးသမီးနဲ့ ဦးလှိုင်ဘွား မကျေမလည် ဖြစ်ကြမယ်၊ ဦးလှိုင်ဘွားက သေနတ်ထုတ်ပြပြီး အဲဒီအမျိုးသမီးနဲ့ ပြဿနာရှင်းမယ် ... ဦးလှိုင်ဘွားက အရက်မူးနေတဲ့လူပဲ ... ဒီတော့ အမျိုးသမီးက အရက်ပုလင်းနဲ့ ဦးဇွာ ဦးလှိုင်ဘွားခေါင်းကို ရိုက်ခွဲမယ် ... နောက်ပြီး ဦးလှိုင်ဘွား လဲအကျမှာ သေနတ်ကို အမျိုးသမီးက အရယူပြီး ဦးလှိုင်ဘွားကို ပစ်လိုက်တယ် ... အစ်ကိုတို့ ဆက်စပ်ပြီး ဖော်လို့ရတဲ့ မိုးတစ်(ဗ်)ကတော့ အဲဒီ မိုးတစ်(ဗ်)ပဲ ... အဲဒီလို မဖြစ်နိုင်ဘူးလား ကိုအောင် ... "

"အင်း ... ဖြစ် ... ဖြစ် ... ဖြစ်နိုင်ပါတယ် အစ်ကို ... "

"အေး ... ရာခိုင်နှုန်း ရှစ်ဆယ် ကိုးဆယ်လောက် အဲဒီ မိုးတစ်(ဗ်) ဖြစ်နိုင်တယ်လို့ အစ်ကိုတို့ ယူဆတယ် ... ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုက ရှုပ်ထွေးလာတယ်ဗျ ကိုအောင် ... အဲဒီအမျိုးသမီး ပစ်လိုက်တဲ့ သေနတ်ကျည်ဖူးဟာ ဦးလှိုင်ဘွားရဲ့ ပခုံးညှပ်ရိုးထဲမှာ ဝင်နေတာယ် ... ဆရာဝန်ရဲ့ ဆေးစာမှတ်ချက်က ဒီသေနတ်လေးရဲ့ ကျည်ဆန်ထိလို့ပဲဖြစ်ဖြစ် ဦးခေါင်းကို အရက်ပုလင်းနဲ့ အရိုက်ခံရလို့ပဲဖြစ်ဖြစ် အဲဒီဒဏ်ရာနှစ်ခုလုံးကြောင့်တော့ ဦးလှိုင်ဘွား မသေနိုင်ဘူးတဲ့ ... "

"ဗျာ ... ဗျာ ... ဒါဆို အမျိုးသမီး ရိုက်လို့ အမျိုးသမီးပစ်လို့ ဦးလှိုင်ဘွား သေတာ မဟုတ်ဘူးပေါ့နော် အစ်ကို ... "

"ဆရာဝန်ကတော့ အဲဒီလို ဆေးစာမှာ မှတ်ချက်ပေးတာပဲ ... "

"ဒါဖြင့် ဦးလှိုင်ဘွား သေတာက ... "

"အဲဒီမှာ အမှုက ရှုပ်ထွေးသွားတာပဲ ကိုအောင် ... အော်ပရေးရှင်းလုပ်တဲ့ ဆရာဝန်က ဦးလှိုင်ဘွားရဲ့ နောက်ကျောဘက်က ဖောက်ဝင်ပြီး နှလုံးကို ထိသွားတဲ့ နောက်ထပ်ကျည်ဆန်ထိလို့ ဦးလှိုင်ဘွား သေရတာတဲ့ ... "

"ဗျာ ... နောက်ထပ် ကျည်ဆန် ... "

"အေး ... ဟုတ်တယ် ကိုအောင်၊ နောက်ထပ် ကျည်ဆန်က ဒုသမ သုံးရှစ် ခဲဖူးကျည်ဖူး ကြီးမားပြီး ယမ်းအားပြင်းတဲ့သေနတ်က ထွက်တဲ့ကျည်ဆန်မို့ အရှိန်ပြင်းတယ်၊





ကျောကို ဖောက်ပြီး နှလုံးကိုပါ ဖောက်တယ် ... ဒါကြောင့် ဦးလှိုင်ဘွား သေတာတဲ့ ... ခွဲစိတ်တွေ့ရှိတဲ့ ကျည်ဖူးနှစ်ခုကိုလည်း သက်သေတင်ပြတယ် ... နောက်ပြီး နောက်ကျောက ပစ်တာတောင် အဝေးက ပစ်တာ မဟုတ်ဟုတ်ပဲ ... နောက်ကျောကို ပြောင်းတော့ဖိ ပစ်တာတဲ့ ... ဦးလှိုင်ဘွားရဲ့ ကျောဘက်မှာ သေနတ်ပစ်ခံရလို့ ယမ်းလောင်သွားတဲ့ ... အညိုအမည်းကွက်ကိုပါ တွေ့ရလို့တဲ့ ကိုအောင် ... "

"အဲဒီလို အမှန်ပဲလား အစ်ကို ... "

"ဘာကိုဆိုလိုတာလဲ ကိုအောင် ... အဲဒီလို အမှန်ပဲလား ဆိုတာက ... ဘယ်ဟာက အမှန်လဲလို့ ရည်ညွှန်းမေးတာလား ... "

"ဟုတ်တယ်လေ ... အဲဒီလို မေးတာပဲ ... ပထမ ပုလင်းနဲ့ ရိုက် သေနတ်အသေးလေးနဲ့ ပစ်လို့ ဦးလှိုင်ဘွား သေလိုလိုနဲ့ အခု ထပ်ပြီး နောက်ကျောကတော့ ပစ်လို့ နှလုံးထိဖောက်သွားလို့ ဦးလှိုင်ဘွား သေသွားတယ်ဆိုတဲ့ နှစ်ခုမှာ ဘယ်ဟာအမှန်လဲလို့ ... အစ်ကို ရဲအနေနဲ့ ယူဆသလဲဆိုတာကို ရည်ညွှန်းမေးတာပါ အစ်ကို ... "

"ပြောခဲ့ပြီပဲ ငါ့ညီ ... အစ်ကိုတို့ ရဲဆိုတာ အတွေ့အမြင်ရတဲ့ တန်ခိုးရှင်လည်း မဟုတ်ဘူး ... ဒိဋ္ဌစကျွဲညာဏ်ရတဲ့ ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း မဟုတ်ဘူး … ဥပဒေအချက်အလက်တွေနဲ့ ရှာဖွေစစ်ဆေးပြီး သက်သေ၊ သဲလွန်စ အထောက်အထား နိုင်မာတာတွေ ရှာပြီးမှ ရုံးတော်ကို ဖွဲ့ဆိုချက် တင်နိုင်တဲ့ သာမန်လူစားတွေပါလို့ … နောက်တစ်ချက် ရှိသေးတာက မိမိရဲ့အသက်ကိုဖြစ်စေ၊ ကာယာန္တြေ ဂုဏ်သိက္ခာ အရှက်ကို ကာကွယ်ခြင်းကြောင့်ဖြစ်စေ … ကာကွယ်မှုကို တရားဥပဒေက အရေးမယူ လွှတ်စေခွင့် ပေးထားပါတယ်လို့"

အောင်စိုးမိုး နှုတ်ခမ်းဆုံ ပြီးသွားသည်။ အရိုပ်ပုံးလွှမ်းနေသော မျက်ဝန်းစုံ ကြည်လင်ဝင်းပသွားသည်။ လှုပ်ရှားပြောဆိုမှု ပိုမိုသွက်လက်လာသည်။ အောင်စိုးမိုး ပြောင်းလဲသွားမှုကို ဦးဆက်မင်းက ချက်ချင်း အကဲခတ်မိပါ၏။

"တဲ … အဲဒီ ဦးလှိုင်ဘွားဆီ ရောက်သွားတဲ့ အမျိုးသမီးက ဘယ်သူလဲ ကိုအောင် … "

"ဟာ … အစ်ကို ကျွန်တော် ခေါင်းတွေအရမ်းမူးလာတယ်၊ ခေါင်းမှာ ထိသွားတဲ့ဒဏ်ရာ ပြန်ရင်းလာသလား မသိဘူး၊ တကယ်ပါ အစ်ကို … ကျွန်တော် ခေါင်းတွေသိပ်မူးလာလို့ပါ … "

'ဘာရမလဲ သာဝရယ်' ကိန်းဆိုက်သွားခပေတော့သည်။

အောင်စိုးမိုးသည် အသက်ငယ်ရွယ်သေးစေကာမူ





ခေတ်ပညာတတ် လူငယ်တစ်ဦး မဟုတ်ပါလား။

၎င်းအမျိုးသမီးသည် ချစ်စွာသော မြတ်ရည်မွန်ပါဟု အောင်စိုးမိုး အခုချက်ချင်း ဘယ်ပြောပေမည်နည်း။ ဒီအမှု ဒီကိစ္စအတွက် ချစ်သော မြတ်ရည်မွန်ကို သွားတွေ့ပြီး ပြောဆိုတိုင်ပင်ရဦးမည်။

ယခု လက်ရှိအခြေအနေမှာ အောင်စိုးမိုးသည် ဆေးရုံတက်နေသည့် အတွင်းလူနာတစ်ဦး ဖြစ်နေသည်။ လူမှုရေးအရဖြစ်စေ၊ တန့်သန့်ဥပဒေအရဖြစ်စေ သေတမ်းစစ်ချက်ရယူရမည့် တရားလို တရားခံမဟုတ်ပါက ရောဂါပြင်း၊ ဝေဒနာပြင်းချိန်တွင် ရဲကစစ်ဆေးခြင်းကို ဟန့်တားထားသည်။

သို့ပြင် အောင်စိုးမိုးထံ လာရောက်ခြင်းသည် အင်တာဗျူးသဘောသာဟု ဆိုထားသည်။

ထိုရောအခါ ကိုဆက်မင်းသည် အောင်စိုးမိုးအား ဆက်ပြီး နှုတ်မေးမြန်းလျှင် မသင့်တော်တော့ပြီမှန်း ကိုယ့်ဟာကိုယ် သတိထားလိုက်သည်။

ဦးဆက်မင်းသည် စားပွဲလေးပေါ်တင်ထားသော သူ့ဦးထုပ်ကို ပြန်ကောက်ယူကာ တည့်မတ်စွာ ဆောင်းလိုက်သည်။

"သွားမယ် ကိုအောင် … အစ်ကိုနဲ့ ထပ်တွေ့ကြသေးတာပေါ့ကွာ … ကိုအောင် ဆေးရုံကဆင်းပြီးမှာ အစ်ကို လာတွေ့တော့မယ် … "



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးက ခေါင်းညိတ်ပြသည်။

"အစ်ကို ကိုအောင့်ကို ဥပမာလေးတစ်ခုတော့ ပြောခဲ့ချင်တယ် ..."

"ပြောပါ အစ်ကို ..."

"အစ်ကိုက မုဆိုး ... လူသတ်တရားခံအစစ်အမှန်က သားကောင်အရိုင်း ... အဲဒီ မုဆိုးနဲ့ သားကောင်အရိုင်းကြားမှာ အမျိုးသမီးက မုဆိုးအဲ့ လေးနဲ့ မြား ဖြစ်နေတယ် ဆိုပါတော့ ... အဲ ... မုဆိုး ဆိုပေမဲ့ သားကောင်ဖမ်းတဲ့နေရာမှာ လက်ဖဝါးနဲ့ ယင်ကောင်ဖမ်းသလို ဖမ်းလို့ရတာမှ မဟုတ်တာ၊ သားကောင်ရိုင်းဆိုတာ ... လေးနဲ့မြားနဲ့ ပစ်ဖမ်းမှရတာ ... အဲဒါပါပဲ ကိုအောင်၊ ကိုအောင်က ပါးနပ်သူ ပညာတတ် လူငယ်တစ်ယောက်ပါ ... အစ်ကိုပြောတာ သဘောပေါက်မှာပါနော် ..."

အောင်စိုးမိုးက ပက်လက်အနေအထားမှပင် ခေါင်းညိတ်သည်။

"အစ်ကို လိုအပ်နေတဲ့ ကွင်းလေးတွေဟာ အဲဒီ အမျိုးသမီးပဲ ... အဲဒီအမျိုးသမီးကို အစ်ကို တွေ့ခွင့် စကားပြောခွင့်ရရင် သံကြိုးအဆက်ကြီး ဖြစ်သွားပြီ ... အစစ်အမှန် လူသတ်တရားခံကို အစ်ကို ဖော်ထုတ်ပြီး အမှုကို စွဲချက်တင်နိုင်ပြီပေါ့ကွာ ... အဲဒီ အမျိုးသမီးက တရားခံအစစ်ကို သိနေမှာ





သေချာတယ် ... ဒီမယ် ကိုအောင် ... အခု လူသတ်တရားခံအစစ်ဟာ ပါးနပ်ရုံမကဘူး ... ရက်စက်ပုံလည်း ရတယ်၊ ဦးလှိုင်ဘွားအမှုမှာ ဘာမသိ ညာမသိနဲ့ ယောင်လည်လည်ဝင်ရောက်လာတဲ့ ကိုအောင့်ကိုတောင် အသေ ကားနဲ့တိုက်သတ်တာကိုပဲ ကြည့်ပေါ့ ... သိပ်ရက်စက်မဲ့သူ ... အဲဒါတွေက ကိုအောင် စဉ်းစားနိုင်ဖို့ အစ်ကိုက ပြောတာပါ ..."

အောင်စိုးမိုး ... ဦးဆက်မင်း ပြောသမျှ ပြုံး၍နားထောင်နေသေးသည်။

"ကိုအောင် ကျန်းမာရေးအခြေအနေက နက်ဖြန်သန်ဘက်ဆေးရုံက ဆင်းရတော့မှာပါ ... ဆင်းရင် ရန်ကင်း၊ တိုက်အမှတ်( )၊ အခန်းအမှတ် ( )ကို လာခဲ့ပါ ... အဲဒါအစ်ကို့အိမ်ပဲ ... အိမ်မှာ အစ်ကိုမရှိလည်း အစ်ကို့ဇနီး ရှိမှာပါ ... ကိုအောင် လာတယ်လို့သာ ပြောထားခဲ့ ... အစ်ကို ကိုအောင့်ဆီ ချက်ချင်း လာခဲ့ပါ့မယ် ... ဒါပါပဲ ကိုအောင် ..."



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

မေမေ ဒေါ်မိမိချိုက နေ့ခင်းတွင် တရေးတမော အိပ်တတ်သည်။

မေမေ အိပ်ပျော်သည်နှင့် အောင်စိုးမိုးသည် သူ၏ မေမေ စီးနေကျ ဗီးယက်ကားကို ယူမောင်းထွက်လာသည်။

အောင်စိုးမိုး၏ ကားပြာလေးက စက်ပိုင်း ဘာမျှ သိပ်မပြင်ရသော်လည်း ဘော်ဒီနှင့် ခေါင်မိုး ပြန်ပြင်ဆေးမှုတ်ရန် ဘော်ဒီဆိုင်သို့ ပို့ထားသည်မှာ မရသေး။

ချစ်စွာသော မြတ်ရည်မွန်ကို အောင်စိုးမိုး တွေ့ချင်လှပြီ။ ဦးဆက်မင်း ပြောပြချက်အရ မြတ်ရည်မွန်တွင် အပြစ်မရှိကြောင်းတွေ ပြောပြချင်လှသည်။





မိမိ ဆေးရုံတက်နေစဉ်တွင် လာ၍ သတင်းမမေးကောင်းလားဟု အောင်စိုးမိုး စိတ်ကွက်မှုမရှိသည့်ပြင် တွေ့ချင်စိတ် တတမ်းတမ်း ဖြစ်နေသည်။

ပြီးခဲ့သော ... တနင်္ဂနွေနေ့က မိမိအား လမ်းခွဲရန် အပြတ်ပြောခြင်း။ ဘာကြောင့်ပြောမှန်း ယခုမှ ပို၍ သဘောပေါက်လာသေးသည်။

မြတ်ရည်မွန်သည် အာဂသတ္တိဂုဏ်မလေးဟုပင် ရင်ထဲက ချီးကျူးမိဦးမည်။ ဦးလှိုင်ဘွား လူယုတ်မာ အနိုင်ကျင့် စော်ကားသည်မျိုးကို တော်ရုံမိန်းကလေးသာဆိုပါက အားမတန် မာန်လျှော့စိတ်ဖြင့် အစော်ကားခံရမည်။ မြတ်ရည်မွန်ကျတော့ ပုလင်းနှင့် ရိုက် ခုခံပြီး ဦးလှိုင်ဘွားထံမှ သေနတ်ကိုပင် အရယူပြီး စော်ကားမှုမှ ကာကွယ်နိုင်ခဲ့သည်။ သူမ၏ သတ္တိနှင့် စိတ်ဓာတ်လေးက ပို၍ ပို၍ပင် ချစ်စရာကောင်းသည်။

မြတ်ရည်မွန်၏ ကျောင်းတက်ဇယားကို အောင်စိုးမိုး အလွတ်ကျက် သိထားသည်မို့ ယနေ့ ယခုအချိန် ဘယ်ကာလပ်တွင် တက်နေသည်ကို သိပြီး ကျောင်းသို့ မောင်းလာခဲ့သည်။

သို့သော် မောရသည်။ ချစ်သော မြတ်ရည်[illegible]နှင့် တွေ့ရ၊ မြတ်ရည်မွန်နှင့် ဘာသာတူ ကလပ်(စ်)တူ တွဲ[illegible]ာ်လေ့ရှိသော မသိတာကိုတော့ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရှာနဲ့ ကိုအောင်စိုးမိုး ... မွန် ကျောင်းမတက်တာ တနင်္လာနေ့က စပြီး အခုထိပဲ ... ဒါနဲ့ ကိုအောင်စိုးမိုး ကား အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံတက်ရတယ်ဆို ... "

"နည်းနည်းပါးပါးလောက်ပါ ... အခု ကောင်းသွားပြီလေ၊ ဒါကြောင့် မမွန်ဆီ ပြေးလာတာ ... အခုတော့ မောကြော ဖြစ်သွားတာပေါ့ ... ဒါထက် မမွန် အဆောင်မှာပဲ ရှိမှာပေါ့ နော် မသိတာ ... "

"မရှိဘူး ထင်တယ် ... မိတ္ထီလာကို သွားတယ်လို့ ပြောသံ ကြားတယ် ... ဒါပေမဲ့ သိတာ တိတိကျကျ မသိဘူးနော်၊ မွန် ဘာလို့ ကျောင်းမတက်တာလဲလို့ မေးမှ သူများက မွန် မိတ္ထီလာသွားတယ်လို့ ပြောတာ ... "

"ဟုတ်လား ... မိတ္ထီလာမှာတော့ သူ့အဒေါ် အန်တီဆွေ ရှိနေတာအမှန်ပဲ၊ ရတယ်လေ ... သေချာအောင် ကျွန်တော် မမွန့်ရဲ့ တည်းခိုဆောင်ကို လိုက်သွားဦးမယ်"

အောင်စိုးမိုး မြတ်ရည်မွန်၏ တည်းခိုဆောင်သို့ လိုက်သွားသည်။ ကျောင်းတက်ချိန်ဖြစ်နေသောကြောင့် တည်းခိုဆောင်တွင် တည်းခိုသူ ကျောင်းသူတွေကိုလည်း မတွေ့ရပေ။

အလုပ် အမြဲလုပ်နေတတ်သော အိမ်ဖော်မလေး မိစိန်နှင့်သာ တွေ့ရပေတော့သည်။





မြတ်ရည်မွန်ရှိရာ တည်းခိုဆောင်သို့ အလာများ လွန်းသောကြောင့် အောင်စိုးမိုးနှင့် မိစိန် ကောင်းကောင်း မျက်မှန် တန်းပြီးသားဖြစ်သည်။

တွေ့ရသော မိစိန်ကိုပင် အောင်စိုးမိုး မေးမြန်းရ တော့သည်။

"မမွန် မရှိဘူး ... မိတ္ထီလာသွားပြီ အစ်ကို ... "

"ဘယ်နေ့ကသွားတာလဲ မိစိန် ... "

"မနေ့ညနေက ... "

"မမွန်မိတ္ထီလာသွားမှန်း မိစိန်က ဘယ်လိုသိတာလဲကွယ်"

ပြောပြောဆိုဆို အောင်စိုးမိုးက အိတ်ထဲတွင် စားပြီး သားအထုပ် ချောကလက်ထုပ်လေးကို ထုတ်ယူကာ မိစိန်ကိုပေး လိုက်သည်။

မိစိန်ဝမ်းသာစွာယူပြီး ချောကလက်ထုပ်ဖြေကာ အပြားလိုက် ကိုက်စားပြီး နှစ်ခြိုက်သွားပုံရသည်။

"မေမေကြီးက သူ့မြေးလေးကို ဒီလိုချောကလက်ကျွေးတာ မစိန် ခဏခဏတွေ့တယ် ... မိစိန်စားချင်လိုက်တာ အရမ်း ပဲ ... ဒါပေမဲ့ ဒီချောကလက်က သိပ်ဈေးကြီးတယ်လို့ မေမေကြီး(ဒေါ်သူဇာ)က ပြောတာ ကြားဖူးတယ် ... "

"စား ... စား ... မိစိန် ... နောက်တစ်ခါအစ်ကိုလာရင်



www.burmeseclassic.com

www.burmeseclassic.com



မိစိန်ဖို့ ထင်ယူလာပေဦးမယ် … ကဲ … အစ်ကိုမေးတာကို ဖြေဦးလေ … မြွန် မီဤ္ဗီလာကိုသွားတယ်လို့ မိစိန်က ဘယ်လိုသိတာလဲဆိုတာ … ”

“ဒါလား … မသွားခင် မမမွန်က အိမ်ပေါ်တက်လာပြီး မေမေကြီးကိုပြောတယ်လေ … မီဤ္ဗီလာမှာ မမမွန်ရဲ့ အဒေါ်ဟာ သူတို့ဆရာဝန်က မီဤ္ဗီလာမှာ သွားနေရမယ်ဆို လို့ သွားနေတယ် … သူ့အဒေါ် မီဤ္ဗီလာသွားနေတာ ရက်အကန့်မရှိနေရမှာမို့ မမမွန်က ကျောင်းတက်ဖို့ ဒီတည်းခိုဆောင်မှာလာနေတာတဲ့ အခုမီဤ္ဗီလာက အဒေါ်ကလာခဲ့ပါလို့ အကြောင်းကြားလို့ မမမွန် မီဤ္ဗီလာကို လိုက်သွားမှာတဲ့ … ”

“ဒါဆို … မမွန်က သူ့ပစ္စည်းတွေအားလုံးယူပြီးသွားတာလား မိစိန် … ”

“ဟင့်အင်း မယူဘူး … တည်းခိုဆောင်ကလည်း အပြီးနုတ်ထွက်သွားတာမဟုတ်ဘူး … လိုတာလေးတွေ ဆွဲအိတ်ထဲထည့်ပြီးသွားတာ … ”

“နင့်မမမွန်ထွက်သွားတော့ သူ့မှာ အဖော်ပါသေးလား … သူတစ်ယောက်တည်းသွားတာလား မိစိန် … ”

“အဖော်ပါတယ် … အဲဒီအဖော်က အဆောင်ရဲ့ခြံပြင်ဘက်





မှာစောင့်နေတာ … ”

“ဟုတ်လား … မမွန်မှာ အဖော်ပါမှန်းရော အဲဒီအဖော်က ခြံပြင်မှာစောင့်နေတာရော မိစိန်က ဘယ်လိုသိတာလဲ”

“အဲဒီလူကြီးက မမမွန်ဆီကို တယ်လီဖုန်းလည်းဆက်ဖူးတယ် … ဒီအဆောင်ကိုလာပြီး ဟောဟိုသော်ကပင်ကြီးအောက်က ခုံတိုင်းတန်းလျားမှာလည်း မမမွန်နဲ့ထိုင်စကားပြောဖူးတယ် … စကားပြောရင်း မမမွန်ငိုတာကို မိစိန်လှမ်းမြင်တယ် … ဒါကြောင့် အဲဒီလူကြီးကို မိစိန်မှတ်မိနေတာ အစ်ကို … ”

ပြောရင်း နားထောင်ရင်း အောင်စိုးမိုးသည် ရဲအရာရှိ ဦးဆက်မင်းပြောခဲ့သောစကားကို ဖျတ်ခနဲ သတိရလိုက်သည်။

“အစ်ကိုတို့လိုနေတဲ့ သဲကွင်းလေးက အဲဒီအမျိုးသမီးပဲ … အဲဒီအမျိုးသမီးကိုတွေ့ရင် သဲကွင်းလေးတွေကို ဆက်နိုင်သံကြိုးကြီးရပြီပေါ့ … ကိုအောင် ဘာလို့လဲဆိုတော့ အဲဒီအမျိုးသမီးက ဦးလှိုင်ဘွားကိုသတ်တဲ့ လူသတ်တရားခံအစစ်ကိုသိနေမှာသေချာလို့ပဲ … ”

ယခု မိစိန်ပြောသော အဲဒီလူကြီးကို သူပင် လူသတ်တရားခံအစစ်ဖြစ်နေလေသလား။ မမွန်ထံသို့ တယ်လီဖုန်းဆက်ဖူးသည်ဟုလည်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ တနင်္ဂနွေနေ့မတိုင်မီက ထိုလူက မမွန်ထံ ဖုန်းဆက်သည်ဆိုပါက လူသတ်မှုကိစ္စကို တစ်မျိုးတွေးနိုင်သည်။ တနင်္ဂနွေနေ့ နောက်ပိုင်းကျမှ ထိုလူက မမွန်ထံ ဖုန်းဆက်သည်ဆိုပါလျှင် သို့မဟုတ် ဦးလှိုင်ဘွား အသတ်ခံရပြီးမှ ဖုန်းဆက်သည်ဆိုပါလျှင် ထိုလူသည် ဦးလှိုင်ဘွားလူသတ်မှုနှင့်ပတ်သက်သူဖြစ်နိုင်သည်။

“အဲဒီလူကြီးက မမွန်ဆီကို ဘယ်နေ့က ဖုန်းဆက်တယ်ဆိုတာကိုရော မိစိန် ပြောနိုင်မလား … မှတ်မိသလား”

“မှတ်မိတာပေါ့ … ဒီအဆောင်မှာ လာသမျှဖုန်းကို မိစိန်ကပဲ ကိုင်ရတာပဲဟာ … မေမေကြီးက တယ်လီဖုန်းပြောခ ဘယ်လောက်ရတယ်ဆိုတာ စာရင်းနဲ့သေချာပိုက်ဆံအပ်ရတော့ … မိစိန်က ဖုန်းလာသမျှရော … ဒီကပြောသမျှရော မှတ်စုစာအုပ်နဲ့ သေချာမှတ်ပြီး မေမေကြီးကို ငွေရော စာရင်းရောပြရတာ … ”

“ဘယ်ဆိုးလို့လဲ … မိစိန်က မှတ်စုစာအုပ်မှာလည်း ရေးနိုင်တယ် … ဖုန်းပြောခငွေတွေလည်းတွက်တတ်တယ်ဆိုတော့ စာလည်းရေးတတ်တယ် … သင်္ချာလည်းတွက်တတ်တာပဲ”

“မိစိန် ရွာမှာလေးတန်းအောင်ခဲ့တယ်အစ်ကို … မိစိန်တို့





ရွာမှာ မူလတန်းကျောင်းပဲရှိတော့ လေးတန်းအောင်ပြီး မြို့ကျောင်းမှာ ငါးတန်းဆက်တက်ရမှာ မိစိန်တို့က မွဲတယ်၊ မြို့ကျောင်းသွားပြီး ဆက်မနေနိုင်ဘူး … ဒါကြောင့် ဒီမေမေကြီးအိမ်မှာ လခနဲ့ဝင်လုပ်ပြီး ရတဲ့လခကို ရွာကအမေ့ဆီ ပို့ပေးနေတာ … ”

မိစိန်၏ဘဝမှာ ကြေကွဲရင်နာစရာလေးပင်။ နောက်မှ မိစိန်ကို ဘောက်ဆူးကောင်းကောင်းပေးမည်ဟူသော စေတနာ သက်ရောက်မိပေသည်။

“ဒါဆို အစ်ကို့ကို ပြောပြပါလား … အဲဒီလူကြီးဆိုသူက မမွန်ဆီ ဘယ်နေ့က ဖုန်းဆက်တယ်ဆိုတာ … ”

“ဒါဆို အစ်ကိုခဏစောင့် … မိစိန်ရဲ့မှတ်စုဘုတ်အုပ်လေး သွားယူမယ် … အဲဒီဘုတ်အုပ်ထဲမှာ မှတ်ထားတာရှိတယ်”

ချက်ချင်း မိစိန်ပြန်ရောက်လာပြီး မှတ်စုစာအုပ်စာမျက်နှာကိုပြသည်။

“ဟောဒီမှာ အစ်ကို … တနင်္လာနေ့က မမွန်ဆီကို ကိုစိန်ဝင်းမောင်ဆိုသူကဆက် … မမွန်က နားထောင်ပြီး ငွေငါးကျပ်ပေး … လို့ရေးထားတာ … ”

“စိန်ဝင်းမောင် ဟုတ်လား … ”

“ဟုတ်တယ် … အဲဒီလူက ဖုန်းဆက်ဆက်ခြင်း မမွန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်ဆိုလို့ မိစိန်က မမွန်ဆီဆက်နေကျ အစ်ကို အောင်စိုးမိုးလား မမွန်ကို ဘယ်သူကဆက်တယ်လို့ ပြန် ပြောရမလဲလို့ ပြန်မေးတော့ စိန်ဝင်းမောင်ဆက်တာလို့ ပြောလိုက်ပါတဲ့ ... အဲဒါကို မိစိန်ရေးမှတ်ထားတာ"

"ဟုတ်ပြီ ... မိစိန်တော်တယ် ... အဲဒီစိန်ဝင်းမောင်က မမွန် နဲ့ ဘာတွေပြောကြတယ်ဆိုတာရော ... "

"ဒါတော့ ဘယ်မှာ မိစိန်သိနိုင်မလဲအစ်ကို ... မမွန် ဖုန်း ကိုင်တော့ ဟိုဘက်လူပြောတာ မိစိန်ဘယ်ကြားတော့မလဲ၊ ဒီဘက်က မမွန်ပြောတာကိုပဲ ကြားတော့တာပေါ့ ... "

"အဲဒါဟုတ်သားပဲ ... ဒါဆို ဒီဘက်က မမွန်ပြောတာတွေပဲ ပြောပြလေ ... "

မိစိန်သည် တအောင့်စဉ်းစားပြီးမှ ပြောနိုင်ပေသည်။ မမွန်ကစပြီး ...

"ရှင် ဘယ်သူလဲတဲ့ ... "

(ဟိုဘက်မှ ပြောသံမသိ)

"ဘာဆိုင်လဲ ဒီကိစ္စက ကိုယ့်ကိုယ်စောင့်တောင်မသိရင် ပို ကောင်းသေးတယ်တဲ့ ... "

အောင်စိုးမိုး မိစိပြန်ပြောသည်ကို နားထောင်ရင်း မမွန်က "ရှင်ဘယ်သူလဲ"ဟု မေးခြင်းသည်ပင်လျှင် တစ်ဘက်မှ





ဖုန်းပြောသူကို ရှေ့မဆွက မရင်းနှီးမသိကျွမ်း မခင်မင်ခဲ့ကြောင်း ထင်ရှားနေသည်။

ငင်းပြင် ဒီကိစ္စ ကိုယ်နတ်တောင်မသိရင် ပိုကောင်း သေးဆိုသောစကားကလည်း ဦးလှိုင်ဘွားကိစ္စကို ရည်ညွှန်းကြောင်း အများကြီးဖြစ်နိုင်ပေသည်။

"ကိုအောင်က ဘာလို့မလွယ်ရမှာလဲတဲ့ ... "

"ဟင် ... သူတို့ပြောတဲ့ထဲမှာ မမွန်က အစ်ကို့နာမည်ကို ထည့်သတဲ့လား မိစိန် ... "

"ဟုတ်တယ်အစ်ကို ... အခုပြောသမျှဟာ မမွန်ပြောသမျှ မိစိန်ကြားတာကို ပြောနေတာပဲဟာ ... "

အောင်စိုးမိုးက မိစိန်ကို ခေါင်းညိတ်ပြပြီး မမွန်ဘာ ဆက်ပြောသည်ကို ဆက်ပြောရန် မိစိန်ကို ခေါင်းဆတ်ပြလိုက်သည်။

"ရှင်နဲ့တွေ့ရမယ်ဟုတ်လား ... ရှင် ဘယ်သူဘယ်ဝါမှန်းမသိ ဘဲနဲ့ ... "

"စိန်ဝင်းမောင် ... ဟုတ်လား ... အဲဒီနာမည်မျိုး ကျွန်မ စိတ်ထဲမှာ မရှိတာတဲ့ ... "

"အဲဒါလောက်ပဲ မိစိန်ကြားတယ်အစ်ကို ... စကားပြောရင်း မမွန် ... လျှာလုံးပြူးမျက်ဆံပြူးနဲ့ ... အို ... အို ... လို့ ခဏခဏရွတ်တယ် ... နောက်တစ်နေ့ညနေမှာ မော်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်နဲ့ အင်္ကျီပြာဘောင်းဘီပြာဝတ်ထားတဲ့လူရောက်လာတယ် ... အဲဒီလူက မိစိန်ကပဲ မြက်ရည်မွန်ကိုပဲ ခေါ်ပေးပါတဲ့ ... မိစိန်က ပြန်ပြောလိုက်တယ် ... မမွန် အခုအဆောင်မှာမရှိဘူး ... ဆေးရုံသွားတယ်လို့လေ ... "

"ဟင် ... မမွန်ဆေးရုံသွားတယ် ဟုတ်လား ... "

"ဟုတ်တယ် ... အဲဒီနေ့က မမညွှာအေး ကျောင်းကပြန်လာတာနဲ့ မမွန်နဲ့မမညွှာအေး စကားပြောကြပြီး ဆေးရုံကို သွားကြည့်မယ်လို့ပြောသံ မိစိန်ကြားတာ ... "

"အင်း ... အင်း ... ဆက်ပြောပါဦး မိစိန် ... မမွန်ဆေးရုံကပြန်လာတော့ ခုန မော်တော်ဆိုင်ကယ်အင်္ကျီပြာလူနဲ့ တွေ့ကြသေးလား ... "

"တွေ့တာပေါ့ အစ်ကို ... အဲဒီလူက မမွန် ပြန်မလာမချင်း ထိုင်စောင့်နေတဲ့သူပဲဟာ ... "

"သူတို့ ဘာတွေပြောကြသေးလဲ ... "

"သူတို့ပြောတာတော့ မိစိန်မကြားတော့ဘူးအစ်ကို ... မိစိန်က ပန်းပင်တွေရေလောင်းနေရတာ ... သူတို့က သော်ကပင်ကြီးဆီသွားပြီး ပြောကြတာ ... "

သူတို့ သော်ကပင်ကြီးဆီမသွားခင် နှစ်ယောက်တွေ့တွေ့ချင်းပြောတဲ့စကားကိုကော မိစိန်ကြားသေးလားဟင်။





"ကြားသားပဲ ... အဲဒီလူက မမွန်ကို သူ ဒီနေ့ညနေလာပါမယ်လို့ပြောထားသားနဲ့ မမွန်ဆေးရုံထွက်သွားတာကို အပြစ်တင်စကားပြောတယ် ... အဲဒီတော့ မမွန်က ဟုတ်တယ် ဆေးရုံကိုသွားကြည့်ဖို့ အရေးကြီးတာနဲ့ ရှင်လာမယ်လို့ပြောတာကို မေ့သွားတယ်လို့ ပြန်ပြောတယ် ... ပြီး သော်ကပင်ကြီးဆီသွားကြတယ် ... မိစိန်က သော်ကပင်ဘက်မှာ အပင်တွေရေလောင်းပြီးသားဆိုတော့ အဲဒီနေရာကို မသွားတော့ဘူး ... ရေမလောင်းရသေးတဲ့အပင်တွေဆီသွားပြီးလောင်းနေလိုက်တယ် ... "

မိစိန် စကားဆုံးသွားပြီ။

မည်သို့ဖြစ်စေ မမွန်က မိမိကို ဆေးရုံလာကြည့်သေးမှန်း သိရသောကြောင့် အောင်စိုးမိုး သိပ်ကျေနပ်သွားသည်။ ထိုနေ့ ထိုအချိန်က မိမိ၏အသိုင်းအဝိုင်းတွေရှိနေ၍ သူ့ကိုယ်သူ သိမ်ငယ်နေသူ မမွန်သည် အဝေးမှကြည့်ပြီး ပြန်သွားခြင်းဖြစ်ရာပေမည်။

မိစိန့်ကို တစ်ရာတန်တစ်ရွက် အောင်စိုးမိုးက မုန့်ဖိုးပေးလိုက်သည်။ မိစိန်က ဝမ်းသာအယ်လဲငွေတစ်ရာတန်ကိုယူပါ၏။

မိစိန့်ကို အောင်စိုးမိုးနှုတ်ဆက်ပြီး ပြန်လာခဲ့ပါ၏။

"စိန်ငင်းမောင် စိန့်ဝင်းဟောင် ... "



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ရင်း မိမိနံ့ထံမှ သိရှိသမျှ ဦးဆက်ခင်းကို သွားပြောပြလျှင် ဦးဆက်မင်းတွင် သံကြိုးရှည်ကြီးရေပြီး ဦးလျှိုင်ဘွား အသတ်ခံရမှုတွင် ကွင်းဆက်တွေမိလေမည်လားတော့ မပြောတတ်။



BURMESE CLASSIC .com



## ၁၄

"ကျွန်မတို့ တကယ်ပဲ မိတ္ထီလာကိုသွားကြမှာလား ကိုစိန်ဝင်းမောင် ... "

စိန်ဝင်းမောင်က ခေါင်းခါပြသည်။

"ဘယ်သွားလို့ဖြစ်မလဲ ... အောင်စိုးမိုးက မမြတ်ရည်မွန်ရဲ့ အန်တီတွေ မိတ္ထီလာမှာရှိနေမှန်းသိနေတာ ... သူမိတ္ထီလာကိုပဲ လိုက်သွားမှာပေါ့ ... "

"ကိုအောင်က တကယ်ပဲ မိတ္ထီလာမှာ ကျွန်မနောက်ကို လိုက်ပါမလားရှင် ... ကျွန်မကို စိတ်နာနေမဲ့လူပဲဟာ ... "

"သူ့ကို မမြတ်ရည်မွန်က အပြတ်ပြောပြီးပြီဆို ... "

"ဒါတော့ ဒါပေါ့ရှင် ... ဒါပေမဲ့ ကိုအောင်က ကျွန်မကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



အစွဲအလမ်းကြီးရှာတာ မဟုတ်လား ..."

"ဟုတ်တယ် ... ဒီချာတိတ်ဟာ ... ဆေးရုံကဆင်းတာနဲ့ မမြတ်ရည်မွန်ရဲ့ဘော်ဒါဆောင်ကို တန်းသွားမှာပဲ ..."

စိန်ဝင်းမောင်သည် ကြွသသပတေး ညနေတွင် အောင်စိုးမိုး ဆေးရုံကဆင်းမည်မှန်း ဝှမ်းသိရှိပြီးသားဖြစ်သည်။

ထို့ကြောင့် စိန်ဝင်းမောင်က အောင်စိုးမိုးဆေးရုံက မဆင်းမီ မြတ်ရည်မွန်ထံ ပြေးလာခဲ့သည်။ အောင်စိုးမိုးနှင့် မြတ်ရည်မွန်ကိုတွေ့ပေး၍မဖြစ်ဟု စိန်ဝင်းမောင် မှတ်ယူသည်။

ထို့ကြောင့်လည်း မြတ်ရည်မွန် အောင်စိုးမိုးနှင့် အတွေ့မခံနိုင်၊ အောင်စိုးမိုးက မြတ်ရည်မွန်ကိုတွေ့ပြီးသည်နှင့် မြတ်ရည်မွန်ကို ဒုက္ခရောက်အောင်လုပ်လိမ့်မည်ဟု အကြောင်းအမျိုးမျိုး ပြကာ နားသွင်းထားသည်။

မြတ်ရည်မွန်ကိုယ်တိုင် စိတ်ထဲတွင် စိန်ဝင်းမောင် ပြောပြချက်များမှာ မှန်နိုင်လောက်သည်ဟု လက်ခံမိသလိုလိုရှိသည်။ ဦးလှိုင်ဘွားအသတ်ခံရပြီးနောက် ချစ်သောကိုအောင်နှင့် မိမိ မတွေ့သင့်တော့ပြီဟုလည်း ခံယူထားမိသည်။

ထို့ကြောင့်လည်း စိန်ဝင်းမောင် သင်ပေးသည့်အတိုင်း အဆောင်ပိုင်ရှင် ဒေါ်သူဇာထံ၌ မိမိ မိတ္ထီလာကို ခေါ်သွားမည်ဟု ခွင့်ပန်ပြီး စိန်ဝင်းမောင်အစီအစဉ်အတိုင်း စိန်ဝင်းမောင်ခေါ်





ရာသို့ လိုက်ပါလာသည်။

"ကိုအောင်တော့ မိတ္ထီလာကိုလိုက်သွားပြီ ... မိတ္ထီလာကိုလည်း ကျွန်မရောက်မလာမှန်း အန်တီဒေါ်ဆီက သိလိုက်တာနဲ့ ကျွန်မအတွက် ကိုအောင် အရမ်းစိတ်ပူရှာတော့မှာပဲနော် ..."

စိန်ဝင်းမောင် ဘာမျှပြန်မပြော။ မြတ်ရည်မွန်က အောင်စိုးမိုးအပေါ် ကရုဏာထားသည့်စကားမျိုးတွေ ပြောသည်ကို စိန်ဝင်းမောင်မကြားချင်။

"ဒါဆို အခု ကျွန်မတို့ ဘယ်သွားမလဲ ကိုစိန်ဝင်းမောင်"

"တို့ လောလောဆယ် စိတ်ကူးကတော့ အစားအသောက်ပါရောင်းတဲ့ တည်းခိုခန်းတစ်ခုခုမှာ မမြတ်ရည်မွန် ခဏရက်ပိုင်းလောက် ခိုအောင်းနေသင့်တာပဲ ..."

"ဘာဖြစ်လို့ ..."

"အောင်စိုးမိုးက ဆေးရုံကဆင်းတာနဲ့ ... အမျိုးသမီးဘော်ဒါဆောင်ကိုသွားမှာပဲ ... ဘော်ဒါဆောင်က မရည်မြတ်မွန် မိတ္ထီလာကိုသွားကြောင်း ပြောပြမှာပဲ ... ဒါဆို ဒီကောင် မိတ္ထီလာကိုလိုက်ချင်လည်း လိုက်သွားမယ် ... ဒါမှမဟုတ် မြတ်ရည်မွန် ဒီကိုပြန်လာလောက်တဲ့ရက်ကို ချိန်ဆ,က်ပြီး ဒီဘော်ဒါဆောင်ကို နောက်ထပ် လာရှာမယ် ... လာမေး



www.burmeseclassic.com

www.burmeseclassic.com



မယ် ... ဒါမှမဟုတ် ပြန်ရောက်ပြီလားလို့ ဖုန်းဆက်မေးရင်း စောင့်နေမယ် ... အဲဒီလို သူ ခဏခဏဘော်ဒါဆောင်ကို လာမေး ဖုန်းဆက်မေးတိုင်း မြတ်ရည်မွန် ပြန်မရောက်လာဘူးဆိုတာ သူသိသွားပြီးတာနဲ့ မမြတ်ရည်မွန်ဟာ အဝေးတစ်နေရာရာကိုသွားပြီလို့ သူ ယူဆတော့မည် ... ဆက်ပြီး မမြတ်ရည်မွန်ကို တွေ့ဆုံဖို့ သူစိတ်လျှော့မယ် ... အဲဒီအချိန်မျိုးရောက်မှ မမြတ်ရည်မွန်က ဘော်ဒါဆောင်ကိုပြန်သွားသင့်တယ်လို့ ကျွန်တော်ယူဆတွက်ကိန်းချမိတာပဲ ... "

မြတ်ရည်မွန် ဘာပြန်ပြောပြီး ဘယ်လိုဆုံးဖြတ်ရမှန်းမသိတော့ပြီ။ လက်ရှိအခြေအနေတွင် မြတ်ရည်မွန်အဖို့ စိန်ဝင်းမောင်တစ်ယောက်သာ အားကိုးရှိနေသည်။

စိန်ဝင်းမောင်က မြေနီကုန်းတစ်နေရာရှိ 'အေးရိပ်ငြိမ်'မြကြီးဝန်းကျယ်နှစ်ထပ်တိုက်ကြီးရှေ့တွင် အငှားကားတို့ရပ်စေသည်။

'အေးရိပ်ငြိမ်'ဟု ဆိုင်းဘုတ်တပ်ထားသည်။

မြေနီကုန်း၏ ချောင်ကျသောတစ်နေရာတွင် ဖွင့်ထားသည်။ နှစ်ထပ်တိုက်ကြီးဖြစ်ပြီး အမျိုးသမီးတည်းခိုဆောင်မှာ အပေါ်ထပ်တွင်ထားရှိပြီး အမျိုးသားတည်းခိုဆောင်ကို အောက်ထပ်ခန်းထားရှိသည်။ မိန်းမနှင့်ယောက်ျား နှစ်ယောက်ခန်းမထား





ရှိပေ။ ဖိုမစုံတွဲအခန်းထားလျှင် သက်ဆိုင်ရာနယ်မြေရဲအဖွဲ့နှင့် ပြဿနာတက်တတ်သောကြောင့် မထားရှိခြင်းဖြစ်ပါ၏။

ရိုးသားစွာ တည်းခိုခန်းနှင့် အစားသောက်တွဲဖွင့်ထားသော အေးရိပ်ငြိမ်ဖြစ်ပါ၏။ မြကျယ်ကြီးထဲမှာပင် ရောင်စုံထီးများ အုပ်မိုးပြီး စားပွဲတွေချပေးထားသည်။ ပြင်ပစားသောက်လိုသူများ မြထဲတွင်လာရောက်စားသောက်နိုင်သည်။

"အေးရိပ်ငြိမ်"၏ကောင်တာတွင် ထိုင်ငိုက်နေသောကောင်တာစာရေးထံတွင် တည်းခိုမည့်သူမြတ်ရည်မွန်၏ အမျိုးသားမှတ်ပုံတင်ကတ်ပြားပြရသည်။ သုံးရက်စာ တည်းခိုအခန်းခ ငွေကြိုတင်သွင်းရသည်။ သုံးရက်မပြည့်မီ ပြန်လိုပါက ဟိုငွေကိုပြန်အမ်းသည်။ ဆက်လက်တည်းခိုလိုလျှင် နောက်သုံးရက်စာ တည်းခိုခန်းခ ထပ်မံပေးရသည်။

"အပေါ်ထပ်အခန်းအမှတ်(၄)ရတယ်ခင်ဗျ ... ထောင့်ဆုံးဘေးခန်းမို့ ပြတင်းပေါက်တွေပါရှိပြီး လေကောင်းလေသန့်ရပါတယ် ... "

(၃)ရက်စာကျသင့်ငွေကို မြတ်ရည်မွန်က ထုတ်ပေးရာ အခန်း(၄)၏သော့ကို စာရေးက ပြန်ပေးသည်။

"အစားအသောက်ကိစ္စကရော အောက်မှာဆင်းစားမ [illegible] ။ ကိုယ့်အခန်းမှာပဲစားမယ်ဆိုလည်း အခန်းစားပွဲပေါ်မှာ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖွယ် မင်နူးကတ်ပြားကိုကြည့်ပြီး အခန်းဖုန်းနဲ့ မှာယူလို့ရပါတယ် ... အခန်းဖုန်းက ပြင်ပဆက်သွယ်လို့မရပါဘူး ... ပြင်ပဆက်သွယ်ချင်ရင် မန်နေဂျာဆီ ဖုန်းဆက်ပြီး ပြင်ပဖုန်းနံပါတ်ပေးရင် မန်နေဂျာက ဖုန်းနံပါတ်မှတ်သားပြီး ထပ်ဆင့်ဆက်သွယ်ပေးပါတယ် ... စားသောက်ဖွယ်ရာမှာရင်လည်း စားပွဲထိုးက လာပို့ပေးပါတယ် ... စားပွဲထိုးကို ဘောက်ဆူးပေးတာကတော့ ကိုယ့်စေတနာအလျောက်ပဲ၊ ဘောက်ဆူးမပေးလည်းရတယ် ... "

သို့ဖြင့်ပင် မြတ်ရည်မွန်မှာ 'ဒေးရိုပ်ငြိမ်'အပေါ်ထပ် အခန်း(၄)တွင် ခေတ္တခိုအောင်းရန် နေရာရရှိသွားသည်။

"ကိုစိန်ဝင်းမောင်ကရော ဒီဒေးရိုပ်ငြိမ်မှာ မတည်းဘူးလားဟင် ... "

"ဒီလောက်တည်းခိုခန်းဈေးကြီးတဲ့ တည်းခိုခန်းမျိုးမှာ တို့မတည်းခိုနိုင်ပါဘူးဗျာ ... ရန်ကုန်ထဲမှာ တခြား တို့တည်းခိုတဲ့ ဘုန်းကြီးကျောင်းတို့ ဇရပ်တို့ အများကြီးရှိတာပဲ၊ တို့က ဘုန်းကြီးကျောင်းနဲ့ ဇရပ်မှာပဲ ညအိပ်လိုက်တယ် ... တည်းခိုခ တစ်ပြားမှမကုန်တဲ့အပြင် ဆွမ်းကျန်ဟင်းကျန် အလကားစားရသေးတယ်လေ ... ကဲ ... ဒါဆိုပြီးပြီ ... တို့သွားတော့မယ် ... မမြတ်ရည်မွန်ကို တို့ အမြဲပြေတ် လာဆက်





သွယ်နေမှာပါ ... "

မြတ်ရည်မွန်က ဘယ်တော့မဆို ဟာသနှော၍ပြောတတ်သော စိန်ဝင်းမောင်စကားကို ပြုံးမိသည်။

"ပြောရျှမယ် ... တကယ်"

"အဟုတ်ပြောတာ ... မမြတ်ရည်မွန်တို့ဘဝက လမ်းပေါ်မှာပဲ တစ်နေကုန်ပြီး ညဆိုရင် ရောက်ရာနီးရာဘုန်းကြီးကျောင်းမှာ ခွင့်ပန်ပြီး အိပ်လိုက်တာပဲ ... "

"ဟုတ်မယ်အားကြီးကြီး ... လမ်းပေါ်မှာနေပြီး ဘုန်းကြီးကျောင်းမှာ ညအိပ်တဲ့လူက အဖိုးတန်မော်တော်ဆိုင်ကယ်၊ အဖိုးတန်ကင်မရာနဲ့ ဝတ်စားထားတာလည်း အကောင်းစား အဖိုးတန်တွေ ... "

မြတ်ရည်မွန်က သူ့ကို အထင်ကြီးစွာပြုံးရယ်ပြီး ပြောနေသည်ကို စိန်ဝင်းမောင်က ငေးကြည့်နေမိသည်။ မြတ်ရည်မွန်က သူ့အပေါ် အထင်ကြီးစကားများပြောနေသလိုလည်း ရင်ထဲတွင် ကျေနပ်မှုတစ်မျိုး ခံစားရပေသည်။ ပြီးမှ စိန်ဝင်းမောင်က တစ်လုံးချင်း ဆက်ပြောလိုက်သည်။

"အင်းပေါ့လေ ... လူ့ဘဝဆိုတာ ဒီလိုပဲပေါ့ ... တစ်ခါသော အခါကတော့ တို့လည်း အောင်စိုးမိုးလိုပဲ ဆေးတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ခဲ့သေးတာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"တကယ် ..."

"အမှန်ပြောရရင် ... တို့အသက်နှစ်ဆယ့်သုံးနှစ်က ရန်ကုန်ဆေးတက္ကသိုလ်တစ်ခုမှာ ဖိုင်နယ်ပတ်ဝမ်းအထိတက်ခဲ့တယ်၊ တို့သာ လိမ်လိမ်မာမာနဲ့ ဆက်တက်ခဲ့ရင် ခုလောက်ဆို လုပ်သက်အတော်အသင့်ရတဲ့ ဆရာဝန်ဖြစ်နေလောက်ပြီ၊ ဒါပေမဲ့ ဖိုင်နယ်ပတ်ဝမ်းစာမေးပွဲကိုတောင် မဖြေဖြစ်ခဲ့ပါဘူး၊ တို့က သိပ်အကျင့်ဆိုးခဲ့တယ်၊ ငွေကို ဖြတ်လမ်းနည်းနဲ့ ရှာတဲ့ဘက်ကိုရောက်သွားတာကိုး ..."

"ဘယ်လို သိပ်ဆိုးခဲ့တာလဲ ကိုစိန်ဝင်းမောင် ..."

စိန်ဝင်းမောင်က ပတ်ထားသောနာရီကို ငုံ့ကြည့်လိုက်သည်။

"ဟော ... ခြောက်နာရီတောင်ထိုးနေပြီ ... တို့သွားမယ်၊ အောင်စိုးမိုးဆိုတဲ့ကောင် ဘာတွေဆက်လုပ်နေတယ်ဆိုတာ ချက်ကင်လိုက်ဦးမှ ... ဒီချာတိတ်ကသိပ်မလွယ်ဘူး"

ပြောပြောဆိုဆို စိန်ဝင်းမောင် လှည့်ထွက်သွားသည်။

"ဒီမယ် ... ကိုစိန်ဝင်းမောင် ..."

မြတ်ရည်မွန်ခေါ်သံကြောင့် အတန်ငယ် အဝေးရောက်သွားသည့် စိန်ဝင်းမောင်ကရပ်ပြီး မြတ်ရည်မွန်ကို ပြန်လှည့်





ကြည့်သည်။

"ကိုအောင်ဟာ လူတော်လူကောင်းတစ်ယောက်ပါနော်၊ ရိုးရိုးသားသား ဆေးတက္ကသိုလ်ကျောင်းသားပါ၊ ကိုအောင့်ကို တီနိုက်နှစ်နာသွားအောင် မလုပ်ပါနဲ့လို့ ရှင့်ကို ကျွန်မတောင်းပန်ပါတယ် ..."

စိန်ဝင်းမောင် ပခုံးတွန့်ပြသည်။ ပြီး ဘာမှ ပြန်မပြောဘဲ ချာခနဲပြန်လှည့်ထွက်သွားသည်။

မြတ်ရည်မွန်လည်း သူမရရှိထားသောအခန်းဆီသို့ တက်လာခဲ့သည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com



၁၅

"အိမ်ဖော်မလေးမိစိန်ရဲ့ ပြောပြချက်တွေအရ … ဦးလှိုင်ဘွားကိုသတ်သွားတဲ့တရားခံဆီတန်းပြီး ညွှန်ပြနေတယ် မဟုတ်လား အစ်ကိုဆက်မင်း … "

"ကိုအောင်ဆိုလိုတာက စိန်ဝင်းမောင်ဟာ ဦးလှိုင်ဘွားကို သေနတ်နဲ့တော့ပြီးပစ်သွားတဲ့ လူသတ်တရားခံလို့ ဆိုလိုတာလား … "

"အဲဒါပဲပေါ့အစ်ကို … ဘာလဲ … အစ်ကိုဆက်မင်းက ဦးလှိုင်ဘွားကိုသတ်သွားတာ စိန်ဝင်းမောင် မဟုတ်ဘူးလို့ပြောချင်လို့လား … "

စိတ်အားထက်သန်စွာပြောနေသော အောင်ရိုးမိုး





ကို ရဲအရာရှိ ဦးဆက်မင်းက အေးဆေးစွာ ပြန်ရှင်းပြသည်။

"စိန်ဝင်းမောင်ဟာ လူသတ်တရားခံဖြစ်နိုင်တယ် … မဖြစ်နိုင်ဘူးဆိုတာ အစ်ကို တစ်ထိုင်တည်းနဲ့ ဘယ်မှာဆုံးဖြတ်နိုင်မှာလဲ ကိုအောင် … "

"ဟာဗျာ … "

"အစ်ကိုတို့ရဲတွေမှာ ထင်တယ်ဆိုရုံလေးနဲ့ လူတစ်ယောက်ကို ဖမ်းနိုင်ဘူး … စွဲချက်မတင်နိုင်ဘူးကိုအောင် … တော်တဆ လူကောင်းတစ်ယောက်ကို စိတ်အထင်မှားပြီး ဖမ်းမိရင် … လူဆိုးဆယ်ယောက်လွတ်သွားတာထက် ပိုပြီး အစ်ကိုတို့သိက္ခာထိခိုက်တယ် … အခုကိစ္စမှာလည်း စိန်ဝင်းမောင် လူသတ်တရားခံဖြစ်တယ်ဆိုတဲ့ သက်သေတွေ အထောက်အထားတွေ လိုနေသေးတယ် … "

"မဟုတ်သေးပါဘူး အစ်ကိုဆက်မင်းရာ … ဆင်တစ်ကောင်လုံး မိနေမှ … ဆင်ခြေရာဘယ်မှာလဲလို့ ပြန်ကောက်နေသလိုဖြစ်မနေဘူးလားဗျာ … "

"ဆင်ကြီးတစ်ကောင်လုံးမိပါတယ်ဆိုတဲ့ အထောက်အထားကိုအောင်ဘယ်လိုပြမလဲ … "

"မိစိန်ပြောတဲ့စကားတွေပဲပေါ့ … စိန်ဝင်းမောင်က မြတ်ရည်မွန်ကိုပြောတဲ့စကားတွေ မိစိန်ကကြားပြီး ပြန်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ ... ”

“ဒီမယ်ကိုအောင် မြတ်ရည်မွန်အပေါ်မှာ ကိုအောင်က သံယောဇဉ်ရှိနေတယ် ... ဒီတော့ ဦးလှိုင်ဘွားအသတ်ခံရမှုမှာ မြတ်ရည်မွန် လုံးဝလွတ်စေချင်နေတယ် ... ဒါကြောင့် လူသတ်တရားခံအဖြစ် စိန်ဝင်းမောင်ကို ဖမ်းလိုက်ရင် ... မြတ်ရည်မွန်လွတ်သွားမှာပဲဆိုတဲ့သဘောနဲ့ ကိုယ်လိုတာကို ဖွတ်ဆွဲပြောနေရာရောက်မနေဘူးလားကွာ ... ”

“ခက်ပါလားအစ်ကို ... ကျွန်တော် မမွန်အပေါ် သံယောဇဉ်ရှိတယ်ဆိုတာ မငြင်းပါဘူး ... မှန်ပါတယ် ... ဒါပေမဲ့ ကိုယ်လိုရာကို ဖွတ်ဆွဲပြောလောက်တဲ့အထိ ကျွန်တော် မတုံးသေးပါဘူး အစ်ကို ... အခုကိစ္စမှာ ဦးလှိုင်ဘွားကို စိန်ဝင်းမောင်သတ်မှန်း ကျွန်တော့်စိတ်ထဲက အလိုလိုသိနေတယ် ... ”

ဦးဆက်မင်း ပြုံးလိုက်ပါ၏။

“တရားရုံးတော်မှာ စိတ်ကသိနေလို့ ကိုယ်တောင့်နတ်က ပြောလို့ အကြားအမြင်ရတဲ့ပုဂ္ဂိုလ်က ဗေဒင်တပ်အပ်ပေးလို့ ဆိုတဲ့ တင်ပြချက်တွေကို တရားသူကြီးက လက်မခံဘူး ကိုအောင် ... ရုံးတော်ကို ဒီလူတရားခံပါလို့ စွဲချက်တင်ရင် ပထမဆုံး မိုးတာစ်တင်ပြရမယ် ... အဲ ... ဦးလှိုင်ဘွားကို





စိန်ဝင်းမောင်က ဘယ်လိုအကြောင်းတွေကြောင့် သတ်ချင်ရတာလဲဆိုတာမျိုး ... ”

“ဒါတော့ သူ့အကြောင်းနဲ့ သူ့ရှိမှာပေါ့အစ်ကို ... ကျွန်တော်တို့က အဲဒီအကြောင်းကို မသိသေးလို့သာပဲဟာ ... ”

“အဲဒါပဲပေါ့ ကိုအောင် ... အခု အစ်ကိုတို့ရှာနေတာလည်း အဲဒါကိုပဲပေါ့ ... ဦးလှိုင်ဘွားကို စိန်ဝင်းမောင်က ဘာလို့ သတ်ချင်တာလဲ ... သတ်ချင်စရာအကြောင်းတွေဟာ ဘာတွေလဲဆိုတာ စုံစမ်းနေတာ ... ဒါတောင် စုံစမ်းလို့ရတဲ့ ချက်တွေအပေါ်မှာ ဆန်ကာချပြီးမှ အဖြစ်နိုင်ဆုံးအချက်ကို ရွေးထုတ်ရတယ် ... အဲဒီရွေးထုတ်လို့ရတဲ့အချက်တွေကိုပဲ အစ်ကိုတို့အနေနဲ့ ပေါ်ဇေးတစ်ကိုစဉ်းစားသလို တခြား နဂေးတစ်လည်း စဉ်းစားရသေးတယ် ကိုအောင် ... ”

“ဘာလဲ ... ပေါ်ဇေးတစ်နဲ့ နဂေးတစ်ဆိုတာတွေက ... ”

“ဥပမာဆိုပါတော့ကွာ ... ဦးလှိုင်ဘွားအသတ်ခံရမှုမှာ စိန်ဝင်းမောင်နဲ့ မြတ်ရည်မွန် ပူးပေါင်းသွားတဲ့အချက်ကို တွေ့ရှိစုံစမ်းလို့ရတယ် ... အေး ... သူတို့နှစ်ဦးပူးပေါင်းမှုဟာ ဦးလှိုင်ဘွားအသတ်ခံရမှုကြောင့် ပူးပေါင်းသွားတာလား၊ ဒါမှမဟုတ် ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုရပြီး ပူးပေါင်းသွားကြတာလားဆိုတာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုနဲ့ပူးပေါင်းတာ လုံးဝမဲဖြစ်နိုင်ဘူး ... မမွန်ရဲ့စိတ်သဘောထားကို ကျွန်တော် သိပ်သိတာပေါ့ ... မမွန်ဟာ အင်မတန်စိတ်ခတ်တည်ငြိမ်သူပါ၊ ကျွန်တော့်ကိုတောင် ... ခုချိန်ထိ အဖြေပေးသေးတာမှ မဟုတ်တာ ... စိန်ဝင်းလိုလူစားကို ... မမွန်က ပုဂ္ဂိုလ်ရေးအရ ခင်မင်သွားတာမျိုးဖြစ်ကို မဖြစ်နိုင်ဘူး"

"အင်းပါလေ ... အစ်ကိုရဲ့စုံစမ်းရရှိချက်တွေထဲမှာ မြတ်ရည်မွန်ရဲ့ ကိုယ်ကျင့်သိက္ခာ အနေအထိုင်အပြုအမူတွေကိုလည်း စုံစမ်းတာပါပဲ ... ဒါပေမဲ့ စိန်ဝင်းမောင်ဟာ ကိုအောင့်ကို ကားနဲ့တိုက်သတ်ပြီး အပြီးပျောက်သွားအောင် ကြိုးစားတာဟာ ဦးလှိုင်ဘွားအသတ်ခံရမှုမှာ ကိုအောင်ဝင်လာတာကို မလိုလားလို့ တမင်ကားနဲ့တိုက်သတ်ဖို့ ကြိုးစားတာလား"

"အဲဒါ မေ့စစ်ပေါ့အစ်ကို ..."

"အဲဒါ မေ့စစ်မဟုတ်ဘဲ မြတ်ရည်မွန်ဟာ ကိုအောင်အသက်ရှင်နေရင် ကိုအောင့်ကိုသာ လက်ထပ်ဖို့ ရွေးချယ်မှာပဲဆိုတာကြောင့် ကိုအောင့်ကို ကိုစိန်ဝင်းမောင်က အပြတ်ပျောက်ဖျက်ဖို့ ကြိုးစားတာလား ... ကိုအောင်မရှိတော့ရင် မြတ်ရည်မွန်က သူ့ကိုပဲလက်ခံစေရမယ်ဆိုတဲ့သဘောမျိုးကော မဖြစ်နိုင်ဘူးလား ... အစ်ကိုတို့ အမှုလိုက်ရဲဆိုတာ





အဲဒီလို အဘက်ဘက်က စဉ်းစားရသေးတယ်ဆိုတာကို ကိုအောင်သိထားစေချင်လို့ပဲ ကိုအောင် ..."

အောင်စိုးမိုး ခေါင်းကုတ်ရတော့သည်။

"ဟာ ... ရှုပ်ကုန်ပြီ အစ်ကို ..."

"သဘောကို ပြောပြတာပါ ကိုအောင် ... အစ်ကို့အနေနဲ့ အကွက်စေ့ ... ထောင့်စေ့ ... စဉ်းစားတွေးခေါ်ရတာကို ပြောပြတာပါ ..."

"ဒါဆို အစ်ကိုက အိမ်ဖော်မလေး မိစိန်ပြောတာတွေကို အလေးအနက်မထားဘူးပေါ့ ဟုတ်လား ..."

"သိပ်အလေးအနက်ထားတာပေါ့ ကိုအောင် ... မိစိန်ရဲ့စကားကို အလေးအနက်ထားတာကြောင့်လည်း ဘယ်သူမှန်း လုံးဝမသိတဲ့ လူသတ်တရားခံဟာ စိန်ဝင်းမောင်ဆိုတဲ့လူဖြစ်နိုင်လောက်တယ်လို့ အကောင်အထည်နဲ့အမည်ပေါ်လာတာပဲ ..."

"ဒါနဲ့များတောင် အစ်ကိုရာ ..."

"မလောနဲ့ကိုအောင် ... အစ်ကိုက အမှုလိုက်ရဲစုံထောက်အနေနဲ့ တွေးယူတာတွေရှိတယ် ... ဦးလှိုင်ဘွားအသတ်ခံရတယ် ... ရာဇဝတ်ကောင်တွေက ခေါင်းကိုပုလင်းနဲ့ရိုက်ခဲ့တာအတွက် ပုလင်းပေါ်က လက်ဗွေပုံစံရတယ် ... သေနတ်



www.burmeseclassic.com

www.burmeseclassic.com



အသေးလေးပေါ်ကလည်း လက်ဗွေပုံစံရတာယ် ... နှစ်ခုစလုံး အမျိုးသမီးလက်ဗွေပုံတွေဖြစ်နေတယ် ... တကယ်သေအောင်သတ်ခဲ့တဲ့ ဒသသမသုံးရှစ်နဲ့ပစ်ခဲ့တဲ့ ကျည်ဆံကိုပဲ ခွဲစိတ်ဆရာဝန်ကတွေ့ခဲ့တယ် ... ဒါပေမဲ့ ဒသသသုံးရှစ်သေနတ်ကိုလည်း မတွေ့ရသေးဘူး။ ဒသသမသုံးရှစ်သေနတ်ပေါ်က လက်ဗွေပုံစံလည်းရသေးဘူး၊ တကယ်လို့ အဲဒီအမျိုးသမီးကိုတွေ့ရရင် တကယ်သတ်ခဲ့တဲ့တရားခံရဲ့ ဒသသသုံးရှစ်သေနတ်ကိုရော လက်ဗွေပုံစံကိုရော ရရင် သက်သေပြ ရုံးတင်စွဲဆိုနိုင်တယ် ... အမှုဖြစ်ပွားစဉ်အချိန်အတွင်းမှာပဲ ကိုအောင်ကယောင်လည်လည်ရောက်လာတော့ အဲဒီအမျိုးသမီးနဲ့ ကိုအောင် ပတ်သက်နေသလား ... ဒသသမသုံးရှစ်သေနတ်ကိုင် လူသတ်သမားနဲ့ ကိုအောင်ပတ်သက်နေသလားဆိုတာ အစ်ကိုစဉ်းစားရပြန်တယ် ... အဲဒီလိုစဉ်းစားချိန်မှာပဲ ကိုအောင်ကို လော်ရီကားနဲ့အသေတိုက်သတ်ဖို့ကြိုးစားခဲ့တယ် ... ကိုအောင် ဆေးရုံကဆင်းလာပြီး မိစိန်ဆီကရတဲ့သတင်းရော ကိုအောင်ဟာ တနင်္ဂနွေနေ့က မြတ်ရည်မွန်နဲ့သွားတွေ့ပြီး မြတ်ရည်မွန် မေ့ကျန်ခဲ့တဲ့ စလင်းဘက်ထဲက ဦးလှိုင်ဘွားရဲ့စာအကြောင်းရော အစ်ကို့ကိုပြောပြတယ် ... ဒီတော့ ဒီအမှုကိုလိုက်ရတာ အစ်ကို့မှာ





အကျဉ်းအကျပ် ကြုံနေတယ် ... "

အောင်စိုးမိုးသည် ရဲအရာရှိ ဦးဆက်မင်းနေရာမှာ စဉ်းစားကြည့်တော့လည်း အကျဉ်းအကျပ်ပါလားဟုသဘောပေါက်ရသည်။

"အခုလောလောဆယ် အစ်ကိုစဉ်းစားနေတာက တနင်္ဂနွေနေ့က မြတ်ရည်မွန်ဟာ ဦးလှိုင်ဘွားဆီသွားသည်ပဲထား ... ပုလင်းနဲ့သေနတ်လေးပေါ်က လက်ဗွေပုံစံဟာ မြတ်ရည်မွန်ရဲ့ လက်ဗွေပုံစံဟုတ်ပါတယ်လို့ ဘယ်လိုတပ်အပ်ကြီးပြောနိုင်မှာလဲ ... "

"အစ်ကို ဘာကိုဆိုလိုတာလဲဟင် ... "

"အဲဒီတနင်္ဂနွေနေ့မှာပဲ ဦးလှိုင်ဘွားဆီကို တခြားအမျိုးသမီးရောက်လာတာရော မဖြစ်နိုင်ဘူးလား ... အစ်ကို့အနေနဲ့ မြတ်ရည်မွန်ကို ကိုယ်တိုင်တွေ့ပြီး လက်ဗွေပုံစံရယူပြီးမှ ပုလင်းနဲ့သေနတ်လေးကရတဲ့ လက်ဗွေပုံစံခြင်း တိုက်ဆိုင်နှိုင်းယှဉ်ပြီး တူနေကြောင်းတွေ့မှ ခိုင်လုံမယ်လေ ... "

အောင်စိုးမိုးသည် ဦးဆက်မင်း၏ စိတ်ဓာတ်ကို ထိုင်ရှိုးချင်စိတ်ပင်ပေါက်ပေသည်။ အမှုလိုက်ရာတွင် ဘာအာဃာတမှ မထား။ တရားခံအစစ်ကိုသာ ရှာဖွေသော ဦးဆက်မင်းပါပေ။

"ဒါဆို ... အစ်ကိုနဲ့ကျွန်တော် ပိဋကလာလိုက်သွားစို့လား



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ... "

"လိုက်လို့မရဘူး ကိုအောင် ... "

"ဘာလို့ ... "

"မြတ်ရည်မွန်ဟာ တကယ်ပဲ ဦးလှိုင်ဘွားကို ရိုက်ခဲ့သူ ... သေနတ်နဲ့ပစ်ခဲ့သူဖြစ်မယ် ... အဲ ... စိန်ဝင်းမောင်ကလည်း ဦးလှိုင်ဘွားကို သူ့သေနတ်နဲ့ ပစ်သတ်ခဲ့သူဖြစ်နေတာမှန်ရင် မိစိန်ရဲ့စကားအရ မြတ်ရည်မွန်နဲ့ စိန်ဝင်းမောင်ဟာ ပူးပေါင်းမိသွားကြပြီ၊ ကိုအောင်ပြောတဲ့အတိုင်း မြတ်ရည်မွန်ဟာ ရိုးရိုးအအလေးဆိုတော့ စိန်ဝင်းမောင်ရဲ့ဦးဆောင်မှုအောက်မှာ နောက်လိုက်ဖြစ်သွားပြီ ... ဒီတော့ စိန်ဝင်းမောင်က မိတ္ထီလာကို သွားတဲ့အယောင်ပြပေမဲ့ ... တကယ်တမ်း မိတ္ထီလာကိုသွားချင်မှသွားမယ် ... မိတ္ထီလာမှာ မြတ်ရည်မွန်ရဲ့အဒေါ်ရှိနေတာကို လူတော်တော်များများသိထားတာမို့ ရဲအဖွဲ့လည်း သိမှာပဲ ... သူတို့နောက်ကို ရဲလိုက်လာမှာပဲဆိုပြီး စိန်ဝင်းမောင်က မိတ္ထီလာကို အယောင်ပြပြီး မြတ်ရည်မွန်ကို တခြားခေါ်သွားနိုင်တယ် ... "

"ဒါဆိုလည်း အစ်ကိုပြောတာ မှန်တာပဲ ... ဒါဆို ဘယ်လိုလုပ်မလဲအစ်ကို ... "

"အစ်ကိုတို့ရဲအဖွဲ့ချင်း ဆက်သွယ်တဲ့နည်းနဲ့ မိတ္ထီလာရဲ့အဖွဲ့ကို လှမ်းအကြောင်းကြားမယ် ... မြတ်ရည်မွန် မိတ္ထီလာကို ရောက်မရောက် ချက်ချင်းအကြောင်းပြန်နိုင်းမယ် ... "

"အဲဒါ ... သိပ်ကောင်းပါတယ်အစ်ကို ... "

"အဲ ... နေဦး ... ကိုအောင်မှာ မြတ်ရည်မွန်ကပေးထားတဲ့ လက်ဆောင်ပစ္စည်းတစ်ခုခုရှိနေလား ... "

"ဗျာ ... လက်ဆောင်တစ်ခုခုဟုတ်လား ... "

ဖြုန်းခနဲ ဒီမေးခွန်းကြောင့် အောင်စိုးမိုးကြောင်သွားသည်။

"ကိုအောင်နဲ့ မြတ်ရည်မွန်ဟာ ချစ်သူတွေမဖြစ်ကြသေးပေမဲ့ ခင်မင်ကြတဲ့သံယောဇဉ်တော့ရှိနေကြတာပဲ ... ခင်မင်သူအချင်းချင်း လက်ဆောင်ပေးတာကို ဆိုလိုတာလေ ... ဥပမာ ကိုအောင့်မွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးတာမျိုးပေါ့ ... လက်ကိုင်ပဝါပေးတာဆိုရင်ကော မဖြစ်ဘူးနော်၊ လက်ကိုင်ပဝါဆိုတာမျိုးက လျှော်ဖွပ်ရတဲ့ပစ္စည်းမျိုးပဲ ... အစ်ကိုလိုချင်တာက မြတ်ရည်မွန်က ကိုအောင့်ကိုပေးတဲ့ လက်ဆောင်မှာ မြတ်ရည်မွန်ကိုင်တွယ်လို့ ကျန် တဲ့ လက်ဗွေပုံစံကို လိုချင်လို့ပဲ ကိုအောင် ... "

အောင်စိုးမိုး တစ်ခဏပြန်စဉ်းစားကြည့်ပေ ည်။

"ဟာ ... ရှိတယ်အစ်ကို ... မမွန်က ကျွန်တော် စိ..ာရက်







www.burmeseclassic.com

www.burmeseclassic.com



ဖွာတတ်မှန်းသိလို့ ... မီးခြစ်နဲ့ဆွဲထားတဲ့သတ္တုရွှေရောင်စီးကရက်ဘူးရှိတယ် ... ဒါပေမဲ့ ကျွန်တော် မသုံးဖြစ်ဘူးအစ်ကို ... ကျွန်တော်သောက်တာက ဖင်စီခံပါတဲ့ ဒူးယားကို သောက်တတ်တာ မမွှန်ပေးတာက ဖင်စီခံမပါတဲ့ခပေါင်းစီးကရက်ဆိုက် စီးကရက်ဘူးဖြစ်နေလို့ ကျွန်တော်သိမ်းထားလိုက်တယ် ... နောက်တစ်ချက်က မမွှန်ပေးတဲ့လက်ဆောင်ပစ္စည်းမို့ အမြတ်တနိုးသိမ်းထားတာဆိုလည်းမမှားဘူး ... ဒီတော့ အဲဒီစီးကရက်ဘူးမှာ ကျွန်တော့်လက်ဗွေပုံစံနဲ့ မမွှန်ရဲ့လက်ဗွေပုံစံနှစ်ခုပဲ ရှိနိုင်တယ် အစ်ကို"

"ဟုတ်ပြီ ... ဒါဆို ... အစ်ကိုတို့ အဲဒီစီးကရက်ဘူးကိုသွားယူမယ် ... စီအိုင်ဒီရုံးသွားပြီး လက်ဗွေပုံစံတွေစစ်မယ် ... တစ်လက်စတည်း မိတ္တီလာရဲစခန်းကိုပါ အကြောင်းကြားလိုက်မယ် ..."

ပြည်ယောင်စုရိပ်သာနေအိမ်သို့ ဖီးယက်ကားလေးနှင့်ပင် နှစ်ယောက်သား လာခဲ့ကြသည်။

မေမေ ဒေါ်မိမိချိုသည် အိပ်ရာမှနိုးနေပေပြီ။ အိမ်ရှေ့မှာပင် ထိုင်စောင့်နေသည်ကို တွေ့ရသည်။

သို့သော် အောင်စိုးမိုးနှင့်အတူ ရဲအုပ်ကိုဆက်မင်းပါလာသောကြောင့် သားဖြစ်သူကို ညှော်သည်ရှေ့တွင် ဆူပူကြိမ်း





မောင်းခြင်းတော့ မပြုပေ။

"သားအတွက် စိတ်ပူလို့ပါ ကိုဆက်မင်း ... သူ့ကို ကျောင်းတောင်ပြန်မတက်ခိုင်းသေးဘူး ..."

"ကိုအောင်ဟာ ကျွန်တော်နဲ့အတူသွား အတူလာနေတာပါ ... ဒေါ်မိမိချို ... ကျွန်တော် တာဝန်ယူပါတယ်ခင်ဗျာ"

အောင်စိုးမိုးသည် သူ့အိပ်ခန်းထဲဝင်ပြီး အမြတ်တနိုးသိမ်းထားသော စီးကရက်ဘူးယူလာပြီး ဦးဆက်မင်းလက်ထိုးပေးလိုက်သည်။

"ကဲ ... ကိုအောင်နေခဲ့တော့ အစ်ကိုသွားစရာလေးတွေရော လုပ်စရာလေးတွေရော ရှိနေသေးလို့ ..."

"ဟာ ... အစ်ကို့မှာ ကားမှမပါတာ ..."

"ရတယ်ကိုအောင် ... ဒီအိမ်ကဖုန်းနဲ့ပဲ ရဲစခန်းကို ကားလွှတ်ပေးဖို့ ဆက်ခေါ်လိုက်မယ် ..."

ဖုန်းဆက်ပြီး ကားစောင့်ရင်း ဆက်ထိုင်နေသည်။ ဒေါ်မိမိချိုက ကော်ဖီ၊ မုန့်တို့နှင့် ညှော်ဝတ်ပြုသည်။ သားနှင့် ကိုဆက်မင်း လွတ်လပ်စွာ စကားပြောနိုင်စေဖို့ ဒေါ်မိမိချို ပြန်ထွက်သွားသည်။

"အစ်ကို ..."

"ဟေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ခုစဉ်းစားမိတယ် … မမွန်ဟာ ဦးလှိုင်ဘွား ကို ကိုယ်တိုင်ဆက်မိတယ်ထင်ပြီး စိန်ဝင်းမောင်ကို အားကိုးအားထားနဲ့ ပူးပေါင်းမိတာမျိုးကော မဖြစ်နိုင်ဘူးလား"

"အတတ်တော့ မပြောနိုင်သေးဘူး ကိုအောင် … စိန်ဝင်းမောင်ဟာ အခုအထိ အစ်ကို့အတွက် ပဟေဠိဖြစ်နေတယ်၊ အခု ကိုအောင်ကမဖြစ်နိုင်ဘူးလားလို့ မေးတာကို ဖြစ်နိုင်လောက်ပါတယ်လို့ပဲ ဖြေရမှာပဲ … ခက်တာက ဦးလှိုင်ဘွား အသတ်ခံရမှုမှာ စိန်ဝင်းမောင်ဖြစ်ချင်ဖြစ်မယ် … တခြားလူ တစ်ယောက်ယောက်ဖြစ်ချင်ဖြစ်မယ် … ဘာပဲဖြစ်ဖြစ် အဲဒီ လူသတ်သမားဟာ ပိပိရိရိရှိတာတော့ အမှန်ပဲ … ဦးလှိုင်ဘွားအိမ်ထဲမှာလည်း သူ့လက်ရာခြေရာ ဘာမှမကျန်ခဲ့ဘူး၊ ဦးအာမက်ရဲ့ လော်ရီကားကြီးပေါ်မှာလည်း ဘာလက်ရာခြေရာမှ မကျန်ခဲ့ဘူး … လူသတ်သမားက ကားမောင်းတုန်းကတောင် လက်အိတ်စွပ်ပြီး စတီယာရင်ကိုင်မောင်းတယ်ထင်ပါရဲ့ … ဦးအာမက်ရဲ့လက်ဗွေပုံစံတွေပဲ တွေ့ရတယ် … နောက်ပြီး သူတို့မိတ္ထီလာကိုသွားတယ်ဆိုတာလည်း လှည့်ကွက်တစ်ကွက်ဖြစ်နိုင်တယ်ကိုအောင် … "

"ဒါဆို သူတို့ဘယ်သွားမလဲ … "

ဦးဆက်မင်း ငြိမ်နေလိုက်သည်။ သူတို့ ဘယ်သွား





မည်ကို မပြောနိုင်၊ မခန့်မှန်းနိုင်သောကြောင့် ဖြစ်ပါ၏။

"ဒီမှာ အစ်ကို … ဘောက်ထော် … ကျောက်ကုန်း မာလာ မြိုင်လမ်းထဲမှ မမွန်တို့ တူဝရီးအတူနေခဲ့တဲ့အိမ်လေးရှိတယ်၊ အန်တီဆွေ မိတ္ထီလာသွားမှ မမွန်က ဘော်ဒါဆောင်မှာ သွားနေတာ"

"ဟုတ်လား … အဲဒါကို ကိုအောင်က အခုမှပြောတာကိုး"

"ကျွန်တော် မွှန်နေလို့ ပြောဖို့ သတိမရတာပါအစ်ကို … မမွန်ဟာ မိတ္ထီလာကိုမသွားဖြစ်ရင် အဲဒီမာလာမြိုင်လမ်းက သူ့အိမ်လေးမှာများ သွားနေမလားပဲအစ်ကို … "

"အစ်ကိုတော့ မထင်ဘူး … ဘာလို့လဲဆိုတော့ … ဒီအိမ်လေး အဲဒီမှာရှိနေမှန်း ကိုအောင်က သိထားတယ်လေ … ကိုအောင်သိထားရင် အစ်ကိုတို့ပြောမှာပဲလို့ လူသတ်သမားက တွက်မှာပဲပေါ့ … "

"ဒါလည်းဟုတ်တာပဲ … ကျွန်တော်ကတော့ မမွန်ကို အမြန်ဆုံးတွေ့ချင်နေတာပဲအစ်ကိုရာ … စိန်ဝင်းမောင်ဆိုတဲ့လူက ဘယ်လိုလူစားမှန်းမှမသိတာ … ဦးလှိုင်ဘွားကိုလည်း သတ်ခဲ့တဲ့လူ … ကျွန်တော့်ကိုလည်း ကားနဲ့တိုက်သတ်ဖို့ ကြိုးစားတဲ့လူဟာ … စိန်ဝင်းမောင်သာဖြစ်နေရင်း ဒီလူနဲ့ ပူးပေါင်းမိတဲ့ မမွန်မှာ အန္တရာယ်တွေအများကြီးရှိနိုင်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ...”

“ကဲ ... ကိုအောင် ... အဲဒီမာလာမြိုင်လမ်းက အိမ်နံပါတ်ကိုသာပြော ... အစ်ကိုချက်ကောင်လုပ်လိုက်မယ် ... အဲဒီအိမ်မှာ မြတ်ရည်မွန်ကိုမတွေ့အောင် ... သူနဲ့ပတ်သက်တဲ့ အထောက်အထား ... သဲလွန်စ ... တစ်ခုခုတွေ့နိုင်တာပဲ”

အောင်စိုးမိုးက ဘောက်ထော်၊ မာလာမြိုင်လမ်းမှ အန်တီဆွေနှင့် မမွန်တို့နေခဲ့သည့် ခြံနံပါတ်၊ အိမ်နံပါတ်ကို ဦးသက်မင်းအား ပြောပြလိုက်ပေသည်။





## ၁၆

အေးရိပ်ငြိမ်တည်းခိုဆောင်သည် စည်းကမ်းကြီးလှသည်။ အမျိုးသမီးသတ်သတ် အမျိုးသားသတ်သတ် ရှိစေရမည်။

တည်းခိုသူ၏အခန်းထဲသို့ မည်သည့်ဧည့်သည်အမျိုးသမီးချင်းဖြစ်စေ အမျိုးသားချင်းဖြစ်စေ ဝင်ခွင့်မပြုရ၊ ဧည့်ခံလိုလျှင် အောက်ထပ်ဧည့်ခန်း အပေါ်ထပ်ဧည့်ခန်း၌သာ ဧည့်သည်ကို တွေ့ဆုံ ဧည့်ခံရမည်။

ထို့ပြင် စုံတွဲခန်းမထား၊ စုံတွဲလင်မယား လက်မခံ။

ယင်းသို့သာ စုံတွဲလင်မယားမျိုးကို တည်းခိုခန်းလက်ခံလိုက်ပါက အတွဲတွေ လင်မယားပါဆိုပြီး ဒုနှင့်ဒေးလာကြတော့မည်။ ထိုသို့ဆိုပါက ရဲနှင့်ပတ်သက်လာစရာတွေရှိသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စုံတွဲ လုံး၀ လက်မခံ။

ထို့ကြောင့် ... စိန်ဝင်းမောင်သည် အောက်ထပ် ဧည့်ခန်း၌သာ မြတ်ရည်မွန် ဧည့်သည်အဖြစ် တွေ့ဆုံရသည်။

ဤစည်းကမ်းကို မြတ်ရည်မွန် နှစ်ခြိုက်သဘောကျပါ၏။

တွေ့လိုက်ကတည်းက စိန်ဝင်းမောင်မျက်နှာ မသာမယာဖြစ်နေသည်ကို မြတ်ရည်မွန်သတိထားမိသည်။

သူ့အကျင့်အတိုင်း စိန်ဝင်းမောင်သည် မြတ်ရည်မွန်ကို မျက်နှာချင်းဆိုင်မကြည့်ဘဲ တခြားဘက်သို့ မျက်နှာလွှဲထားပြီးမှ စကားပြောသည်။

"ဘာတွေ အကြောင်းထူးသေးလဲကိုစိန်ဝင်းမောင် ..."

"ထူးသမှ သိပ်ထူးပေါ့ ... အဓိကထူးတာကတော့ အောင်စိုးမိုးဆိုတဲ့ကောင်ပဲ ..."

"ဟင် ... ကိုအောင် ... ဟုတ်လား"

"ဟုတ်တယ် ... ခွေးကောင် အောင်စိုးမိုးပဲ ... ဒီကောင်ခွေးလိုကောင် ..."

"ကိုအောင့်ကို ဒီလိုမပြောနဲ့ ... ရင့်သီးရုံမကဘူး ရိုင်းစိုင်းနေတယ် ..."

"ထားပါလေ ... လိုရင်းပဲပြောမယ် ... မနေ့က ဒီကောင်





လုပ်ရှားသမျှကို တို့နောက်ယောင်ခံလိုက်ကြည့်တယ် ... ဒီကောင် မွန်းလွဲပိုင်းမှာ မြတ်ရည်မွန်ရဲ့ အမျိုးသမီးဘော်ဒါဆောင်ကိုသွားတယ် ... အဲဒီက မိစိန်ဆိုတဲ့ကောင်မလေးနဲ့ ဒီကောင်စကားပြောတာ အကြာကြီးပဲ ..."

"ဘာတွေ ပြောကြလဲ ..."

"ဘယ်သိမလဲ ... ကျုပ်က ခပ်ဝေးဝေးကပင် လှမ်းကြည့်ရတာ ... ဒါတောင် ကွယ်ပုန်းပြီးကြည့်ရတာ ... ပြောတာတော့ အကြာကြီးပဲ ... ဘာတွေပြောသလဲတော့ မသိဘူး၊ မိနစ်လေးဆယ်တောင်ကြာတယ် ... ဒီလောက်ကြာအောင် မမြတ်ရည်မွန်အကြောင်း သူတို့ ဘာတွေပြောကြမလဲ"

"မိစိန်က ... အိမ်ဖော်တောက်တိုမယ်ရ လုပ်တဲ့ကလေးမလေးပဲ ... သူမြင်သမျှ သိသမျှကို ပြောချင်ပြောမှာပေါ့"

"အဲဒီမိစိန် ဘာတွေပြောသလဲတော့မသိဘူး ... မိစိန်နဲ့ပြောပြီး ဒီကောင် ရဲအုပ်ဆက်မင်းဆီ တန်းသွားတာပဲ ... အဲဒီမှာလည်း တစ်နာရီလောက် သူတို့စကားပြောကြသေးတယ် ... အဲဒီကတစ်ဆင့် ဦးဆက်မင်းနဲ့အတူတူ သူ့အိမ်ပြည်ထောင်စုရိပ်သာကိုသွားကြတယ် ..."

"ကိုအောင်တစ်ယောက် ဘာတွေလုပ်နေသလဲပဲနော်"

"သူဘာလုပ်ရမလဲ ... သူလုပ်သမျှဟာ ခင်ဗျားလည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကွင်းစွပ်ခံရဖို့တွေချည်းဖြစ်ပါမှာပေါ့ ... "

"အို ... မဟုတ်လိုက်တာ"

"ဘာ မဟုတ်ရမှာလဲ ... အောင်စိုးမိုးဟာ ရဲအုပ်ကိုဆက်မင်းနဲ့ ကျကျနနပူးပေါင်းနေပြီး ဒီကောင့်ဆီက ဦးဆက်မင်းတို့အကြောင်း မသိနိုင်ဘူး ... တို့နဲ့ အောင်စိုးလူချင်းသိတာမှ မဟုတ်တာ ... တို့ကသာ သူ့ကို သိမြင်နေတာ ... သူက တို့ကို လုံးဝမြင်သိတာမဟုတ်တော့ ရဲအုပ်ကိုဆက်မင်းတို့အကြောင်း ဒီကောင် ဘာမှပြောစရာမရှိဘူး ... အေး ... သူ ဦးဆက်မင်းကိုပြောသမျှတွေဟာ ခင်ဗျားမြတ်ရည်မွန်အကြောင်းပဲ ဖြစ်ရမှာပေါ့ ... ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့"

မြတ်ရည်မွန် တကယ်စဉ်းစားကြည့်သည်။ ယခု စိန်ဝင်းမောင်ပြောစကားတွေသည် မှန်သောစကားတွေဟု ယူဆနိုင်သည်။ ကိုအောင်သည် ဦးလှိုင်ဘွားအကြောင်း ပြောနိုင်မတဲ့လား စိန်ဝင်းမောင်အကြောင်းပြောနိုင်မတဲ့လား။

လုံးဝမပြောနိုင်။ ဦးလှိုင်ဘွားကိုရော စိန်ဝင်းမောင်ကိုရော ကိုအောင် လုံးဝမသိဘူးလား။ ကိုအောင် ကျကျနနသိထားသည်မှ မိမိ မြတ်ရည်မွန်ကိုသာဖြစ်သည်။

ရဲအုပ် ဦးဆက်မင်းနှင့် ကိုအောင်ပြောသမျှစကားတွေသည် မိမိမြတ်ရည်မွန်အကြောင်းသာ ဖြစ်နိုင်သည်။





"ဒီကောင် အောင်စိုးမိုးပြောသမျှ ခင်ဗျားအကြောင်းတွေ ရဲအုပ်ဦးဆက်မင်းသိထားပြီ ... ခင်ဗျားကို ခြေရာကောက်မိမယ် ... ဖမ်းမိသွားမယ်ဆိုရင် ခင်ဗျားဘာဖြစ်မလဲ ... လူသတ်မှုကျူးလွန်ထားတဲ့ မမြတ်ရည်မွန်ကို ရဲစုံထောက်အကျော်အမော် ဦးဆက်မင်းက အိုးစည်ပုံမောင်းနဲ့ကြိုဆိုပြီး ဘုရားဖူးလိုက်ပို့ပေးမတဲ့လား ... "

"ခနဲ့တဲ့တဲ့စကားတွေ မပြောပါနဲ့လား ကိုစိန်ဝင်းမောင် ... ရှင်ဟာ ယောက်ျားပဲ ... ယောက်ျားပီပီ ပြောစရာရှိတာ ပြောပါလား ... "

မြတ်ရည်မွန်က မျက်နှာထားတင်းတင်း လေသံပြတ်ပြတ်ပြောပြီး အလွန်စိတ်ပျက်သော သက်ပြင်းကြီးတစ်လုံးချလိုက်မိသည်။

မြတ်ရည်မွန် မျက်ရည်မကျတော့၊ မငိုပါလေတော့။

"ဆောရီးပဲ မမြတ်ရည်မွန် ... ကျုပ်စိတ်တဲ့ အောင်စိုးမိုးလုပ်ပုံတွေ ကြားတာက မမြတ်ရည်အတွက် မခံချင်စိတ်ပြင်းပြီး ဒီလိုခနဲ့သံတွေပြောတာပါ ... "

"ဘာပဲပြောပြော ... ကျွန်မစိတ်ထဲမှာတော့ ကိုအောင်ဟာ ကျွန်မ အကျိုးဖျက်စီးထိခိုက်နစ်နာအောင် လုပ်မဲ့သူမဟုတ်ဘူးလို့ပဲ ... ကျွန်မကိုယ်တောင့်နတ်က လက်ခံထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပဲစဉ်းစားကြည့်လေ ... ကျွန်မ လူသတ်မှုနဲ့ကြိုးစင်တက်
သွားလို့ရော ကိုအောင့်မှာ ဘာအကျိုးရှိမှာမို့လဲ ... ”
“သူ့မှာ သိပ်အကျိုးရှိတာပေါ့ ... သူ့အဖေ ဦးဘအောင်က
လည်း အစိုးရဌာနလောကမှာ လုပ်ငန်းအပေါ် သစ္စာရှိ
တယ် ... လုပ်ငန်းကြိုးစားတယ် ... အဂတိမလိုက်စားဘူး၊
သိက္ခာအပြည့်ရှိတယ်စတဲ့ ဂုဏ်သတင်းမွှေးပြီး အမြင့်ဆုံး
အကြီးအကဲတွေရဲ့ ချီးမြှောက်ဩဘာပေးခံထားရတဲ့သူ ...
အဲ ... အောင်စိုးမိုး ဆေးတက္ကသိုလ်ကျောင်းသားလေးက
လည်း သူ့အဖေခြေရာနင်းပြီး သူ့ရဲ့ချစ်သူကိုတောင် တရား
ဥပဒေနဲ့ပတ်သက်လာတော့ ချစ်သူဘက်က မလိုက်ဘဲ
တရားဥပဒေဘက်က ရပ်တည်တယ်ဆိုတဲ့ ဂုဏ်သတင်းဟာ
ဘယ်လောက် မွှေးကြိုင်သလဲ ... အနာဂတ် သူ့ရှေ့ရေး
အတွက် ဘယ်လောက် အထောက်အကူနာမည်ကောင်းရ
မလဲ ... ဒါတွေဟာ သူ့အကျိုးတွေပဲပေါ့ မမြတ်ရည်မွန်”
“ကိုစိန်ဝင်းမောင်က အဲဒီလိုမြင်ပေမဲ့ ကိုအောင်ဟာ အဲဒီလို
လုပ်မဲ့လူစားမဟုတ်ဘူး ... ”
“ဟ ... မမြတ်ရည်မွန်ပြောပုံက တို့ကပဲ မမြတ်ရည်မွန်က
သူ့ကို အမုန်းပွားသွားအောင် ပြောနေသလိုဖြစ်နေပါပြီလား၊
ကဲ တို့ဆက်ပြောဦးမယ် ... ဦးဆက်မင်းဟာ အောင်စိုးမိုးနဲ့





အတူ ပြည်ထောင်စုရိပ်သာအိမ်မှာ နာရီဝက်လောက်နေ
သေးတယ် ... အဲဒီနောက် သူ့ရဲ့ကားအပြာရောက်ပြီး
ဦးဆက်မင်း စီအိုင်ဒီရုံးကိုဆက်သွားတယ် ... အဲဒီကပြန်လာ
ပြီးတဲ့နောက် ညနေပိုင်းမှာ ဦးဆက်မင်းက ဘောက်ထော်၊
ကျောက်ကုန်း၊ မာလာမြိုင်လမ်းကအိမ်ကိုဖွင့်ပြီး မွှေနှောက်
တာပဲ ... အဲဒါကိုကော မမြတ်ရည်မွန် ဘာကောက်ချက်ချ
မလဲ ... ဘာပြောမလဲ ... ကဲ ... ”
“အဲဒါ ... တကယ်”
“ဒီပြဿနာကြီးကို တို့က တကယ်မဟုတ်ဘဲ ပြောရဲမလား
တဲ့ဗျာ ... ”
“မာလာမြိုင်အိမ်ကို ကျွန်မသော့ခတ်ထားတာပဲဟာ”
ရဲအဖွဲ့မှာ လိုအပ်လာရင် လုပ်ပိုင်ခွင့်ရှိတယ်။ အဲဒီ
မာလာမြိုင်လမ်း ရပ်ကွက်လူကြီးတွေကို သက်သေထားပြီး သော့
ဝိဇ္ဇာနဲ့ အိမ်တံခါးသော့ဖွင့်ကာ ...
“ဒါဆို ... ကျွန်မရဲ့ မာလာမြိုင်လမ်းကအိမ်ကို ဦးဆက်မင်း
ဘယ်လိုသိသွားတာလဲ ... ”
“အောင်စိုးမိုးပြောတာမဟုတ်ရင် တခြားပြောတဲ့သူ ဘယ်
သူရှိသလဲဆိုတာ ခင်ဗျားဘာသာပြန်စဉ်းစားကြည့်ပေါ့ဗျာ”
မြတ်ရည်မွန်အံ့အားသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာလာမြိုင်လမ်းတွင် မိမိအိမ်ရှိထားကြောင်း ဂဃနဏ သိထားသူမရှိပေ။ ဒေါ်သူဇာ၏ ဘော်ဒါဆောင်သို့သွားစဉ်က မိမိသည် ဘောက်စေတ်၊ မာလာမြိုင်လမ်းတွင် အန်တီဆွေတို့ထူဝရီး နှစ်ယောက်သာနေသည်။ အန်တီဆွေ ကျန်းမာရေးအရ မိတ္ထီလာတွင် သွားနေရမည်မို့ မိမိက ကျောင်းဆက်တက်ရန် ယင်းအမျိုးသမီးဘော်ဒါဆောင်တွင်လာနေရကြောင်းကိုကော ဘော်ဒါဆောင်ပိုင်ရှင် ဒေါ်သူဇာအား မပြောမဖြစ်ပြောခဲ့မိဖူးသည်။ ဒေါ်သူဇာကလည်း သူ့အခဲဆောင်တွင်လက်ခံရသူမှာ ကျောင်းသူစစ်မစစ်မေးရုံကလွဲပြီး တခြား ဘာကိုမှ စိတ်ဝင်တစားမပြောခဲ့ပေ။ အဲ မိမိနှင့် သိပ်ခင်မင်ရင်းနှီးသော ကျောင်းသူတစ်ယောက်၊ နှစ်ယောက်စတော့ မိမိနှင့်အဖော်အဖြစ် ကျောင်းပိတ်ရက် မာလာမြိုင်အိမ်ပြန်ပြီး သန့်ရှင်းရေးလုပ်ဖို့အတွက် အဖော်ခေါ်သွားခဲ့ဖူးသည်။

ထိုသို့ခေါ်သွားဖူးသော ကျောင်းသူများနှင့် ဦးဆက်မင်းအဆက်အစပ်ရှိစရာမရှိ။

ဒါဆို ကိုအောင်တစ်ဦးတည်းသာ။

ဟုတ်၏။ ကိုအောင်သည် မြတ်ရည်မွန် ဘော်ဒါဆောင်သို့ ပြောင်းမနေမီကတည်းက တနင်္ဂနွေနေ့ဆိုလျှင် မိမိနေထိုင်ရာ မာလာမြိုင်အိမ်သို့ ရောက်လာလေ့ရှိသည်။ အန်တီဆွေနှင့်ပင် ကိုအောင် အကျွမ်းတဝင်သိရှိခင်မင်သွားသည်။





ဒါဆို ဦးဆက်မင်းအား မာလာမြိုင်အိမ်သို့ ညွှန်ပြသူမှာ ကိုအောင်သာလျှင်ဖြစ်ရမည်။

"ဘယ်လိုလဲ မမြတ်ရည်မွန် ... တို့ပြောနေတာတွေဟာ အောင်နိုးမိုးကို မမြတ်ရည်မွန်က မုန်းတီးသွားအောင် ပြောတာလို့ ထင်နေတုန်းပဲလား ... "

မြတ်ရည်မွန် ဘာမျှပြန်မပြော။

စိန်ဝင်းမောင်က မြတ်ရည်မွန်ကို အကဲခတ်ရင်း ဆက်ပြောသည်။

"အခြေအနေကတော့ သိပ်မကောင်းဘူး မမြတ်ရည်မွန် ... ဒါ့ထက် ... ဦးလှိုင်ဘွားလက်က ရယူလိုက်တဲ့သေနတ်လေးကို မမြတ်ရည်မွန်ဆီမှာပဲ သိမ်းထားလား ... "

"လွှင့်ပစ်ခဲ့တယ် ... ဦးလှိုင်ဘွားခြံထဲက ထွက်ခါနီး ဘေးချုံပုတ်ထဲကို လွှင့်ပစ်ခဲ့တယ် ... "

"အဲဒါ ဆိုးတာပဲ ... အဲဒီသေနတ်ကို ဦးဆက်မင်းရှာတွေ့သွားတယ်လေ ... အင်းလေ ... သေနတ်ကိုမတွေ့လည်း ရိုက်ခဲ့တဲ့ အရက်ပုလင်းကို သူတို့တွေ့တာပဲဟာ ... "

"အဲဒါ ... ဘာဖြစ်လဲ"

"မနေ့က ဦးဆက်မင်း စီအိုင်ဒီရုံးကိုသွားတာ ... ကျုပ်ပြောပြီးပြီနော် ... ကျုပ်အထင်တော့ ဦးဆက်မင်းဟာ စီအိုင်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာ အရက်ပုလင်း၊ သေနတ်လေးပေါ်က လက်ဗွေပုံစံနဲ့ ဦးလှိုင်ဘွားအလောင်းခန္ဓာကိုယ်ထဲက ... တွေ့ရှိရတဲ့ သေနတ်ကျည်ဖူးကိုသွားစစ်ဆေးမေးမြန်းတာပဲဖြစ်မယ် ... ဒီတော့ ပုလင်းနဲ့သေနတ်လေးပေါ်က မမြတ်ရည်မွန်ရဲ့ လက်ဗွေပုံစံကို သူတို့ထပ်ပြီးတိုက်ဆိုင်စစ်ဆေးမှာပေါ့"

"သူတို့ ဘယ်လိုစစ်ဆေးနိုင်မှာလဲ ... ကျွန်မကိုမှ မမိသေးတာ ... "

"ဒေါ်သူဇာရဲ့ဘော်ဒါဆောင်မှာ ကျန်ခဲ့သေးတဲ့ပစ္စည်းတွေမှာရော၊ မာလာမြိုင်က မမြတ်ရည်မွန်ထားခဲ့တဲ့ ပစ္စည်းတွေမှာရော လက်ပုံစံခြင်းတိုက်ဆိုင်ကြည့်တာနဲ့ ဦးလှိုင်ဘွားသတ်သူဟာ မမြတ်ရည်မွန်ပဲဆိုတဲ့ တရားခံအမည်ကိုသိသွားကြပြီလေ ... "

"ဒါဆို ... ကျွန်မနောက်ကို သူတို့လိုက်ကြပြီပေါ့နော်"

စိန်ဝင်းမောင်က အေးတိအေးစက် ပခုံးတွန့်ပြသည်။

စိန်ဝင်းမောင် ပခုံးတွန့်ပြသည့် အမိပ္ပာယ်ထဲတွင် မိမိက အောင်စိုးမိုးအပေါ် မြတ်ရည်မွန် နာကြည်းမုန်းတီးစေရန် အကြောင်းအချက်တွေ အများကြီးပြောပြသော်လည်း၊ မြတ်ရည်မွန် မျက်နှာတွင် အောင်စိုးမိုးကို မုန်းတီးခြင်း၊ နာကြည်းခြင်း၊ စိတ်ဆိုးခြင်းအရိပ်လက္ခဏာ တစ်ချက်လေးမျှ ပေါ်ထွက်ခြင်းမရှိသည့်





အတွက် ပခုံးတွန့်ပြရာတွင် ထိုအချက်ပါဝင်နေသည်။

မြတ်ရည်မွန် မိန်းမချော၊ မိန်းမလှလေးသည် အောင်စိုးမိုးအား တုံ့ပြန် မေတ္တာရှိကြောင်း နှုတ်ကဖွင့်ဟာအဖြေမပေးသေးသော်လည်း သူမ၏ရင်ထဲနှလုံးထဲ၌ အောင်စိုးမိုးအပေါ် နှလုံးသားမေတ္တာစစ်နှင့် ချစ်နေပေပြီကောဟု စိန်ဝင်းမောင်နားလည်လာရတော့ပေသည်။

"ရဲက ဖမ်းမိသွားပြီဆိုရင်တော့ မလွယ်တော့ဘူးပေါ့ ... မမြတ်ရည်မွန်အမှုက လူသတ်မှုကြီးပဲ ... တရားရုံးတော်မှာ စွဲချက်တင်အမှုဖွင့်လိုက်ရင် ... တရားသူကြီးက ငယ်ရွယ်သူ ခေတ်ပညာသင် တက္ကသိုလ်ကျောင်းသူလေး ... ယခင်က ကိုယ်ကျင့်တရားနှင့်ပတ်သက်ပြီး တစ်ခါမျှ အပြစ်မရှိခဲ့ဘူးသူလေး၊ စသဖြင့် သက်ညှာခွင့်တွေအများကြီးပေးပြီး စီရင်ချက်ချရင်တော့ အနည်းဆုံး ထောင်ဒဏ်လေးငါးခြောက်နှစ်က ဆယ်နှစ်အထိ ချနိုင်တာပဲ ... "

"အဲဒီတော့ အခု ကျွန်မ ဘာလုပ်ရမလဲ ကိုစိန်ဝင်းမောင်"

"ကြွက်ရေလုံအောင်ပုန်းပဲရှိတော့တာပေါ့ ... ကြောင်ကြီးက လိုက်နေပြီပဲဟာ ... လွတ်ရာကို ထွက်ပြေးရုံပေါ့ ... ကျုပ်အကြံရတာကတော့ မမြတ်ရည်မွန် ကနေ့ညမှာပဲ ဘော က်ထော် မာလာမြိုင်လမ်းကအိမ်ကိုပဲ ပြန်သွားပြီး အဲဒီမှာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



နိုနေလိုက် … ”

“အိုး … မဟုတ်တာ … ဦးဆက်မင်းကိုယ်တိုင် မာလာမြိုင်အိမ်ကိုရောက်သွားပြီးပြီဆို … ကျွန်မအိမ်မှန်း သူသိသွားပြီပဲဟာ … ဘယ်လုံခြုံတော့မလဲ … ”

“သူတို့သိသွားပြီးသား … ရှာဖွေစစ်ဆေးပြီးသားအိမ်မို့ … မမြတ်ရည်မွန်ကို သွားနေခိုင်းတာပေါ့ဗျာ … ကျုပ်တို့ ငယ်ငယ်တုန်းက တူတူပုန်းတမ်းကစားသလိုပေါ့ … ရှာသူဟာ ရှာပြီးသားနေရာကို ထပ်မရှာတော့ဘူး … ငါရှာပြီးသားနေရာပဲဆိုပြီး လွှတ်ထားမှာပဲ … တကယ် ထွက်ပြေးသင့်တာကတော့ နယ်ခြားမြေခြား ဟိုဘက်တစ်နိုင်ငံမျိုးကို ထွက်ပြေးသင့်တယ်ပေါ့ … ဒါပေမဲ့ အဲဒီလိုထွက်ပြေးဖို့ ဘယ်မှာလဲ … ကုန်ကျမဲ့ပိုက်ဆံ အများကြီးငွေတွေကုန်မှာ … ခင်ဗျားမှာလည်း အဲဒီလောက်ငွေမရှိဘူး … ကျုပ်မှာလည်း မရှိဘူး၊ နောက်တစ်ချက်က တရားဝင်ခိုးထွက်ဖို့ လေယာဉ်လက်မှတ်ဖိုးတို့ မော်တော်ကားစရိတ်ကို တတ်နိုင်တယ်ထားဦး လမ်းပေါ်ထွက်သွားတာနဲ့ တစ်နေရာရာမှာ ရဲအဖွဲ့နဲ့ တိုးမိမှာပဲ၊ ဘောလမ်းကောင်လမ်းခရီးကြမ်းကြီးက ထွက်ပြေးဖို့ဆိုလည်း ခင်ဗျားလို သိပ်နုနယ်တဲ့မိန်းမသားအတွက် မလွယ်ဘူး … နောက်ပြီး အဲဒီတောတောင် ခရီးကြမ်းကြီး





မှာ ခင်ဗျားလို မိန်းမချော မိန်းမလှအတွက် အန္တရာယ်တွေ အများကြီးတွေ့နိုင်တယ် … ဖြတ်သန်းသွားရမဲ့နေရာတွေက လူဆိုး သူခိုး ဓားပြတွေ ကျက်စားတဲ့နေရာတွေ … ကဲ … သဘောပေါက်ပြီလား … မမြတ်ရည်မွန် … ”

မြတ်ရည်မွန် ထောက်ခံခေါင်းညိတ်ရုံမက သူမအတွက် အဓိကအားကိုးရမည်မှာ စိန်ဝင်းမောင်သာဟု ဆုံးဖြတ်ပြီး စိန်ဝင်းမောင် အကြံပေးသမျှ လိုက်နာရတော့မည်ဟု ဆုံးဖြတ်ရတော့သည်။

“ကျွန်မက မာလာမြိုင်လမ်းကအိမ်မှာ သွားပုန်းနေပြီပဲထား၊ ကိုစိန်ဝင်းမောင်ကရော အဲဒီအိမ်မှာလိုက်နေမှာလား … ”

“အဲဒီလိုနေကြမယ်ဆိုရင်ကော … ”

“အို … မဟုတ်ကာ … ”

စိန်ဝင်းမောင်ရယ်လိုက်သည်။

“ဒီအခြေအနေဆိုးကြီးရောက်နေတာတောင် မမြတ်ဝတ်ရည်က အောင်စိုးမိုးအပေါ်မှာ သစ္စာစောင့်၊ သိက္ခာစောင့်စည်းတုန်းပဲလားဗျာ … ”

“မဆိုင်ပါဘူး … ကျွန်မ ဒီအခြေအနေဆိုးကြီးရောက်လာတာ ကျွန်မကိုယ်ကျင့်သိက္ခာပျက်လို့ ရောက်သွားတာမှ မဟုတ်တာ … မတော်တဆရောက်သွားရတာ … သစ္စာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာဆိုတာ ဘယ်ဘဝရောက်နေနေ ထိန်းသိမ်းရမှာပဲ မဟုတ်လား … ဒီဘဝ ဒီအခြေအနေမှာ ကိုစိန်ဝင်းမောင်က ကျွန်မကို ငိုင်ပြီလို့ထင်သလား … အသက်အသေခံလိုက်မယ် … သစ္စာနဲ့သိက္ခာတော့ အလိမခံဘူး ကိုစိန်ဝင်းမောင်ရေ … ”

စိန်ဝင်းမောင် ခေါင်းတဆတ်ဆတ်ညိတ်ညိတ်ပြီး ရင်ထဲက မြတ်ရည်မွန်ကို အရန်းချီးကျူးမိသည်။ ကိစ္စရှိ မေတ္တာဆိုသည်မှာ အချိန်ကာလပေါ်မူတည်ပြီး ပြောင်းလဲတတ်သည်။ မိမိတကယ်ပဲ မြတ်ရည်မွန်ကို ချစ်မြတ်နိုးသည်မို့ မိမိအပေါ် ယုံကြည်ကာ မေတ္တာပြန်ပိုင်လာသည်အထိ စောင့်မည်ဟု စိန်ဝင်းမောင် ဆုံးဖြတ်လိုက်သည်။

“ကဲ … စိတ်ချ အမိ … တို့က စကားအဖြစ်ပြောတာပါ … ခင်ဗျားစိတ်ဓာတ်ကို စမ်းကြည့်တာ … တို့မှာ အဲဒီလိုအနိုင်ကျင့်ယုတ်မာတဲ့စိတ်မျိုးလည်းမရှိဘူး … အကျင့်လည်းမရှိဘူး … အချိန်နဲ့မေတ္တာကို ဓားပြတိုက်မယူဘူး … မာလာဖြိုင်အိမ်မှာ တို့အတူပုံ့မနေပါဘူး … တို့အလုပ်ကိုယ်က မိန့်စဉ်လမ်းပေါ်မှာနေတဲ့အလုပ်ပဲ … ”

“အဲဒါ ကတိစကားနော် … ”

“သစ္စာရှေ့ရှေ့သောက်ရဲတဲ့ ကတိပဲ မမြတ်ရည်မွန် … ကတိ





လည်းပေးတယ် … ကတိအတိုင်းလည်း လိုက်နာမယ် … စိတ်ချ … အဲ … တစ်ခုတော့ရှိတယ် … မာလာဖြိုင်အိမ်မှာ အတူမနေ ညအိပ်မနေပေမဲ့ လှစ်ခနဲ လှစ်ခနဲတော့ ရောက်လာမှာပဲ … ဒါကလည်း မမြတ်ရည်မွန် ဒီအိမ်ထဲမှာ စားသောက်ဖို့နဲ့ လိုအပ်တာတွေကို ဖြည့်ဆည်းပေးဖို့သာ ရောက်လာမှာ … နောက်ပြီး … အမှုနဲ့ပတ်သက်ပြီး ရသမျှ သတင်းလာပို့ပေးမှာ … နောက်ထပ်ဖြစ်လာတဲ့အခြေအနေပေါ်မှာ ဘာဆက်လုပ်ရင်ကောင်းမယ်ဆိုတဲ့ ညှိနှိုင်းမှုအတွက်တွေကြောင့်သာလာမှာပါ … ”

“ကောင်းပါတယ် … ကိုစိန်ဝင်းမောင်စိတ်ထဲမှာ ကိုယ့်ညီမအရင်းလေး ဒုက္ခရောက်နေလို့ ကူညီတဲ့စိတ်မျိုးပဲထားပေးပါနော် … မြတ်ရည်မွန်ကလည်း အစ်ကိုရင်းတစ်ယောက်လိုပဲ အားကိုးပါရစေ … ”

စိန်ဝင်းမောင် ရယ်မောလိုက်ပြန်သည်။ စိန်ဝင်းမောင် ရယ်သည်ကို မြတ်ရည်မွန်က ငေးကြည့်မိပါ၏။

ဘာပဲပြောပြော စိန်ဝင်းမောင်သည် ယခုအချိန်ထိ မိမိဘက်မှ ရပ်တည်ပေးပြီး အကူအညီမှန်သမျှပေးနေသည်ကိုတော့ မြတ်ရည်မွန်က အသိအမှတ်ပြုပြီး ကျေးဇူးတင်မိသည်အမှန်။

ကိုစိန်ဝင်းမောင်သည် ယခု သူ ကတိပေးသည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကိုယ်ကျင့်သိက္ခာပိုင်းလည်း တည်ငြိမ်ပြီး မိမိ၏လိုအပ်ချက်များကို ဆက်ပြီးကူညီသူသာဆိုပါက စိန်ဝင်းမောင်သည် မြတ်ရည်မွန်အတွက် အမြဲတမ်းကြည်ညိုရာ ကိုးကွယ်ရာဖြစ်သွားနိုင်လောက်ပါပေသည်။

၅





## ၁၇

အောင်စိုးပိုးရင်ထဲတွင် ဦးဆက်ပင်းအပေါ် မကျေနိုင်ချင်ပါလေတော့။

သူ၏ချစ်စွာသော မမွန်သည် မိတ္ထီလာသို့ရောက်လာခြင်း လုံးဝမရှိပါဟု မိတ္ထီလာရဲအဖွဲ့မှ ဦးဆက်မင်းထံသို့ ပြန်ကြားချက်ပို့လိုက်သည်ဟု ဆိုသည်။

ဒါဆို ချစ်သောမမွန် ဘယ်ရောက်နေသနည်း။

ချစ်သော မမွန်ပျောက်ကွယ်နေသောရက်များတွင် စိန်ဝင်းမောင်နှင့် အတူရှိနေလိမ့်မည်ဟူသောအတွေးက အောင်စိုးမိုး၏ရင်ထဲနှလုံးသားတွင် နာနာကျင်ကျင် ဝေဒနာတစ်မျိုးခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးသည် ချစ်သောမမွန်ကို တွေ့ရှိရေးအတွက် နဂါးလို မြေလျှိုး၊ ဂဠုန်လို မိုးပြန့်ပြီး ရှာချင်မိသည်။

သို့သော် အောင်စိုးမိုးရှာဖွေနိုင်သည်မှာ ချစ်သောမမွန်နေခဲ့သည့် ဒေါ်သူဇာ၏တည်းခိုဆောင်နှင့် မာလာမြိုင်လမ်းအိမ်နှစ်နေရာ၌သာ ရှာနိုင်စွမ်းရှိသည်။

ချစ်သောမမွန်ပျောက်ဆုံးနေခြင်းကို ဦးဆက်မင်း ရှာဖွေပုံမှာ အားပျော့သည်ဟုလည်း ထင်မှတ်မိသည်။

တကယ်ဆို မမွန်ကိုရှာဖွေသည်နှင့် လူသတ်သမား အစစ်ကို မိနိုင်မည်မှန်းသိပါလျက် ဦးဆက်မင်းက အထူးတလည်ကြိုးစားရှာဖွေခြင်းမပြုဘဲ သမရိုးကျလုပ်ဆောင်မှုလောက်သာဟု ယူဆမိသည်။

"ခက်သားပဲ ကိုအောင် ... အခု အစ်ကို အိုင်အိုအဖြစ်ကိုင်ထားရတဲ့ အမှုခြောက်မှုတောင်ရှိတယ် ... ခြောက်မှုတိုင်းဟာ အမှုကြီးတွေချည်းပဲ ... အဲဒီထဲမှာ ဦးလှိုင်ဘွားအသတ်ခံရမှုလည်းပါဝင်တာမို့ အဲဒီအမှုတစ်မှုတည်းကို တစ်သမတ်တည်း ဖိလိုက်အားမပေးနိုင်ဘူး ... လုပ်သင့်တာတွေအားလုံးလုပ်ထားပြီးပြီ ... နောက်ပြီး အမှုတစ်ခုကို တရစပ်လိုက်တိုင်း တရားခံကိုမိတာမှမဟုတ်တာ ... ကိုယ့်ဘက်က ပြန်ထောင်ချောက်ဆင်ရတယ် ... အကွက်ဖမ်းရတယ် ...





ဒီတော့ အချိန်ယူရတယ် ကိုအောင် ... "

"ဒါတော့ဒါပေါ့ဗျာ ... ဒါပေမဲ့ အချိန်ကြာလေ ... မမွန်အတွက် စိုးရိမ်ရလေမဟုတ်လား ... ရေတိမ်နစ်မှာတို့ ... အနိုင်ကျင့်အစော်ကားခံရမှာတို့ဟာ စိုးရိမ်စရာတွေချည်း မဟုတ်လား အစ်ကို ... "

"အေးလေ ... ကိုအောင်စိတ်ပူနေတာက ကိုယ်ရေးကိုယ်တာ သဘောအရသာပဲဟာ ... စိန်ဝင်းမောင်နဲ့ပူးပေါင်းတဲ့ မြတ်ရည်မွန်ကို ကိုအောင်ချစ်စိတ်ချစ်စောနဲ့ အတင်းဆန္ဒပြင်းနေတာ ... အစ်ကို ရဲ့အနေနဲ့ကျတော့ လုပ်ငန်းမှာ ကိုယ်ရေးကိုယ်တာကို ထည့်မတွက်ဘူး ... လုပ်သင့်တာအားလုံးထောင့်စေ့ ... အကွက်စေ့လုပ်တယ် ... အချိန်ပိုင်းကို စောင့်သင့်သည်လောက်စောင့်ရတယ် ... "

"ဒါဆိုလည်း အစ်ကို့သဘောဗျာ ... "

အောင်စိုးမိုး အောင့်သက်သက်နှင့် ဦးဆက်မင်းကို ဘုပြန်ပြောမိသည်။

ဦးဆက်မင်းက ပြုံးပြုံးပင် ...

ကိုအောင့်ခမျာ အနာပေါ်တုတ်ကျ၊ အသည်းကို မြားစူးခံနေရရှာပါလားဟု ကရုဏာအကြည့်နှင့်ပင် ကြည့်နေတော့သည်။



www.burmeseclassic.com

မည်သို့ဆိုစေကာမူ ဆေးတက္ကသိုလ်ကျောင်းသား အောင်စိုးမိုး ကျောင်းဆက်ပြီးတက်ခဲ့နိုင်ရန် လိုခြင်းအတွက်တော့ ဦးဆက်မင်းက အထူးစီစဉ်ပေးပါ၏။





## ၁၈

မာလာမြိုင်အိမ်ခြံသည် ပေတစ်ရာပတ်လည်ရှိသည်။ အန်တီဆွေက ဤအိမ်လေးဆောက်စဉ်ကတည်းက ရှေ့ပိုင်းမြေ အကျယ်အရှည်ယူပြီး နောက်ပိုင်း မြေသိပ်မထားသောကြောင့် ဖျဉ်ထောင်အိမ်လေးမှာ နောက်ဘက်ပိုင်းပိုကျရောက်ပြီး လမ်းနှင့်ဝေးသည့်သဘောရှိနေသည်။ ဘေးနှစ်ဖက်မြေကတော့ အညီအမျှ ကျန်ရှိနေသည်။ အိမ်ဘေးပတ်လည်တွင် သရက်၊ ပိန္နဲ၊ မာလာကာ၊ မရမ်း စသည့်အပင်ကြီးတွေ စိုက်ပျိုးပေါက်ရောက်နေသည်။ တစ်ခြံလုံးမှာ သစ်ပင်ကြီးများ၏အကိုင်းအခက်အရွက်တွေဖြင့် အရိပ်အာဝါသကောင်းလှသည်။ ညနေပိုင်း နေဝင်ခါနီးအချိန်တွင် အပြင်ဘက်လမ်းတွင် အလင်းရောင်ရှိစေကာမူ ခြံထဲကအိမ်လေးမှာ မှောင်နေတတ်သည်။

www.burmeseclassic.com



ပိတောက်ပွင့်ချိန်ဆိုပါက ခြံထဲတွင် အိမ်နီးချင်းအပျို မလေးတွေ ပန်းတပျော်တပါး လာခူးလေ့ရှိသည်။ အပင့်များ အသီး သီးချိန်ဆိုပါကလည်း အန့်တီခွေက အသီးများကိုခူးပြီး ရပ်ကွက် တွင် ဝေပေးသည်။

ထို့ကြောင့်လည်း ယခု မြတ်ရည်မွန် ညဦးပိုင်းအိမ်သို့ ပြန်ဝင်နေလိုက်သည်ကိုမြင်တွေ့သူမရှိကြပေ။ ချောချောမောမော ပင် အိမ်လေးထဲသို့ မြတ်ရည်မွန်ဝင်ခဲ့နိုင်သည်။ အိမ်ထဲတွင် လျှပ်စစ် မီးရှိသော်လည်း လုံးဝမီးမဖွင့်ရန် စိန်ဝင်းမောင်က အကြံပြုထား သဖြင့် မီးတစ်ပွင့်မျှမဖွင့်ပေ။ ဖယောင်းတိုင်အသေးစားလေး တစ် တိုင်သာ ထွန်းထားပြီး အပြင်လမ်းဘက်မီးရောင်မမြင်သာအောင် ကွယ်ထားသေးသည်။

"မမြတ်ရည်မွန်တစ်ယောက်တည်း နေရဲပါတယ်နော် ... "

"နေရဲပါတယ် ... ဖိုးတုန်းက အန့်တီခွေအပြင်သွားလည်း ကျွန်မတစ်ယောက်တည်းနေနေကျပဲ ... "

"ဒါဆို ... တို့သွားတော့မယ် ... "

စိန်ဝင်းမောင်က သူ့လက်ကိုင်အိတ်ကိုယူကာ ထိုင် ရာမှ ထလိုက်သည်။

"ဩော် ... ကိုစိန်ဝင်းမောင် ... "

"ပြောပါ မမြတ်ရည်မွန် ... "





"အိမ်ရှေ့က ခြံဝင်းတံခါးမှာ ကျွန်မတို့စာတိုက်ပုံးလေးချိတ် ထားတယ် ... ဒီအိမ်လိပ်စာနဲ့ပို့သမျှတွေ အဲဒီခြံတံခါးက စာတိုက်ပုံးထဲထည့်ထားခဲ့ကြလေ့ရှိတယ် ... ဘာမှမဖြစ်ခင် က တနင်္ဂနွေနေ့ ကျွန်မ ဒီကိုလာတိုင်း ပုံးထဲကစာတွေ ထုတ်ယူနေကျပဲ ... အခု ကိုစိန်ဝင်းမောင် ပုံးထဲကစာတွေ သွားယူပေးပါလား ... ကျွန်မသွားယူရင် မတော်တဆ လူ မြင်မှာစိုးလို့ ... "

စိန်ဝင်းမောင်က ခိုင်းသမျှလုပ်ပေးပေသည်။ ခြံထဲရှိ အပင်တွေကို အကာအကွယ်ယူပြီး စာတိုက်ပုံးထဲမှစာတွေ သွားယူ ပေးသည်။

"တို့သွားခင် ပြောစရာရှိတာလေးတွေ ပြောချင်တယ်"

"ပြောပေါ့ ကိုစိန်ဝင်းမောင် ... "

စိန်ဝင်းမောင်က မြတ်ရည်မွန်အား ပြောစရာစကား တွေရှိသလို မြတ်ရည်မွန်ကလည်း ရင်ထဲတွင် စိန်ဝင်းမောင်ကို ပြော ချင်တာတွေရှိနေသည်။

စိန်ဝင်းမောင်သည် အဘယ်ကြောင့် မိမိကို ဤရွေ့ ဤမျှ အကူအညီတွေပေးနေသနည်း။ သနားသောကြောင့်၊ ကရု ဏာထားသောကြောင့် ကူညီပါသည်ဆိုသောအခြေမျိုးသည် လုံ လောက်သောအဖြေဟု မြတ်ရည်မွန် မယူဆ၊ စိန်ဝင်းမောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြီး ကူညီခဲ့သည်မှာ သူ့အတွက် အကျိုးတစ်ခုခုတော့ ပါဝင်ပေစရာရှိမည်ဟု မြတ်ရည်မွန် ထင်မိသည်။

စိန်ဝင်းမောင် မိမိထံမှ မည်သို့သောအကျိုးကို အလိုရှိနေပေသနည်း။

မိမိ၏ရုပ်အလှ၊ ခန္ဓာကိုယ်အလှကို ရယူပိုင်ဆိုင်ချင်သောကြောင့်ပေလား။

ယင်းသို့လည်းမဟုတ်တန်ရာ။ ဤမျှော်လင့်ချက်မျိုးနှင့်သာဆိုပါက ယခု တိုပြန်တော့မည်ဟု မှတ်ဆက်နေမလို၊ ဤနေရာ ဤအိမ်၊ ဤအချိန်တွင် စိန်ဝင်းမောင် မိမိခန္ဓာအလှ၊ ရုပ်အလှကို အရယူနိုင်ခွင့်ရှိနေသည်။ မြတ်ရည်မွန်အဖို့ အနိုင်ကျင့်ခံရသည့်တိုင် အောင် အော်ဟစ်ပြီး အကူအညီတောင်းရဲသူမဟုတ်။

"ဒိုင်လှုချည်လား မမြတ်ရည်မွန် ... ဘာတွေများစဉ်းစားနေတာလဲ ..."

"ဘာရယ်မဟုတ်ပါဘူး ... ကျွန်မမှာ ဒီလောကဲဒုက္ခတွေ တွေ့နေရတာဟာ ဘယ်ဘဝက ဘာတွေလုပ်ခဲ့မိတဲ့ ဝဋ်ကြွေးတွေကြောင့်လဲဆိုတာ တွေးကြည့်နေမိတာပါ ..."

စိန်ဝင်းမောင်က ရယ်ရယ်မောမောပြန်ပြောသည်။

"အင်း ... ခင်ဗျားက ဘဝဝဋ်ကြွေးအကြောင်းပြောမှတော့ တို့ကလည်း ကြီးကြီးကျယ်ကျယ် တရားသဘောစကား





တွေ ပြောလိုက်ဦးမယ် ... သတ္တဝါမှန်သမျှ အမိဝမ်းက ကျွတ်လွတ်မွေးဖွားလာချိန်ကစပြီး ဇာတိဇရာ ဗျာဓိမရဏာ လို့ ဘုရားဟောခဲ့တယ်လို့ ကြားဖူးတာပဲ ... လူဆိုတာ မွေးဖွားခြင်းမှတ်တိုင်ကနေပြီး လူတိုင်း၊ သတ္တဝါတိုင်း သေခြင်းမှတ်တိုင်ကို သွားနေကြတာပဲ ... သေခြင်းမှတ်တိုင် မရောက်မီ အိုခြင်း၊ နာခြင်း ဒုက္ခမျိုးစုံတွေ့ရတာပဲလေ၊ ဒါ လူတိုင်းသတ္တဝါတိုင်း တွေ့ကြုံရတဲ့ဒုက္ခပဲ၊ မမြတ်ရည်မွန်အဖို့ ဒီလောကဲဒုက္ခတော့ ရှိမှာပေါ့ဗျာ ... MAN IS NOTHING BUT STRUGGLE ဆိုတဲ့စကားပုံလည်း ရှိသားပဲ ... ဆိုလိုတာက လူဆိုတာ ဘာမှမဟုတ်ဘူး ... နေ့စဉ် တိုက်ပွဲအမျိုးမျိုးဝင်နေတာဟာလူပဲလို့ ဆိုလိုတာလေ ... ဒါပဲပေါ့ဗျာ ... လူဆိုတာ မွေးကတည်းက ဘဝမှာရုန်းကန်ခဲ့တာ သေသည်အထိပဲ ... အခုလည်း မမြတ်ရည်မွန်ဟာ ဘဝအတွက် ရုန်းကန်နေရတာကိုပဲ တရားနဲ့ဖြေပေါ့ဗျာ ..."

"ကိုစိန်ဝင်းမောင်မှာရော ရုန်းကန်နေရတာတွေရှိတာပဲလား ..."

"ရှိတာပေါ့ဗျာ ... ဒီမှာကြည့်လေ ..."

ပြောဆိုရင်း စိန်ဝင်းမောင်က သူ့ပိုက်ဆံအိတ်ထဲမှ ဓာတ်ပြားလေးတစ်ခုထုတ်ယူပြီး မြတ်ရည်မွန်ကို ပေးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကတ်ပြားလေးမှာ ဆေးတက္ကသိုလ်ကျောင်းသားတိုင်းကို ထုတ်ပေးထားသော အိုင်ဒင်တီတီကတ်ပြားလေးဖြစ်နေပါ၏။ ကတ်ပြားပေါ်တွင် စိန်ဝင်းမောင်၏ဓာတ်ပုံပါရုံမက ဆေးတက္ကသိုလ်(၁)၏ အမှတ်တံဆိပ်တို့ ပါရှိသည်။ ဆေးတက္ကသိုလ်မှ စိန်ဝင်းမောင်သည် ဗိုင်နယ်ပတ်ဝမ်း ဆေးတက္ကသိုလ်ကျောင်းသားဖြစ်ကြောင်း ဖော်ပြသော ... အိုင်ဒင်တီတီကတ်ပြားဖြစ်ပါ၏။ တက္ကသိုလ်ကျောင်းသူကျောင်းသားတိုင်း သက်ဆိုင်ရာတက္ကသိုလ်ရုံးဌာနမှ ထုတ်ပေးခြင်းဖြစ်သည်။

"သြ ... ကိုစိန်ဝင်းမောင်က ... ဆရာဝန်လောင်း ဆေးတက္ကသိုလ်ကျောင်းသားဖြစ်ခဲ့ပေသကိုး ... "

"မြင်တဲ့အတိုင်းပဲပေါ့ဗျာ ... နှစ်နည်းနည်းကြာသွားတော့ ကတ်ပြားထဲက ကျုပ်ဓာတ်ပုံဟာ ပိုမိုနုပျိုနေတာကလွဲရင် အခု စိန်ဝင်းမောင်ဟာ အဲဒီတုန်းက အဲဒီစိန်ဝင်းမောင်ပါပဲ"

"နှမြောစရာကြီးပါလားရှင် ... "

"ဒါပဲပေါ့ မမြတ်ရည်မွန် ... လူ့ဘဝဆိုတာ ဒါပဲပေါ့ ... ဘဝဆိုတာ ဒီလိုပါပဲလို့ သက်သေပြတာပါ ... ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ဖူးတယ် ... ခွေးဖြစ်တော့လည်း မစင်ပုံကိုတိုးတယ်ပေါ့ဗျာ ... လောကကြီးမှာ လူပေါင်းမှားမိတာဟာ ကြောက်စရာအကောင်းဆုံးပဲ ... အခု မမြတ်ရည်မွန်လည်း





လူပေါင်းမှားလို့ ဒီလိုဒုက္ခတွေကြုံရတာ ... "

"ရှင် ... ကျွန်မလူပေါင်းမှားတယ်ဟုတ်လား ... "

"ဦးလှိုင်ဘွားလေ ... မြတ်ရည်မွန် ကိုယ့်ဟာကိုယ်နေပါလား၊ ဦးလှိုင်ဘွားလိုလူကို ဘာလို့အပေါင်းအသင်းသွားလုပ်ရတာလဲ ... "

"အို ... ဦးလှိုင်ဘွားကို ကျွန်မက အပေါင်းအသင်းသွားလုပ်တာမဟုတ်ဘူး ... ကျွန်မဖေဖေရဲ့အကြောင်းကိုသိချင်လွန်းလို့ သူ့ဆီသွားမိတာ ... "

"တစ်ဦးကိုတစ်ဦး ဘယ်လိုအကြောင်းမျိုးကြောင့်ဖြစ်စေ တွေ့ဆုံဆက်သွယ်တာဟာ အပေါင်းအသင်းလုပ်မိတဲ့ သဘောသက်ဝင်သွားတယ်ဆိုပါတော့လေဗျာ ... ကျုပ်လည်း အဲဒီပုံမျိုးဆန်ဆန် အပေါင်းမှားခဲ့တာမို့ နှိုင်းယှဉ်ပြောပြနေတာပါ ... တို့လည်း ဦးလှိုင်ဘွားနဲ့အပေါင်းအသင်းလုပ်မိလို့ ဒုက္ခကြီးတွေ ရင်ဆိုင်လာရတာလေ ... "

"ကိုစိန်ဝင်းမောင်က ဘာလို့ ဦးလှိုင်ဘွားနဲ့ အပေါင်းအသင်းလုပ်မိတာလဲတဲ့ရှင် ... "

"ဒီလူကြီးက နယ်ခြားနယ်စပ်မှာ တော်တော်ကြာအောင်နေခဲ့တဲ့လူကြီးလေ ... သူ့မှာ နယ်ခြားအဆက်အသွယ်တွေရှိနေတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်း မြတ်ရည်မွန်သိပြီးသားဖြစ်သဖြင့် စိန်ဝင်းမောင်ဆက်ပြောသည်ကိုသာ နားထောင်နေလိုက်သည်။

"တို့က မထိုင်ခင် ခြေဆင်းချင်ခဲ့တယ် … ဆရာဝန်ဖြစ်လာမှ ရှိတဲ့လခမျိုးကို မမက်မောဘူး … ဖြတ်လမ်းနဲ့ချမ်းသာချင်တဲ့စိတ်တွေဝင်ခဲ့တယ် … ဒီတော့ အပေါင်းအသင်းမှားခဲ့တယ် … ဒါကြောင့် အခု ဒီဘဝနဲ့ဒီလမ်းပေါ် ရောက်သွားတာပဲ … ငွေကိုမက်မောမှုကြောင့် ဦးလှိုင်ဘွားနဲ့ ဆက်သွယ်မိခဲ့တယ် … ဦးလှိုင်ဘွားက တစ်ဘက်နိုင်ငံနဲ့ မှောင်ခိုလုပ်နေတဲ့ ဂိုဏ်းကြီးတစ်ခုရဲ့ ခေါင်းဆောင်ပဲ … ခိုလုပ်ငန်းနဲ့သူ တပည့်တွေအပေါ်မှာ သြဇာကြီးမာ…ယ် … တို့က သူ့အဖွဲ့ထဲမှ ဆရာဝန်လောင်းတ…ယောက်ဆိုတော့ … အဖွဲ့ရဲ့ ကျန်းမာရေးတာဝ… ယူရတယ် … အဲဒီအတွက် တို့ကို ဦးလှိုင်ဘ… ငွေကြေးထောက်ပံ့တယ် … အဲဒီမှာတင် … ဆေးကျောင်းသား ဆရာဝန်လောင်းဘဝကနေပြီး ဦးလှိုင်ဘွားရဲ့ မှောင်ခိုတပည့် မှောင်ခိုသမားဘဝရောက်သွားတာပဲ … တို့ လက်ဖျားငွေသီးခဲ့ပါတယ် … ဒါပေမဲ့ တစ်နေ့မှာတော့ တို့ကို ကြမ္မာဆိုးဝင်တယ် … "

မြတ်ရည်မွန်သည် စိန်ဝင်းမောင်ကို ပစ်တင်ရှုံ့ချရလေမလား၊ ကရုဏာသက်ရောက်ရလေမည်လား ဝေခွဲရသော





အကြည့်ဖြင့် ကြည့်နေသည်။ စိန်ဝင်းမောင်ဘဝမှာ သမုဒ္ဒရာတွေ ရှောပါလာသော ဆင်သေကြီးပေါ်တွင် လိုက်ပါပြီး ဒီဆင်သေကြီးရဲ့အသားကို စားပြီးလိုက်ပါသွားလျှင် တစ်သက်စားမကုန်ဟု တွက်ကိန်းဖြင့် ပင်လယ်ကိုမျှောသွားသည်။ ကျီးမိုက်သဏ္ဍာန်ရှိနေသည်။

စိန်ဝင်းမောင်သည် ကိုယ်ကို ပြန်မတ်လိုက်သည်။ ဒီတစ်ခါတော့ မြတ်ရည်မွန်ကို မျက်နှာချင်းတည့်တည့်ကြည့်သည်။

"တစ်နေ့မှာ တို့အဖွဲ့သားချင်းထဲက ထွန်းမောင်ဆိုတဲ့လူနဲ့ တို့ စကားများရန်ဖြစ်တယ် … တို့လက်ပါသွားပြီး ထွန်းမောင်သေသွားတယ် … တကယ်ကတော့ ထွန်းမောင်မှာ နဂိုကတည်းက နှလုံးရောဂါခံရှိနေလို့ တို့ကပဲ ဆေးကုပေးနေသူပါ … ဒါပေမဲ့ တို့နဲ့ ရန်ဖြစ်၊ တို့က ထိုးကြိတ်ရိုက်နှက်လို့ သေတာလို့ စွပ်စွဲတော့တာပေါ့ … "

"အဲဒီလို လက်လွန်သွားတော့ ကိုယ့်လွတ်ရာလွတ်ကြောင်းအတွက် ဆရာကြီးဦးလှိုင်ဘွားကိုပဲ ချဉ်းကပ်ရတာပေါ့ … ဒီအမှုကို ရဲတွေဘာတွေ မသိစေချင်ဘူးလေ … ဦးလှိုင်ဘွားကိုယ်တိုင်ကလည်း ရဲတွေမသိစေချင်တာပါ … ရဲတွေ ဒီအမှုကို ကိုင်ရင်း သူ့မှောင်ခိုလုပ်ငန်းကြီးပေါ်သွားမှာကို ဦးလှိုင်ဘွား စိုးရိမ်တာပဲ၊ ဒါကြောင့် ထွန်းမောင်ရဲ့အလောင်းကို သချိုင်းထဲမှာ ညကြီးမင်းကြီးမှာပဲ မြှုပ်လိုက်တယ် … ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုယ်တိုင်က အိုးအိမ်အတည်တကျမရှိတဲ့လူဆိုတော့ ထွန်းမောင်ကို လိုက်ရှာတဲ့လူလည်းမရှိဘူး ... နောက်ပြီး ဒီထွန်းမောင်ကိစ္စကို တို့နဲ့ဦးလှိုင်ဘွားနှစ်ယောက်ပဲ သိတယ် ... "

"အဲဒီတော့ကော ... "

"ပြီးပြီလေ ... တို့ဇာတ်လမ်းက အဲဒီမှာတင်ပြီးဆုံးပြီး တို့ဘဝဟာ ဦးလှိုင်ဘွားကို လုန်မကြည့်ရဲတဲ့ဘဝကို လုံးလုံး ရောက်လာခဲ့တာပေါ့ ... ပြီးပြီပဲ ... "

"ကဲ ... ဒါဆိုလည်း စာတိုက်ပုံးထဲကစာတွေယူပေးခဲ့ပြီး ကိုစိန်ဝင်းမောင် ပြန်တော့ပေါ့ ... "

"စာတွေလည်း သွားယူပေးမယ် ... ပြန်လည်းပြန်မှာပါ ... ဒါပေမဲ့ တို့ရင်ထဲမှာရှိနေတာတစ်ခုကို မမြတ်ရည်မွန်ကို တို့ မသွားခင်ပြောသင့်မပြောသင့် ချိန်ဆနေတာရှိနေလို့ပါ ... "

မြတ်ရည်မွန်သည် ဖျတ်ခနဲ စိန်ဝင်းမောင်ကိုကြည့်လိုက်သည်။

ဆိတ်ငြိမ်ရာဒေသနှင့်ကာလတွင် ရင်ထဲကစကားပြောချင်သည်ဆိုခြင်းမှာ ...

"တို့ကို အဲဒီအကြည့်မျိုးနဲ့ မကြည့်ပါနဲ့ ... မမြတ်ရည်မွန် တို့ရင်ထဲကပြောချင်တယ်ဆိုတဲ့စကားဟာ မမြတ်ရည်မွန်





ထင်သလို ကိစ္စမဟုတ်ပါဘူး ... တို့ဟာ ကိုယ်အပေါ် လက်မခံမကြည်ဖြူတဲ့ အမျိုးသမီးအပေါ်မှာ အနိုင်ယူလိုတဲ့ ဆန္ဒမျိုးမရှိပါဘူး ... "

"ကိုစိန်ဝင်းမောင်ရင်ထဲက ပြောချင်တာဘာလဲ ... ကဲ"

"ငွေရေးကြေးရေးကိစ္စပါ ... တို့ရဲ့စားဝတ်နေရေးအားလုံး အတွက် ဦးလှိုင်ဘွားမသေခင်က သူက တာဝန်ယူထားတာမို့ တို့မှာအခက်အခဲမရှိခဲ့ပေမဲ့ အခု ဦးလှိုင်ဘွားသေသွားတော့ တို့မှာ အလုပ်လည်းမရှိ၊ အားကိုးဖို့လည်းမရှိ၊ ဆက်ပြီး စားဝတ်နေရေးအခက်အခဲဖြစ်လာတယ်လေ ... တို့က ငွေရတုန်းကို သုံးဖြုန်းသဟားပို့ စုပြီးဆောင်းပြီးလည်း ဘာမှမရှိဘူး ... ဦးလှိုင်ဘွားသေပြီဆိုတော့ လာနေကျ လုပ်ငန်းဆက်သွယ်သူတွေလည်း မလာကြတော့ဘူး ... "

"ဘာလဲ ... ကျွန်မက ဦးလှိုင်ဘွားကို သတ်ပစ်လိုက်လို့ ကိုစိန်ဝင်းမောင်မှာ ဝင်ငွေမရှိ အလုပ်လက်မဲ့ဖြစ်သွားတယ်လို့ ဆိုချင်တာလား ... ဦးလှိုင်ဘွားကို ကျွန်မသတ်လိုက်တာကို အပြစ်တင်စကားပြောချင်တာလား ... "

"တမင်တကာ အကြောင်းမဲ့ပစ်သတ်တာမှမဟုတ်တာ ... ကိုယ့်အသက် ကိုယ့်အရှက် ကိုယ့်ကာလ္လာမွေ့ကိုကာကွယ်ရင်း မလွှဲသာလို့ ပုလင်းနဲ့ရိုက် သေနတ်နဲ့ပစ်ခုခံရင်း ဦးလှိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘွားသေသွားတာပဲ … မမြတ်ရည်မွန်ကို အပြစ်မှမတင်ထိုက်တာ … အပြစ်မတင်ပါဘူးဗျာ … ဒါပေမဲ့ အခု မမြတ်ရည်မွန်ဆိုက်ရောက်လာတဲ့ဘဝနဲ့ တို့ဆိုက်ရောက်လာတဲ့ အဖြစ်ခြင်း၊ ဘဝခြင်း၊ အခြေခံခြင်းတူသွားတယ် မဟုတ်လား …"

မြတ်ရည်မွန် ခေါင်းညိတ်ပြမိသည်။ တူညီသောသဘောခြေခံဖြင့် နှစ်ယောက်စလုံး ဘဝပျက်ခဲ့သည်ဆိုခြင်းကို မြတ်ရည်မွန် လက်ခံသည်။

"အခုဆိုကြည့်လေ … မမြတ်ရည်မွန် ဘော်ဒါဆောင်ကို ပြန်သွားလို့မရတော့ဘူး … ဒီမှာလာမြို့င်အိမ်မှာရော ဘယ်လောက်ကြာကြာ ပုန်းအောင်းနေနိုင်မှာလဲ …"

"ဟုတ်တယ် ကိုစိန်ဝင်းမောင် … အဲဒါကိုပဲ ကျွန်မစဉ်းစားနေတာ … အိမ်တွင်းပုန်းအဖြစ် တစ်သက်လုံး ဒီမှာနေသွားလို့ ရမှာမှမဟုတ်တာ …"

"ဒါကြောင့် အကောင်းဆုံးကတော့ ဒီကနေပြီး တခြားကိုထွက်ပြေးသွားတာ အကောင်းဆုံးပဲ … ဟိုဘက် တခြားနေရာရောက်သွားရင် မမြတ်ရည်မွန် အရောင်းအဝယ်အလုပ်တစ်ခုလုပ်ချင်လုပ် … ဒါမှမဟုတ် ကိုယ့်ပညာနဲ့ ကျူရှင်ဆရာတို့ ဘာတို့လုပ်ချင်လုပ် … အလုပ်တစ်ခုခုလုပ်





စားလို့ရသားပဲဟာ …"

မြတ်ရည်မွန်သည် စိန်ဝင်းမောင်ပြောပြချက်ကို စိတ်ဝင်စားလာသည်။ မြန်မာပြည်အတွင်း မည်သည့်နေရာမှာပဲနေနေ လူသတ်မှုအတွက် ဥပဒေနှင့်မလွတ်၊ တခြားနိုင်ငံရောက်သွားလျှင် ဤတိုင်းပြည်ဥပဒေစက်ကွင်းက လွတ်သွားမည်။

"အင်း … ကောင်းတော့ကောင်းသားပဲ … ဒါပေမဲ့ ကျွန်မက မြန်မာပြည်ထဲမှာတောင် ဟိုမြို့ … ဒီမြို့ စသည်တွေကို ကျွမ်းကျွမ်းကျင်ကျင်ရောက်ဖူးတာတောင် မဟုတ်ဘူး … တစ်ဘက်နိုင်ငံရောက်အောင် ဘယ်လိုသွားမလဲ … ရောက်ပြီး သွားရမှာက ပုန်းလျှိုးကွယ်လျှိုသွားရမှာ …"

"မပူနဲ့ တို့လည်းလိုက်မှာ …"

"တကယ် …"

"တကယ်ပေါ့ တို့အနေနဲ့လည်း ဒီမှာ ဘာလုပ်စားလို့ရတော့မှာမို့လဲ …"

"ဒါဆို ဟိုဘက်နိုင်ငံကို သွားကြမယ် … ဟိုရောက်မှ ကိုယ်လုပ်ချင်တဲ့အလုပ် ရရာလုပ်ပြီး ရှင်နဲ့ကျွန်မ လမ်းခွဲလိုက်ကြရုံပေါ့ … ကောင်းသားပဲ …"

"ရတယ်လေ … ဒါပေမဲ့ အဓိကလိုနေတာက … ဒါပဲ"

စိန်ဝင်းမောင်က လက်ညှိုးနှင့်လက်မကိုဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းသဏ္ဍာန်လုပ်ပြလိုက်သည်။

"ငွေ ... ငွေပေါ့ မမြတ်ရည်မွန် ... တို့မှာ စားစားသောက်သောက်နဲ့ ငွေလက်ကျန်ဆိုလို့ သုံးထောင်လောက်ပဲ ရှိတော့တယ် ..."

"ကျွန်မမှာလည်း ငွေသားတော့ များများမရှိတော့ဘူး ... ဒါပေမဲ့ စိန်သည် ရွှေသည်တွေတော့ရှိတယ် ..."

"အဲဒါလိုတာပေါ့ ..."

မြတ်ရည်မွန်တွင် စိန်ထည်ရွှေထည်ရှိသည်ဟု ကြားသည်နှင့် စိန်ဝင်းမောင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဝမ်းသာအားရအမူအရာ ချက်ချင်းထွက်လာသည်။

"စိန်တွေ ... ရွှေတွေ ... ပတ္တမြား နီလာတွေယူသွားနိုင်လေ ဟိုဘက်နိုင်ငံက ဒီက စိန်၊ ရွှေ ပတ္တမြား၊ နီလာစတဲ့ ရတနာတွေဆို ငမ်းငမ်းတက်ဝယ်ကြတယ် ... တန်ဖိုးလည်းအများကြီးပေးဝယ်တတ်တယ် ... ပြစမ်း ... အဲဒီ စိန်ရွှေတွေ၊ ရတနာတွေ တို့ကြည့်မြင်ရင် ဘယ်လောက်ရနိုင်တယ်ဆိုတာ ခန့်မှန်းနိုင်တယ် ..."

မြတ်ရည်မွန်က သူမ၏လေင်းဘတ်အိတ်ထဲမှ အနီရောင်ကတ္တီပါဘူးလေးကို ထုတ်ယူကာ စိန်ဝင်းမောင်အား ဖွင့်ပြလိုက်သည်။





"မေမေဝယ်ခဲ့တဲ့ လက်ဝတ်လက်စားတွေရယ် ... အန်တီဆွေက ကျွန်မဝတ်ဖို့လုပ်ပေးထားတဲ့ လက်ဝတ်လက်စားတွေပဲ ... စိန်လက်စွပ်တစ်ကွင်း၊ စိန်နားကပ်တစ်ရံနဲ့ ကျန်တာတွေကတော့ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်ပဲ၊ အန်တီဆွေကပြောဖူးတယ် ... အခု ကျွန်မမှာရှိတဲ့လက်ဝတ်လက်စားတွေဟာ ခုကာလပေါက်ဈေးနဲ့ဆိုရင် ငွေတစ်သိန်းအထက်မှာရှိတယ်တဲ့ ..."

"ဗျိုး ..."

စိန်ဝင်းမောင် သက်ပြင်းကြီးတစ်လုံးချလိုက်ပေတော့သည်။

"အဲဒါ ဘာဖြစ်သွားတာလဲ ကိုစိန်ဝင်းမောင် ..."

"ဒီလောက်လေးနဲ့တော့ ဟိုဘက်နိုင်ငံသွားဖို့ လပ်းစရိတ်တောင် ဘယ်ရမလဲ ... တို့များသွားရမှာက ခွင့်ပြုချက် ... ပတ်(စ်)ပို့တွေ ဗီဇာတွေနဲ့သွားရတာမှ မဟုတ်တာ ... ပုန်းလျှိုးကွယ်လျှိုးနဲ့ တောလမ်းတောင်လမ်းတွေသွားရမှာ ... ဒီကြားထဲ အနှောင့်အယှက်တွေ့ရင် ငွေပုံပေးရမှာ ... အမလေး ကုန်ရမဲ့ငွေကအများကြီး ..."

"ဒါတော့ မသိဘူး ... ကျွန်မမှာရှိတာတော့ ဒါအကုန်ပဲ"

"ဒါ ... အကုန်ပဲ ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒါအကုန်ပဲ ... "

"ဒါလေးလောက်နဲ့တော့ ဘယ်လိုမှ ဟိုဘက်နိုင်ငံကိုမသွားနိုင်ဘူး မမြတ်ရည်မွန် ... "

"ဒါဆို ဘယ်လိုလုပ်မလဲ ... "

စိန်ဝင်းမောင်က စားပွဲတွင်တံတောင်ဆစ်နှစ်ဖက်ထောက်ပြီး ,ရှေ့သို့ခါးကိုင်းကာ ...

"တို့ပြောမယ် မမြတ်ရည်မွန် ... အဲဒီစကားဖွင့်ပြောရင် မမြတ်ရည်မွန်က တို့အပေါ် တလွဲမြင်မှာစိုးလို့ မပြောဘဲ မျိုသိပ်ထားတယ်ဆိုတဲ့စကားပဲ ... "

"ပြောပဲ ပြောပါဦးလေ ... "

"ဦးလှိုင်ဘွားနဲ့ မမြတ်ရည်မွန်ဆို ပြောခဲ့ကြတဲ့စကားထဲမှာ ရတနာသေတ္တာအကြောင်းပါတယ်မဟုတ်လား၊ မမြတ်ရည်မွန်ရဲ့ဖေဖေ ဦးမြဒင် ထားကျန်ခဲ့တဲ့ရတနာတွေလေ ... အဲဒီရတနာသေတ္တာဟာ ခုချိန်ထိ မမြတ်ရည်မွန်ရဲ့လက်ထဲမှာ ကျန်ခဲ့တယ်မဟုတ်လား ... "

စူးစမ်းကြည့်သောအကြည့်ဖြင့် မြတ်ရည်မွန်က စိန်ဝင်းမောင်ကိုကြည့်လိုက်သည်။

ပြီး ... မဲ့ပြုံး ပြုံးလိုက်သည်။

"လက်စသတ်တော့ ကိုစိန်ဝင်းမောင်ကလည်း ဒီအကျိုးလို





လို့ ဒီညောင်ရေအိုးလောင်းနေတာကိုး ... "

"ထင်သားပဲ ... ဒီစကား ဖွင့်ပြောတာနဲ့ ဒီလိုမမြတ်ရည်မွန်က ပြောတော့မှာပဲဆိုတာ ... ဒါကြောင့်လည်း မပြောဘဲ တို့ရင်ထဲမှာပဲ မျိုသိပ်ထားတာ ... အခုပြောမိတာက အခုရောက်ရှိနေတဲ့အခြေအနေမှာ မပြောရင်မဖြစ်တော့လို့ ဖွင့်ပြောရတာ ... တို့က ဦးလှိုင်ဘွားကို မိုက်ကြေးခွဲတောင်းတဲ့ သဘောမျိုး လုံးဝမဟုတ်ဘူးဆိုတာ ယုံကြည်စမ်းပါ ... အဲခြင်းချက်တစ်ခုတော့ရှိမယ်ပေါ့လေ ... တို့ဘဝ လုံခြုံရေးအတွက် မမြတ်ရည်မွန်ဆီက စေတနာအလျောက်ပေးကမ်းတာမျိုးတော့ လိုချင်မိတယ်ပေါ့ ... ဟိုနိုင်ငံရောက်လို့ တို့ဟာတို့ လုပ်စားနိုင်တဲ့အလုပ်ရပြီဆိုတာနဲ့ မမြတ်ရည်မွန်ဆီက တစ်ပြားတစ်ချပ် တို့မယူဘူး ... "

"ဒါတော့ ဒါပေါ့လေ ... ဒါပေမဲ့ အမှန်တကယ် ဘုရားစူး၊ မိုးကြိုးပစ် ... ကျွန်မကျိန်ပြောမယ် ... အဲဒီရတနာသေတ္တာ ကျွန်မဆီမှာ မရှိဘူး ... "

"ယုံပါတယ် ... ဒါပေမဲ့ စဉ်းစားစရာတော့ ရှိတာပေါ့လေ၊ မမြတ်ရည်မွန်ရဲ့ဖေဖေ ဦးမြဒင်ဟာ သမီးရင်းကလွဲပြီး ... ဒီရတနာသေတ္တာကို ဘယ်သူ့ကိုပေးမှာတဲ့လဲ ... ဝှက်ထားတယ်ဆိုလည်း ဦးမြဒင်ဟာ နောက်ဆုံးအချိန်မှာ မမြတ်ရည်



www.burmeseclassic.com

www.burmeseclassic.com



မွန်ရဲ့ မေမေက ဘယ်မှာဝှက်ထားတယ်ဆိုတာ ပြောခဲ့မှာပဲ … ဦးမြဒင် သံယောဇဉ်အရှိန်ဆုံးဟာ ဒီနေ့နဲ့ ဒီသမီးပဲ မဟုတ်လား … အဲဒီတုန်းက မမြတ်ရည်မွန်ကတော့ … ကလေးလူမမယ်ဘဝအရွယ်ဆိုတော့ မမြတ်ရည်မွန်ရဲ့မေမေကိုသာပေးအပ်ခဲ့ရမယ်လို့ တွက်လို့ရတယ်လေ … ”

ဖြစ်နိုင်သည်ဟု မြတ်ရည်မွန်ထောက်ခံမိသည်။

“မမြတ်ရည်မွန်ရဲ့ မေမေသေဆုံးချိန်မှာတော့ … မမြတ်ရည်မွန် သိတတ်နားလည်တဲ့အရွယ်ရောက်နေပြီ … ဒါပေမဲ့ မမြတ်ရည်မွန်ရဲ့ မေမေဟာ သေသွားတဲ့အထိ မပြောခဲ့ဘူးဆိုရင် … ဒီရတနာသေတ္တာ ဘယ်ရောက်နေသလဲဆိုတာ စဉ်းစားစရာပေါ့ … ကဲပါလေ … အဲဒီရတနာသေတ္တာမတွေ့လို့ ငွေကြေးမပြည့်စုံလို့ ဟိုဘက်နိုင်ငံမသွားနိုင်တော့လည်း ဒီမှာပဲ ဟိုရွှေ့လိုက် … ဒီပြောင်းလိုက်နေရှုပါ … ”

စိန်ဝင်းမောင်ထိုင်ရာမှ ထရပ်သည်။

“တို့သွားတော့မယ် … ”

“ခဏနေဦး … ကျွန်မလည်း စဉ်းစားနေတယ် … ဒီရတနာသေတ္တာ မေမေကတော့ သိမှာပဲ … ကျွန်မကို မေမေက ဘာလို့မပြောခဲ့တာ … ဆုံးခါနီးမှာ ဝေဒနာအရမ်းတက်တာမို့ ပြောပြခဲ့ဖို့သတိလစ် သတိမေ့ခဲ့တာလားလို့ ကျွန်မ





စဉ်းစားနေတာ … ”

“သိပ်စဉ်းစားသင့်တာပေါ့ဗျာ … ဒါဆို တို့မေးမယ် … မမြတ်ရည်မွန်ရဲ့အမေဆုံးတုန်းက ဘယ်မှာဆုံးတာလဲ … ”

“ဒီမာလာမြိုင်အိမ်မှာပဲဆုံးတာ … ”

“ဒီအိမ်ဟာ မမြတ်ရည်မွန်ရဲ့အမေပိုင်တဲ့အိမ်လား … ”

“မဟုတ်ဘူး … အစတုန်းက ကျွန်မတို့က တောင်ဥက္ကလာမှာ အိမ်ငှားနေတာပါ … ဖေဖေဆုံးပြီးမှ အန်တီဆွေက မေမေနဲ့ကျွန်မသားအမိကို ဒီအိမ်ပြန်ခေါ်တာ … ဖေဖေနဲ့ ယူတာကို အန်တီဆွေ သဘောမတူလို့ မေမေ့ကို ပိုင်းပယ်ထားကြတဲ့သဘောပေါ့ … အန်တီဆွေက ယောက်ျားဆုံးသွားတဲ့ မုဆိုးမလေ … ဒါပေမဲ့ အန်တီဆွေမှာ သားသမီး မထွန်းကားခဲ့ဘူး … ”

“ဒါဆို မမြတ်ရည်မွန်ရဲ့မေမေဟာ ရတနာသေတ္တာကိုဝှက်ထားခဲ့ရင် ဒီမာလာမြိုင်အိမ်တစ်နေရာရာမှာ ဝှက်ထားမှာပဲ”

“ဒါဖြင့် အခုပဲ ကျွန်မတို့ရှာကြည့်ကြမယ်လေ … ”

“ဒီအချိန်ကြီးမှာတော့ မကောင်းဘူး … ဖယောင်းတိုင်မီးကိုသုံးသုံး၊ လက်နှိပ်ဓာတ်မီးရောင်ကိုသုံးသုံး၊ မီးအလင်းရောင်ကို လမ်းပေါ်ကလှမ်းမြင်ကြမှာပဲ၊ မီးရောင်မြင်တာနဲ့ စစ်



www.burmeseclassic.com

www.burmeseclassic.com



လားဆေးလားတွေရောက်လာလိမ့်မယ် ... ဒီတော့ နက်ဖြန်နေ့ခင်းပိုင်းကို တိတ်တိတ်လေးပြန်လာခဲ့ပြီး ရထားမှာ သေတ္တာကိုရှာကြဖို့ ... မမြတ်ရည်မွန်ဘာသာ ရထားနှင့်ချင်လည်း ရှာထားလေ ... ပြန်တွေ့ဖို့အခါကပဲ ... ကဲ တို့သွားမယ် ... "

"မသွားခင် စာတိုက်ပုံးထဲကစာတွေယူပေးခဲ့ဦးလေ"

"အင်း ... ယူပေးမယ်"

ဟုပြောပြီး စိန်ဝင်းမောင် နောက်ဖေးပေါက်မှထွက်သွားသည်။

သိပ်မစောင့်ရဘဲ ကိုစိန်ဝင်းမောင်ပြန်ရောက်လာသည်။

"ရော့ ... ဒီစာတစ်စောင်ပဲတွေ့တယ် ... စာပို့သမားထည့်သွားတဲ့ စာတိုက်ကလာတဲ့ စာထင်တာပဲ ... "

မြတ်ရည်မွန်စာအိတ်ကိုယူပြီး လိပ်စာထက် လက်ရေးကိုကြည့်လိုက်သည်။

"ဟင် ... ဒါအန်တီဆွေ့ဆီကစာပဲ ... ထူးခြားတယ် ... အန်တီဆွေက စာရေးသိပ်ပျင်းတာ ... အကြောင်းထူးမဟုတ်ရင် ဘယ်သူ့ဆီမှ စာရေးလေ့မရှိဘူး ... အခုပဲ ဖွင့်ဖတ်ကြည့်မယ် ... "





*တူမ မွန်မွန်*

*ရန်ကုန်မှာ မွန်မွန် ဘာတွေဖြစ်နေသလဲ၊ ဒီနေ့ပဲ မိတ္ထီလာ ရဲအဖွဲ့ကရဲတွေ အန်တီဆွေ့ဆီလာကြတယ်။*

*မွန်မွန် အန်တီဆွေ့ဆီ လာသလားလို့မေးကြတယ်။ အန်တီဆွေ ရင်တွေဘာတွေတုန်မိတယ် မွန်မွန်။*

*နောက်တစ်ချက်က အန်တီဆွေရဲ့ရောဂါဟာ ထူးထူးခြားခြားသက်သာလာတယ်မရှိဘူး။*

*မတော်တဆ အန်တီဆွေ ဖျတ်ခနဲသေသွားရင် မွန်မွန်တစ်သက်လုံး ဘာမှသေိတဲ့ကိစ္စတစ်ခုဟာ အန်တီဆွေနဲ့သေရာပါသွားမယ်ဆိုတဲ့အတွေးဝင်လာလို့ ဒီစာရေးရတာပဲ။*

*ဒီအကြောင်းကို အစကနေပြီး ပြန်ရေးရင် ဝတ္ထုစာအုပ်တစ်အုပ်စာရေးရမှာမို့ လိုရင်းကိုပဲ အန်တီဆွေဖော်ပြမယ်။*

*အခါကအန်တီဆွေဖော်ပြချင်တာက မွန်မွန်ရဲ့ဖေဖေဆုံးခါနီးမှာ အန်တီဆွေ့ကို သံသေတ္တာသေးသေးတစ်လုံး အပ်သွားတယ်။ ဒီသေတ္တာလေးကို အလုံခြုံဆုံးနေရာမှာ သိမ်းပေးထားပြီး မွန်မွန် တက္ကသိုလ်တက်ရတဲ့နေ့ကျမှ ဒီသေတ္တာလေး မွန်မွန့်ကိုပေးပါလို့ အတန်တန်မှာသွားတယ်။*

*မှန်တာပြောရရင် ဒီသေတ္တာလေးကို အန်တီဆွေလည်း သိမ်းမထားရဲဘူး။ ဘာလို့ သိမ်းမထားရဲဘူးဆိုတာတော့ အန်တီ*



www.burmeseclassic.com

www.burmeseclassic.com



ဆွေ အရှည်ကြီးမပြောတော့ဘူး။ ဒီသေတ္တာလေးထဲမှာ သိပ် အဖိုးတန်တဲ့ ရတနာတွေရှိနေလို့ပဲ။ မှန်မှန့် မေဖေ ဖြေခင်ပေးခဲ့တဲ့ ပစ္စည်းဖြစ်မှာပေါ့။

ဒီတော့ ဒီသေတ္တာလေးကို အန်တီဆွေကိုယ်တိုင် ရန်ကုန် မြို့ ဘားလမ်းတိုက်အမှတ်( ... )မှာ ရုံးဖွင့်ထားတဲ့ ဝတ်လုံ တော်ရ ဦးထွန်းအုံ့ဆီမှာ သွားအပ်ထားတယ်၊ ဝတ်လုံတော်ရ ဦးထွန်းအုံ့ဟာ အန်တီဆွေရဲ့ ယောကျ်ားနဲ့ သိပ်ခင်မင်ရင်းနှီးခဲ့တဲ့ မိတ်ဆွေရင်းပဲ။ သစ္စာသမာဓိသိပ်ကြီးမားတယ်။ ဥပဒေရေးရာ မှာလည်း သိပ်ကျွမ်းကျင်တယ်။ ဦးထွန်းအုံ့ဆီမှာ ဒီလိုပဲ သိပ် ချမ်းသာကြွယ်ဝတဲ့ ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ အဖိုးတန် ပစ္စည်းတွေအပ်ထားတတ်ကြတယ်။

မှန်မှန့်ကိုပေးရမဲ့ အဲဒီရတနာသေတ္တာကိုလည်း ဦးထွန်းအုံ့ ဆီမှာ အပ်နှံထိန်းသိမ်းစေ တစ်နှစ်ကို တစ်ထောင်နှုန်းနဲ့အပ်ခဲ့ တာ။ အခုဆို သုံးနှစ်ထဲရောက်သွားပြီ။ မှန်မှန့်သွားရွေးရင် ကျသင့်တဲ့ငွေသုံးထောင်ပေးပြီး ရွေးရမယ်။

အခု အန်တီဆွေ ဒီစာနဲ့အတူ ပူးတွဲပေးလိုက်တဲ့ မြတ်ပိုင်း စာရွက်လေးဟာ ဦးထွန်းအုံ့ကပေးထားတဲ့ စာရွက်မြတ်ပိုင်း လေးပဲ၊ အဲဒီမြတ်ပိုင်းလေးပေးတာနဲ့ ဦးထွန်းအုံ့က သဲသေတ္တာ လေးပြန်ပေးမှာပဲ၊ အန်တီဆွေက သေတ္တာအပ်ခဲ့သူဖြစ်ပေမဲ့





အန်တီဆွေကိုယ်တိုင် ပြန်ရွေးမှပေးမယ်ဆိုတဲ့သဘောမရှိဘူး။ ဘာလို့လဲဆိုတော့ ပစ္စည်းအပ်သူတွေဟာ နှစ်ရှည်လများအပ် ကြတာမို့ အပ်သူဟာ ခရီးလွန်ချင်လွန်မယ်၊ ဒီအတွင်းသေဆုံး ချင် သေဆုံးမယ် ... ဒါကြောင့် ဦးထွန်းအုံ့က သူလက်မှတ်ရေးထိုး ထားတဲ့ မြတ်ပိုင်းနဲ့က ရွေးတဲ့လူကို ပစ္စည်းမှန်ပြန်ပေး လိုက်တယ်။

မှန်မှန့်ဘွဲ့ယူတဲ့အထိ အန်တီဆွေရှိချင်မှရှိနိုင်တာမို့ အန်တီ ဆွေမသေမီ မှန်မှန့်ဆီပေးပို့လိုက်တာ။

ဒါတင်မကသေးဘူး။ အန်တီဆွေပိုင်ဆိုင်သမျှ အန်တီဆွေ သေသွားရင် ဆက်ခံသူမှန်မှန့်ဆိုတာကိုလည်း အန်တီဆွေအား လုံး တရားဝင်မှီစဉ်ထားခဲ့တယ်။ တလောကလုံးမှာ အရင်းအချာ ဆိုလို့ အန်တီဆွေရဲ့မှန်မှန့်ပဲရှိတော့တာမဟုတ်လား။

ကြော် ရတနာသေတ္တာလေးကို ဖွင့်တဲ့သော့ချောင်းဟာ မာလာမြိုင်အိမ်၊ အန်တီဆွေနေခဲ့တဲ့ အိပ်ခန်းထဲက စာကြည့် စားပွဲလက်ယာအံဆွဲအတွင်းဘက်မှာထည့်ထားခဲ့တယ်။ ဖဲကြိုး အနီရောင်ချည်ထားတဲ့သော့ချောင်းပဲ မှန်မှန်။

ကဲ ... ဒါပဲ မီးမှန်း လိမ်လိမ်မာမာနေပါဆိုတာမျိုး အန်တီ ဆွေ အထူးမမှာတော့ဘူး။

အန်တီဆွေ



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပြီးဆုံးသွားသည်နှင့် ...

"အို ... အန်တီဆွေရယ်"

ဟု ညည်းတွားရင်း မြတ်ရည်မွန် ငိုချလိုက်တော့သည်။

စိန်ဝင်းမောင်က မတ့်တတ်ကပင် မြတ်ရည်မွန် ငိုရှိုက်နေသည်ကို ငုံ့ကြည့်နေပေသည်။

"ဘာလို့လဲ မမြတ်ရည်မွန် ... အဲဒီစာကို တို့ဖတ်ကြည့်ခွင့်ပေးမလားဟင် ... "

မြတ်ရည်မွန်က ငိုရှိုက်ရင်း အန်တီဆွေ၏စာကို စိန်ဝင်းမောင်သို့ ပေးလိုက်ပါလေ၏။ စိန်ဝင်းမောင်ကို ပေးဖတ်သင့်သည်ဟုလည်း မြတ်ရည်မွန်ယူဆသည်။

လုံးဝအစပျောက်နေသော ရတနာသေတ္တာလေး ယခုမှ ပြန်ပေါ်လာပြီမဟုတ်ပါလား။ စိန်ဝင်းမောင် စာကိုယူ၍ဖတ်သည်။ စာတစ်ကြောင်းပြီးတစ်ကြောင်း ဖတ်လေတိုင်း စိန်ဝင်းမောင်မျက်လုံးများ အရောင်တောက်ပသည့်ထက် ပို၍တောက်လာသည်။ စာဖတ်၍ပြီးသွားသည်။

"အား ... အဲဒါ ငိုစရာလား မမြတ်ရည်မွန် ... ကျုပ်တို့နှစ်ယောက် ကိန်းသေလွတ်ပေါက်ထွက်ပေါက်ရပြီလေ ... ဒီဖြတ်ပိုင်းလေးဟာ သိန်းရာထောင်ချီပြီး ထိပေါက်တဲ့ ထီ





လက်မှတ်လေးပဲ ... "

မြတ်ရည်မွန် စိတ်တင်းကာ မျက်ရည်များကို သိမ်းလိုက်သည်။

ဘဝတွင် ဘာထူးတော့မည်နည်း။ အဖေမရှိ၊ အမေမရှိ၊ ညီအစ်ကိုမောင်နှမမရှိ။ အန်တီဆွေရောဂါကလည်း ယခုမျှော်လင့်စရာမရှိကြောင်း သိရသည်။ ငိုနေသည့်ကြားကပင် တစ်ကောင်ကြွက်ဘဝဖြင့် ဘာမဆို ရင်ဆိုင်တော့မည်ဆိုသည့် အားတင်းစိတ်တွေ အလိုလိုဝင်ရောက်လာသည်။

"တဲ ... ငိုမနေနဲ့ ... ငိုင်မနေနဲ့တော့ မမြတ်ရည်မွန် ... နက်ဖြန်ကျရင် ဒီဖြတ်ပိုင်းလေးယူပြီး ဝတ်လုံတော်ရှေ့နေကြီးလွှမ်းအုံဆီက ရတနာသေတ္တာကိုသာ သွားယူပေတော့ ... တို့မှာ လက်ကျန်ငွေသုံးထောင်ရှိတာကိုပါယူသွားပေါ့ ... သေတ္တာသိမ်းဆည်းခ သုံးနှစ်အတွက် ပေးရမယ်လေ ... "

"ဖြည်းဖြည်းပြော ... ဆောမယ် ကိုစိန်ဝင်းမောင် ... "

"ဘာလဲ ... ကျုပ် ဒီရတနာသေတ္တာရနိုင်ပြီမို့ ဝမ်းသာနေတယ်လို့ ထင်လို့လား ... ကျုပ်တို့ ဟိုဘက်နိုင်ငံကိုသွားနိုင်ဖို့ ထွက်ပေါက်ရရင်ကျေနပ်ပြီပဲ ... ဟိုကျရင် မမြတ်ရည်မွန် ကျုပ်ရဲ့သဘောထားအမှန်ကိုတွေ့မြင်ရမှာပါ ... "

"အဲဒီဟာတွေ ရည်ရွယ်ပြီးပြောတာ မဟုတ်ဘူး ကိုစိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



မောင် ... ဖြည်းဖြည်းပြော မောမယ်ဆိုတာက ကျွန်မ ဦးထွန်းအုံ့ဆီသွား ရတနာသေတ္တာမယူရဲတာမို့ ပြောတာ၊ ကျွန်မ လမ်းပေါ်ရောက်တာနဲ့ ရဲအဖွဲ့က ကွိခနဲဖမ်းကုတ်သွားမှာကို ကိုစိန်ဝင်းမောင် ထည့်မတွက်ဘူးလား ... "

"အင်း ... ဒါလည်းဟုတ်သားပဲ ... "

ပြန်ရန်ပြင်ပြီးမှ စိန်ဝင်းမောင် ပြန်ထိုင်ပြန်သည်။

"ဒါဆို ဒီရတနာသေတ္တာ ဘယ်သူသွားရွေးမလဲဗျာ ... "

"ကိုစိန်ဝင်းမောင်ပဲ သွားရွေးပေါ့ ... "

"ဟာ ... ဒါလည်း ကွိခနဲကိန်းဆိုက်မှာ ... "

"ဘာလို့ ကွိခနဲကိန်းဆိုက်ရမှာလဲ ... ကျွန်မအနေနဲ့ဆိုရင် ကိုအောင်က ကျွန်မအကြောင်း ရဲကို လျှောက်ပြောထားတာရော ... ဦးလှိုင်ဘွားအိမ်ထဲကရထားတဲ့ ပုလင်းတို့ သေနတ်အသေးလေးတို့မှာ ကျွန်မလက်ဗွေပုံစံရထားတာကြောင့်ရော ဦးလှိုင်ဘွားကို သတ်တဲ့လူသတ်တရားခံဟာ ကျွန်မလို့ သတ်မှတ်ထားမှာလေ ... ကျွန်မ ဘယ်လိုလမ်းထွက်ရဲမှာလဲ ... ကိုစိန်ဝင်းမောင်ကရော ဘာလို့ ဦးထွန်းအုံ့ဆီမသွားရဲတာလဲ ... "

"မသွားရဲတာက ဦးလှိုင်ဘွားအိမ်မှာ ရဲတွေလာသွားကြတုန်းက ကျုပ်နဲ့ ဦးလှိုင်ဘွားပတ်သက်ခဲ့တဲ့ အထောက်





အထားတွေ ဘယ်လောက်ရသွားမှန်းမှ မသိတာ၊ တကယ်လို့ ဦးလှိုင်ဘွားဆီက ရရှိတဲ့ စာရွက်စာတမ်းတွေထဲမှာ ကျုပ်အကြောင်း ဦးလှိုင်ဘွားက ဘယ်လောက်ထိ ဖော်ပြရေးသားချက်တွေရှိနေမှန်းမှ မသိတာ ... နောက်ပြီး မြတ်ရည်မွန်ရဲ့အဖေ ဦးမြဒင်အကြောင်းတွေ မှတ်စုရေးသားရာမှာ ရတနာသေတ္တာအကြောင်း ရေးမှတ်တာတွေလည်းပါချင်ပါမှာ ... "

"ဦးထွန်းအုံ့ဆီမှာ ရတနာသေတ္တာအပ်ခဲ့ကြောင်းကိုတော့ ရဲက မသိနိုင်ပါဘူး ... ဦးလှိုင်ဘွားကိုယ်တိုင်တောင်မှ မသိတာပဲဟာ ... ကဲ ... ကျွန်မမေးစမ်းပါရစေ ... ရဲတွေက ကိုစိန်ဝင်းမောင်ကို ဦးလှိုင်ဘွားသတ်မှုနဲ့ပတ်သက်ပြီး တွေ့ဖူးမြင်ဖူးတာမှမဟုတ်တာ ... ကိုစိန်ဝင်းမောင်ကို ဘာမှုနဲ့ဖမ်းနိုင်မှာလဲ ... "

စိန်ဝင်းမောင် ငိုင်သွားသည်။ မြတ်ရည်မွန်ပြောပြချက်သည် မှန်နေပါ၏။ မိမိအနေနှင့် ယခင်က ရဲမှတ်တမ်းတွင် လူဆိုးတစ်ယောက်အနေနှင့် မရှိခဲ့။ ပြီး ဦးလှိုင်ဘွားအမှုနဲ့ပတ်သက်၍လည်း ရဲတွေက မိမိအမည်ရော၊ ရုပ်ကိုရော သိသည်မြင်သည်လည်း မရှိသေး၊ မိမိကို ဘာမှုနဲ့ဖမ်းမည်နည်း။

"မဟုတ်သေးဘူး မမြတ်ရည်မွန်ကို ကျုပ်ပြောဖူးတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ ဦးလှိုင်ဘွားအိမ်ထဲမှာပဲ ထွန်းမောင်ဆိုတဲ့ကောင်နဲ့စကားများရန်ဖြစ်ပြီး ထွန်းမောင်သေသွားလို့ ဦးလှိုင်ဘွားခြံထဲမှာပဲ ထွန်းမောင်အလောင်းကို မြှုပ်ထားတယ်ဆိုတာလေ ... ထွန်းမောင်ရဲ့အလောင်းကို ရဲအုပ် ကိုဆက်မင်းတို့မတွေ့ဘူးလို့ပြောနိုင်မလား။ ဦးလှိုင်ဘွားမှတ်စုစာအုပ်မှာအဲဒါတွေရေးမှတ်ထားရင် ဘယ့်နှယ်လုပ်မလဲ၊ ထွန်းမောင်ကို ကျုပ်သတ်တာလို့သိသွားရင် ကျုပ်အတွက် သေဒဏ်နဲ့ကျွန်းဒဏ်ပဲဟာ ..."

"တကယ်လို့ ကိုထွန်းမောင်ရဲ့အလောင်းကိုဖော်ပြီး သက်ဆိုင်ရာကစစ်ဆေးရင် နှလုံးရောဂါကြောင့် သေတာကိုတွေ့နိုင်တာပဲ ... ကိုစိန်ဝင်းမောင်ပဲပြောခဲ့တယ်လေ ... ကိုထွန်းမောင်မှာ နဂိုထဲက နှလုံးရောဂါရှိနေတာလို့ ... ဒါဆို ကိုစိန်ဝင်းမောင်ကိုမိသွားတောင် သေဒဏ်၊ ကျွန်းဒဏ်၊ မပေးနိုင်ပါဘူး ..."

"ထောင်ဒဏ်လောက်တော့ ပြေးမလွတ်ဘူးပေါ့ မမြတ်ရည်မွန် ... တို့က နဂိုထဲက ဘော်ကြေးသမားလေ ... ဘော်ကြေးလေးနေချင်လို့ ငွေကို ဖြတ်လမ်းကရှာတဲ့လူပဲ ... ထောင်ထဲမှာနေရတဲ့အနေအထားမျိုး တို့ ဘယ်ခံနိုင်မလဲ၊ အိုဗျာ ... ဦးထွန်းအုံဆီ ကျုပ်မသွားရဲတော့ဘူး။ ဒီစာထဲမှာ ဦးထွန်း





အုံက ဥပဒေသမားကြီးလို့လည်းပါသေးတာ ..."

နှစ်ယောက်စလုံး ... ငြိမ်သွားကြသည်။ ကိုယ့်အကြောင်းနှင့်ကိုယ် ဦးထွန်းအုံထံသို့ နှစ်ယောက်စလုံးမသွားရဲသူတွေဖြစ်နေကြသည်။

"ဖျောက်" ခနဲ စိန်ဝင်းမောင်ထံမှ လက်ဖျောက်တီးသံထွက်လာသည်။

"ကျုပ်အကြံရပြီ ..."

"ဆိုပါဦး ..."

"မမြတ်ရည်မွန်လက်နဲ့ အောင်စိုးမိုးဆီ စာတစ်စောင်ရေးပေးပြီး အကူအညီတောင်းတဲ့စာပေါ့ ..."

"ကိုအောင့်ဆီ ဟုတ်လား ..."

"အင်း ... မမြတ်ရည်မွန်က ကိုအောင်ရယ် ဒီဖြတ်ပိုင်းလေးနဲ့ ဦးထွန်းအုံဆီက သေတ္တာလေးရွေးပေးပါ မမွန်ကို တကယ့်ခင်မင်တယ်ဆို ကူညီပေးပါပေါ့ ... တို့က အဲဒီစာနဲ့ ဖြတ်ပိုင်းကို ကိုအောင်စိုးမိုးဆီသွားပေးမယ် ... ခင်ဗျားကို သူတကယ်ချစ်မြတ်နိုးရင် ကူညီမှာပါ ... ခင်ဗျားလက်ရေးနဲ့စာကိုတွေ့တာနဲ့ ဒီလူငြင်းမှာမဟုတ်ဘူး သေချာတယ်"

"အို ... မဟုတ်တာ ... ကျွန်မရဲ့ဇာတ်လမ်းရှုပ်တဲ့ ကိုအောင့်ကို ဆွဲမထည့်ပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရတနာသေတ္တာကိုရဖို့က ဒီတစ်နည်းပဲရှိတယ်လေ ... မမြတ်ရည်မွန်"

"အဲဒီရတနာသေတ္တာထက်ပိုပြီး ကိုအောင့်ကို ကျွန်မက တန်ဖိုးထားတယ် ကိုစိန်ဝင်းမောင် ..."

စိန်ဝင်းမောင် ကျက်ခနဲ မျက်နှာပျက်သွားသည်။

"ထားပါ ... ထားပါ ... အောင်စိုးမိုးအပေါ် တန်ဖိုးတွေ ကြိုက်သလောက်ထားပါ ... ကိုယ်နစ်နေရတဲ့ဘဝထက် တောင် တန်ဖိုးပိုထားလို့ စာမရေးပေးနိုင်ဘူးဆိုလည်း ကိစ္စပြီးပြီ ... ရတနာသေတ္တာကို မရွေးနဲ့တော့ ..."

"မြတ်ရည်မွန်တစ်ယောက်တည်းပဲကျန်ခဲ့တော့ ကျုပ်က တော့ ဒီကိုပြန်မလာတော့ဘူး ... ကျုပ်လွတ်ရာလွတ် ကြောင်း လုပ်ရဦးမယ်လေ ... ကဲ ... ညနက်သွားပြီ ကျုပ် ဒီအိမ်မှာ မအိပ်ပါဘူးလို့ပေးထားတဲ့ကာတ်အတိုင်းသွားမယ်"

စိန်ဝင်းမောင်သည် လေးကန်သောခြေလှမ်းတို့ဖြင့် နောက်ဖေးတံခါးပေါက်ဆီသို့ ခြေလှမ်းသွားသည်။

မြတ်ရည်မွန်သည် စိန်ဝင်းမောင်က သူမကို တစ်ယောက်တည်းထားပြီးသွားတော့မည်ကိုတော့ တကယ်သွေးလန့်မိ သည်။ စိန်ဝင်းမောင်ရှေ့ခေတင်မှုမရှိပါက မြတ်ရည်မွန် ကိုယ့်ဟာ ကိုယ် ဘာဆက်လုပ်ရမည်မှန်းမသိ၊ မိမိတစ်ယောက်တည်း ကျန်ခဲ့





ပြီး အပြင်ထွက်သည်နှင့် ကွိခနဲ ရဲအဖမ်းခံရမည်ကိုလည်းကြောက် သည်။

"ဒီမယ်ကိုစိန်ဝင်းမောင် ..."

စိန်ဝင်းမောင်ကရပ်ပြီး သမင်လည်ပြန် ပြန်ကြည့် သည်။ ပြန်တော့ လျှောက်မလာပေ။

"ဦးထွန်းအုံဆီ ... ကိုအောင့်ကိုလွှတ်ပြီး အရွေးခိုင်းရင် ... ကိုအောင့်ကိုရှေ့ အမှုပတ်မှာလားဟင် ..."

"ဘာပတ်စရာရှိမှာလဲ မမြတ်ရည်မွန် ... ဦးဆက်မင်းတို့ စောင့်ကြည့်နေတာက အောင်စိုးမိုးကိုမှမဟုတ်တာ ... တို့နဲ့ မမြတ်ရည်မွန်ကိုသာ ရဲအဖွဲ့က ခြေရာကောက်နေကြတာ၊ နောက်ပြီး ဒီရတနာသေတ္တာအရှုပ်ထဲမှာ အောင်စိုးမိုးက လုံးဝပါဝင်ခဲ့တာမှမဟုတ်တာ၊ နောက်ပြီး အောင်စိုးမိုးကို ဦးဆက်ခင်းက ယုံကြည်ခင်မင်ပြီးသားရှိနေတာ ... အခု 'အောင်စိုးမိုးလုပ်ပေးတာကလည်း ကိုယ့်ချစ်သူက လူကြုံပါး ခိုင်းလို့သာ လုပ်ပေးတာပဲဟာ ..."

"ကိုယ့်ချစ်သူဟုတ်လား ..."

"ဒါပေါ့ ... အောင်စိုးမိုးဟာ မမြတ်ရည်မွန်ရဲ့ချစ်သူပေါ့ ... မမြတ်ရည်မွန်ရဲ့ အတွင်းအချုပ်ရင်ထဲ နှလုံးထဲက ပြန်ချစ် နေတဲ့ ကိုအောင်ပဲ၊ အခြေအနေအမျိုးမျိုးကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



မမြတ်ရည်မွန် ဖွင့်ဟာအဖြေမပေးသေးဘဲထားတဲ့ ရင်ထဲက ကိုယ့်ချစ်သူပဲဟာ ... "

"အို ... ကိုစိန်ဝင်းမောင်ရယ် ကျွန်မတာဝကျွန်မအဖြစ်တွေက ဆိုးလှချည်လားနော် ... အစကတည်းက ကျွန်မဟာ လူတစ်ယောက်ဖြစ်မလာရင် သိပ်ကောင်းမှာ ... "

မြတ်ရည်မွန် ငိုရလေပြန်ပြီ။ မငိုတော့ဟု စိတ်တင်းထားသည့်ကြားကပင် မိန်းမသားမို့ ငိုစရာဖြစ်လာလျှင် ငိုမိတော့သည်။ ယခုလည်း ရတနာသေတ္တာရပြီးပါက ကိုအောင်နှင့် အပြီးအပိုင်ခွဲခွာတော့မှာပါလားဟု တွေးမိပြီး ငိုမိခြင်းဖြစ်ပြန်သည်။

"ငို ... ငို ... မမြတ်ရည်မွန် ... ရာဇဝတ်မှုတစ်ခုဟာ ကျူးလွန်လိုက်မိပြီဆိုရင်တော့ ကိုယ့်မှာ စိတ်ဆင်းရဲခြင်းတွေရော ကိုယ်နဲ့နီးစပ်တဲ့ပတ်ဝန်းကျင်မှာရော စိတ်ဆင်းရဲစရာတွေဖြစ်လာတာ မမွှတာပဲ၊ တို့လည်း နောင်တရနေရတဲ့လူပဲ ... ဒါပေမဲ့ ကျူးလွန်ခဲ့မှုကို ထောင်ကျခံနိုင်ရည်မရှိဘူးလေ ... ဒါကြောင့် လွတ်ရာပြေးရမှာ ... "

ဟုတ်ပါလေ၏။ ရာဇဝတ်မှုဆိုသည်မှာ ကြီးငယ်မဟူ မကျူးလွန်သည် အားသည်သာလျှင် အကောင်းဆုံးဖြစ်ပေတော့သည်။





# ၁၉

"တို့က စိန်ဝင်းမောင်ပါ အောင်စိုးမိုး ... "

"စိန်ဝင်းမောင် ... ဟုတ်လား ... ဒါ ... ဒါဆို မမွန်ကိုခေါ်သွားတဲ့ စိန်ဝင်းမောင်ဆိုတဲ့လူလား ... "

"ဟုတ်တယ် ... တို့အသက်က အသက်ဆုံးဆယ်ထဲတွင်နေပြီ၊ မောင်ရင့်မှာ အစ်ကိုပိုရင်တောင် အစ်ကိုအကြီးဆုံးအသက်အရွယ်ပဲ ... "

"ဆောရီးပါ ကိုစိန်ဝင်းမောင် ... ဖြန်းခနဲနဲ့ အဲဒီက စိန်ဝင်းမောင်ဟုလို့ ပြောလို့ ကျွန်တော်ကလည်း စိန်ဝင်းမောင်လို့ ပြန်ခေါ်မိတာပါ ... အစ်ကိုကြီးအရွယ်ကို မလေးမစားခေါ်တဲ့သဘောမဟုတ်ပါဘူး ... မလေးမစားခေါ်မိသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာ ခွင့်လွှတ်ပါ ကိုစိန်ဝင်းမောင် ... အဲ ... လူချင်းလည်း တစ်ခါမှ မမြင်တွေ့ဘူးတော့ ဘယ်လိုခေါ်ရမှန်းမသိလို့ပါ ... "

"ရပါတယ် အခု ကြောခင်မှာပဲ အောင်စိုးမိုးက တို့ကို မြင်ဖူးတော့မှာပဲဟာ ... "

စိန်ဝင်းမောင်သည် လက်ဖက်ရည်ဆိုင်မှာ ပိုက်ဆံပေး ဖုန်းနှင့်ပြောနေရခြင်းဖြစ်ပေသည်။ မိမိဖုန်းပြောသည်ကို ဂရုထားသူများရှိမရှိ စေ့ငုံကြည့်လိုက်သည်။

မည်သူတစ်ယောက်မျှ မိမိကိုအရေးထားကြည့်ပုံမျိုး မတွေ့ရပေ။ တယ်လီဖုန်းကောင်တာမှ ဆိုင်ရှင်အသိမီးလော၊ တူမလော မသိ၊ ဖုန်းဖိုးတောင်းခံရန် စောင့်နေသည့် အမျိုးသမီးကလည်း ဖုန်းအနီးတွင်ရှိသော်လည်း ခပ်ချောချော ချာတိတ်တစ်ကောင်နှင့် အကြည်ဆိုက်နေသောကြောင့် မိမိဖုန်းပြောသည့်စကားများကို အာရုံမထား။ ပြောပြီးကျသင့်ငွေဖုန်းပြောခကိုသာ နာရီမှတ်မိအောင်မှတ်စောင့်နေမှန်းသိသည်။

"ဒီမယ် ကိုစိန်ဝင်းမောင် ... မမွန်ဟာ ကိုစိန်ဝင်းမောင်နဲ့ပဲ အတူရှိနေသလားဟင် ... သူ မိဘအိမ်လာကိုသွားဖြစ်ဘူးလား"

"မသွားဖြစ်ပါဘူး ... ခုချိန်ထိ မမြတ်ရည်မွန်ဟာ ကိုနဲ့အတူရှိ





နေလျက်ပဲ ... "

တယ်လီဖုန်းလိုင်းက ကောင်းလွန်း၍ ဟိုဘက်မှ အောင်စိုးမိုး သက်ပြင်းချလိုက်သံကိုပင် စိန်ဝင်းမောင် ကြားရပေသည်။

"ဘာလဲ ... အောင်စိုးမိုးက မင်းနာမည်ခေါ်တာရှည်လှတယ်ကွာ ... မမြတ်ရည်မွန်က မင်းကိုခေါ်သလို ငါက ကိုအောင်လို့ပဲခေါ်မယ် ... ပြောမယ် ... "

"ရပါတယ်ဗျာ ... မမွန်ခေါ်သလို ကိုအောင်လို့ခေါ်တာကို ကျွန်တော် နှစ်သက်ပါတယ် ... "

"ဘာလဲ ကိုအောင်က မမြတ်ရည်မွန်တို့နဲ့အတူရှိနေတဲ့ အတွက် စိုးရိမ်နေသလား၊ ဘာမှ သိပ်မစိုးရိမ်နဲ့ကိုအောင်၊ အခုအချိန်ထိ ကိုအောင်ရဲ့မမွန်မှာ ယင်ဖိုတောင်မသမ်းဘူး၊ မှည့်တစ်ပေါက်မစွန်းသေးဘူး ... "

"ဒါဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ ... ကိုစိန်ဝင်းမောင်ကလည်း အခုမှ အသက်သုံးဆယ်ဆိုတော့ ပျိုမြစ်တဲ့အရွယ်ပဲ၊ မမွန်ကို အမှည့်လွန်နေတဲ့လူကြီးတွေကတောင် မြင်ရင်နှစ်ခါသုံးခါပြန်ကြည့်တာမျိုးတွေ ကျွန်တော် တွေ့ပေါင်းများလို့ပါ ... မမွန်က သိပ်ချော သိပ်လှတယ်မဟုတ်လား ... "

နားထောင်ရင်း စိန်ဝင်းမောင် ပခုံးတွန့်မိသည်။

"အင်း ... ကိုအောင်ပြောတာ မှားတော့မမှားပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မမြတ်ရည်မွန်ကိုမြင်တဲ့ယောက်ျားတိုင်း စိတ်ဝင်စားမှာပါ။ ဒါပေမဲ့ တို့က အဲဒီလိုလူစားမဟုတ်ဘူးကိုအောင် ... တို့က တန်ဖိုးထားတဲ့နေရာမှာ ပြင်ပရုပ်ကို တန်ဖိုးမထားတတ်ဘူး။ ရင်တွင်းနှလုံးသားကိုသာ တန်ဖိုးထားတဲ့လူစားမျိုး၊ ကိုအောင်စိတ်ချ ... တို့နဲ့ မမြတ်ရည်မွန် ခုချိန်ထိ သိပ်သန့်သိပ်ရှင်းပဲ ... လက်ဖျားနဲ့တောင် မတို့ဘူး ... အေး ... မမြတ်ရည်မွန်ကလည်း နှလုံးသားချွေတာကိုသာ အဓိကထားတဲ့အမျိုးသမီးပါ ... ကိုအောင်မှကိုအောင်တစ်ယောက်သာ သူ့နှလုံးထဲမှာရှိတာပါ ... သူက ကိုအောင့်တစ်ယောက်တည်းကိုသာ ချစ်တာပါ ... "

"ဗျာ ... ဗျာ"

"ကဲ ... ကိုအောင် ... တို့သိသမျှပြောပြီးပြီ ... တို့က အောင်သွယ်လုပ်စားတဲ့လူလည်းမဟုတ်ဘူး ... အခု ဖုန်းဆက်တာက ကိုအောင့်ဆီကို မမြတ်ရည်မွန်က စာတစ်စောင်ပေးဖို့ ပေးပါဆိုလို့ ... "

"ဟုတ်လား ... မမွန်က စာပေးခိုင်းတယ် ဟုတ်လား"

"ဟုတ်တယ် ... ကိုအောင်က မြတ်ရည်မွန်ရဲ့လက်ရေးကို မြင်ရုံနဲ့သိမှာပဲမဟုတ်လား ... "

"ဟာ ... သိပ်သိတာပေါ့ ... အလွတ်ရနေတာ ... "

"ဒါဆို လာယူလေ ... ကိုအောင်နဲ့တွေ့ဖို့ ဘယ်မှာချိန်းမလဲ"





"ကိုစိန်ဝင်းမောင်ပဲချိန်းပါ ... ကျွန်တော်လာယူပါ့မယ်"

စိန်ဝင်းမောင် စဉ်းစားပြီးမှ ပြောသည်။

"တို့ကို ကိုအောင်မြင်ဖူးလားမသိဘူး ... "

"လုံးဝ မမြင်ဖူးဘူး ... "

"ဒါဆို တို့နာမည်ကို စိန်ဝင်းမောင်မှန်း ကိုအောင်သိနေတာပဲ ... "

"မိစိန်ကြားလို့သိနေတာ ... မိစိန်ဆိုတာ မမွန်တို့ဘော်ဒါဆောင်က ပိုင်ရှင်ဒေါ်သူဇာရဲ့ အိမ်ဖော်မလေး ... "

"မိစိန်က မမွန်ဆီကို ဖုန်းပြောထားတယ်ဆို ... ဖုန်းပြောတုန်းက ဖုန်းနားမှာရှိနေတယ် ... နောက်ပြီး ဘော်ဒါဆောင်ခင်ဗျားသွားပြီး မမွန်နဲ့ စကားပြောသေးတယ်ဆို ... အဲဒီမှာလည်း မိစိန်က ခင်ဗျားတို့နဲ့ မနီးမဝေးမှာ ရှိနေတယ် ... ခင်ဗျားကို မမွန်က ကိုစိန်ဝင်းမောင်လို့ စကားပြောရင် ခေါ်ပြောတာကို မိစိန်က ကြားပြီး ခင်ဗျားကို စိန်ဝင်းမောင်မှန်းသိတာ ... "

"အင်း ... ဒါဆို သိဖြစ်နိုင်တာပေါ့ ... "

"ကဲ ... ချိန်းမယ်ဆိုချိန်းကွာ ... "

"ခင်ဗျားပဲချိန်းပါ ... "

"ဒါဆို ဘာလမ်းထဲက ဒီနေ့မနက် ဆယ်နာရီပဲ ... အဲဒီက ကာဗီးဆိုင်ကြီးရှိတယ် ... အဲဒီကိုလာခဲ့ ... မင်းကိုငါသိနေဖူး



www.burmeseclassic.com

မြင်ဖူးခဲ့နေတာပဲ ... ငါလာတွေ့မှာပေါ့ ... အဲ ... တစ်ခုတော့ ရှိကြိုတင်သတိပေးမယ် ... ကိုအောင် မင်းလာတဲ့အခါ ကလီကမာညက်နဲ့ ကိုဆက်မင်းသွားပြောပြီး တိုင်ပင်ပြီးမှ လာတာမျိုးမဖြစ်စေနဲ့ ... ငါက မင်းကိုမြင်ဖူးထားသလို ကိုဆက်မင်းကိုလည်း မြင်ဖူးထားတယ် ... ယုတ်စွအဆုံး ကိုဆက်မင်းရဲ့တပည့်တွေကိုတောင် ငါကသိထားတာ၊ မင်း ကလီကမာလုပ်တာနဲ့ ငါက ကိုယ်ရောင်ဖျောက်သွားမှာ မင်းအဖို့ တစ်သက်လုံး ခြေတ်ရည်မှန်ကို မတွေ့ရတော့ဘူး မှတ်ပေတော့ ..."

"ဒီမယ် ခုချိန်ထိ ကျွန်တော်က မှန်ကို သိပ်ချစ်ပေမဲ့ ကလီကမာ ဘာမှမလုပ်ခဲ့ဘူး ... အခုချိန်းတဲ့ကိစ္စမှာလည်း ကလီကမာတစ်စက်မှ မရှိစေရဘူး စိတ်ချ၊ ဒါဆို ကျွန်တော်က ပြန်မေးပါရစေ ... ကိုစိန်ဝင်းမောင်ကရော ကျွန်တော့်ကို မမှန်နဲ့ မှားခေါ်တာ ကလီကမာလား ..."

"မောင်ရင်က တို့ကို မယုံဘူးပေါ့ ဟုတ်လား ကိုအောင်"

"ဒါတော့ဗျာ ... ကိုစိန်ဝင်းမောင်က ကျွန်တော့်ကို ဘုန်တင် ကားကြီးနဲ့တိုက်သတ်တဲ့အထိတောင် ကြိုးစားခဲ့တဲ့လူပဲ ..."

"ကိုအောင့်ကို ဘုန်တင်ကားနဲ့တိုက်ခဲ့တာ စိန်ဝင်းမောင်ပါ လို့ ဦးဆက်မင်းက ကိုအောင့်ကိုပြောခဲ့ရင်း ဦးဆက်မင်းဟာ သူ့ရာထူး တည်မြဲအောင် တရားခံတွေ ရှာတာပဲကိုအောင်"





"ဒါတော့ဗျာ ... ဖြစ်လာတာတွေက ..."

"ဒီမယ် ကိုအောင် ကိုယ့်အပေါ်မှာ သံသယရှိနေတယ်ဆိုရင် အခုချိန်းဆိုချက်ကို ဖျက်လိုက်ပေတော့ကွာ ... ငါချိန်းတာ ကိုက မင်း အဲဒီလိုထင်မှာစိုးလို့ ... ဘားလမ်းမြို့လယ်ခေါင် က ကဖီးဆိုင်ကြီးမှာ ချိန်းတာ ... ဒါကိုမှ မောင်ရင်က သံသယရှိတယ်ဆိုလည်း ချိန်းဆိုတာ ပျက်သွားပြီလို့သာ ယူဆလိုက်ပေတော့ ..."

"ဟာ ... အဲဒီလိုမလုပ်ပါနဲ့ ကိုစိန်ဝင်းမောင် ... ချိန်းတာကို ကျွန်တော် အဖျက်မခံဘူး ... လာခဲ့မယ် ... ဆက်ဆက်လာ ခဲ့မယ် ... ကိုစိန်ဝင်းမောင် ဆက်ဆက်စောင့်ပြီး မပ္ပန့်ရဲ့ စာကို ကျွန်တော့်ကိုပေးပါဗျာနော် ..."

စိန်ဝင်းမောင် ဖုန်းပြန်ချထားလိုက်သည်။ အိတ်ထဲမှ တစ်ရာတန်တစ်ချပ်ထုတ်ယူတာ ဖုန်းစောင့်အမျိုးသမီးရှေ့တွင် ချထားပေးလိုက်သည်။ ပြန်အမ်းငွေကိုပင် မစောင့်တော့ဘဲ စိန်ဝင်း မောင် ဆိုင်ထဲမှထွက်လာခဲ့ပေတော့သည်။

ငွေပြန်အမ်းရသောကြောင့် ဖုန်းစောင့်အမျိုးသမီး ပြီးသွားပါ၏။

ပြီ



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

မှာထားသော နက်(စ်)ကော်ဖီကို မသောက်ချင်သောက်ချင်ဖြင့် ထိုင်သောက်နေသော အောင်စိုးမိုးအား စိန်ဝင်းမောင်က စားပွဲတစ်ခုခြားမှ လှမ်းကြည့်နေပေသည်။

စိန်ဝင်းမောင်အတွက် တစ်ပန်းသာနေသည်မှာ မိမိကသာ အောင်စိုးမိုးကိုသိနေပြီး အောင်စိုးမိုးက မိမိကို မသိခြင်းဘူးခြင်းပင်ဖြစ်တော့သည်။

စိန်ဝင်းမောင်ကို ရဲအုပ်ဦးဆက်မင်းပင် မမြင်ဘူးပေ။

စိန်ဝင်းမောင်သည် ရာဇဝင်လူဆိုးမဟုတ်၊ ရဲအဖွဲ့တွင် မှတ်တမ်းဝင်သူမဟုတ်၊ စိန်ဝင်းမောင်၏ဓာတ်ပုံနှင့် လက်ဗွေပုံစံ ရဲမှတ်တမ်းတွင် လုံးဝမရှိသေး၊ မိစိန်၏ပြောပြချက်အရသာ





ဦးလှိုင်ဘွားအမှုတွင် စိန်ဝင်းမောင်ဆိုသည့်နာမည်ကိုသာ သိထားခြင်းလောက်သာရှိသည်။ ဒါတောင် အိမ်ဖော်မလေးစိန်စိန်ပြောပြ၍ သိရသည်သာ။

စိန်ဝင်းမောင်ကလည်း ပါးလိုက်သည်မှ လှစ်နေသည်။ အောင်စိုးမိုး ကဖီးထဲဝင်သွားသည်ကို အပြင်တစ်နေရာမှ စောင့်ကြည့်နေပြီးမှ အရပ်လေးမျက်နှာကို သေချာအကဲခတ်စိတ်ချရမှ ကဖီးထဲသို့ ဝင်လိုက်သွားပြီး စားပွဲတစ်ခုခြားတွင် ဝင်ထိုင်လိုက်သည်။

ပဲပလာတာစား လက်ဖက်ရည်သောက်ပြီးမှ စိန်ဝင်းမောင်ထကာ အောင်စိုးမိုးစားပွဲတွင် ပြောင်းထိုင်လိုက်သည်။

"ရော့ … ဒီစာကိုဖတ်ကြည့် ကိုအောင်"

စာအိတ်ဖြင့်ထည့်ထားသော စာမဟုတ်ဘဲ၊ ရိုးရိုးစာခေါက်သာဖြစ်နေပေသည်။ အောင်စိုးမိုးက စာကိုဖွင့်မဖတ်မီ စိန်ဝင်းမောင်ကိုကြည့်လိုက်သည်။

လှသန့်၊ လှချောတစ်ဦးပါပေ။

"မမှန်ဘူး ကိုစိန်ဝင်းမောင် … "

"တို့ထားခဲ့တဲ့နေရာမှာပဲ မဖြတ်ရည်မွှန်က ရှိနေတာပေါ့ … ချိန်းတာတည်းက မဖြတ်ရည်မွှန် တစ်ပါတည်းပါလာမှာလို့ ချိန်းတာမှမဟုတ်တာ … "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမွန်ကို သိပ်တွေ့ချင်တယ် ... "

စိန်ဝင်းမောင် ဘာမှပြန်မပြော။

အောင်စိုးမိုး စာခေါက်လေးကိုဖွင့်ဖတ်တော့သည်။

*ကိုအောင်*

*မမွန်ကို ကူညီပါဦး ...*

*ဒီစာဖတ်ပြီး ဘားလမ်းထဲက ဝတ်လုံတော်ရ ဦးထွန်းအုံ ဆီကိုသွားပေးပါ ဖြတ်ပိုင်းကို ဦးထွန်းအုံကိုပေးပါ ဦးထွန်းအုံ က ကိုအောင့်ကို သံသေတ္တာလေးတစ်လုံးပြန်ပေးလိမ့်မယ် အဲဒီ သေတ္တာကို ကိုစိန်ဝင်းမောင်ကို ကိုအောင်ကပေးလိုက်ပါ အဲဒီ သေတ္တာလေးဟာ မမွန်ရဲ့ဘဝသေရေးရှင်ရေးပါ ကိုအောင် မမွန် ကို ဆက်ဆက်ကူညီပါ။*

*သိပ်ကံဆိုးတဲ့ မမွန်*

စာဖတ်ပြီး အခေါက်အတိုင်း ပြန်ခေါက်ခါ အင်္ကျီ အိတ်ထဲသို့ထည့်လိုက်သည်။ ဤစာသည် မမွန်လက်ဖြင့်ရေးသော စာမှန်း သေချာပါ၏။

"ဖြတ်ပိုင်းနဲ့ ဦးထွန်းအုံလိပ်စာပေး ... "

"တို့နဲ့အတူ သွားမယ်လေ ... တို့က လှေကားရင်းမှာစောင့်





နေမယ် ... အဲဒီတော့မှ ကိုအောင်က တို့ဆီကဖြတ်ပိုင်းယူ တက်သွားပေါ့ ... "

"ကျွန်တော် ကူညီမှာပါ ... တစ်ခုတော့ရှိတယ်ပေါ့ဗျာ ... အဲဒီသေတ္တာလေးယူလာပြီးရင် ကျွန်တော့်ကို မမွန်နဲ့တွေ့ ခွင့်ပေးပါ ... မမွန်ကို ကျွန်တော် သိပ်တွေ့ချင်နေလို့ပါ"

"ဘာလဲ ... မောင်ရင်က အဆစ်တောင်းတာလား"

"ထင်ချင်သလိုထင်ဗျာ ... ခင်ဗျားရင်ထဲမှာ အသည်းနှလုံးရှိ တယ်ဆိုရင် ကျွန်တော့်အပေါ် ကိုယ်ချင်းစာတတ်မှာပါ"

စိန်ဝင်းမောင် ပခုံးတွန့်ပြသည်။

မမြတ်ရည်မွန်ကလည်း ဗိုဗိုကိုလာခါနိုးမှာလိုက် သည်။

"ဖြစ်နိုင်ရင်ပေါ့ ကိုစိန်ဝင်းမောင် ... ကျွန်မ ကိုအောင့်ကို နောက်ဆုံးတွေ့ခြင်းအနေနဲ့ တွေ့ချင်တယ် ... သေတ္တာ လေးရပြီးရင် ကိုအောင့်ကိုခေါ်လာပေးပါလား ... သေတ္တာ ရပြီးတာနဲ့ ကျွန်မတို့က ... ခရီးဝေးကြီးသွားရတော့မှာ မဟုတ်လား ... "

မြတ်ရည်မွန်က မှာလိုက်သောစကားကို စိန်ဝင်း မောင်နားထဲတွင် ပြန်၍ကြားယောင်မိသည်။

"ကောင်းပြီကိုအောင် ... မောင်ရင့်ကို တို့ မမြတ်ရည်မွန်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားပါ့မယ် ... "

စိန်ဝင်းမောင်က ယခုအောင်စိုးမိုးနှင့် မြတ်ရည်မွန် တွေ့ဆုံခြင်းသည် နောက်ဆုံးဟု ယူဆသဖြင့် တွေ့ဆုံပေးရန် ဆုံးဖြတ်လိုက်ရပေသည်။ တခြားနိုင်ငံသို့ မိမိနှင့်မြတ်ရည်မွန်သွားကြပြီးနောက် နေသားကျသွားသောအချိန်တွင် ဤမှာကျန်ခဲ့သော သံယောဇဉ်တွေ မြတ်ရည်မွန်မေ့ပျောက်သွားပေလိမ့်မည်။ မိမိအတွက် ဒီလောက်တော့ စိတ်ရှည်ရပေမည်။

"ကဲ ... သွားစို့ကိုအောင် မောင်ရင့်ဖိနပ်ကိုဒီမှာပဲ ထားခဲ့ ... ဦးထွန်းအုံ့ဆီကို လမ်းလျှောက်သွားရင် နီးနီးလေးပဲ ... "

နှစ်ဦးသားလမ်းလျှောက်လာခဲ့ကြသည်။ ဘာစကားမှဆက်မပြောကြပေတော့။

"အဲဒီလှေကားက တက်သွား ... ပထမထပ် ညာဘက်အခန်းဟာ ဦးထွန်းရဲ့အခန်းပဲ ... "

အောင်စိုးမိုးဖြတ်ပိုင်းယူပြီး လှေကားမှတက်လာခဲ့သည်။

စိန်ဝင်းမောင်သည် လှေကားရင်းတွင် အောင်စိုးမိုးပြန်ဆင်းအလာကိုစောင့်ရင်း ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်ကြည့်ရှုနေစဉ် ဦးခေါင်းထဲတွင်ဖိုးတဝါးသံသယလေးတစ်ခု ဖြတ်ခနဲ





တွေးမိသည်။

အောင်စိုးမိုး ကျောင်းတက်ကျောင်းဆင်းအတွက် လုံခြုံရေး ချပေးထားသူတွေ ဘယ်ရောက်သွားပေသနည်း။

နာရီဝက်အတွင်းမှာပင် အောင်စိုးမိုးသည် သေတ္တာလေးတစ်လုံးပိုက်ပြီး လှေကားမှပြန်ဆင်းလာခဲ့သည်။

"သော့ပိတ်ထားတယ် ကိုစိန်ဝင်းမောင် ... ဒီသေတ္တာအပ်စဉ်ကတည်းက သော့ကိုပြန်ပိတ်ပြီး အပ်သူက ပြန်ယူသွားတာတဲ့ ... "

"ရတယ်ကိုအောင် ... ဒီသေတ္တာဖွင့်တဲ့သော့ချောင်း ... မမြတ်ရည်မွန်ဆီမှာ ရှိနေမှာပါ ... "

ဗီယက်ကားဆီသို့ ပြန်လာခဲ့ကြသည်။ သေတ္တာကို စိန်ဝင်းမောင်က လက်ပြောင်းယူပွေ့ပိုက်လာသည်။

"ကိုအောင်ရဲ့လုံခြုံရေးအတွက် ကျောင်းတက်ကျောင်းဆင်း ဦးဆက်မင်းက သူ့လူတွေချပေးထားတယ် မဟုတ်လား ကိုအောင် ... "

"ဟုတ်ပါတယ် ... "

"အဲဒီလူတွေကို အရိပ်အယောင်တောင် ကိုယ်မတွေ့လို့"

"ဪ ... ဒါလား ကျွန်တော်ကျောင်းတက်ရင် သူတို့က မော်တော်ဆိုင်ကယ်နဲ့လိုက်စောင့်တယ် ... ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာသင်ခန်းထဲရောက်ရင် သူတို့ပြန်သွားရော … ညနေကျောင်းဆင်းချိန်ကျမှ သူတို့ပြန်လာတယ် … ဒီတော့ စာသင်ကျောင်းချိန်အတွင်း ကျွန်တော့်ဟာကျွန်တော် လစ်ထွက်ခွင့်ရတယ်လေ … ကျောင်းဆင်းခါနီး ကျောင်းပြန်သွားရုံပေါ့ … ”

“ဒီနေ့ ဒီကိုလာတာကျတော့ရော … ”

“အဲဒီပုံစံပဲပေါ့ … ကျောင်းကလပ်ခန်း ကျွန်တော်ဝင်ပြီး ကိုးနာရီဆယ့်ငါးမှ ကျွန်တော်ပြန်လစ်ထွက်ပြီး ဒီကိုလာခဲ့တာ … ”

ဖြစ်နိုင်သည်ဟု … စိန်ဝင်းမောင်က ခေါင်းညိတ်လက်ခံပေးသည်။

ဖီးယက်ကားကို အောင်စိုးမိုးကပင် မောင်းသည်။

“ဘယ်ကိုမောင်းရမှာလဲ ကိုစိန်ဝင်းမောင် … ”

“သမ္မတရုပ်ရှင်ရုံကိုပါ … ”

“မမွန်က အဲဒီမှာ စောင့်လို့လားဟင် … ”

“မောင်းမှာသာမောင်းပါ … ဟိုရောက်ရင် သိရမှာပေါ့”

အောင်စိုးမိုး သမ္မတရုံသို့မောင်းလာပြီး သမ္မတရုံပြင်ဘက်တွင် ကားပက်ကင်နေရာရှာပြီး ရပ်လိုက်သည်။

ကားစောင့်လေးပြေးလာသည်ကို စိန်ဝင်းမောင်က





ငွေငါးကျပ်ပေးပြီး ကားစောင့်ရန် အပ်ထားခဲ့သည်။

“လာ … ကိုအောင်”

စိန်ဝင်းမောင်က မနီးမဝေးတွင် ရပ်ထားသော မော်တော်ဆိုင်ကယ်ဆီသို့သွားသည်။ မော်တော်ဆိုင်ကယ်၏ဘေးကပ်အိတ်တွင် သေတ္တာလေးကို ထည့်လိုက်သည်။

“မောင်ရင်နောက်ကထိုင် … ”

အောင်စိုးမိုး ယောင်ချာချာနှင့် မော်တော်ဆိုင်ကယ်နောက်တွင် ခွထိုင်ပြီးသည်နှင့် မောင်းထွက်လာခဲ့သည်။

“ဘာတွေလုပ်နေတာလဲ … ကိုစိန်ဝင်းမောင် … အခုဘယ်သွားမှာလဲ … ”

မော်တော်ဆိုင်ကယ်မောင်းရင်း စိန်ဝင်းမောင်က ရှင်းပြသည်။

“မောင်ရင့်ဖီးယက်ကား သမ္မတရုံမှာရပ်ထားသရွေ့ … မောင်ရင် ရုပ်ရှင်ဝင်ကြည့်နေတာပဲဆိုပြီး ရုပ်ရှင်ပြီးတဲ့အထိ သူတို့စောင့်ကြမယ်လေ … တကယ်လို့ မောင်ရင့်အတွက် တခြားလုံခြုံရေးသမားတွေချပေးထားရင်ပေါ့ကွာ … အခု မာလာမြိုင်လမ်းအိမ်ကိုသွားကြမယ် … မမြတ်ရည်မွန်က မာလာမြိုင်လမ်းအိမ်မှာ … သမ္မတရုပ်ရှင်ပွဲပြီးတဲ့အချိန်ထိ မောင်ရင်နဲ့မမြတ်ရည်မွန် တွေ့ဆုံခွင့်ရကြမယ်လေ … ”



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုး ကျေနပ်စွာပြုံးမိနေလိုက်သည်။ ဘာပြောပြော မမွန်နှင့်တွေ့ရမည်ကိုပင် အောင်စိုးမိုးကျေနပ်လှပေပြီ။

စိန်ဝင်းမောင်က မော်တော်ဆိုင်ကယ်ကို အလာဖြိုင်လမ်းထဲသို့ ချိုးမဝင်၊ မြနန္ဒာခြံကြီးရှေ့တွင်ရပ်လိုက်သည်။ ပြီး ဆိုင်ကယ်နောက်သေတ္တာကပ်အိတ်ထဲမှ သေတ္တာလေးကို ထုတ်ယူလိုက်သည်။

"လာ … ကိုအောင် … တို့လမ်းကြားထဲက ဖြတ်သွားကြစို့ … တို့အဝက ထင်ထင်ပေါ်ပေါ်ကြီး ဘာမှမလုပ်ရဲဘူး မဟုတ်လား … "

အောင်စိုးမိုး စိန်ဝင်းမောင်ကို ချီးကျူးမိပါ၏။

ဪ





၂၁

"ဟယ် … ကိုအောင်"

"မမွန် … "

မရှက်သုံးပါးတွင် ဤနေရာ၌ ကြိုက်မရှက်ဟုဆိုရမည်။

အိမ်ထဲသို့ရောက်လာပြီး အောင်စိုးမိုးပါလာသည်ကို တွေ့မြင်သည်နှင့် မြတ်ရည်မွန်မျက်လုံးလေးပိုင်း ရှုတ်ခမ်းလေးဝလုံးဟကာ မျက်နှာတွင် သွေးရောင်လျှမ်းတက်လာအောင် အံ့သြသွားပြီး လက်နှစ်ဖက်ရှေ့ဆန့်ကာ အောင်စိုးမိုးထံသို့ အပြေးကလေးသွားသည်။

အောင်စိုးမိုးကလည်း ဘာဘာညာညာမပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ မြတ်ရည်မွန်ကို ပြေးငေ့ဖိုက်ထားလိုက်သည်။ တကယ်တော့ ကြိုက်မရှက်ဆိုသည့်စကားထက် ညျံခံနေရာတွင် ချစ်မရှက်ပို၍ မှန်ကန်ပေမည်။

အမှန်ဆိုမူ အောင်စိုးမိုး ချစ်ရေးဆိုထားသည်ကို မြတ်ရည်မွန်က အဖြေပေးသည်မဟုတ်သော်လည်း ဒုက္ခတွေကြား တွင် ခွဲခွာနေရာမှ ဖြန်းခနဲပြန်အတွေ့တွင် အတွင်းအရှုတ္တပေါက်ကွဲ ပြီး ချစ်မရှက်ဖြင့် နှစ်ဦးသားကျစ်ကျစ်ပါ ဖက်ထားကြမိခြင်းဖြစ် တော့သည်။

စိန်ဝင်းမောင်သည် ရတနာသေတ္တာကိုမြှောက်ထားရင်း နှစ်ဦးသား ဖက်တွယ်နေသည်ကိုငေးကြည့်နေမိသည်။ စိန်ဝင်းမောင် ၏ နှုတ်ခမ်းထောင့်စွန်းလေးများ တဆတ်ဆတ်လှုပ်ရှားနေပါ၏။

စိန်ဝင်းမောင်သည် ငေးကြည့်ရင်း အသက်မပါ သော ပန်းတွန့်ပုံမျိုး တွန့်လိုက်မိသည်။

"ကဲ ... မမြတ်ရည်မွန် ရုပ်ရှင်တစ်ပွဲစာအထိ အချိန်တွေရမှာ ပါ ... အခု တို့ယူလာတဲ့ ရတနာသေတ္တာလေးကို ဖွင့်ကြည့် ကြစို့လား ..."

မေ့မေ့လျော့လျော့ ကြည်နူးနေကြသည့် ချစ်သူနှစ် ဦးမှာ စိန်ဝင်းမောင်ပြောသံထွက်လာ၍ ရှက်ကိုးရှက်ကန်းဖက်ထား ကြရာမှ ခွာလိုက်ကြသည်။





ထို့နောက် မြတ်ရည်မွန်သည် အန်တီဆွေ၏အိပ်ခန်း ရှိ စားပွဲထဲမှ သော့ချောင်းသွားယူရန် ခြေလှမ်းလိုက်သည်။

"မမွန် ..."

အောင်စိုးမိုးက လှမ်းခေါ်လိုက်သောကြောင့် မြတ် ရည်မွန် ခြေလှမ်းတုံ့သွားကာ အောင်စိုးမိုးကို ပြန်လှည့်ကြည့်သည်။

"ကိုစိန်ဝင်းမောင်ပြောတဲ့ ရုပ်ရှင်တစ်ပွဲစာ မမွန်အတွက် အချိန်ရှိတယ်ဆိုတာ ဘာကိုဆိုလိုတာလဲဟင် ..."

မြတ်ရည်မွန်က ပြန်မဖြေဘဲ စိန်ဝင်းမောင်ကို လှမ်း ကြည့်လိုက်သည်။

စိန်ဝင်းမောင်က လိုလိုလားလားပင် ရှင်းပြောပြ သည်။

"ဒီလိုပါကိုအောင် ... အခု သမ္မတရုံမှာ နေ့ခင်းပွဲစတဲ့အချိန် လောက်ကပဲ ကိုအောင့်ရဲ့ဖိုးယက်ကားကို သမ္မတရုံပက် ကင်မှာရပ်ထားခဲ့ပြီး ... ကျွန်တော့်မော်တော်ဆိုင်ကယ်နဲ့ ကိုအောင့်ကိုခေါ်ကိုခေါ်လာပေးတာပါ ... အဲဒီရုပ်ရှင်ပွဲပြီး ချိန်လောက်အထိ ကိုအောင်တို့ချစ်သူနှစ်ဦး တွေ့ဆုံခွင့်ရ တယ်လေ ... အဲ ... ဒီမှာတွေ့တာဟာ ကိုအောင်တို့နှစ် ယောက် နောက်ဆုံးတွေ့ခြင်းပဲ ... ပြီးတာနဲ့ မြတ်ရည်မွန်နဲ့ တို့ ဝေးရာတစ်နေရာကို ထွက်သွားကြမှာပါ ... ကိုအောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မမြတ်ရည်မွန်ပြန်တွေ့ဆုံဖို့ဟာ လူ့ပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာပြည်က အပ်တစ်စင်းလို မထိမတွေ့နိုင်တော့ပါဘူး၊ ဒါကို မမြတ်ရည်မွန်က နားလည်ပြီးသားမို့ ရုပ်ရှင်တစ်ပွဲစာ လို့ပြောတာပဲကိုအောင် …"

"ဘာလို့ မမွန်ကအဝေးကိုပြေးရမှာလဲ …"

"ရာဇဝတ်ဘေးပဲ ကိုအောင် …"

"မောင်ရင့်ကို ဦးဆက်မင်းကပြောမပြဘူးလား … ဦးလှိုင်ဘွားကြီးကို မမြတ်ရည်မွန်က ဘယ်လိုတွေလုပ်ခဲ့လို့ ဦးလှိုင်ဘွားကြီး သေရှာလားသွားရတယ်ဆိုတာကိုလေ …"

"ပြောသားပဲ … ဦးလှိုင်ဘွားရဲ့ခေါင်းကို အမျိုးသမီးက ပုလင်းနဲ့ရိုက်ခဲ့တယ် … ဦးလှိုင်ဘွားရဲ့သေနတ်နဲ့ပဲ အမျိုးသမီးက ဦးလှိုင်ဘွားကိုပစ်ခဲ့တယ်ဆိုတာတွေ ဦးဆက်မင်းက ကျွန်တော့်ကို အားလုံးပြောပြသားပဲ …"

"ဒါပဲပေါ့ကိုအောင် … အဲဒီဦးလှိုင်ဘွားကိုသတ်မှုကြောင့် မမြတ်ရည်မွန်က လွတ်ရာလွတ်ကြောင်း ဝေးရာကိုပြေးတော့မှာ …"

အောင်စိုးမိုးသည် မြတ်ရည်မွန်ကိုပြန်ကြည့်ပြီး … ဦးခေါင်းခါယမ်းပြီး လက်ဝါးကာပြလိုက်သည်။

"အဲဒီအတွက် မမွန် ဘယ်လိုမှထွက်ပြေးစရာမလိုဘူး မမွန်၊





ဦးလှိုင်ဘွားသေရတာဟာ မမွန်ရိုက်ခဲ့ပစ်ခဲ့လို့ သေသွားတာ လုံးဝမဟုတ်ဘူးတဲ့ …"

"ဘာကွ …"

စိန်ဝင်းမောင်ထံမှ 'ဘာကွ'အသံကြီး ဒေါသနှင့်ဟိန်း ထွက်လာသည်။

မြတ်ရည်မွန်လည်း အောင်စိုးမိုး၏ပြောကြားချက်ကို တအံ့တသြ ဘယ်လိုနားလည်ရမှန်းပင်မသိဘဲ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အောင်စိုးမိုးက ဆက်ရှင်းပြသည်။

"ဒီမယ် … မမွန် ဦးလှိုင်ဘွားရဲ့အလောင်းကို တာဝန်ကျ မှုခင်းဆရာဝန်ကခွဲစိတ်ကြည့်တယ် … ဦးလှိုင်ဘွားဦးခေါင်း က အရိုက်ခံရတဲ့ဒဏ်ရာဟာ သေလောက်တဲ့ဒဏ်ရာမဟုတ် ဘူးတဲ့ … နောက်ပြီး မမွန်ပစ်ခဲ့တဲ့ ကျည်ဆန်ဟာ ဦးလှိုင် ဘွားရဲ့ပခုံးကိုသာ ထိတာ၊ အဲဒီသေနတ်ဒဏ်ရာကြောင့် လည်း ဦးလှိုင်ဘွားမသေနိုင်ဘူးတဲ့ … အဲဒါတွေဟာ တာဝန် ကျမှုခင်းဆရာဝန်ရဲ့ တရားဝင်မှတ်ချက်တွေနော်"

"ဒါဆို … ဦးလှိုင်ဘွား ဘာလို့သေသွားတာလဲကိုအောင်"

"ဒုံးသုံးရှစ် သေနတ်ကျည်ဆန်တစ်ခုက ဦးလှိုင်ဘွားရဲ့ ရင်ဝကိုတေ့ပြီး အပစ်ခံရလို့သေရတာတဲ့ … အဲဒီဒုံးသုံး သုံးရှစ်ကျည်ဆန်ဟာ ဦးလှိုင်ဘွားရဲ့နှလုံးကို ဟိုဘက်ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



တွင်းဖောက်သွားစေတယ်တဲ့ ... အဲဒီကျည်ဆန်ဖူးကိုလည်း ဦးလှိုင်ဘွားရဲ့အလောင်း ကျောပြင်ထဲက ခွဲစိတ်တွေ့ရှိရတယ်တဲ့ ... အဲဒီကျည်ဆန်ထိမှုကြောင့် ဦးလှိုင်ဘွားပွဲချင်းပြီးသေတာတဲ့ ... မမွန်ပစ်ခဲ့တဲ့ကျည်ဆန်က ကျောက်တံလောက်သာရှိပြီး ပခုံးကိုသာထိတာနဲ့ သေလောက်တဲ့ဒဏ်ရာမဟုတ်ဘူးဆိုတာ ဆရာဝန်က တရားဝင်မှတ်ချက်ပြုထားတယ် မမွန် ... ဒါကြောင့် ဒီအမှုဟာ မမွန်သတ်တဲ့အမှုမဟုတ်ဘူး ... နောက်တစ်ချက် ဦးဆက်မင်းပြောတာက အမျိုးသမီးတစ်ယောက်မှာ သူ့အသက်အတွက်ဖြစ်စေ ... သူ့ကာယကံမြောက်ကြောင့်ဖြစ်စေ ခုခံပိုင်ခွင့် ဥပဒေက ခွင့်ပြုထားတယ်တဲ့ ... ကဲ ... ဒါဆို မမွန်ဘယ်ကိုပြေးစရာမလိုဘူး၊ ရဲက မမွန်ကို အမှုနဲ့ပတ်သက်ပြီး မေးမြန်းရုံလောက်ပဲရှိတယ် ... မမွန် ဘာဆိုဘာမှမဖြစ်စေရဘူးလို့ ကိုယ်အာမခံရဲရဲကြီးခံတယ်မမွန် ... ဘယ်ကိုမှ ထွက်ပြေးစရာမလိုဘူး ... အဲဒါ မမွန်သဘောပေါက် ... "

"ဩ ... ဩ ... ဦးဆက်မင်းက မောင်ရင်တို့ အဲဒီလောက်အသေးစိတ်တွေတောင် ပြောပြသတဲ့လား ... "

စိန်ဝင်းမောင်၏ မာကျောလှသောအသံကြောင့် အောင်စိုးမိုးရော မြတ်ရည်မွန်ပါ စိန်ဝင်းမောင်ကို လှမ်းကြည့်လိုက်ကြသည်။





စိန်ဝင်းမောင်၏အသံ မာကျောရုံမက မျက်နှာမှာလည်း အံနှစ်ဖက်ကျိတ်ထားသောကြောင့် ပါးရိုးနှစ်ဖက်ထောင်လာကာ မျက်နှာပင် လေးထောင့်ဖြစ်သွားသလားထင်ရသည်။

"တို့စိတ်ထဲမှာ ထင်မြင်ထားတာက ဦးဆက်မင်းလို ဝါရင့်ရဲအုပ်တစ်ယောက်ဟာ မောင်ရင့်လို ချာတိတ်တစ်ယောက်ကို ဒီလောက်ထိ အမှုနဲ့ပတ်သက်ပြီး ဖွင့်ပြောမှာမဟုတ်ဘူးလို့ ကျုပ်ထင်ခဲ့တာ ... တကယ်တော့ ဦးလှိုင်ဘွားအမှုဟာ အမှုလိုက်ရဲက လျှို့ဝှက်စွာလိုက်ရမဲ့အမှုမို့ သူစိမ်းဘယ်တစ်ဦးကိုမှ ပြောမှာမဟုတ်ဘူးလို့ ငါတစ်ထစ်ချယူဆထားတာ၊ ဒါကြောင့်လည်း မောင်ရင်နဲ့ မြတ်ရည်မွန် နောက်ဆုံးတွေ့ချင် တွေ့ကြပါစေလေဆိုပြီး ငါတွေ့ခွင့်ပေးမိတာ ငါ့အမှားပဲ ... "

"ဦးဆက်မင်းက သူ့ဟာသူဖွင့်ပြောတာမဟုတ်ဘူး ကိုစိန်ဝင်းမောင် ... ကျွန်တော်က မမွန်နဲ့ပတ်သက်နေတာမို့ ဇွတ်မေးတာ ... ဇွတ်မေးတာတောင် မဟုတ်ပါဘူး ... မမွန်နဲ့ပတ်သက်ပြီး သူသိချင်တဲ့ အချက်တွေကို ကျွန်တော်ကပြောမယ် ... ဦးဆက်မင်းက မမွန်ရဲ့အခြေအနေမှန်ကို ပြန်ပြောရမယ်လို့ သတင်းခြင်းဖလှယ်တဲ့သဘောမို့ ကျွန်တော့်လို



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်ကို ဖွင့်ပြောတာ ... "

အောင်စိုးမိုးသည် စိန်ဝင်းမောင်ကို ရှင်းပြပြောဆိုပြီးနောက် မြတ်ရည်မွန်ဘက်သို့ ပြန်လှည့်လိုက်သည်။

"အဲဒါပဲမမွန် ... အမှုထဲမှာတော့ စွဲချက်တင်တဲ့အခါ မမွန်တော့ပါမှာပဲ ... ဒါပေမဲ့ ကိုယ့်အကောင်းဆုံးရှေ့နေငှားပြီး မမွန်ဘက်က လိုက်ပေးစေမယ် ... မမွန် လုံးဝ ကွင်းလုံးကျွတ်လွတ်စေရမယ်လို့ ကိုယ်ရဲရဲကြီး အာမခံတယ်မမွန်"

"ဒီကောင် လိမ်ညာနေတာ မမြတ်ရည်မွန် ... သူ့အတွက်ရော သူ့အဖေအတွက်ရော ဂုဏ်ရှိသည်ထက်ပိုရှိအောင် မမြတ်ရည်မွန်ကို အမိဖမ်းပြီး ဦးဆက်မင်းလက်ထဲထိုးအပ်ဖို့ ပလီပလာတွေပြောနေတာ ... "

မြတ်ရည်မွန်၏မျက်နှာတွင် ဘယ်သူ့စကားယုံရမှန်းမသိဘဲ ဝေခွဲမရသောအမူအရာလေးပေါ်လွင်နေသည်။

အောင်စိုးမိုးက တရောသောပါးမျိုးမဟုတ်ဘဲ လေအေးအေးလေးနှင့်ပင် မြတ်ရည်မွန်ကို ဆက်ပြောပါ၏။

"မမွန် ဇဝေဇဝါဖြစ်နေပုံပဲ ... ဒါကတော့ မမွန်သဘောပဲလေ ... ယုံချင်သလိုသာယုံပါ ... အဓိက မမွန်ယုံကြည်စေချင်တာ စဉ်းစားစေချင်တာကတော့ မမွန်အပေါ်မှာ တို့ဘယ်လောက်ထိအချစ်ကြီးမားခဲ့တယ်ဆိုတာကိုပဲ အဓိက





စဉ်းစားပါ ... အခုဟာ လူသတ်မှုပဲ၊ တကယ်လို့ မမွန်ကျူးလွန်တယ်ထားဦး ဦးဆက်မင်းလက်ထဲကိုအပ်တဲ့အထိ တို့နှလုံးသားက မမွန်အပေါ် ရက်စက်နိုင်စွမ်းရှိမှာတဲ့လား၊ သုံးနှစ်ကြီးတောင် မမွန်ကို တို့ချစ်လွန်းလို့ ချဉ်းကပ်ခဲ့ရတာပါ ... တကယ်လို့ မမွန်ပြေးမှလွတ်မယ်လို့ ယူဆဆုံးဖြတ်ရင် တို့လည်း မမွန်နဲ့အတူ လိုက်ခဲ့မယ် ... မမွန်နဲ့အတူပြေးမယ် ... မမွန်ကို တို့ထပ်ပြီးခွဲခွာမနေနိုင်တော့လို့ပါ မမွန်၊ ကဲ ... တို့ရဲ့ ချစ်မေတ္တာနှလုံးသားပေါ်မှာ အဓိကထားပြီး မမွန်ဆုံးဖြတ်ပေတော့ ... "

"ဒါဆို မမွန်ပြေးရာကို ကိုအောင်တကယ်လိုက်မှာလား"

"အခုချက်ချင်းပြေးမလား၊ အခုချက်ချင်းလိုက်ဖို့ အဆင်သင့်ပဲ မမွန် ... မမွန်နဲ့အတူနေရရင် ငရဲကြီးရှစ်ထပ်ကိုသွားသွား၊ တို့လိုက်မှာ ... "

နှလုံးသားမေတ္တာဟူသည် ကြီးမားလှပါဘိတောင်း။ အောင်စိုးမိုး၏နောက်ဆုံးစကားသည် မြတ်ရည်မွန်အား ယတိပြတ်ဆုံးဖြတ်စေတော့သည်။

"ကိုအောင်ပြောတာတွေကို ကျွန်မယုံကြည်တယ် ကိုစိန်ဝင်းမောင် ... ကိုအောင်ဟာ ကျွန်မအပေါ်မှာ ဘယ်လိုမှ ရက်စက်နိုင်စွမ်းရှိမဲ့လူမဟုတ်ဘူး ... ကျွန်မ ဘယ်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်မပြေးတော့ဘူး ... တကယ်လို့ ကိုအောင်က ကျွန်မကို အမိဖမ်းပြီး ကြိုးစင်ပို့တာဖြစ်စေဦးတော့ ကျွန်မ ပြုံးပြုံးလေး ကြိုးစင်တက်လိုက်တော့မယ် ကိုစိန်ဝင်းမောင်၊ အဲဒါ ကျွန်မရဲ့ ယတိပြတ်ဆုံးဖြတ်ချက်ပဲ ..."

"တောက် ..."

စိန်ဝင်းမောင်ထံမှ နာကြည်းစွာတောက်ခေါက်သံ ထွက်လာတော့သည်။

"မင်းဟာ တကယ်ဂြိုဟ်ကောင်ပဲ အောင်စိုးမိုး ... မင်းကို ငါ ဒီခေါ်လာမိတာ ငါ့ရဲ့ ဒုတိယအမှားပဲ ... မင်းကို ငါလော်ရီကားနဲ့တိုက်သတ်ကတည်းက မင်းသေဖို့ကောင်းတယ် ... အခု မင်းကြောင့် ငါ့အကြံအစည်တွေအားလုံး ပျက်သွားပြီ၊ ငါ့အကြံအစည်ကိုတော့ အပျက်မခံဘူး ... မင်းကို ဒီမှာသတ်ခဲ့ပြီး မြတ်ရည်မွန်ကို ငါအပါခေါ်သွားရတော့မှာပဲ၊ ကဲ ... မင်း ဗုဒ္ဓဘာသာဝင်ဆိုရင် အသက်ထွက်ကောင်းအောင်နဲ့ နောင်ဘဝကောင်းရာမွန်ရာရောက်နိုင်ဖို့ ဆုတောင်းပေတော့ အောင်စိုးမိုး ..."

စိန်ဝင်းမောင်သည် ရတနာသေတ္တာကို ရင်ခွင်ပိုက်ပြီး ကျန်လက်တစ်ဖက်က သူ့သေနတ်ကိုထုတ်ကိုင်ရင်း ရှေ့သို့ တစ်လှမ်းခြင်းတိုးလာပေတော့သည်။





အောင်စိုးမိုးရင်ဘတ်ကို သေနတ်ဖြင့်တေ့ဖြတ်ရန် ဖြစ်ပါ၏။ တကယ်တော့ စိန်ဝင်းမောင် သေနတ်ပစ်ရာတွင် မကျွမ်းကျင်ပေ။ အဝေးမှပစ်လျှင် လွဲချော်နိုင်သည်။ ထို့ကြောင့် သေချာအောင် တေ့ဖြတ်ခြင်းကိုသာပြုရန်ဖြစ်သည်။

"ရှင် ကိုအောင့်ကိုမပစ်နဲ့ ..."

တစ်သက်နှင့်တစ်ကိုယ် ဤမျှ လျင်မြန်ဖျတ်လတ်ခြင်းမျိုးမပြုခဲ့ဘူးသော မြတ်ရည်မွန်သည် လျှပ်တစ်ပြက်လျင်မြန်မှုမျိုးဖြင့် ဖျတ်ခနဲ အောင်စိုးမိုးရှေ့တွင် ကျောကပ်ပြီး ရပ်ထားလိုက်သည်။

စိန်ဝင်းမောင်ပစ်ပါက ရှေ့မှမြတ်ရည်မွန်ကိုသာ ပထမပစ်ရတော့မည်။

စိန်ဝင်းမောင် သေနတ်ကိုင်လက်ကိုအောက်သို့ တွဲလောင်းချလိုက်သည်။

"မြတ်ရည်မွန်စဉ်းစားပါ ... တို့အနေနဲ့ကတော့ ပထမ အစီအစဉ်အတိုင်း ဟိုဘက်ကိုရောက်အောင် ပြေးရတော့မှာပဲ"

"ဒါကတော့ ... ကိုစိန်ဝင်းမောင်ရဲ့အခြေအနေအမှန်ပေါ်မှာ မူတည်နေတာပဲ ... ကျွန်မကတော့ ရှင်နဲ့အတူ မလိုက်တော့ဘူး ..."

စိန်ဝင်းမောင်က ရတနာသေတ္တာကို မြှောက်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒီသေတ္တာလေးထဲမှာ ဘယ်လောက်တန်ဖိုးကြီးမားတဲ့ ရတနာတွေရှိတယ် မပြတ်ရည်မွန် သိပြီးသားပါနော် ... နောက်ပြီး ဒီရတနာတွေဟာ မပြတ်ရည်မွန်ဖေဖေထားခဲ့တဲ့ မပြတ်ရည်မွန်ရထိုက်တဲ့အမွေတွေပါ ... ဒီရတနာသေတ္တာကို တို့ယူသွားရင် မပြတ်ရည်မွန်မှာ ခံစားထိုက်တာ အများကြီး ဆုံးရှုံးသွားမယ် ... "

"ကျွန်မ ဘာပစ္စည်းကိုမှ မမက်မောဘူး ... ကိုအောင်နဲ့အတူ ပဲနေခဲ့တော့မယ် ... ကိုစိန်ဝင်းမောင် ဒီသေတ္တာကို ယူသွားချင် ယူသွားလေ ... "

စိန်ဝင်းမောင်က အောင်စိုးမိုးကို သေနတ်နှင့်ပစ်ခွင့်ရအောင် ဟိုဘက်တိုး ဒီဘက်တိုးနေရာပြောင်းသည်။ မြတ်ရည်မွန်က စိန်ဝင်းမောင် နေရာပြောင်းသလောက် လိုက်ပြောင်းပြီး အောင်စိုးမိုးရှေ့မှ ကျောချင်းကပ်ကို မခွာပေ။

ထိုအဖြစ်ကိုကြည့်ပြီး စိန်ဝင်းမောင် ပခုံးတွန့်ပုလိုက်သည်။

"ကောင်းပြီလေ ... ပေတစ်သီးကျိုးတစ်သားဆိုသလို တို့ရင်ထဲမှာ တစ်ခါမှမဖြစ်ပေါ်ခဲ့ဘူးတဲ့ မေတ္တာမျိုး ပေါ်ခဲ့မိတယ် ... ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ ... တကယ်ချစ်တတ်





သူဟာ တကယ်ခွင့်လွှတ်တဲ့စိတ်မျိုးရှိရတယ်ပဲထားပါတော့၊ ကဲ ... တို့သွားမယ် မပြတ်ရည်မွန် ... "

စိန်ဝင်းမောင်သည် ချာခနဲလှည့်ကာ နောက်ဖေးတံခါးဆီသို့ ထွက်သွားပေတော့သည်။

"ဒီလူက တစ်မျိုးပဲနော် မမွန် ... "

မြတ်ရည်မွန်က လေးတွဲစွာခေါင်းညိတ်ပြသည်။

"သူ တကယ့်လူကောင်းပါကိုအောင်၊ စိတ်ဓာတ် အင်မတန်ကောင်းပြီး ကိုယ်ကျင့်တရားစောင့်စည်းပေမဲ့ ... သူ့ရဲ့လုပ်ရပ်တွေက သူ့ကို လူဆိုးတစ်ယောက်ဖြစ်သွားစေတာပါ ... မမွန်ကိုဆိုရင် သူ လက်ဖျားနဲ့တောင်မတို့ဘူး ... "

"ယုံတယ်မမွန် ... သူဟာ နောက်ဆုံးအထိ မမွန်ကို ညတုတုမခေါ်ဘဲ မပြတ်ရည်မွန်လို့ခေါ်သွားတာကပဲ သူ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ဖော်ပြရာရောက်နေတာပဲဟာ ... ကိုယ့်ဆီဖုန်းဆက်တုန်းကလည်း မမွန်မှာ ယင်ဖိုတောင်မသမ်း၊ မှည့်တစ်ပေါက်မစွန်းသေးဘူးလို့လည်းပြောနေသေးတယ် ... "

"ဟော့ကောင် ... ရပ်လိုက်"

ထိုစဉ်မှာပင် နောက်ဖေးဘက်ဆီမှ ပေါ်ထွက်လာသော အသံကြောင့် အောင်စိုးမိုးနှင့် မြတ်ရည်မွန်တို့ နောက်ဖေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကြည့်ကာ နားစွင့်လိုက်သည်။

"မင်းလက်ထဲက သေနတ်ကိုချလိုက် ... တို့ရဲအဖွဲ့ပဲ ... မင်းကိုဝိုင်းထားပြီးပြီ ... "

"ဟော ... အဲဒီပြောသံဟာ ရဲအုပ်ဦးဆက်မင်းရဲ့အသံပဲ မမွန်၊ ကိုစိန်ဝင်းမောင်ကို ဦးဆက်မင်းတို့အဖွဲ့က ဝိုင်းထားပြီထင်တယ် ... "

"ဟင် ... "

မြတ်ရည်မွန် အာမေဍိတ်သံ ထွက်သွားသည်။ စိန်ဝင်းမောင်ထွက်သွားသော နောက်ဖေးပေါက်ဆီသို့လည်း မြတ်ရည်မွန် ပြေးသွားသည်။ အောင်စိုးမိုးသည် မြတ်ရည်မွန်နောက်မှ ထက်ကြပ်မကွာလိုက်သွားပါ၏။

"ဟေ့ ... ဟေ့ ... မခုခံနဲ့လေ"

"ဒိုင်း ... ဒိုင်း"

ပထမ သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။

ထို့နောက် ...

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

ထပ်ဆင့်ပြီး သေနတ်သံတွေ ထွက်ပေါ်လာပေတော့သည်။ ပြီး အသံများတိတ်သွားသည်။

မြတ်ရည်မွန် ကမူးရှူးတိုး နောက်ဖေးပေါက်မှ





အပြင်ထွက်မည်ကို အောင်စိုးမိုးက အတင်းဆွဲထားရသည်။

"မထွက်နဲ့ဦး မမွန် ... အပစ်အခတ်တွေကြားမှာ မမွန်ကို ထိသွားမှာစိုးရတယ် ... "

"ကိုစိန်ဝင်းမောင်ကို ရဲတွေဝိုင်းပစ်ကြတာ ထင်တယ်နော် ကိုအောင် ... "

"ဦးဆက်မင်းဟာ အရမ်းဘယ်တော့မှမလုပ်ဘူး မမွန် ... ကိုစိန်ဝင်းမောင်က သေနတ်နဲ့ပြန်ခုခံလို့ ဦးဆက်မင်းအဖွဲ့က ပြန်ပစ်တာပဲဖြစ်မယ် ... ဒုက္ခပါပဲ ကိုစိန်ဝင်းမောင်ကတော့ ကိုယ့်ကို ကတိမတည်တဲ့လူလို့ ထင်သွားမှာပဲ ... "

"ဘာလို့လဲကိုအောင် ... "

"ကိုယ်နဲ့ကိုစိန်ဝင်းမောင် ဖုန်းနဲ့ပြောကတည်းက ကိုယ်က ဦးဆက်မင်းကို လုံးဝအကြောင်းမကြားပါဘူးလို့ ကတိပေးခဲ့တယ် ... တကယ်လည်း ကိုယ် ဦးဆက်မင်းကို လုံးဝအကြောင်းမကြားခဲ့ရိုးအမှန်ပါ ... တို့အတွက် လုံခြုံရေးချပေးထားတဲ့လူကိုတောင် လှည့်ထုတ်ပြီးမှ ကိုစိန်ဝင်းမောင်နဲ့ သွားတွေ့ခဲ့တာပါ ... အဲဒါ ကိုဆက်မင်းက ဘယ်လိုများ မာလာမြိုင်အိမ်အထိ ခြေရာခံလိုက်လာသလဲမသိဘူး မမွန်"

ငြိမ်သက်သွားရာမှ အပြင်က အသံတွေ ပြန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ … သွားကြည့်ရအောင် … "

နှစ်ယောက်သား နောက်ဖေးတံခါးမှ အပြင်သို့ထွက်လာခဲ့ကြသည်။

စိန်ဝင်းမောင်သည် လဲကျနေပါ၏။ သူလဲကျနေရာတွင် သွေးတွေနီရဲနေသည်။ ဦးဆက်မင်းက လဲကျနေသော စိန်ဝင်းမောင်ဘေးတွင် ဒူးထောက်ထိုင်နေပါ၏။ ရဲသားတွေ့ ဂ'ငယ်သဏ္ဍာန်ဖြင့် လဲကျနေသော စိန်ဝင်းမောင်ကို ဝိုင်းထားသည်။

"ဆရာမြသိန်း … ဒီနားက အနီးဆုံးတွေ့တဲ့ဖုန်းနဲ့ ဆေးရုံကြီးကို ဖုန်းဆက်ပါ … လူနာတင်ကား အမြန်ဆုံးချက်ချင်းလွှတ်ပေးပါလို့ … "

ကိုဆက်မင်းပေးသောအမိန့်ကြောင့် ရဲကြပ်ကြီးအမြန်ဆုံး ပြေးထွက်သွားသည်။

"ဟင် … ကိုစိန်ဝင်းမောင် … "

မြတ်ရည်မွန်သည် စိန်ဝင်းမောင်လဲကျရာသို့ ပြေးသွားသည်။ ဘေးတွင်ထိုင်ချလိုက်သည်။ ဦးဆက်မင်းက အောင်စိုးမိုးကိုကြည့်ရင်း …

"မတတ်နိုင်ဘူးကိုအောင် … အစ်ကိုတို့ကစပြီး မပစ်ပါဘူး၊ သူကစပြီး အစ်ကိုတို့ကိုပစ်တာယ်လေ … "

ဦးဆက်မင်းက ပြောသောစကားကို စိန်ဝင်းမောင်





ကြားဟန်တူသည်။ မှိတ်ထားသောမျက်လုံးကိုဖွင့်ကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။

"မောင်ရင်ကတိမတည်ဘူး အောင်စိုးမိုး … "

"ဟာ … ကျွန်တော် ဦးဆက်မင်းကို လုံးဝအကြောင်းကြားတာမဟုတ်ပါဘူး ကိုစိန်ဝင်းမောင် … တကယ်ပါ … ဘုရားပေးပေးကျမ်းပေးပေးပါ … "

ဦးဆက်မင်းက ဝင်ပြောပါ၏။

"မှန်တယ်ကိုစိန်ဝင်းမောင် … ကျွန်တော့်ကို အောင်စိုးမိုးအကြောင်းလုံးဝမကြားဘူး … "

"ဟုတ်မလားဗျာ … ကျွန်တော့်ကို ဦးဆက်မင်း လုံးဝခြေရာမကောက်နိုင်ခဲ့တာပဲဟာ … ကျွန်တော်က ရာဇဝင်လူဆိုးမှမဟုတ်တာ … ကျွန်တော့်ရဲ့ဓာတ်ပုံ ကျွန်တော့်ရဲ့လက်ဗွေပုံစံ၊ ကျွန်တော့်ရဲ့ရာဇဝင် ဦးဆက်မင်းတို့ဆီမှာ လုံးဝရှိနိုင်တာပဲဟာ … "

"မှန်ပါတယ် ကိုစိန်ဝင်းမောင် … "

ဦးဆက်မင်းသည် စိန်ဝင်းမောင်အား တရားခံကို ပြောသလို မပြော။ သူနှင့်စိန်ဝင်းမောင် သက်တူရွယ်တူလောက်မို့ ဖြင်ပတွင် လူပုဂ္ဂိုလ်အချင်းချင်း ဆက်ဆံပြောဆိုသလိုပဲ ပြောပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရဲ့အဖွဲ့မှာ တကယ်ပဲ ကိုစိန်ဝင်းမောင် ခြေရာပျောက်နေပါတယ် ... ဒါကြောင့် ဒီအမှုမှာ မြတ်ရည်မွန်ကိုသာ ကျွန်တော်က ခြေရာကောက်ထားတယ် ... မြတ်ရည်မွန်ကိုတွေ့ရင် ကိုစိန်ဝင်းမောင်ကိုလည်း တွေ့ရမယ်လို့ ကျွန်တော် ကျိန်းသေတွက်ထားတယ် ..."

ဦးဆက်မင်း၏စကားထဲတွင် မြတ်ရည်မွန်ပါလာသဖြင့် စိန်ဝင်းမောင်သည် မြတ်ရည်မွန်ကိုလိုက်ကြည့်ရာ သူ၏ဘေးမှာပင် မြတ်ရည်မွန်ရှိနေသည်ကို တွေ့ရပေသည်။ သတိထားမိသည်။

မြတ်ရည်မွန်ကလည်း စိန်ဝင်းမောင်ကို စိုက်ကြည့်နေပါ၏။ စိန်ဝင်းမောင်က လက်ဝါးဖြန့်ကာ မြတ်ရည်မွန်ထံသို့ လက်ကမ်းသည်နှင့် မြတ်ရည်မွန်က သူ့လက်ဝါးဖြင့် ပြန်လည်ဆုပ်ကိုင်ထားလိုက်သည်။

"ဖြစ်မှဖြစ်ရလေ ကိုစိန်ဝင်းမောင်ရယ် ..."

ပြောရင်း မြတ်ရည်မွန် မျက်ရည်ကျပေသည်။ မြတ်ရည်မွန် သူ့အတွက် မျက်ရည်ကျသည်ကို စိန်ဝင်းမောင် ကျေနပ်သွားပုံရသည်။

ဦးဆက်မင်းကပင် စိန်ဝင်းမောင်ကို ဆက်လက်ပြောပြသည်။





"အဲဒီအတွက်ကိန်းအရ တစ်နေ့နေ့ကျရင် မြတ်ရည်မွန်ဟာ ဘယ်နည်းနဲ့မဆို သူချစ်သူ အောင်စိုးမိုးနဲ့ ဆက်သွယ်ရမယ် လို့လည်း ထပ်ဆင့်တွက်ကိန်းချပြန်တယ် ... ဘာလို့လဲဆိုတော့ တစ်လောကလုံးမှာ မြတ်ရည်မွန်အဖို့ အယုံကြည်ဆုံး အားအကိုးဆုံးနဲ့ အချစ်ဆုံးဟာ အောင်စိုးမိုးဖြစ်နေလို့ပဲ ... နောက်တစ်ယောက် မြတ်ရည်မွန်အားကိုးသူဟာ သူ့အဒေါ် အန်တီဆွေပဲဆိုတာ ကျွန်တော်သိလာတယ် ... အဒေါ်ဖြစ်တဲ့ အန်တီဆွေက လူမမာဖြစ်နေတယ်၊ အဝေးမြို့ မိတ္ထီလာကိုလည်းရောက်နေတယ် ... ဒီတော့ မြတ်ရည်မွန်ဟာ တစ်နေ့နေ့မှာ အောင်စိုးမိုးကို ဆက်သွယ်လာရမယ်လို့ တွက်ကိန်းအသေချပြီး အောင်စိုးမိုးကို ကျွန်တော့်လူတွေနဲ့ စောင့်ကြည့်ထားစေတယ် ... ဒါပေမဲ့ ... အောင်စိုးမိုးက ကျွန်တော့်တွက်ကိန်းကို နားမလည်တော့ ကျွန်တော်ကပဲ အေးတိအေးစက်လုပ်နေတယ်လို့ထင်တယ် ... အဲဒီလိုထင်အောင်လည်း ... ကျွန်တော်က တမင်ဖန်တီးထားတာ ... အောင်စိုးမိုးစိတ်ထဲထင်တာက သူကျောင်းတက်ကျောင်းဆင်းလောက်မှာပဲ ကျွန်တော်က အစောင့်ချထားတာလို့ နားလည်စေတယ် ... တကယ်တော့ ... ဘယ်ဟုတ်မလဲ အောင်စိုးမိုးကို ကျွန်တော့်လူတွေက နှစ်ဆယ့်လေးနာရီ



www.burmeseclassic.com

www.burmeseclassic.com



မပြတ်စောင့်ကြည့်နေကြတာ ... ယုတ်စွအဆုံး အောင်စိုးမိုး သူ့ပြည်ထောင်စုရိပ်သာအိမ်မှာ ညအိပ်နေတာတောင် ကျွန်တော့်အစောင့်တွေက မအိပ်ဘဲ စောင့်ကြည့်နေတာ၊ ဒါကြောင့် ဒီနေ့အောင်စိုးမိုး ကျောင်းလာစဉ်ပြီး ဘားလမ်းလာတဲ့အထိ ကျွန်တော့်ရဲ့ ရှုဒိုးက သူ့နောက်ကလိုက်နေတာပဲ၊ အောင်စိုးမိုး ဘားလမ်းထဲက ကဖီးမှာ စိန်ဝင်းမောင်နဲ့တွေ့ကြတယ်၊ နောက်ပြီး ဘားလမ်းထဲက တိုက်ကျောကားတစ်ခု အပေါ် အောင်စိုးမိုးတက်သွားတယ်၊ လှေကားရင်းမှာ စိန်ဝင်းမောင်က စောင့်နေတယ်၊ အောင်စိုးမိုးပြန်ဆင်းလာတော့ နှစ်ယောက်အတူ ဗီးယက်တားဆီပြန်လာပြီး သမ္မတရုပ်ရှင်ရုံမှာ ကားအပ်ထားခဲ့တယ် ... နောက်ပြီး မော်တော်ဆိုင်ကယ်နဲ့ နှစ်ယောက်သား မာလာမြိုင်လမ်းထဲက အိမ်ကိုလာခဲ့ကြတယ် ... မာလာမြိုင်လမ်းထဲကိုတော့ မော်တော်ဆိုင်ကယ် တခြားမှာထားခဲ့ပြီး ခြေလျင်လျှောက်ဝင်ကြတယ် ... အဲဒီအထိ ကျွန်တော့်ရှုဒိုးကလိုက်လာတာပဲ"

"ဒါဆို မာလာမြိုင်အိမ်ထဲမှာ ကိုစိန်ဝင်းမောင်က ကျွန်တော့်ကို သေနတ်နဲ့ချိန်ပစ်တော့မဲ့အထိ ဖြစ်တုန်းက အစောင့်ရှုဒိုးက ဘာလို့ဝင်မကူညီဘဲနေတာလဲ ... အဲဒီမှာ ကိုစိန်ဝင်းမောင်ကို ရှုဒိုးသမားက သေနတ်နဲ့လှမ်းပစ်ရင်ရသားနဲ့"





"ရှုဒိုးက ပစ်ဖို့အဆင်သင့်ပဲ ... ဒါပေမဲ့ ပစ်ဖို့မလိုဘူးလေ... မြတ်ရည်မွန်က မင်းရှေ့မှာဝင်ပြီး ဒိုင်းလိုကာကွယ်ထားပေးလိုက်တာကိုး ... ဒီမယ်အောင်စိုးမိုး ... အစ်ကိုတို့ရဲ့ အဖွဲ့ဆိုတာ တရားခံကိုဖမ်းဖို့ ကြိုးစားတဲ့အဖွဲ့ပါ ... တရားခံကို ပစ်သတ်တဲ့အဖွဲ့မဟုတ်ပါဘူး ... အလွန်အမင်းမလွှဲသာမရှောင်သာမှ တရားခံကိုပစ်ဖမ်းရတာပါ ... အဲဒီတုန်းက စိန်ဝင်းမောင်ဟာ သေနတ်နဲ့ထုတ်ချိန်ပေမဲ့ တကယ်ပစ်မလား၊ မပစ်ဘူးလားဆိုတာ အပြင်က ရှုဒိုးလက်ဖြောင့်ရဲက အကဲခတ်ကြည့်နေတာပါ ... စိန်ဝင်းမောင် တကယ်ပစ်ဖို့ လက်ညှိုးကွေးတာနဲ့ ရှုဒိုးလက်ဖြောင့်ရဲက စိန်ဝင်းမောင်ကို လက်မနှေး နောက်မကျပစ်ဖို့အသင့်ပါ ... စိန်ဝင်းမောင်ဟာ သေနတ်ကို ထုတ်ချိန်ပေမဲ့ သေနတ်ကို မောင်းတောင်မဆွဲဘူးတဲ့ ... ဒါကြောင့် ရှုဒိုးရဲကမပစ်တာ ... ဒီနေရာမှာတော့ အောင်စိုးမိုးအတွက် မြတ်ရည်မွန်က မှတ်ကျောက်တင်လိုက်တာပဲကွ ... မြတ်ရည်မွန်က ဒိုင်းလိုကာကွယ်ထားတာကြောင့် စိန်ဝင်းမောင် မပစ်တာလည်းပါနိုင်တာပေါ့လေ ..."

ဟုတ်ပါပေသည်။ မှန်ပါပေသည်ဟု အောင်စိုးမိုး ဝန်ခံရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယခု စိန်ဝင်းမောင်က စတင်ပစ်ခတ်သည်ကိုပင် ဦးဆက်မင်းရဲအဖွဲ့က စိန်ဝင်းမောင်၏ပေါင်၊ လက်မောင်းနှင့် ပခုံးနောက်ကျောကိုသာပစ်တာပါ ... နောက်ကျောကို တမင်ပစ်တာလည်းမဟုတ်ဘူး၊ ရှဲဒိုးကအပစ် စိန်ဝင်းမောင်က လဲအကျနဲ့ကြုံပြီး နောက်ကျောကို မြှတော်တဆသဘောထိသွားတာပါ ... ဒီအတွက် အစ်ကိုလည်း စိတ်မကောင်းပါဘူးကွာ ... "

စိန်ဝင်းမောင်သည် ဦးဆက်မင်းပြောသမျှအားလုံး ကြားနေရသည်။ စိန်ဝင်းမောင်သည် မြတ်ရည်မွန်ဆုပ်ကိုင်ရာမှ လွှတ်ပြီး အောင်စိုးမိုးလက်ဝါးကိုပြောင်းကိုင်လိုက်ရင်း ဦးဆက်မင်းပြောသမျှ အမှန်တွေဖြစ်ကြောင်း ခေါင်းညိတ်ပြသည်။ စိန်ဝင်းမောင်မျက်နှာတွင် အောင်စိုးမိုးအပေါ် သံသယမရှိကြောင်းလည်း ပေါ်လွင်နေသည်။

"ဦးဆက်မင်း ... "

"ပြောပါကိုစိန်ဝင်းမောင် ... "

"ကျွန်တော် ဒီဒဏ်ရာနဲ့ သေသွားချင်သေသွားမယ် ... မသေလည်း ဦးလှိုင်ဘွားသတ်မှုနဲ့ ကြိုးဒဏ် ... ကျွန်းဒဏ်၊ တစ်ခုခုရမှာပါ ... ဒါကြောင့် အခု ကျွန်တော်ဖြောင့်ချက်ပေးချင်တယ် ... "





ချက်ချင်းပင် ရဲကြပ်ကြီးက ဖြောင့်ဆိုချက်ကို လိုက်မှတ်ရင်း မှတ်စုအုပ်နှင့် ဘောပင်ထုတ်ယူလိုက်သည်။

"ဦးလှိုင်ဘွားကို ကျွန်တော့်ရဲ့ ဒသသမသုံးရှစ်သေနတ်နဲ့ လက်ဝဲရင်အုံကို ပြောင်းတေ့ဖြုတ်သတ်လိုက်တာပါ ... မမြတ်ရည်မွန်ကို ထွက်ပြေးခိုင်းပြီးမှ ကျွန်တော် ဦးလှိုင်ဘွားကို ပစ်သတ်တာပါ ... "

"မြတ်ရည်မွန်က ဦးလှိုင်ဘွားကို ဘာတွေလုပ်ခဲ့တယ်ဆိုတာရော ကိုစိန်ဝင်းမောင် မျက်စိနဲ့မြင်သလား ... "

"သေသေချာချာကြီးမြင်ပါတယ် ... မမြတ်ရည်မွန်က ဘာမှ စပြီးမလုပ်ပါဘူး ... ဦးလှိုင်ဘွားကသာ မမြတ်ရည်မွန်ကို ရတနာတွေရဖို့ အမျိုးမျိုးကြံစည်တာပါ ... နောက်ဆုံး မြေတ်ရည်မွန်ကို အပိုင်သိမ်းနိုင်ရင် ရတနာတွေပါ အလိုအလျောက်ရမှာပဲဆိုပြီး မမြတ်ရည်မွန်ကို မဟားဒယ်ားပြုအပိုင်သိမ်းဖို့ ဗလအားကိုးနဲ့ ဓွတ်ကြံစည်တာပါ ... မမြတ်ရည်မွန်ကို အတင်းတွန်းလှဲအချမှာ စားပွဲနဲ့ကိုယ်လုံးတိုက်မိပြီး စားပွဲပေါ်က အရက်ပုလင်းအလွတ် အောက်ကိုလိမ့်ဆင်းကျလာတယ် ... အဲဒီပုလင်းလွတ်ကို မမြတ်ရည်မွန်က ပုလင်းလည်ပင်းကိုင်ပြီး ရမ္မက်ဇောကြီးနေတဲ့ ဦးလှိုင် ဘွားခေါင်းကို ပုလင်းနဲ့ရိုက်ခွင့်ရသွားပြီး ရိုက်ချလိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်ဘွားဟာ ဦးခေါင်းကိုပုလင်းနဲ့အရိုက်ခံလိုက်ရလို့ သူ့လက်ထဲက သေနတ်လေးလျှောခနဲ လွတ်ကျသွားတယ်၊ အဲဒီသေနတ်လေးကို မမြတ်ရည်မွန်ကကောက်ယူပြီး မပစ်သေးဘဲ ဦးလှိုင်ဘွားကို ရှေ့တိုးမလာနဲ့လို့ပြောပါသေးတယ် ... ဒါပေမဲ့ ဦးလှိုင်ဘွားက ခွတ်ထပ်တိုးထပ်ကြံစည်ဖို့ ကြိုးစားပြန်တာမို့ ... အဲဒီတော့မှ မမြတ်ရည်မွန်က သေနတ်လေးနဲ့ပစ်တော့တာပါ ... "

အောင်စိုးမိုးက နားထောင်ပြီး မမွန်ခမျာ အကျပ်အတည်းတွေ ဒုက္ခတွေရင်ဆိုင်ရသည်ကို ပို၍ကြင်နာသနားမိပြန်သည်။ မြတ်ရည်မွန်၏ပခုံးလေးကို ကိုင်ဖက်ထားလိုက်ပါလေ၏။ ယခု ကိုစိန်ဝင်းမောင်က အားလုံးတရားဝင် ဖြောင့်ချက်ပေးသည်ကလည်း မျက်မြင်သက်သေအဖြစ်ပေးသည့် ဖြောင့်ဆိုချက်ဖြစ်သောကြောင့် ဦးလှိုင်ဘွားအမှုတွင် မမွန် ကွင်းလုံးကျွတ်တရားသေလွတ်မည်မှန်း ရင်ထဲကသိလိုက်ရတော့သည်။

"ကိုစိန်ဝင်းမောင်က ဘာဖြစ်လို့ မြတ်ရည်မွန်ကို ထွက်ပြေးခိုင်းပြီးမှ ဦးလှိုင်ဘွားကို နောင်ဝတော့အသေပစ်သတ်ရတာလဲဗျာ ... "

"ဦးလှိုင်ဘွား သိပ်ကောက်ကျစ်တယ် ... ယုတ်မာတယ်၊ ရက်စက်တယ်၊ ပထမကတော့ ကျွန်တော်နဲ့စီးပွားရေးစပ်တူ





မှောင်ခိုလုပ်ကြတာပါ ... နောက်ပိုင်း ကျွန်တော့်ကြောင့် ထွန်းမောင်သေသွားတာကို ... ဦးလှိုင်ဘွားခြံထဲမှာပဲ ... အလောင်းမြှုပ်ခဲ့ကြတယ် ... အဲဒီထွန်းမောင်ကို ကျွန်တော်သတ်လို့သေတာဆိုပြီး ကျွန်တော့်အပေါ် အနိုင်ချက်ကိုင်တယ်၊ စပ်တူကျွန်တော်ထည့်တဲ့ငွေတွေကိုလည်း အပိုင်စီးတယ်၊ နောက်ပြီး ကျွန်တော် သူ့တပည့်လူရိုင်း၊ သူ့ကိုမလှန်ရဲဘူးလို့ သတ်မှတ်ပြီး မတရားမှုတွေဆက်တိုက် ကျွန်တော်အလုပ်ခံရတာကို သိပ်နာကြည်းနေပြီး မမြတ်ရည်မွန်နဲ့ဖြစ်တဲ့ ကိစ္စမှာ အခွင့်သာပြီဆိုပြီး ကျွန်တော် ဦးလှိုင်ဘွားကို အသေတော့ဖြုတ်ပစ်သတ်လိုက်တာပဲပေါ့ဗျာ ... "

ဦးဆက်မင်းက အောင်စိုးမိုးနှင့်မြတ်ရည်မွန်ကို လှမ်းကြည့်သည်။

စိန်ဝင်းမောင်သည် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ခဲ့ကြောင်း ယခုမှ သိရသည်ကို အံ့သြပြီး လှမ်းကြည့်မိခြင်းဖြစ်ပါ၏။

"ကျွန်တော် ဦးလှိုင်ဘွားကို အရမ်းမုန်းတယ် ... အရှင်းနာကြည်းတယ် ... ဒါပေမဲ့ သူ့ကို ပြောင်းမလှန်ရဲဘူး၊ ဒီလူကြီးက မိုက်တိမိုက်ကန်းနဲ့သေနတ်ပစ်လည်း သိ· ကျွမ်းကျင်တယ် ... သူ့ကို ကျွန်တော် အမြဲအလစ်ချောင်းနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ... မမြတ်ရည်မွန်ရောက်လာမှ ကျွန်တော့်ကို နောက်ဖေးပေါက်ဆင်းသွားခိုင်းပြီး ပထုတ်တာ ... ဒါပေမဲ့ ကျွန်တော် တခြားမသွားဘဲ နောက်ဖေးပေါက်ကနေ အိမ်ရှေ့ပေါက်လာပြီး ပိတ်ထားတဲ့ အိမ်ရှေ့တံခါးနားကပ်ပြီး အထဲကပြောသံတွေကို ချောင်းနားထောင်နေတာမို့ ... အားလုံးကြားရ မြင်ရတာပါပဲ ဦးဆက်မင်း ... ဒီတော့ ... ကျွန် ... တော် ... ကျွန် ... တော် ..."

ပြောရင်းပင် စိန်ဝင်းမောင်သည် စကားတွေထစ်ပြီး မပီမသဖြစ်လာသည်။

"ကိုစိန်ဝင်းမောင် ဘာမှမပြောနဲ့တော့ ... ဒီလောက်ဆို အားလုံးသဘောပေါက်ကြပြီ ... ခင်ဗျားအနားယူငြိမ်သက်နေပါ ... မကြာခင် ဆေးရုံကကားရောက်လာတော့မှာပါ"

ဟု အောင်စိုးမိုးကပြောရင်း စိန်ဝင်းမောင်၏ လက်ဝါးကို တယုတယပြန်ဆုပ်ကိုင်ထားမိတော့သည်။

ထိုစဉ်မှာပင် ...

ဥသြသံဆွဲပြီး မောင်းလာသော လူနာတင်ကား၏ အချက်ပေးဥသြသံကို အားလုံးကြားလိုက်ရလေတော့သည်။





၂၂

မြတ်ရည်မွန်မှာ ဦးလှိုင်ဘွားအမှုတွင် ပါဝင်နေသော ဦးဆက်မင်းက အမှုကို တရားရုံးတွင် တင်ပြချိန် အမှုရက်အတွင်း အချုပ်ဖြင့်မထားပေ။ ဖြစ်ရပ်အားလုံးကို အမှန်သိပြီမို့ မြတ်ရည်မွန် လူသတ်တရားခံမဟုတ်မှန်းလည်း သိနေသည်။ တက္ကသိုလ်ကျောင်းသူ အမျိုးမလေးလည်းဖြစ်သောကြောင့် အချုပ်ဖြင့်မထားဘဲ အမှုရက်အတွင်း ဦးဆက်မင်းက သူ့အိမ်မှာပင်ခေါ်ထားပေးသည်။

ရတနာသေတ္တာကိုမူ သက်သေခံပစ္စည်းအဖြစ်တင်ပြပြီးသည်နှင့် အထက်အမိန့်အရ တရားဝင်ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနသို့ လွှဲအပ်လိုက်သည်။ နဂိုမူလပိုင်ရှင် ကုလားသူဌေးသည် ပြည်သူပိုင်သိမ်းပြီးနောက် အိန္ဒိယသို့ပြန်သွားပြီး အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ... မဖြတ်ရည်မွန်ရောက်လာမှ ကျွန်တော့်ကို နောက်ဖေးပေါက်ဆင်းသွားခိုင်းပြီး ပထုတ်တာ ... ဒါပေမဲ့ ကျွန်တော် တခြားမသွားဘဲ နောက်ဖေးပေါက်ကနေ အိမ်ရှေ့ပေါက်လာပြီး ပိတ်ထားတဲ့ အိမ်ရှေ့တံခါးနားကပ်ပြီး အထဲကပြောသံတွေကို ချောင်းနားထောင်နေတာမို့ ... အားလုံးကြားရ မြင်ရတာပါပဲ ဦးဆက်မင်း ... ဒီတော့ ... ကျွန် ... တော် ... ကျွန် ... တော် ... ”

ပြောရင်းပင် စိန်ဝင်းမောင်သည် စကားတွေထစ်ပြီး မပီမသဖြစ်လာသည်။

“ကိုစိန်ဝင်းမောင် ဘာမှမပြောနဲ့တော့ ... ဒီလောက်ဆို အားလုံးသဘောပေါက်ကြပြီ ... ခင်ဗျားအနားယူငြိမ်သက်နေပါ ... မကြာခင် ဆေးရုံကကားရောက်လာတော့မှာပါ”

ဟု အောင်စိုးမိုးကပြောရင်း စိန်ဝင်းမောင်၏ လက်ဝါးကို တယုတယပြန်ဆုပ်ကိုင်ထားမိတော့သည်။

ထိုစဉ်မှာပင် ...

ဥဩသံဆွဲပြီး မောင်းလာသော လူနာတင်ကား၏ အချက်ပေးဥဩသံကို အားလုံးကြားလိုက်ရလေတော့သည်။





၂၂

ဖြတ်ရည်မွန်မှာ ဦးလှိုင်ဘွားအမှုတွင် ပါဝင်နေသော ဦးဆတ်မင်းက အမှုကို တရားရုံးတွင် တင်ပြချိန် အမှုရက်အတွင်း အချုပ်ဖြင့်မထားပေ။ ဖြစ်ရပ်အားလုံးကို အမှန်သိပြီမို့ ဖြတ်ရည်မွန် လူသတ်တရားခံမဟုတ်မှန်းလည်း သိနေသည်။ တက္ကသိုလ်ကျောင်းသူ အပျိုမလေးလည်းဖြစ်သောကြောင့် အချုပ်ဖြင့်မထားဘဲ အမှုရက်အတွင်း ဦးဆက်မင်းက သူ့အိမ်မှာပင်ခေါ်ထားပေးသည်။

ရတနာသေတ္တာကိုမူ သက်သေခံပစ္စည်းအဖြစ်တင်ပြပြီးသည်နှင့် အထက်အမိန့်အရ တရားဝင်ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနသို့ လွှဲအပ်လိုက်သည်။ နဂိုမူလပိုင်ရှင် ကုလားသူဌေးသည် ပြည်သူပိုင်သိမ်းပြီးနောက် အိန္ဒိယသို့ပြန်သွားပြီး အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



ပှာပင် ကွယ်လွှန်သွားသောကြောင့် လက်ရှိပိုင်ရှင်အဖြစ် ယာယီ ပြတ်ရည်မွန်အမည်ကို အသိအမှတ်ပြုထားသည်။

မြတ်ရည်မွန်သည် တစ်ဘက်ကမည်မျှကံအကြောင်း မလှသော်လည်း အခြားတစ်ဘက်တွင် မျက်နှာမြင်ချစ်ခင်ပါစေဆု မျိုး ရာနှုန်းပြည့်ရှိပေသည်။

ရဲအုပ်ဦးဆက်မင်း၏ဇနီး ဒေါ်စုစုလွင်သည် လင် တော်မောင်က တာဝန်အရ အိမ်တွင်ခေါ်လာထားသော မြတ်ရည် မွန်အား တွေ့သည့်နေ့မှစပြီး မွန်မွန် ... မွန်မွန်နှင့် နှုတ်ကမချ ချစ်ခင်ရှာပေသည်။

မြတ်ရည်မွန်ကိုယ်တိုင်ကလည်း ... အလကားထိုင် မနေတတ်၊ ဒေါ်စုစုလွင်အိမ်တွင် မီးဖိုချောင်လုပ်ငန်းမှ ဘုရားစင် အထိ ဝင်ရောက်ကူညီလုပ်ကိုင်ပေးရုံမက ဦးဆက်မင်း၏ဇနီးကို မမလွင် ... မမလွင်နှင့် ခေါ်ရင်း စိတ်အရင်းခံအရိုးခံအတိုင်း ခင်မင် စွာ ဆက်ဆံသောကြောင့် အမှုပြီးသည့်အခါ မြတ်ရည်မွန်ပြန်သွား မည်ကိုပင် စိုးရိမ်သည်အထိ ဖြစ်ရပေသည်။

"မွန်မွန်ရယ် ... အမှုပြီးလို့ မွန်မွန်ပြန်သွားရင် မမလွင်တော့ အရမ်းအောက်မေ့ကျန်ခဲ့တော့မှာပဲ ..."

ဟု ခဏခဏပြောပေသည်။

စိုးမိုးအောင်ကတော့ မပြောနှင့်တော့ နေ့စဉ်အချိန်





မှန်ရထားကြီး ဘူတာဆိုက်သလို မိုးလင်းသည်နှင့် ရောက်လာပေ တော့သည်။ ပြီး ညနေကျောင်းဆင်းပြီးသည်နှင့် အိမ်ပြန်ရေမိုးချိုး ကာ တစ်ခါလာပြန်သည်။

ဤသို့ဖြစ်နေသော သားအောင်စိုးမိုးအတွက် ဖခင် ဦးဘအောင်နှင့် မိခင် ဒေါ်မိမိချိုတို့သည် အပြင်းအထန် ဆွေးနွေးရ ပေတော့သည်။

ဖခင်ဦးဘအောင်ကကော အောင်စိုးမိုးနှင့်မြတ်ရည် မွန်ကိစ္စတွင် ချိုသည်ခါးသည် မပြောပေ။ ဦးဘအောင် သားအောင် စိုးမိုးကို ယုံကြည်သည်။ ဤအသက်အရွယ်ရောက်လာသည်အထိ သားအောင်စိုးမိုးသည် အကျင့်စာရိတ္တကောင်းသည်။ မိကောင်းဖခင် သားသမီးပီသသည်။ ယခုရောက်ရှိနေသော ပညာပိုင်း.အရွယ်ပိုင်း အရ သား၏ကိုယ်ပိုင်ဆုံးဖြတ်မှုသာ အဓိကဟု သဘောထားရှိသည်။

မိခင် ဒေါ်မိမိချိုကတော့ မမြင်ဘူးသေးသော မြတ် ရည်မွန်၏ဖခင်သည် မကောင်းမှုကြောင့် ... ထောင်ကျသည်ကို အကြောင်းပြုပြီး အင်တင်တင်ဖြစ်နေပေသည်။

နောက်ဆုံး လင်မယားနှစ်ယောက်စလုံး မြတ်ရည် မွန်ကို ချွေးမလောင်းအဖြစ် လက်ခံသင့်မခံသင့်ကို မိဘနှစ်ပါးကိုယ် တိုင် မြတ်ရည်မွန်ကို လိုက်ကြည့်အကဲခတ်ရန် ဆုံးဖြတ်ပေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



“အလွှင်ရေ … အလွှင်”

ဦးဆက်မင်းသည် ပါးစပ်မှ ခနိုးကိုအော်ခေါ်ရင်း အိမ်ပေါ်သို့ အပြေးအလွှားတက်ရောက်လာသည်။

“ဘာများကိုဆက် … အလန့်တကြားနိုင်လိုက်တာ … ”

“ဟိုကောင်မလေးမြတ်ရည်မွန်ရော … ”

“ရှိတယ်လေ … မီးဖိုချောင်ထဲမှာ အလွှင့်ကို ကူလုပ်ပေးနေတာ ထုံးစံအတိုင်းပေါ့ … ဘာဖြစ်လို့လဲ … ”

“သူ့ကို ခေါ်လိုက်ပါ အလွှင် … ပြောစရာသတင်းကောင်းရော … သတင်းမကောင်းရော သူ့အတွက်ပါလာလို့”

ဒေါ်စုစုလွှင်က မြတ်ရည်မွန်ကို မွန်မွန်ရေခဏဟု လှမ်းအော်ခေါ်လိုက်သည်။ ခဏ္ဍမှာပင် ဧည့်ခန်းတွင် အသီးသီးထိုင်ကြသည်။

“ဝမ်းသာစရာပဲ ခမွန် … ရတနာသေတ္တာနဲ့ပတ်သက်ပြီး လူကြီးတွေ အစည်းအဝေးဆုံးဖြတ်ချက်ချလိုက်တယ် … ရတနာတွေရဲ့ပိုင်ရှင်ကို အမွေရသူ မြတ်ရည်မွန်ပိုင်ခွင့်ပြုစေတဲ့ … အဲဒီရတနာတွေအားလုံး ကျောက်မျက်ရတနာဌာနက ပြည်တွင်းပြည်ပရောင်းချပြီး ကော်မရှင်ရာနိုင်နှုန်းသာ နှုတ်ယူပြီး ရောင်းရငွေကို ပိုင်ရှင်မြတ်ရည်မွန်ကိုပေးစေတဲ့”

“ဟာ … ဒါဆို သိပ်ကောင်းပေါ့ ကိုဆက် … မွန်မွန် တစ်ချို့တည်း သူဌေးမလေးဖြစ်ပြီပေါ့ … ”





“မမွန် ယူသင့်သလောက်ယူပြီး ကျန်တာအားလုံး မိဘမဲ့ကျောင်းတို့ ဘိုးဘွားရိပ်သာတို့ ဓိဝိတဒါနဆေးရုံတို့ကို လှူပစ်မှာပါ မမလွှင် … ”

“သာခုကွယ် … သာဓု … သာဓု … ညီမလေးမွန်မွန်က ရုပ်ချောသလောက် စိတ်လည်းတကယ်ချောပဲ … ”

ဒေါ်စုစုလွှင် ဝမ်းသာအားရ ချီးမွမ်းစကားဆိုပြီးသည်နှင့် ဦးဆက်မင်းက ဆက်ပြောပြန်သည်။

“အဲ … နောက်တစ်ခုက ကနေ့ညနေပိုင်းမှာပဲ အောင်စိုးမိုးရဲ့မိဘ ဦးဘအောင်နဲ့ဒေါ်မိမိချိုက ဒီအိမ်ကိုလာလည်ပါရစေလို့ ဖုန်းဆက်တယ်လေ … သူတို့ ချွေးမလောင်းလေး မမွန်ကိုလာကြည့်အကဲခတ်ချင်လို့ထင်ပါရဲ့ အလွှင် … ”

“အို … ”

ဦးဆက်မင်း၏ ဒွိဒိုးစကားကြောင့် မြတ်ရည်မွန်မှာ ‘အို’ဟု တလိုက်ရင်း ရှက်သွေးဖျာသွားပေတော့သည်။

“ဩော် … ဒါထက် ကိုဆက်ခုနပြောတာ မွန်မွန့်အတွက် သတင်းကောင်းရော သတင်းဆိုးရောပြောစရာရှိတယ်ဆို၊ အခုပြောတာတွေက မွန်မွန့်အတွက် သတင်းကောင်းတွေချည်းပါလား ကိုဆက် … ”

“အင်း … သတင်းဆိုးကတော့ … ဒီနေ့နေ့လယ်ပိုင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတက်နေတဲ့ စိန်ဝင်းမောင်ဆုံးသွားပြီတဲ့ကွယ် ..."

"ဟယ် ... ဖြစ်မှဖြစ်ရလေ ... အစ်ကိုဆက်ခင်းရယ် ... ကိုစိန်ဝင်းမောင်သနားစရာ ... အို ... သူ့ခွဲစိတ်မှုတွေ အောင်မြင်သွားပြီလို့ စိတ်ချရပြီဆို အစ်ကိုဆက်ခင်း ..."

"အင်း ... ပြောရရင်တော့ တကယ်စိတ်မကောင်းစရာပေါ့ မမွန် ... ခွဲစိတ်တာတွေ အောင်မြင်ပါတယ် ... ဒီပြင့်လူနာ တစ်ဦးသာ ဒီလိုခွဲစိတ်မှုအောင်မြင်ထားရင် အသက်မသေ တော့ဘူးလို့ ရဲရဲကြီးဆိုနိုင်မှာပါ မမွန် ... အခုတော့ စိန်ဝင်း မောင်ဟာ သူ့ကိုယ်သူသတ်သေရာရောက်သွားတယ် ..."

"ဟင် ... ဘယ်လို ... ဘယ်လို"

"စိန်ဝင်းမောင်က ဆေးရုံတက်လူနာဆိုပေမဲ့ တရားခံအဖြစ် ရဲအစောင့်နဲ့တက်ရတဲ့လူနာလေ ... ခွဲစိတ်အောင်မြင်ပြီးတဲ့ နောက် လူနာကိုယ်တိုင် အစားအသောက်အနေအထိုင် ဆင်ခြင်မှသာ စိတ်ချရမှာ ကိုစိန်ဝင်းမောင်က ဆရာဝန်ရဲ့ စကား တာဝန်ကျသူနာပြုတွေရဲ့စကားကို တစ်စက်လေးမှ နားမထောင် မလိုက်နာဘူး ... ညဘက်ဆိုရင် ဒီလောက် အေးတဲ့ကြားမှာ အကျီမဝတ်ဘဲ အပေါ်ပိုင်းအဝတ်မကပ် စောင်မကပ် တုံးလုံးနေတယ် ... အိမ်သာဝင်ချင်တယ်ဆိုပြီး သန့်စင်ခန်းမှာ ညကြီးမင်းကြီး ရေအကြာကြီးချိုးတယ် ...





သူနာပြုဆရာမတွေ တားမြစ်တဲ့ကြားက ဖွတ်လုပ်တယ်၊ အစားအသောက်မှာလည်း ဆရာဝန်ကမစားနဲ့ဆိုတဲ့အစား တွေကိုမှ တမင်စားတယ် ... အင်း နောက်ဆုံးတော့ နမိုး နီးယားအဖျားဝင်ပြီး မထနိုင်အောင်ပစ်လဲတော့တာပဲတဲ့၊ သူကိုယ်တိုင် ဆေးတက္ကသိုလ်ပတ်ဝမ်းအထိ တက်ခဲ့သူပဲ၊ ဘယ်လိုဆင်ခြင်မှ အသက်ရှင်မယ်ဆိုတာကို သိပြီးသားပေါ့"

မြတ်ရည်မွန်သည် အဝေးသို့ ညှိုးငယ်စွာလှမ်းကြည့် နေမိသည်။

သို့သော် မြတ်ရည်မွန် မျက်ရည်မကျပါလေတော့။

"ကြားရတာ တကယ့်ကို စိတ်မကောင်းဘူး အစ်ကိုဆက် မင်း။ ဘာပဲဖြစ်ဖြစ် ကိုစိန်ဝင်းမောင်ဟာ မမွန်အပေါ်မှာ စေတနာသားခဲ့တာတွေ ဂရုစိုက်ခဲ့တာတွေ ကူညီခဲ့တာ တွေ အများကြီးရှိခဲ့ပါတယ် ... သူ့စိတ်ဓာတ် ဘယ်လိုဆို တာ မမွန်ကောင်းကောင်းနားလည်ပါတယ် ကိုစိန်ဝင်း မောင်ဟာ လူသတ်သမားတရားခံဖြစ်သွားပေမဲ့ လူဆိုး လူကြမ်း သိက္ခာမဲ့အကြမ်းသမားမဟုတ်ရှာပါဘူး ... အင်း ပေါ့လေ ... နောက်ဆုံး သူ့ဘာသာ ဒဏ်ရာတွေပျောက် ကင်းသွားလည်း တရားရုံးမှာ သေဒဏ်နဲ့ကျွန်းဒဏ် ထောင် ဒဏ် အနှစ်နှစ်ဆယ်ကျမဲ့သူပဲ၊ သူ့အသက် အခုသုံးဆယ်၊



www.burmeseclassic.com

www.burmeseclassic.com



အသက်သာဆုံး ထောင်က အနှစ်နှစ်ဆယ်ပြည့်လို့လွတ်လာတော့ကော့ အသက်ငါးဆယ်ရှိနေပြီ၊ ဒီတော့ လူ့အိုဘဝနဲ့ သူ ဘာမျှော်လင့်ချက်မှထားနိုင်တော့တာမှမဟုတ်တာပဲ၊ ဒါကြောင့် သေလည်း မထူးဘူးဆိုပြီး သူ့ကိုယ်သူ သေအောင် ဥပဒေလွတ်သက်သေလိုက်တဲ့သဘောပဲဖြစ်မှာပေါ့ အစ်ကို ဆက်မင်းရယ် ... "

"အင်း ... အစ်ကိုလည်း အခုမမွန်တွက်သလိုပဲ တွက်မိပါတယ် ... အခု အတတ်နိုင်ဆုံးကတော့ သူ့အတွက် ရည်စူးပြီး အလှူအတန်းလုပ်ရေစက်ချအမျှဝေပြီး ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းရတော့မှာပဲ မမွန် ... တရားဥပဒေအရ ဖြောင့်ဆိုချက်အမှန်အကန်ပေးတဲ့ တရားခံအပေါ်မှာ တရားဥပဒေက သက်ညှာစွာစဉ်းစားပေးပါတယ် ... လူသတ်ရတဲ့အကြောင်းရင်းအကြောင်းခံအပေါ်မှာလည်း စိစစ်ပြီး တရားဥပဒေက သက်ညှာခွင့်ပေးတာတ်ပါတယ် ... အခု မမွန်ဆိုရင် မိမိကိုယ်ကို ကာကွယ်မှုလည်းဖြစ်ပြန် ... တကယ့်ဦးလှိုင်ဘွားသေရတာဟာ မခွန့်ကြောင့် မဟုတ်မှန်းလည်း တရားရုံးတော်က စစ်ဆေးပြီး မမွန်ကို တရားသေလွှတ်လိုက်တာပဲ မဟုတ်လား ... တရားဥပဒေဆိုတာက အရာရာမှာ တရားလို့နဲ့တရားခံ ဘက်မျှတာအောင်





သေချာစိစဉ်ပြီးမှ ပြဋ္ဌာန်းထားတာပဲမဟုတ်လား ... "

စိန်ဝင်းမောင်အတွက် စိတ်မကောင်းစွာဖြင့် ခေတ္တငြိမ်နေမိကြသေးသည်။

"ကဲ ... ကဲ ... ကဲ ... အလွပ်ရော မမွန်ရော စိတ်မချမ်းသာစရာတွေ ဘေးချိတ် ... အခုလောလောဆယ် တော်ကြာညနေပိုင်းကျရင် ဒီအိမ်ကို သတို့သားလောင်းအောင်စိုးမိုးရယ် ... မမွန်ရဲ့ယောက္ခထီးနဲ့ယောက္ခမလောင်းစုံတွဲရယ်လာကြလိမ့်မယ် ... သတို့သမီးလောင်း မမွန်က အခုတို့အိမ်မှာရောက်နေတဲ့ မမွန်ဖြစ်နေလို့ ကိုယ်တို့လင်မယားက သတို့သမီးရှင်အဖြစ် သတို့သမီးလောင်းမမွန်ကို ပွဲထုတ်ပြီး ဧည့်သည်ကို ဧည့်ခံရမှာ ... ဒီတော့ အလွင်က သတို့သမီးရဲ့အုပ်ထိန်းသူအဖြစ် ဝတ်ကောင်းစားလှဝတ်ပြီး ... အကောင်းဆုံး အကျွေးအမွေးနဲ့ ... ပဏာမမင်္ဂလာပွဲကို ကျင်းပပေတော့ ... ကဲ သတို့သမီးလောင်းမမွန်ကလည်း တွေးမနေနဲ့ ငေးမနေနဲ့ ကိုယ့်ကိုယ်ကိုယ် လှလှပပလေး ပြင်ဆင်ထားပေတော့ ... "

"ဟာ ... အစ်ကိုဆက်မင်းကလည်း ဘာတွေပြောနေမှန်းမသိဘူး ... အစ်ကိုဆက်မင်းပြောတဲ့စကားတွေကို မမွန်နားရှုပ်ပါတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရည်မွန် ဦးခေါင်းလေးငုံ့ထားသော်လည်း နှုတ်ပင်းတွင် ပြုံးယောင်သမ်းနေပါ၏။

ဘာပဲပြောပြော ... ဒုက္ခတွေ ပင်လယ်ဝေခဲ့ရသည့် မမြတ်ရည်မွန်အတွက် ဒုက္ခတွင်းမှ လွတ်ကင်းကာ အလင်းရောင်ကို မြင်တွေ့ရလေပြီ။

သို့သော် မမွန်နှင့် ကိုအောင်တို့က ချစ်သူနှစ်ဦးတိုင် ပင်ပြီးသားဖြစ်ပါ၏။ မမွန်လည်း တက္ကသိုလ်မှဘွဲ့ရပြီးလေမှ ...

အောင်စိုးမိုးကလည်း ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရပြီးလေမှ လက်ထပ်ကြမည်ဟူ၍ပင် ယင်းအချက်ကြောင့်လည်း အောင်စိုးမိုး၏မိခင် ဒေါ်မိမိချိုက လက်ခံလာရခြင်းတစ်ချက်။

နောက်တစ်ချက်မှာ မိမိ၏သားတော်အောင်စိုးမိုးက မမွန်မှလွဲပြီး တခြားဘယ်အမျိုးသမီးကိုမှ လက်မထပ်နိုင်ပါဟု ပြင်းထန်စွာ ငြင်းပယ်ခြင်းကတစ်ချက်တို့ဖြင့် ဒေါ်မိမိချိုက ဒါဆို မြတ်ရည်မွန်ကို ငါကိုယ်တိုင်လိုက်ကြည့်မယ်ဆိုခြင်းဖြင့် ဒီအိမ်သို့ ဒီနေ့ညနေလာကြမည်ဖြစ်ပါ၏။

"မမွန်ကို မေမေက မမြင်ဘူးသေးလို့ပါ ... မြင်တာနဲ့ လာငါ့ချွေးမလေး ရုပ်ချောသဘောကောင်း မနောဖြူအစွမ်းမလေး မာမီတို့နဲ့ တစ်ခါတည်းလိုက်ခဲ့ပေတော့လို့ ပြောမှာ



BURMESE CLASSIC .com



သေချာတယ် ... မမွန်ကမြင်သူတိုင်း အချစ်ခံရတဲ့ပါရမီရှင်မလေးမဟုတ်လား"

ဟု ယခုတော့ ဒါတွေအားလုံးသည် အလင်းရောင်တောက်ပသော သုခဘုံဖြစ်သွားချေပြီ။ ဒီလိုသုခဘုံရောက်စေဖို့ အရာရာဖန်တီးပေးသွားသူမှာ ရဲအရာရှိ ဦးဆက်မင်းဖြစ်ပုံနှင့် အောင်စိုးမိုးရော မြတ်ရည်မွန်ရော ကောင်းကောင်းသဘောပေါက်ပါ၏။

လောကကြီးတွင် ရဲအဖွဲ့ဋ္ဌာနမဟုတ်၊ နေရာတိုင်းတွင်၊ ဌာနတိုင်းတွင် ဦးဆက်မင်းလိုလူတွေ အများကြီးရှိလေလျှင် ကောင်းလေစွ၊ ကောင်းလေစွ။

သူ့လိုလူအများကြီး လိုအပ်ပေသည်။

"လာ ညီမလေးမမွန် ... သတို့သမီးလောင်းကို မလွင်ကိုယ်တိုင် ပြင်ဆင်ပေးမယ် ... ဒါပေမဲ့ အမှန်ပြောရင်လည်း ငါ့ညီမ မမွန်က နဂိုချော ... နဂိုလှပြီးသားပါ ... မလွင်ပြင်ဆင်ပေးမယ်ဆိုတာက နှင်းဆီကို အဖြူးတင်ရုံလေးပါကွယ် ... "

"ဟာ ... မမလွင်ကလည်း ဂုဏ်ကိုမြှောက်ပြန်ပြီ ... အစ်ကိုဆက်မင်းက မြှောက်လိုက် ... မမလွင်ကမြှောက်လိုက်နဲ့ မမွန်တို့ မြေကြီးနဲ့ ခြေဖဝါး လှုပ်မနေပြီဟောပေါ်မသိဘူး"

"မြှောက်တာမဟုတ် ... မှန်တယ်ဆိုကောင်



www.burmeseclassic.com

www.burmeseclassic.com



အခြေခံကမှန်နေမှ မြောက်လို့ရတာကွ ... "

ဟု အစ်ကိုဆက်မင်း အော်ပြောသံကြီးထွက်ပေါ်လာလေတော့သတည်း။

လောကကြီးတွင် ... အစ်ကိုဆက်မင်းလိုလူတွေ အများကြီးရှိပါစေဘုရား ... ။

နားကြပါဦးစို့။
**တက္ကသိုလ်တင်မြင့်**

BURMESE CLASSIC .com

ဖ စ တ န ၁ စ ၁ ဖ ပ

www.burmeseclassic.com

www.burmeseclassic.com

